
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညာဏ်ပွင့်(စက်မှု)

မျက်နှာဖုံးဒီဇိုင်း ကိုစိုးအောင်
အဖုံးဖလင် Best Color
အတွင်းဖလင် ကိုဦး
Logo ဒီဇိုင်း ပန်းချီကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ မောင်မောင်မြတ်နှင့်ငွေယျာမြေ
စာထည်း မောင်သာယာ

[illegible]

ပုံနှိပ်မှတ်တမ်း

[illegible]

ငွေယျာမြေ စာစဉ် - ၃၁

# ဖိုးကျော့

## ခပ်သိမ်းသောမြစ်တို့ကဲ့သို့

(ဒုတိယအကြိမ်)

ငွေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

ဖိုးကျော့

မြန်မာပြည်မြောက်ဖျားမှ

နဂါးမီးတောက်နှင့်

ထူးဆန်းအံ့ဖွယ်

မှဆိုးဘဝဖြစ်ရပ်မှန်များ



တန်ဖိုး - (၆၅၀)ကျပ်

စာမူခွင့်ပြုချက် - ၄၅၆/၂၀၀၃ (၅)

မုဆိုးဝါသနာအိုးများအတွက်



ဖိုးကျော့

ကျားဘီလူးနှင့်

တောကြီးဝက်ပါ

(ဖြစ်ရပ်ဆန်းကြယ်မုဆိုးဝတ္ထုတိုများ)

စာမူခွင့်ပြုချက်-၃၉၃/၂၀၀၃(၅)

တန်ဖိုး - (၆၅၀)ကျပ်

## အခန်း (၁)

"ဆရာ ဦးကျော်သူ ခင်ဗျား၊ ဆေးခန်းမှာ အရေးကြီးတဲ့ လူမမာ ရောက်နေလို့ အမြန်ကြွပါခင်ဗျား"

ဇာတ်စင်ပေါ်မှ အသံချဲ့စက်ဖြင့် အော်လိုက်သံကြောင့် ကျန်းမာရေးမှူး ကိုကျော်သူသည် သောက်လက်စ လက်ဖက်ရည်ခွက်ကို တစ်ဝက်တစ်ပျက် ပစ်ထားခဲ့ပြီး ပွဲဈေးထဲမှ ဆေးခန်းရှိရာသို့ အပြေးကလေးထွက်လာလေသည်။

ပွဲခင်းနှင့်ဆေးခန်းမှာ ပေ(၅၀၀)ခန့်သာ ကွာသည်။ ဆင်ခြေလျှော ခပ်ပြေပြေဖြစ်သဖြင့် ပွဲခင်းမှ ဆေးခန်းသို့ အသွားလမ်းမှာ အတက်ချည်း ဖြစ်သည်။ ပွဲခင်းမှာ ကွင်းပြင်ဖြစ်ပြီး ဆေးခန်းမှာ ဘုန်းတော်ကြီးကျောင်း ရှေ့ရှိ တောင်ကမူပေါ်က ဇရပ်တွင် ဖြစ်လေသည်။ ဆေးခန်းဟုဆိုသော်လည်း သီးသန့် ဆောက်လုပ်ထားသော ဆေးခန်းမဟုတ်၊ ဘုန်းကြီးကျောင်းရှေ့က ဇရပ်ပျက်တစ်ဆောင်ကိုပြုပြင်၍ယာယီဖွင့်လှစ်ထားသော ကျန်းမာရေးဆေးပေးခန်းသာ ဖြစ်သည်။ ဤ ကျန်းမာရေးဆေးပေးခန်း ဖွင့်သည်မှာလည်း ခြောက်လခန့်သာ ရှိသေး၏။

ထို့ကြောင့်လည်း ဆရာကိုကျော်သူသည် ယာယီဆေးခန်း၊ လုပ်ထားသောဇရပ်ပျက်တွင် အခင်းကာ၍ လုံခြုံရေးအစောင့်တစ်ဦး ဖြစ်သော ဦးသာမောင်နှင့်အတူ နေကြပေသည်။ တစ်ဖက်က ဆေးခန်း ဖြစ်ပြီး တစ်ဖက်မှာ ဦးသာမောင်နှင့် ဆရာကိုကျော်သူတို့ အခန်း ဖြစ်သည်။

www.burmeseclassic.com



သူနာပြုနှင့် သားဖွားဆရာမ၊ ကျောက်ထိုးဆရာတို့မှာ မင်းရွာရှိ သင့်တော်ရာ နီးစပ်ရာ အိမ်များ၌ နေကြသည်။ ဆေးခန်းဖွင့်ချိန်မှအပ သူတို့သည် ဆေးခန်း၌ မရှိကြပေ။ ဆေးခန်းတွင် အမြဲရှိသူ နှစ်ဦးကတော့ လုံခြုံရေးအစောင့် ဦးသာမောင်နှင့် ကျန်းမာရေးမှူး ကိုကျော်သူတို့သာ ဖြစ်ကြသည်။ ကျေးလက်ကျန်းမာရေး ဆေးခန်းမှာ နေ့၌သာ ဖွင့်သော်လည်း ယခုအခါ ပွဲရက်ရှိနေသဖြင့် ညဝါအရေးပေါ် ဖွင့်လှစ်ထားသည်။

အရေးပေါ် ဆေးခန်းဖွင့်ထားသည်ဟု ဆိုသော်လည်း ဆေးခန်းတွင် ဆရာကိုကျော်သူနှင့် ဦးသာမောင်တို့သာရှိကြသည်။ သူနာပြုဆရာမကို ညအချိန်၌ တာဝန်ပို မပေးလိုသဖြင့် ကိုကျော်သူ တစ်ယောက်တည်းပင် တာဝန်ယူထားသည်။ သို့သော် မနေ့ညနေက သူနာပြုဆရာမ ခိုင်ခိုင်အောင်သည် ပြဇာတ်ထွက်သည်အထိ ညဦးပိုင်း တာဝန်ယူသွားသည်။

လူမမာဆို၍လည်း ချောင်းဆိုး နှာစေးတာက လွဲပြီး ကြီးကြီးကျယ်ကျယ် မရှိသဖြင့် ဤနေ့တော့ ဆရာမကို "မလာပါနှင့်"ဟု ကိုကျော်သူက မှာလိုက်သည်။

အကယ်၍ အရေးကြီးသောလူမမာရောက်၍ မနိုင်မနင်း ဖြစ်လျှင် ယခု ကိုကျော်သူအား ဇာတ်စင်ပေါ်က အော်ခေါ်သလို ခေါ်လျှင်လည်း ချက်ချင်းရနိုင်လေသည်။

ဆရာမသည် ပွဲထဲ၌ပင် ပွဲကြည့်၍ ရှိပေမည်။

အခြား သားဖွားနှင့် ကျောက်ထိုးဆရာ၊ ဆရာမတို့မှာတော့ မသက်ဆိုင်သလို ဖြစ်နေသဖြင့် ကိုကျော်သူက လုံးဝ တာဝန် မပေး။ သူတို့မှာလည်း ပွဲခင်းထဲနှင့် ရွာထဲတွင် ရှိကြသူတွေဖြစ်သဖြင့် အချိန်မရွေး ခေါ်လျှင် ရနိုင်သူများချည်း ဖြစ်လေသည်။

ဆရာကိုကျော်သူ ဆေးခန်းပေါ်သို့ အပြေးကလေး တက်လာသည်ကိုမြင်ရသောအခါ လူမမာကို ဝိုင်းအုံနေကြသော မိန်းမ၊ ယောကျ်ား ကလေးသူငယ်များ နှစ်ဆယ်, သုံးဆယ်လောက်မှာ ချက်ချင်း ရုတ်ရုတ်သဲသဲ နေရာဖယ်ပေးကြသည်။

"ဘာဖြစ်လို့လဲဟင်"

"ဆရာမရယ် ပွဲခင်းထဲမှာ မူးလဲလို့"





လူမမာများ ထိုင်ရန်ထားသော ခုံတန်းလျားပေါ်တွင် လူမမာကို ပွေ့ထားသော (၁၆)နှစ်ရွယ် မိန်းမပျိုတစ်ယောက်က ဆရာကိုကျော်သူ၏ မျက်နှာကို မော့ကြည့်ရင်း ပြော၏။

"ဪ . . . မူးတာက"

"အန်လဲ အန်တယ်ဆရာ၊ သွေးတွေလဲ ပါတယ်"

နောက်တစ်ယောက်က ဆိုပြန်သည်။

"အင်း . . ."

အန်သည် သွေးပါသည် ဆိုသဖြင့် ကိုကျော်သူမှာ နည်းနည်းတော့ ထိတ်သွားသည်။

မှန်သည်။ လူမမာ ထိုင်ခုံတန်းလျားအောက်တွင် သွေးနှင့် အန်ဖတ်တွေကို မြင်နေရသည်။

ဆေးခန်းရောက်သည်အထိ အန်နေသေးပုံရသည်။ လူမမာကမူ လုံးဝ စကားမပြောနိုင်။ မျက်လုံးကို စုံမှိတ်ထားသည်။ ရင်ဘတ် လှုပ်ဖို့နေသည်ကို မြင်ရခြင်းအားဖြင့် အလွန် မောဟိုက် နွမ်းနယ်နေကြောင်း သိသာသည်။

"ကဲ . . ကဲ၊ ဒီ ခုတင်ပေါ် ခဏတင်လိုက်ပါ"

ကိုကျော်သူ၏ စကားအတိုင်းပင် လူမမာကို ခုတင်ပေါ် ပွေ့တင်လိုက်ကြသည်။

"ပက်လက်ထားပေးပါဗျာ"

ဆရာ ကိုကျော်သူသည် လူမမာကို ဦးဆုံး သွေးခုန်နှုန်း တိုင်းပြီး နားကျပ်ဖြင့် စမ်းသပ်ကြည့်သည်။

လူမမာ အမျိုးသမီး၏ နဖူးဝင်းဝင်းမို့မို့ပေါ်တွင် ပုလဲလုံးငယ်လေးများတင်ထားသည့်နှယ် ချွေးသီးလေးတွေ စို့ပြန်နေသည်။

အန်ထားသဖြင့် အတော်ပင်ပန်းနေပုံရ၏။

"အမျိုးသမီးတစ်ယောက် ပွဲခင်းထဲမှာ မူးလဲတယ်ဆိုတော့ ကျွန်မဖြင့် ဘယ်သူလဲလို့ ဇာဇာကိုး၊ သူ့အမေလဲ ဒီကနေ့ မပါဘူးထင်ပါရဲ့"

နောက်မှ ဆေးခန်းပေါ် ရောက်လာသူ အမျိုးသမီးတစ်ယောက်က ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်မတို့နဲ့ ပွဲအတူလာတာ ကြီးကြီးမေ မပါဘူး"

စောစောပိုင်းက လှမမာကို ဂရုတစိုက် ဖေးမပေးထားသော မိန်းမရွယ်က အမျိုးသမီးကြီး၏စကားကို ပြန်ကြားလိုက်သည်။

"အသက် မှန်မှန်ရှူပါနော်"

မည်သူက မည်သို့ ပြောပြော၊ ကိုကျော်သူ အနေမှာမူ လှမမာကလွဲပြီး တခြားလူများ၏ စကားကို နားမထောင်အားပေ။ လှမမာကိုသာ အထူး ဂရုစိုက်လျက် ရှိ၏။

"သတိရပါတယ်နော်"

ကိုကျော်သူ အမေးကို လှမမာက မျက်လုံး ဖွင့်မကြည့်ဘဲ ခေါင်းညိတ်ပြ၏။

"လူတွေ သိပ် မအုံကြပါနဲ့၊ လှမမာက ချွေးပြန်နေပြီ"

"အေး . . ဟုတ်တယ်၊ ဟေ့ ချာတိတ်တွေ ဖယ်ကြကွာ၊ လူကြီးအလုပ်မဖြောင့်ဘူး၊ သူတို့ပဲ နေရာတကာ . . သွားကြကွာ"

"တို့ ဆရာမ တို့လာကြည့်တာ ဘာဖြစ်လဲ"

ထုံးစံအတိုင်းပင် ကလေးများကလည်း ဝိုင်းအုံလာကြသဖြင့် လူကြီးတွေက နှင်ထုတ်ရသည်။ ဤသည်ကို ကလေးအချို့ကလည်း မကျေမနပ်နှင့် မကြားတကြားပြန်ပြောကြသည်။

"ဟဲ့ . . မဝေခိုင်၊ သူ့အမေကို လူလွှတ် မပြောခိုင်းဘူးလား"

"ပြောခိုင်းလိုက်ပါပြီ၊ လာပါလိမ့်မယ်"

စောစောက မိန်းမကြီးကပင် ဟျာဟျာသလဲ ပြောလာပြန်၏။

"ဟဲ့ . . ခြေမြန်လက်မြန်လူကော လွှတ်မိရဲ့လား"

ကိုကျော်သူက ဤမိန်းမကြီးကို နည်းနည်းတော့ စိတ်တိုချင်သည်၊ လှမမာ သက်သာရေးထက် သူ့အမေကို သွားပြောရေးကပင် အရေးကြီးနေသလိုပါလား။ သူ့အမေလာ၍ လှမမာ သက်သာလာမှာလား။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ခုသည် ယခုနေခါမှာ လိုပါ့မလား။

ကိုကျော်သူက လှမမာကို ဦးဆုံး ဆေးတစ်လုံး ထိုးပေးပြီး ဆေးပြားနှစ်ပြားလည်း ထပ်တိုက်သည်။ ထိုအချိန်ထိ လှမမာက စကားလုံးဝ မပြောသေး။ မျက်လုံးလည်း ဖွင့်မလာသေး။





ကိုကျော်သူမှာ လှမမာ၏ မျက်နှာကိုသာ စိုးရိမ်ကြီးစွာ စိုက်ကြည့်နေမိ၏။

"ဆရာမ မောသေးလား"

လှမမာက မသိမသာ မျက်လုံးဖွင့်ကြည့်သည်။

"ဆရာမ အားနည်းလို့ပါ၊ ဘာမှ မစိုးရိမ်ပါနဲ့နော်"

"ဟုတ် . . . ဟုတ်ကဲ့ ဆရာ"

လှမမာဆီမှ ပြန်ကြားသံက . . . ကိုကျော်သူ၏မျက်နှာထားကို ရုတ်ခြည်းကြည်လင်သွားစေသည်။

အမှန်မှာ "ဘာမှ မစိုးရိမ်ပါနဲ့"ဟုသာ အားပေးစကား ဆိုရသော်လည်း အသက်ရှူ မမှန်သေးပေ။

အဆုတ်က အလွန်အားနည်းနေပြီး ပုံမှန် အလုပ်မလုပ်ချင်သေးဟု ကျွန်းမာရေးမှူးက မှတ်ချက်ချ၏။

"ဒေါ်ဇာလီမေ လာပြီ"

"သူ့အမေ လာပြီ"

လူအုပ်ထဲမှ ပြောကြ ဆိုကြ အသံတွေနှင့်အတူ ဒေါ်ဇာလီမေ၏ စကားသံကိုလည်း ချက်ချင်း ကြားရသည်။

"သမီး . . သမီး၊ ဘယ့်နှယ် နေသေးလဲဟင်"

"သက်သာသွားပါပြီ၊ ဆရာ ဆေးထိုးဆေးတိုက်ထားပါတယ်"

လူအုပ်ထဲကို တွန်းထိုး ဖောက်ဝင်လာသော လှမမာ့အမေအား အမျိုးသားတစ်ယောက်က ဆီးပြောသည်။ ကိုကျော်သူမှာ မည်သူ့ကိုမျှ လုံးဝစကားမဆိုမိသေး။ သူ၏ဆေးပစ္စည်းများကိုသာ စနစ်တကျ ပြန်လည်သိမ်းဆည်းနေသည်။ ဆေးပစ္စည်းတွေ ပြန်သိမ်းဆည်းရင်း ဒေါ်ဇာလီမေဆိုသော လှမမာ့အမေကို မသိမသာအကဲခတ်မိသည်။

ဒေါ်ဇာလီမေမှာ အသက်လေးဆယ်ကျော်လောက်သာ ရှိဦးမည်ထင်ရသည်။ သမီးဇောနှင့် ကမန်းကတန်း ပြေးလိုက်လာဟန် ရှိသော်လည်း အမျိုးသမီးကြီး၏ရုပ်ရည်မှာ သန့်ပြန့်ခဲ့ထည်လှသည်။ ဖြူဝင်းသောအသားနှင့် သူ၏ကိုယ်လုံးကိုယ်ပေါက်မှာ အပျိုစင်ဘဝကဆိုလျှင် မြင်သူငေးလောက်အောင် လှပခဲ့ကြောင်းသိသာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . သူ့အမေကလဲ မိန်းမချော မိန်းမလှပေပဲ၊ အဲဒါကြောင့် သူ့သမီးလဲ လှတာကိုး"

ကိုကျော်သူ စိတ်ထဲက တိတ်တခိုး မှတ်ချက်ချမိလိုက်သည်၊

"သမီးရေ . . သမီး အမေလေ၊ သမီး သတိရတယ် မဟုတ်လား"

လူနာခုတင်ပေါ်တွင် တစောင်းမှေးနေသော သမီး၏ လက်တစ်ဖက်ကို ညင်ညင်သာသာ လှုပ်ကိုင်ရင်း ဒေါ်ဇာလီမေက မေး၏။

"အင်း"

လူမမာက အနည်းငယ် လှုးလွန့်လိုက်ပြီး သူ့အမေအား မှတ်မိကြောင်း၊ သတိရကြောင်း သင်္ကေတ ပြသည်။

BURMESE CLASSIC .com

မိခင်က သူ့သမီးကို ပွေ့ပိုက်ထားချင်ပုံရသည်။

"ခဏတော့ မှေးနေပါစေဦးလား ဒေါ်ဒေါ်၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ အားနည်းလို့ ဖြစ်တာပါ၊ ကျွန်တော် ဆေးထိုး ဆေးတိုက်ထားပါတယ်"

ယခုမှ ကိုကျော်သူသည် ဒေါ်ဇာလီမေအား စကားပြောဖြစ်သည်။

"အေးကွယ်၊ ကျေးဇူးတင်ပါတယ်၊ သမီး ပွဲထဲမှာ မူးပြီး လဲကျသွားတယ်ဆိုတော့ အဒေါ်ဖြင့် စိုးရိမ်လိုက်တာ၊ အရင်လဲ ဒီလို တစ်ခါဖြစ်ဖူးထားတော့ ခေါင်းမီးတောက်သွားတာပဲ၊ အဲဒီ . . ."

"အရင် သူ ဒီလို ဖြစ်ဖူးလို့လား ခင်ဗျာ"

"ဖြစ်ဖူးတယ်ကွယ့်၊ ဒါပေမယ့် အဲဒီတုန်းက ကမ်းလွန်သာမြို့မှာဆိုတော့ ဆရာဝန်ကြီးကလဲ ကောင်း၊ အင်းလေ . . အဲဒီတုန်းက အသက်ရှူတောင် ရပ်ချင်တယ်လို့ ဆရာဝန်ကြီးက ပြောတာကွယ့်"

ကမ်းလွန်သာမြို့မှာ သူ့သမီး ယခုလိုဖြစ်စဉ်က ဆရာဝန်ကြီး တော်၍သာ အသက်ချမ်းသာရာ ရခဲ့ကြောင်း ပြောမိသော သူ့စကားက ယခုဆရာ ကိုကျော်သူအား ဆရာဝန် မဟုတ်သဖြင့် နှိမ်သလိုမျိုး ဖြစ်သွားလေမလား ဟူသော စိုးရွံ့မှုနှင့် ဒေါ်ဇာလီမေမှာ စကားထစ်သွားသေးသည်။ သို့သော် ဤသည်ကို ကိုကျော်သူက အထအန မကောက်တတ်ပေ။ သတိပင် မထားမိလိုက်။ ကမ်းလွန်သာက ခရိုင်ဆရာဝန်ကြီးနှင့်စာလျှင် သူ့အနေမှာ ကျန်းမာရေးမှူးမို့ ထင်စရာ ပြောစရာသာ။





သူ့စကားက တစ်ဖက်သားကို ထိခိုက်သွားလေမလား ဟူသော အသိရှိမှု ဆင်ခြင်တတ်မှုကိုပင် ကျေးဇူးတင်ရပေမည်။

အမှန်မှာ လူတစ်ဖက်သားကို နှိမ်လိုသော သဘောဖြင့် ပြောခြင်း မဟုတ်ဆိုသည်ကိုလည်း ကိုကျော်သူက ချက်ချင်း သဘောပေါက်၏။ ထို့ကြောင့် ဒေါ်ဇာလီမေ ရှို့မနေရန် ကိုကျော်သူက စကားထောက်ပေးလိုက်သေးသည်။

ဆရာသည် လူနာ၏ရာဇဝင်ကို သိထားရန် အရေးကြီးသည် မဟုတ်ပါလား။

"ဟုတ်ကဲ့ခင်ဗျာ၊ ဆရာဝန်ကြီး ပြောတာ မှန်ပါတယ်၊ ဆရာမက နှလုံးရော အဆုတ်ပါ အားနည်းနေတာ တွေ့ရပါတယ်၊ နှလုံးအားနည်းတဲ့ သူတွေဟာ ဒီလိုပဲ ရုတ်တရက် မူးဝေတတ်ပါတယ်"

"ဟုတ်မယ်ကွယ့်၊ အဲဒါကြောင့် ဆရာဝန်ကြီးက မှာတာ၊ ခုလုပ်နေတဲ့ကျောင်းဆရာမအလုပ်နဲ့လဲ သိပ် မသင့်တော်ဘူးတဲ့၊ ဆရာမ အလုပ်ဆိုတာက ကလေးတွေကို ပြောရဆိုရ၊ သင်ရပြရတာ သိပ် စိတ်မောစရာကောင်းတာ၊ သူ့ အဖေကလဲ အဲဒီတုန်းကပဲ အလုပ်ထွက်ခိုင်းတာ၊ အိမ်မှာ အေးအေးဆေးဆေးနေဖို့ ပြောတာ၊ ခက်တာက ဒီကျောင်းဆရာမ အလုပ်ကို သူကလဲ အလွန်ဝါသနာပါ၊ ကျောင်းအုပ်ဆရာကြီးကလဲ အသင်အပြကောင်းတဲ့ ဆရာမဆိုတော့ အလုပ်ထွက်သွားမှာ စိုးလို့လေ၊ အိမ်ထိတောင် လာပြောတာ. . .

ပြီးတော့ အင်္ဂလိပ်စာ ပြတာက သူမှ အသင်အပြကောင်းတယ် ဆိုလားပဲပြောသေးရဲ့၊ အဒေါ်ကတော့ ဒါတွေ နားမလည်ပါဘူး၊ အိမ်နဲ့ ကျောင်းဝေးတာပဲ ပြောပါတယ်၊ တစ်နေ့တစ်နေ့ အသွားအပြန် တစ်နာရီ နီးပါးခြေကျင်လျှောက်ရတာ နည်းတဲ့ခရီးလား၊ စက်ဘီးနဲ့သွားပါဆိုတော့လဲ သူ့ကျောင်းသား ကျောင်းသူလေးတွေတောင် ဒီအတိုင်း သွားနေကြတာပဲ ဆိုပြီး စက်ဘီးကို ဒီအတိုင်းပစ်ထားတယ်၊ အိမ်က ရေနံပို့တဲ့ကားနဲ့ လိုက်ခိုင်းတာကိုလဲ လက်မခံဘူး၊ သိပ်ခက်တဲ့ ကလေးမ"

ဒေါ်ဇာလီမေက ဤစကားကိုပြောခြင်းမှာ သူ့သမီး ကျောင်းဆရာမ ဖြစ်ကြောင်း၊ သူတို့အိမ်တွင် ရေနံတွင်းရှိကြောင်း၊ ကားရှိကြောင်း၊ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကြောင်းသိစေလို၍ ပြောခြင်းဆိုတာ ဆရာကိုကျော်သူက ရိပ်မိ သည်၊ သိပါသည်။ အမှန်မှာ ယခု ဒေါ်ဇာလီမေ ပြောမှ မဟုတ်။ ဆရာ ဇာဇာလျှံအကြောင်းကို ယခင် သုံးလေးလလောက်ကပင် သိနေသည်။

ရွှေဦးသူနာပြု သင်တန်းပေးရန် ကျောင်းသား ကျောင်းသူများ သွား၍ စည်းရုံးစဉ်အခါက ကျောင်းအုပ်ဆရာကြီးမှတစ်ဆင့် ဤမင်းရွာ အလယ်တန်းကျောင်းမှ ဆရာမ ဇာဇာလျှံကို သူ သိခဲ့ရသည်။ ဆရာ ဇာဇာလျှံ၏ အတန်းထဲက ကျောင်းသား ကျောင်းသူ ဆယ်ယောက်ထ မနည်း ရွှေဦးသူနာပြုသင်တန်း တက်ဖူးကြသည်။

စာသင်ကျောင်းနှင့် သူ့ဆေးခန်းကြားတွင် ဘုန်းတော်ကြီးကျောင် က ကြားခံနေသည်။ သို့သော် ကျန်းမာရေးမှူး ကျောင်းဆရာမ ဆိုသူတို့ ဤရွာ၌ ရွာမျက်နှာဖုံးများလို ဖြစ်နေသဖြင့် တစ်ယောက်နှင့်တစ်ယော မသိဘဲ မကြုံဘဲ နေ၍မရ။ "ဆရာ"ဟူသောသိက္ခာကိုယ်စီနှင့် တည်တည် နေကြသော်လည်း တစ်ယောက်နှင့် တစ်ယောက်တော့ သိပြီးသား လူချင်း မရင်းနှီးသော်လည်း စိတ်ချင်း နီးစပ်သည်ဆိုကလည်း မှား မဟုတ်ပေ။

ရွှေဦးသူနာပြု သင်တန်းပေးရန် သွားစဉ်က ကျောင်းအုပ်ဆ ကြီး မိတ်ဆက်ပေး၍ "တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျား"ဟုတစ်ခွ သာပြောဖူးဆိုဖူး၏။ သည်ကလွဲပြီး နောက်ထပ်တော့ တစ်ခါမှ မပြောဖူးပါချေ။

သို့သော် အမှန်အတိုင်း ဝန်ခံရလျှင် ထို တစ်ကြိမ်တစ်ခါ တွေ့ စဉ်ကပင် ဆရာကိုကျော်သူသည် ရုပ်ချောမော၍ ဣန္ဒြေကြီးပုံရ ဆရာမ ဇာဇာလျှံကို စိတ်ဝင်စားမိခဲ့သည်။

ဘယ်လိုမှ အခွင့်မသာ၍သာ ရင်းနှီးမှု မရသေးသော်လည်း နာမည် ဦးလာဘ၊ အမေကဒေါ်ဇာလီမေ။ ဒုတိယကမ္ဘာစစ်အပြီ အင်္ဂလိပ်တွေဆီက ရေနံတွင်းများ၊ မြေယာများ ရထားလိုက်၍ ချမ်း သည်။ ဤမင်းရွာတွင် သူတို့ မိသားစုသည် အချမ်းသာဆုံး ဖြစ်သည် ကိုကျော်သူ သိပါသည်။

ပြီးတော့ သမီးကလည်း တစ်ယောက်တည်း၊ တစ်ဦးတည်း။





ကြီးကြီးစားစား မစုံစမ်းရဘဲ ဆရာမ ဇာဇာလျှံနှင့် ပတ်သက်ပြီး ဤသို့ အကြမ်းဖျင်း သိထားရသည်မှာ ဆရာကိုကျော်သူသည်လည်း ဤ နယ်သား။ ဤမင်းရွာနှင့် ဆယ့်သုံးလေးမိုင်သာ ဝေးသည့် ပဲခူးရွာသား ဆတိဖြစ်သဖြင့်တည်း။

"ဆရာမကို ကျွန်တော် သိပါတယ် ဒေါ်ဒေါ်"

"ဪ. . . ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော် ရွှေဦးသူနာပြု သင်တန်းပေးတုန်းက တောင် ဆရာမနဲ့ အတန်းထဲက ကျောင်းသား ကျောင်းသူတွေပါ ပါသေး တယ်၊ သင့်တော်မယ့် ကလေးတွေကို ဆရာမကိုယ်တိုင် ရွေးလွှတ်တယ်ဆို တာလဲ ပြောပါသေးတယ်"

အမှန်တကယ်မှာမူ ဆရာမကိုယ်တိုင် ရွေးလွှတ်သည်ဆိုခြင်းမှာ တတ်ချင်မှ ဟုတ်ပေမည်။ သို့သော် ကိုကျော်သူက ဆရာမနှင့် ရင်းနှီးလိုမှု ကြောင့် ဆရာမရှေ့တွင် တမင်ပြောခြင်း ဖြစ်သည်။

"အဲဒါတွေကြောင့် ခက်နေတာပေါ့တွယ်၊ သူတို့လေးတွေကလဲ သူတို့ ဆရာမမှ သူတို့ဆရာမ ဖြစ်နေကြတော့ ကလေးတွေ သံယောဇဉ် ကြောင့် အလုပ်ထွက်ဖို့ကို ပြောမရဘူး၊ ဒါပေမယ့် ဒီတစ်ခါတော့ ထွက်ကို ထွက်ခိုင်းမှဖြစ်တော့မယ်၊ ကျန်းမာရေးဟာ အရေးကြီးတယ် မဟုတ်လား"

ဆရာမ အလုပ်ထွက်ရေး မထွက်ရေးမှာတော့ သူနှင့်လည်း ဘာမှ မဆိုင်သဖြင့် ကိုကျော်သူက နှုတ်ဆိတ်နေမိသည်။

သို့သော် ကလေးသူငယ်များကို စာသင်ကြားပြရသော အလုပ်က 'ပင်ပန်းလှချေရဲ့' ဆိုလျှင် စက်ရုံ အလုပ်ရုံများတွင် အလုပ်ကြမ်း လုပ်နေ ကြရသော မိန်းကလေးတွေမှာ သေဖွယ်ရာသာ ရှိလေသည်။

များသောအားဖြင့် ပညာတတ်၊ ပစ္စည်းရှိကြသူများသည် သူတို့၏ အခန်းကဏ္ဍကို သိပ်ပြီး ပေါ်လွင်စေချင်ကြသည်။ သူတို့၏ အခန်းကဏ္ဍ သည် အမြဲ အရေးတကြီး ရှိနေတတ်ကြသည်။ ဤသည်မှာလည်း ပညာ တတ်ဉာဏ်၊ အရင်းရှင်ပေါက်စဉာဉ်တို့ကြောင့်ပင် ဖြစ်သည်။ သူတို့သည် တစ်ခါတစ်ခါမှာ လေတိုက်ခံရသည်ကို နေပူခံရသည်ထက်ပင် "ပင်ပန်း တယ်များ ထင်နေကြရော့လား"ဟု ကိုကျော်သူက ပြုံးမိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုကျော်သူမှာ လူတစ်ဖက်သားကို အားနာတတ်သူ ဖြစ်သဖြင့် ဆန့်ကျင်ဘက် စကား…တွေ ဆိုခဲ့လှသည်။ ဆိုချင်ပြောချင်ရှိ၍ ဆိုရပြောရတာတောင် တစ်ဖက်သားကို မထိခိုက်ရအောင် ပြောင်သလို နောက်သလိုနှင့်သာ ပြောတတ်သူ ဖြစ်သည်။

"ခုတော့ စိုးရိမ်စရာ မရှိတော့ပါဘူး ဒေါ်ဒေါ်၊ အားနည်းလို့ တဒင်္ဂ ဖြစ်တာပါ၊ သက်သာသွားပါလိမ့်မယ်"

"ဒီလိုဆို ခု အိမ်ခေါ်သွားလို့ ရပါတယ်ကွယ်နော်"

"ရပါတယ်ခင်ဗျာ ရပါတယ်၊ မနက်ဖြန် မနက်ကိုလဲ ကျွန်တော် ဒီမှာ ရှိပါတယ်"

"ကျေးဇူးပါပဲကွယ်၊ သူ့အဖေကလဲ တောထဲပြန်သွားတော့ လူလွှတ်ခေါ်ခိုင်းလိုက်တယ်၊ စိုးရိမ်ပြီး ဒီကို လိုက်လာမှာစိုးလို့ပါ"

"ဟုတ်ကဲ့"

သူ့အဖေ တောထဲရောက်နေသည် ဆိုခြင်းမှာ ရေနံလက်တွင်းများ ရှိရာ ယခင်က အင်္ဂလိပ်တွေ နေသွားသော ရွှေတောင်ကြားတောထဲကို ဆိုလိုပုံရသည်။

ရေနံလက်တွင်းများရှိရာ တောထဲနှင့် ဤမင်းရွာမှာ သုံးမိုင်ကျော်လောက်သာ ဝေးလေသည်။ သူတို့ အိမ်မှာ မင်းရွာ၏ မြောက်ဘက်ဖျားကျသဖြင့် ဤနေရာက ခြေကျင်ဆိုလျှင် တစ်နာရီမတ်တင်းလောက်ပင် လျှောက်သွားရပေမည်။ ယခုတော့ သူတို့တွင် ကားပါသည် ဆိုသဖြင့် လူမမာအတွက် စိုးရိမ်စရာ မရှိပေ။

"ဆေးဖိုး ဝါးခလဲ ပြောပါဦးဆရာ"

"ခင်ဗျာ"

ဒေါ်ဇာလီမေက ဆေးဖိုးပြောပါဆိုသဖြင့် ကိုကျော်သူမှာ ကြောင်စီစီဖြစ်သွားသည်။

"သမီးကို ဆေးထိုးပေးရသေးတယ် မဟုတ်လားဆရာ အေးကွယ်"

"ဒါက ကျေးလက်ကျန်းမာရေး ဆေးခန်းပါ ခင်ဗျာ၊ ဒီ နယ်သူနယ်သားတွေအတွက် အစိုးရက အခမဲ့ဖွင့်ပေးထားတဲ့ ဆေးခန်းပါ ဒေါ်ဒေါ်၊ ဆေးဖိုးပေးစရာ မလိုပါဘူး"





"ဪ . . ဟုတ်လား၊ အဒေါ်တို့မြို့မှာလို ဆေးထိုးရင် ဆေးဖိုးပေးရတယ် ထင်လို့ပါကွယ်၊ ဒီကို တစ်ခါမှမရောက်ဖူးဘူးတော့ မသိလို့ပါ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်"

အမှန်မှာ…ဒေါ်ဇာလီမေ ပြောသလို တကယ် မသိတာပါသလို ကျန်းမာရေးမှူး ဖြစ်သူအား စိတ်သဘောထား သိလို၍ တမင်မေးတာလည်းပါပေမည်။

"ဟုတ် . . ဟုတ်ကဲ့၊ ကိစ္စ မရှိပါဘူး ခင်ဗျား"

"ကဲ . . . ခွင့်ပြုပါဦးကွယ်နော်"

"ဟုတ်ကဲ့ ခင်ဗျား"

သူ့အပေါ်တွင် ဤအဒေါ်ကြီး၏ ဆက်ဆံရေးမှာ တစ်ခါတစ်ရံတွင် မဝံ့မရဲသလို ဖြစ်ပြီး တစ်ခါတစ်ရံတွင်လည်း ရှိသေလေးစားလွန်းလှသလိုပင်။ သူ၏ ဆက်ဆံရေး မတည်မငြိမ်မှု စကားပြောရာတွင် အထစ်အငေါ့ ရှိမှုတို့ကြောင့် ကိုကျော်သူ၏ စိတ်ထဲမှာ ဝေခွဲမရ ဖြစ်မိသည်။ မရင်းမနှီး နိုင်လွန်းသည်။ ပေါင်း၍သင်း၍ခက်မည်။ ခင်မင်မှုကမူ အဖုအထစ်များ ရောပြွမ်းနေမည်ဟု ထင်မိသည်။

သူ့အမေနှင့် အမျိုးသမီးတစ်ယောက်တို့ ဖေးမခေါ်သွားကြသည့် ကြားထဲက မျက်ခွံလေးပင့်၍ သူ့အား တစ်ချက် ကြည့်သွားသည်ကိုပင် ကိုကျော်သူ အနေမှာ ဆရာမက သူ့ကို မျက်လုံးနှင့် နှုတ်ဆက်စကား ပြောသွားသည်ဟု ကျေနပ်နေလေသည်။

ပွဲခင်းတွင် ပြဇာတ်စထွက်နေပြီ ဖြစ်လေရာ လူမမာတို့မိသားစု ပြန်သွားကြသည်နှင့် တစ်ပြိုင်နက် ဆေးခန်းတွင် လူရှင်းသွားလေသည်။

" ဆရာ ပွဲထဲ သွားဦးမလား "

" ဟင့်အင်း ကျွန်တော် မသွားတော့ပါဘူး၊ ဦးသာမောင် သွားချင် သွားပါလား "

" ကျွန်တော် မသွားပါဘူးဆရာ၊ ကျောနည်းနည်း ဆန့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဦးသာမောင်သည် ဆေးခန်းတစ်ဖက်ရှိ သူ၏ အခန်းထဲသို့ ဝင်သွားသည်။

ကိုကျော်သူကမူ ဆေးခန်းရှေ့ ဝရန်တာသို့ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းမှာ ဘုန်းကြီးကျောင်းဘေးက ကံမှုပေါ်ရှိ ဇရပ်တွင် ဖြစ်သဖြင့် ပွဲခင်းတစ်ပြင်တစ်ခွင်လုံးနှင့် ကမ်းလွန်သာ-ရန်ပြေသွား ကားလမ်းမ်ကို အပေါ်စီးက လှမ်းမြင်နေရသည်။

ကိုကျော်သူသည် ဆေးခန်းပေါ်က ပွဲခင်းဘက်ကို လှမ်းကြည့်နေသည်။ မဆီမဆိုင်ဟုပင် ဆိုရမည်လား မသိ၊ လှမမာ မိသားစု ပျောက်ကွယ်သွား၍ ကားသံသဲ့သဲ့ကို ကြားလိုက်ရသောအခါ သူ့ရင်ထဲမှာ ဟာပြီး ကျန်ရစ်လေသည်။

ခဏကြာသောအခါ သူသည် ဆေးခန်းထဲ ပြန်ဝင်လာ၏။

စောစောက လှမမာ အိပ်သွားသော ခုတင်ပေါ်၌ပင် တက်၍ ဇျောဆန့်လိုက်မိ၏။ နှာခေါင်းထဲသို့ မွှေးပျံ့သော ရနံ့တစ်ခုနှင့်အတူ သူ့ကျောကုန်းတွင် ခုလုခုလု တွေ့သဖြင့် ပြန်ထကာ အိပ်ရာခင်းအဝတ်ကို ဆွဲဆန့်ကြည့်မိသည်။ စံပယ်ပန်းအခြွေ သုံးလေးပွင့်နှင့် ဆံထိုးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

သူသည် ဆံထိုးကို လက်ဆွဲဓာတ်မီးရောင်အောက်တွင် သေသေချာချာ ကြည့်မိသည်။ အေးမြသော ကြောင်မျက်ရွဲ ကျောက်တစ်လုံးသည် အရောင်တဖိတ်ဖိတ် တောက်နေသည်။ ဤကျောက်ပြာလဲ့လဲ့ကို မြင်ရမှ ဆရာမ ဇာဇာလျှံ၏ ရုပ်သွင်က သူ့ မျက်ဝန်းထဲ ပိုထင်လာ၏။

*ပြာလွင်သော မိုးကောင်းကင်အောက်မှ ဘော်သာစွာ ပုလဲရောင် လွှမ်းနေသော ညနတ်သမီး၊*

လရောင်ထဲတွင် အပြာရောင် (ဝမ်းဆက်) ဝတ်ထားသော သူ့ရုပ်သွင်သည် အေးမြ ငြိမ်သက်လွန်းသည်၊ သူ့စိတ်ထဲမှာ ခံစားမှု လုံးဝမရှိသော အာကာသ ဟင်းလင်းပြင်၏ သဘော၊ အပူရောင်ဆင်းသော ည၊ ဖေးမြတိတ်ဆိတ်သော ပုံသဏ္ဌာန်၊

ကိုကျော်သူသည် ဆရာမ ဇာဇာလျှံ ကျကျန်ခဲ့သော ဆံထိုးလေးကို နှလုံးသားနှင့် အနီးဆုံး အင်္ကျီအိတ်ထဲ ထည့်ကာ သိမ်းဆည်းထားလိုက်မိ၏။

စံပယ်ပန်းခြွေ သုံးလေးပွင့်ကိုမူ လက်ခုပ်ထဲထည့်ကာ နက်နက်ရှိုင်းရှိုင်း ရှူရှိုက်မိလိုက်သည်၊





စောစောက ကျောဆန့်ဦးမည်ဟု ဝင်လာသော်လည်း သူကိုယ်သူ သိသည်။ အိပ်ရာပေါ် ကျောချမိလေလျှင် သူ အိပ်ပျော်သွားတတ်သည်။ ဤလို သာယာလှပ၍ စိတ်ကြည်နူးစရာ ကောင်းလှသော ညမျိုးကို သူသည် အိပ်ပျော်စရာ နှမြောနေမိသည်။ ပြီး . . အိပ်ပျော်ခဲ့သော် လှမမာနှင့် ပတ်သက်သော ခြောက်အိပ်မက်များလည်း မက်နိုင်သည်။

သူသည် ကျန်းမာရေးမှုအဖြစ် တာဝန်ထမ်းဆောင်ရသည်မှာ ခြောက်လခန့်သာ ရှိသေးသည်။ လှမမာနှင့် ပတ်သက်၍ အတွေ့အကြုံ မရှိသေး။ အလေ့အကျင့် နည်းသေးသည်။

အန်တာ, သွေးပါတာ, တီဘီရောဂါ။

စိတ်ထဲမှာ ဆရာမအတွက် စိုးရိမ်စိတ် ဝင်လာပြန်သည်။

အလှအပများ ရုတ်ခြည်း ပျောက်ကွယ်သွားကြသည်။

ဆရာမ ရောဂါသက်သာပါစေဟု ဆုတောင်းမိပါသည်။

စိတ်ထဲမှာ ဆောက်တည်ရာမရ ဖြစ်ချင်လာသည်။

မနက်ဖြန်မနက်မှာ သူ့ဆံထိုး သွားပေးရင်း လူနာသွားမေးရမည်။

ကိုကျော်သူသည် ဆေးခန်းထဲမှ အပြင်ဝရန်တာသို့ ထွက်လာပြန်သည်။

www.burmeseclassic.com

## အခန်း (၂)

အပြင်တွင် လသာနေသည်။

ညသည် ဆောင်းလေနှင့်အတူ အေးမြနေသည်။

သစ်ပင်၊ ကိုင်းခက်၊ ရွက်လက်၊ ရိုးတံညို အကြိုအကြားမှာ ယိုဖိတ်ပြုံဆင်းလာကြသော လရောင်ငွေခြည်ပြောက်များသည် ဆေးခန်းရှေ့မြေသလင်းဖွေးဖွေးတွင် ပြန့်ကျဲနေသည်။

ညဦးပိုင်းက ထွန်းညှိဆွဲချိတ်ထားခဲ့သော ဆေးခန်းတံစက်မြိတ်လျှောက်တန်းနှင့် သစ်ပင်ကိုင်းခက်များပေါ်မှ မီးငြိမ်းနေပြီဖြစ်သော စက္ကူမီးပုံးရောင်စုံလေးများသည် လေထဲ၌ ယိမ်းက လှုပ်ရှားနေကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညသည် အတိုင်းအဆမရှိ သာယာလှပနေသည်။

ကြည်မော ဆွတ်ပျံ့ဖွယ် ဤလိုညမျိုးတွင် သူ့ကို ဤသို့ တွေ့ရလိမ့်မည်ဟု ကိုကျော်သူ ဘယ်လိုမှ မမျှော်လင့်မိခဲ့။ ယခု မမျှော်လင့်သော ဆရာမ ဇာဇာလှုံအား လူမမာအဖြစ် တွေ့ရကြုံရ ဆုံမိလိုက်ရသောအခါ ကိုကျော်သူမှာ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုနှင့် စိတ်ဂနာမငြိမ် ဖြစ်ရသည်။ ကိုကျော်သူသည် မီးရောင်ရိပ်မဲ့သော ဆေးခန်းဝရန်တာတွင် ပက်လက်ကုလားထိုင်နှင့်ထိုင်ကာ လရောင်ကို ငေးကြည့်နေမိသည်။

စောစောက အဖြစ်နှင့် အတွေးစတို့သည် သူ့ခေါင်းထဲ အမျှင်မပြတ်ဝင်နေသည်။





ဤမင်းရွာ၌ ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ထားခဲ့သည့် သက်တမ်းခြောက်လတွင် ယခုလို အသည်းအသန်ဖြစ်သော အရေးပေါ်လူမမာဆို၍ ဤဆရာမ ဇာဇာလှုံ တစ်ယောက်သာ ကျန်းမာရေးဆေးခန်းကို ရောက်ဖူးသည်။ ထို့ကြောင့် ဆေးခန်းထဲတွင် အသက်ရှူမှု အခြေအနေတို့ကို သိလိုသဖြင့် ရင်ဘတ်ပေါ် နားကျပ်နှင့် စမ်းသပ်ကြည့်စဉ်က ကိုကျော်သူအနေမှာလည်း စိုးရိမ်စိတ်နှင့် လူမမာ၏ သွေးတိုးနှုန်းက လွဲပြီး မိမိ၏နှလုံးခုန် ရင်တုန်သံကိုပင် သတိမထားမိပေ။ ယခု သူတို့ ပြန်သွားကြပြီဆိုမှ စောစောက အဖြစ်ကို တွေးကာ ရင်ခုန်နှုန်းမှာ ပိုမြန်လာသည်။

"မနက်ဖြန်မနက် သူ့ကို သွားတွေ့ရဦးမှာပါလား"

ဤအတွေးကို တွေးမိသောအခါမှာတော့ ရင်ထဲ ပီတိလှိုင်းကြက်ခွပ်သံတွေမှာ ပို၍ မြည်ဟည်းလာကြသည်။

ကိုကျော်သူသည် အတွေးထဲ၌ နစ်မျောနေသဖြင့် ကထိန်ပွဲတော်က ဆိုင်းသံဗုံသံနှင့် လူသံများကိုပင် တဒင်္ဂအားဖြင့် မကြားမိပေ။ တွေးရင်းငေးရင်းနှင့်ပင် လရောင်ထဲက သစ်ပင်ရိပ်များနှင့် မီးငြိမ်းနေပြီဖြစ်သော စက္ကူရောင်စုံ မီးပုံးလေးများကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေ၏။

လေထဲက မီးငြိမ်းနေသော စက္ကူရောင်စုံ မီးပုံးလေးများကို ကိုကျော်သူသည် ဖယောင်းတိုင် ပြန်တပ်၍ တစ်လုံးပြီးတစ်လုံး မီးညှိထွန်းနေပြန်၏။ မီးပုံးရောင်စုံလေးတွေကို မီးညှိပူဇော်ရင်း ဆရာမ ဇာဇာလှုံ ကျန်းမာချမ်းသာစေကြောင်းကိုလည်း စိတ်ထဲက ဆုတောင်းနေမိသည်။

"အဟမ်း"

သူ့စိတ်ထဲမှာ သစ်ပင်ရိပ်များ ကပြောင်းကပြန် ဖြစ်သွားသလို ခံစားလိုက်ရသည်။ လူတစ်ယောက်၏ ချောင်းဟန့်သံမှာ ကျယ်လောင်လွန်းလှသည်ဟုလည်း ထင်မိလိုက်သည်။ ရုတ်တရက် ကြားလိုက်ရသော အသံသည် တိတ်ဆိတ်ငြိမ်သက်မှု အားလုံးကို ဆုပ်ကိုင် ဆွဲဖမ်းထားသလိုလည်း အင်အားရှိနေသည်။

"ဘယ်သူလဲဗျို့"

ဆေးခန်းရှေ့ ခြံစည်းရိုး အဝင်ဝဆီမှ ဝင်လာသူ လူတစ်ယောက်ကို လရောင်ထဲတွင် အထင်အရှား လှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရုပ် ပုံသဏ္ဌာန်ကို အမှန်မြင်ရသော်လည်း မည်သူမည်ဝါ ခွဲခြား မရသဖြင့် ကိုကျော်သူက လှမ်းမေးသည်။

"သူသူ ငါပါကွ"

"ဩော် . . . ကိုလတ်"

အသံကို ကျက်မှတ်မိသော သူ့အစ်ကိုသည် ချက်ချင်း သူ့အနား ရောက်လာသည်။

"ကိုလတ် ပွဲလာကြည့်တာလား"

"ဟင့်အင်း . . . မင်းကို လာခေါ်တာ"

"ဗျာ"

သူတို့ရွာမှာ ဤမင်းရွာနှင့် သုံးလေးမိုင်သာဝေးသည်။

ထို့ကြောင့် သူ့အစ်ကိုသည် ပွဲလာကြည့်သည် အထင်နှင့်မေးမိ ခါမှ "မင်းကို လာခေါ်တာ"ဆိုသဖြင့် ရင်ထဲထိတ်သွားသည်။

"ဘယ်သူ ဘာဖြစ်လို့လဲဟင် ကိုလတ်"

အိမ်က လူတွေအတွက် စိုးရိမ်စိတ်သည် ချက်ချင်း ခေါင်းထဲဝင် လာ၏။ အထူးသဖြင့် အမေနှင့် ဘွားဘွား၊ အသက်အရွယ် ကြီးကြပြီး မရဏာ၏ နယ်ပယ်နှုတ်ခမ်းပေါ်တွင် မတိမ်းမစောင်းရလေအောင် တစ် လှမ်းချင်း လျှောက်နေရသူတွေ။ လေဒဏ်, မိုးဒဏ်, နေဒဏ်တို့ကို ကြံ့ကြံ့ ခံနိုင်သော အင်အား မရှိတော့။ အပူ အအေးတို့သည် သူတို့ ကိုယ်ပေါ်သို့ အမြဲတစေ လာ၍ နှိပ်စက်နိုင်ကြသည်။ အကာလိကော အချိန်မရွေး အခါမရွေး၊ နေ့ရယ်ညရယ် မဟူ။

"ဟင် . . . ကိုလတ်၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"အစ်ကိုကြီး ကိုကျော်ဆွေရယ်ကွာ"

"ဟင် . . . အစ်ကိုကြီး ဘာဖြစ်လို့လဲ"

သူ့အမေးကို အစ်ကိုလတ် ကိုကျော်လူက ချက်ချင်း အဖြေမပေး သေး။ ပတ်ဝန်းကျင် ဘယ်ညာကို ကျိုးကန်းတောင်းမျှောက် ကြည့်သေး၏။ ပြီးမှ . . .

"သေနတ်မှန်တယ်"

"ဟင် . . ."





သူ့အစ်ကိုလတ်၏ စကားကို ကြားလိုက်ရသောအခါ ညဦးပိုင်းက ဆရာမ ဇာဇာလှိုင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ကြည်နူးမိသော စိတ် တို့မှာ ယခုတော့ ဘယ်ဆီ ထွက်ပြေးသွားကြသည် မသိတော့။

ကြက်ပျောက် ငှက်ပျောက် ရုတ်ခြည်းပျောက်သွားကြလေပြီ။

"ဘယ်လို ဖြစ်တာလဲ"

သူ့တစ်ကိုယ်လုံး တုန်လှုပ်စ ပြုလာသည်။

"အရင်တစ်ခါ ဖေဖေ ဆုံးတုန်းကလို ဖြစ်တာ"

"ဗျာ . . . ကိုလတ်၊ ဖေဖေ ဆုံးတုန်းကလို"

ကိုကျော်သူက အထိတ်တလန့် ရေရွတ်သည်။

"ဒါပေမယ့် ပေါင်ရင်းကို မှန်တာဆိုတော့ သိပ်စိုးရိမ်စရာ မရှိဘူး ထင်တာပဲကွာ၊ သွေးထွက်တော့ တော်တော်များတယ်"

"ဒီကို တစ်ခါတည်း ဘာလို့ ခေါ်မလာလဲ"

"ခေါ်လာလို့ မဖြစ်တဲ့ အကြောင်းရှိလို့ပေါ့ကွ၊ လုပ်ကွာ ညဉ့်နက် နေပြီ၊ ငါ့မှာ မြင်းအပို ပါပါတယ်"

"ခက်တာပဲ"

ကိုကျော်သူသည် သူ့အစ်ကို၏ မျက်နှာကို တစ်ချက် လှမ်းကြည့်ပြီး ညည်းလိုက်၏။ သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်လာသည်။

"ဖေဖေ ဖြစ်တုန်းကလို ဖြစ်တာ၊ ဒီကို တစ်ခါတည်း ခေါ်လာ၍ မဖြစ်" ဆိုသည်တို့မှာ အဘယ်သို့သော လျှို့ဝှက်ချက်တွေများ ရှိလေ သနည်း။

ကိုကျော်သူသည် ခရီးဆောင် ဆေးသေတ္တာတွင် ဆေးပစ္စည်းများ ကို ကမန်းကတန်း ထည့်ရင်း စိုးရိမ်စိတ်နှင့် ရင်ထဲ တဒိတ်ဒိတ် ခုန်နေမိ သည်။

သူသည် ငယ်စဉ်ကပင် ကမ်းလွန်သာမြို့မှာ ကျောင်းနေခဲ့ရသည်၊ မိမိအရပ်နှင့် အနေစိမ်းခဲ့သည်။ ဆယ်တန်းအောင်ပြီး ကျန်းမာရေးမှူး သင်တန်းစတက်ရသောနှစ်က အဖေ သေနတ်မှန်၍ ဆုံးပါးသွားခဲ့သည်။

မားပြများသည် အိမ်ကို၏လာ၍ တိုက်ခိုက်ရာ အဖေတို့ အပေါ်ကိုတို့ ကလည်း ပြန်လည်ခုခံပစ်ခတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] အိမ်ထဲ မဝင် နိုင်ခဲ့သော်လည်း ဓားပြကျည်သင့်၍ [illegible]ရသည်။ ထိုစဉ်က ကိုကျော်သူမှာ ရန်ကုန်ရှိ လက်ထောက် [illegible]သင်တန်း တက်ရောက်နေသဖြင့် အဖေ၏ အလောင်း [illegible] တွေ့လိုက်ရပေ။ ဆွမ်းသွတ် အမျှဝေပြီးဖြစ်ကြောင်း သံကြိုးစာ [illegible] မျည်ရည်စက်လက်နှင့် ဖတ်ခဲ့ရသည်။

ထိုစဉ်က အစ်ကိုနှစ်ယောက်အပေါ် ကိုကျော်သူသည် တော်တော် မကျေမနပ် ဖြစ်ခဲ့သည်။ အဖေတစ်ယောက်လုံး ဆုံးပါးသွားသည်ကိုပင် အလောင်းမီအောင် သံကြိုး မရိုက်ကြ။ အသုဘကို အကြောင်းမကြား။ ဆွမ်းသွတ်ပြီးမှ သူ့ကို အကြောင်းကြားခဲ့ကြသည်။ အစ်ကိုကြီး ဖြစ်သူ ကိုကျော်ဆွေက မလည်မဝယ်မို့ ဆိုလျှင်လည်း လည်လည်ပတ်ပတ် လုပ် တတ်ကိုင်တတ်သော မြို့ရောက်၊ ပြည်ရောက်၊ မင်းပေါက်စိုးပေါက် ဆိုသူ ကိုကျော်လူ အစ်ကိုလတ်သည် သူ့ကို ဘာကြောင့် အကြောင်းမကြားခဲ့ ပါလိမ့်။ အမေနှင့် ဘွားဘွားဆိုသူတွေကတော့ ဘာမဆို အစ်ကိုနှစ် ယောက်၏ သဘောအတိုင်း စကားအတိုင်းသာ။

ယခုလည်း အိမ်ကို ဓားပြလာတိုက်ပြန်ပြီဆိုသောအခါ ဤဓားပြ များသည် "အဘယ်မည်သော ရန်အငြိုးနှင့် ဤသို့ နှစ်ကြိမ်နှစ်ခါ ထပ်ပြီး လာတိုက်ကြရတာလဲ"ဟု ကိုကျော်သူမှာ တွေးမိလာသည်။

"ဦးလေး ဦးသာမောင်၊ ဦးလေး . . . ဦးလေး"

"အဟမ်း. . ဟုတ်ကဲ့ဆရာ"

"ဦးလေး၊ ကျွန်တော် အရေးကြီးတဲ့ လူမမာရှိနေလို့ ရွှေတောင်ကြား ကို ခဏလိုက်သွားဦးမယ်၊ လူမမာ သက်သာရင် ချက်ချင်း ပြန်လာမှာပါ။ တကယ်လို့ ဒီကြားထဲ ဆေးခန်းကို အရေးပေါ် လူမမာရောက်ရင် ဇာတ် စင်ကနေပြီး ဆရာမကို ခေါ်ခိုင်းပါ၊ ဆရာမတွေ ပွဲထဲမှာ ရှိပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်. . ဟုတ်ကဲ့ စိတ်ချပါ"

စောစောက ခါးဆန့်ရင်း အိပ်ပျော်နေသော ဦးသာမောင်သည် ကိုကျော်သူ၏ စကားကို လုံးစေ့ပတ်စေ့ နားမလည်လိုက်သော်လည်း "ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ စိတ်ချပါဆရာ"ဆိုသော စကားနှင့် သူ့ဆရာကို နှစ်သိမ့်လိုက်သည်။





ပြီး ကိုကျော်သူ ဤသို့ ဗျာပျာသလဲ နိုင်လွန်းသည်ကို တစ်ခါမျှ မမြင်ဖူးသဖြင့် အံ့ဩမိသလို "ဩော်. . . လူမမာ သိပ်အရေးကြီးနေလို့ ထင်ပါရဲ့" ဟုသာ ဦးသာမောင်မှာ မှတ်ချက်ချလိုက်သည်။

ဓားပြ လာတိုက်ခံရသည့်အကြောင်း၊ အဖေဆုံးသည့် အကြောင်း၊ ယခု သူ့အစ်ကိုကြီး သေနတ်မှန်သည့်အကြောင်း တစ်လမ်းလုံး တွေးလာ သော်လည်း ကိုကျော်သူမှာ အဖြေကိုကား တွေးမရ။ ဤရွာ ဤဒေသသည် မိမိရွာ မိမိဒေသဟု ဆိုရသော်လည်း အနေဝေးခဲ့သော သူ့အတွက် အစိမ်း သက်သက်ပင်။

လရောင်ထဲတွင် မြင်ရသော တောတောင်တို့သည်ကား ငြိမ်သက် နေကြသည်။ အေးချမ်းနေကြသည်။ ပကတိ တိတ်ဆိတ်နေကြသည်။

ညဉ့်၏အလှသည် နှလုံးဆွတ်ပျံ့ဖွယ်ရာအတိ ဖြစ်သည်။

မြင်းနှင့် စမ်းချောင်းငယ်လေးတစ်ခုကို ဖြတ်သန်းလာရသောအခါ စမ်းချောင်းထဲက လရိပ်ကိုပင် အမှတ်ထင်ထင် မြင်မိလိုက်သည်။ သို့သော် စမ်းရေထဲ သူတို့ညီအစ်ကိုနှစ်ယောက် မြင်းကိုယ်စီနှင့် ဆင်းမိလိုက်သဖြင့် လှပသော လရိပ်က ရုတ်ခြည်း ပျက်သွားသည်။

သူ့ရင်ထဲမှာ ပူလောင်လာမိ၏။

"ဘယ်အချိန်လောက်က ဖြစ်တာလဲ ကိုလတ်"

"တစ်နာရီလောက်ပဲ ရှိဦးမယ်ကွာ၊ ဓားပြတွေက မင်းရွာမှာ ပွဲရှိ တော့ တို့အိမ်မှာ မရှိဘူးထင်ပြီး လာတိုက်တာ"

ကိုကျော်သူက ပေ့ါပေ့ါပင် ပြောသည်။

"ဘွားဘွားတို့၊ မေမေတို့တော့ ဘာမှ မဖြစ်ပါဘူးနော်"

"ဘယ်လူ ဘာမှ မဖြစ်ပါဘူး၊ အစ်ကိုကြီး တစ်ယောက်သာ"

သည်လိုနှင့်ပင် ကျန်းမာရေးမှူး ကိုကျော်သူနှင့် သူ့အစ်ကိုလတ် ကိုကျော်လူတို့သည် ရွှေတောင်ကြားရွာထဲသို့ ရောက်လာကြ၏။

သူတို့အိမ်မှာ ရွာမြောက်ပိုင်းကျသဖြင့် ရွာလယ်လမ်းမကြီးအတိုင်း လာရသည်။ ခွေးတစ်ကောင်တလေ ဟွက်ဟောင်တာက လွဲပြီး ရွာမှာ ပကတိ ငြိမ်သက်အေးချမ်းနေသည်။

ရွာထဲ ဝင်လာရင်း ကိုကျော်သူမှာ အတွေးနက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ စောစောပိုင်းကသာ သူ့အစ်ကိုလတ် ပြောသလို သူ
အိမ်ကို ဓားပြလာတိုက်ခိုးမှန်လျှင် ရွာထဲက လူတွေမှာ ယခုအချိန်၌ အုံ
အော်သောင်းတင်း ဖြစ်နေကြမည်။ သူတို့ရွာက အိမ်တစ်အိမ်ကို ဓား
လာတိုက်ကြောင်း စုစည်းပြောကြား၍ ကျိုးလန့်စာစား ဖြစ်နေကြမည်
သို့သော် ရွာမှာ ဤအခြေအနေမျိုးကို လုံးဝ မတွေ့ရ။ ယင်းကြော
ကိုကျော်သူမှာ သူ့အစ်ကိုလတ် စကားကို ပို၍ သံသယဝင်လာပြန်သည်
သူ့အစ်ကိုတွေမှာ လောင်းကစားလည်း အလွန် ဝါသနာကြီးကြသူ
ဖြစ်သည်။ ထို့ကြောင့် ဖဲဝိုင်းကများ အနာတရ ဖြစ်လာကြသည့်ကို
တမင်လီဆယ်ပြောလေရော့သလားဟုလည်း ထင်မိပြန်သည်။

"ကိုလတ်၊ အိမ်ကို ဓားပြလာတိုက်တယ်ဆိုတော့ ရဲမတိုင်ဘူးလား

"သွားတိုင်လို့လဲ ဘာအကြောင်းထူးမှာလဲကွ။ ကမ်းလွန်သာ ရဲစခ
ကို ညတွင်းချင်း သွားတိုင်ဖို့က လွယ်တာမှ မဟုတ်တာ"

"ကမ်းလွန်သာမြို့ထိ သွားတိုင်စရာ မလိုပါဘူး ကိုလတ်ရာ၊ မင်း
က ပွဲထဲမှာ ပွဲကြပ်မတ်ဖို့ရောက်နေတဲ့ ပြည်သူ့ရဲတွေ ရှိသားပဲ"

ဤစကားကို ကိုကျော်သူက ပြောမိဆိုမိခြင်းမှာ ကျန်းမာရေး
တစ်ယောက်၏ တာဝန်အရ ဖြစ်သည်။ သေနတ်မှန်သော ဒဏ်ရာ
သူ့အနေက ကျိုတ်၍ ကုပေးလျှင် ဥပဒေအရ အပြစ်ရှိနိုင်သည် မဟု
ပါလား။

ကိုကျော်လူကမူ သူ့ဝသီအတိုင်း လောကမှာ မိမိသည်သာ အ
ကြီးဆုံး၊ မိမိအရေးသည်သာ အကြီးမားဆုံး၊ မိမိ လုပ်ကိုင်ဆောင်ရွက်
သည်သာ အရာရောက်ဆုံး၊ မိမိအတွက်သည်သာ အဓိက အကျ
ဟူသော လေသံနှင့် ပြော၏။

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ကိုလတ်ရာ၊ တရားဥပဒေအရ
ရဲတိုင်ဦးမှပေါ့"

"အစ်ကိုကြီးက အိမ်မှာ မဟုတ်ဘူးကွ၊ ခြံထဲက တဲမှာ"

အိမ်နား ရောက်လာကြသောအခါ ကိုကျော်သူက မြင်းကို အိမ်
ရာဘက် လှည့်လိုက်သဖြင့် လူမမာသည် အိမ် ... ဘဲ ခြံထဲ
တဲမှာဟု ကိုကျော်လူက ဆိုပြန်သည်။





စောစောက ရဲတိုင်ရန် ပြောစကားကိုတော့ သူ့အစ်ကိုလတ်က လုံးဝ
...တ်မဟတော့။

လူမမာ အစ်ကိုကြီးက ခြံထဲမှာ ဆိုပြန်တော့လည်း ကိုကျော်သူမှာ
ခြံထဲကတဲကို လိုက်ရပြန်၏။ မင်းရွာက ထွက်လာကတည်းကပင် မိမိရွာ
ရှေ့တောင်ကြားအရောက် လမ်းတစ်လျှောက်လုံး ရှေ့ကသွားသော ကျန်း
မာရေးမှူးမှာ ယခုတော့ နောက်သို့ ရောက်သွားရသည်။ လမ်းခွဲတွင် သူ့
အစ်ကိုက မြင်းကို ခြံထဲပြန်လှည့်လိုက်သဖြင့် ဖြစ်သည်။

အိမ်ကို ဓားပြလာတိုက်တာနှင့် လူမမာ ခြံထဲရောက်နေသည် ဆို
ခြင်းတို့မှာ ဘာမှ မဆီမဆိုင် ဖြစ်နေသဖြင့် ကျန်းမာရေးမှူး ကိုကျော်သူမှာ
သူ့အစ်ကိုလတ်ကို ထပ်မေးရပြန်သည်။

"ကိုလတ်ပြောတော့ အိမ်ကို ဓားပြလာတိုက်တာဆို"

"အေးလေကွာ"

"နို့ . . . အစ်ကိုကြီးက ခြံထဲကို ဘယ်လိုလုပ် ရောက်သွားလဲ"

"အေးကွ၊ ငါမင်းကို သေသေချာချာ မရှင်းပြမိတာနဲ့ မင်း တလွဲ
အဓိပ္ပာယ်ပေါက်သွားတာ၊ ဒီလိုဟော့ . . . အိမ်ကို တိုက်ဖို့လာတဲ့ ဓားပြ
တွေနဲ့ ငါတို့နဲ့ လမ်းမှာတွေ့လို့ ပစ်ကြခတ်ကြရင်း အစ်ကိုကြီးကို ထိသွား
တာ၊ အိမ်ကို ယူမလာဘဲ ခြံထဲမှာ ထားရတာကတော့ အမေတို့ ဘွားဘွား
တို့ သိရင် စိတ်မကောင်း ဖြစ်ကြမှာစိုးလို့၊ မင်းလဲ အမေတို့ ဘွားဘွားတို့
ကို ဒီကိစ္စ လုံးဝ မပြောနဲ့နော်၊ အစ်ကိုကြီးကို မေးရင် ရန်ကုန်ပြန်သွား
တယ်ပြောထား"

ခြံထဲက တဲကို ရောက်သောအခါ သူ့အစ်ကိုကြီး ကိုကျော်ဆူကို
ကွပ်ပျစ်တစ်ခုပေါ် လှဲလျက် တွေ့ရသည်။ သူ့အနားတွင်လည်း မည်သူမျှ
မရှိ။ မီးခွက်တစ်လုံးကို ရှေ့က ထွန်းညှိပြီး သည်အတိုင်း လှဲနေသည်။

"အစ်ကိုကြီး ညီလေးပါလာပြီ၊ ဘာမှ အားမငယ်နဲ့နော်"

"ငါ့ကိုယ်ငါ သိပါတယ် ကျော်လူရာ၊ ငါ ဘာမှ မဖြစ်နိုင်ပါဘူး၊
သက်နဲ့ အဝေးကြီးပါကွ၊ ဘာလို့ အားငယ်ရမှာလဲ"

ကိုကျော်ဆူ။ သူ့အစ်ကိုကြီးမှာ ဘာဖြစ်ဖြစ် အားငယ်တတ်သူ
မဟုတ်ဆိုသည်ကိုတော့ ကိုကျော်သူ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်အခါကပင် စိတ်ဓာတ်ကြံ့ခိုင်သူ ဖြစ်သည်။

သူ လုပ်ချင်တာ လုပ်နေရလျှင် အားလုံးတစ်လောကလုံးကို ရင်ဆိုင်ဝံ့သူ ဖြစ်သည်။ သူယုံကြည်ရာ အလုပ်တစ်ခုခုအပေါ် တွင်လည်း အစွဲအလမ်း ကြီးတတ်သည်။ ဇွဲရှိသည်။ မည်သူက မည်သို့ပြောပြော မည်သည့်ကိစ္စသည် ဘာကြောင့်, ဘယ်လိုကြောင့် ဘာဖြစ်မည်၊ ဘယ် လုပ်ရမည်, မည်သူက မည်သို့ အကျိုးအကြောင်းပြောပြော သူယုံကြ သောအစွဲအလမ်းကို ဘယ်လိုမှ ချွတ်မရ၊ စွန့်မပစ်။ သူ့စိတ်ထဲမှာ ဘူး လျှင် ဖရုံအကင်းလေးပင် လက်ခံတတ်သူ မဟုတ်။

ထို့ကြောင့်လည်း ဘွားဘွားက သူ့ကို ဖြုတ်မနူးဟု ငယ်စဉ်ကထ အမည်ပေးထားသူ ဖြစ်သည်။

ယခု ကိုကျော်သူကို မြင်တော့ ဒဏ်ရာရပြီး ပတ်တီးစည်းထားသော ပေါင်ကို လက်တစ်ဖက်နှင့် နှိပ်ပြီး ငုတ်တုတ်ပင် ထထိုင်လိုက်သည်။

"လာကွာ"

သူ့ကိုပင် လှမ်းနှုတ်ဆက်၏။

"ကိုကိုကြီး နေနေ . . . မထပါနဲ့"

"ရပါတယ်ကွ"

ကိုကျော်သူကပင် တားယူရသည်။

"ကိုလတ် ရေနွေးလုပ်ပါဦး"

ကိုကျော်သူက ဆေးအိတ်ကို သူ့အစ်ကိုကြီးရှေ့ ကွပ်ပျစ်ပေါ် ချရ ဦးဆုံးနှင့် အရေးအကြီးဆုံး ရေနွေးကိုတောင်းသည်။

"လက်ဖက်ခြောက် ခတ်ထားမိလို့ကွ ရရဲ့လား"

"ရပါတယ်၊ ပူရင် ပြီးတာပဲ"

ကိုကျော်သူသည် လုံချည်အောက်စကို ဆွဲဆုတ်ပြီး ပတ်စည်းထာ သော ကိုကျော်ဆူ့ပေါင်မှ ပတ်တီးကို ဖြေလိုက်သည်။

ပုဆိုးစုတ်ပတ်တီးပေါ် တွင် သွေးတို့ ရွှဲနစ်နေသည်။

ဒဏ်ရာကို ရေနွေးနှင့် ဆေးကြော၍ ကြည့်သောအခါ ပေါင်ရင်း တွင် သေနတ်ကျည်တစ်တောင့် စူးဝင်နေသည်ကို တွေ့ရသည်။

"အစ်ကိုကြီး နည်းနည်း နာမယ်နော်"





"ရပါတယ်ကွ"

ပေါင်တွင် စူးဝင်နေသော ကျည်ဆန်ကို ခွဲထုတ်လိုက်သောအခါ သူ့ အစ်ကိုကြီး၏ မျက်နှာသည် ရှုံ့မဲ့နေသည်။ သို့သော် . . . . သူသည် ညည်းညူခြင်း လုံးဝမရှိ။ နာကျင်၍ စုတ်သပ်သံ တစ်ချက်ပင် သူ့ပါးစပ် ထဲက ထွက်မလာ။ သူ ခွဲစိတ်ချုပ်လုပ်နေသည်ကို အနားက ထိုင်ကြည့် နေသော အစ်ကိုလတ်ဖြစ်သူ ကိုကျော်လူမှာသာ သူ့အစ်ကိုကြီး မျက်နှာရှုံ့ မဲ့သွားတိုင်း အံကြိတ်နေသည်ကို မြင်တိုင်း မျက်ရည်ဝဲနေလေသည်။

" ကဲ အစ်ကိုကြီး. .!. စိတ်ချရပြီ၊ အနာ နာလာရင် ဒီဆေးနှစ်လုံး စီသောက်၊ တစ်နေ့သုံးခါထိ သောက်လို့ရတယ်။ ကျွန်တော် ဆေးထိုးပေး ခဲ့မယ်၊ ပတ်တီးကို လုံးဝမဖြေနဲ့၊ မနက်ဖြန် ကျွန်တော် တစ်ခါလာကြည့် ဦးမယ်"

"အစားက ဘာတွေ ရှောင်ရဦးမလဲကွ"

"မလိုပါဘူး စားချင်တာ အားလုံးစားလို့ရ. . ."

"စိန်နဲ့ သံပရာက လွဲရင်ပေါ့ကွာ"

စိုးရိမ်ကြီးတတ်သူ ကိုကျော်လူက သူ့ညီ ကျန်းမာရေးမှူး ကိုကျော် သူအား အစား 'ရှောင်ရမလား'ဟု မေးသည်ကို ကိုကျော်သူက 'မလို အပ်ကြောင်း ပြော၍ စကားမဆုံးခင်ပင် လူမမာဖြစ်သူ ကိုကျော်ဆူက ဝင်နောက်သည်။

"အစ်ကိုကြီး ဘယ်လိုဖြစ်လို့ သေနတ်မှန်တာလဲဟင်"

"အို, မင်းကို ငါပြောပြီးပါပကောလား၊ ပွဲကြည့်မလို့ အိမ်က ငါတို့ ထွက်လာကြတာ ဒီခြံကြီးအဝမှာ ဓားပြတွေနဲ့တွေ့ပြီး ပစ်ကြခတ်ကြလို့ အစ်ကိုကြီးကို မှန်တာပါဆို"

ကိုကျော်သူက သက်မတစ်ချက်ကို မသိမသာချလိုက်သည်။

သူမေးသည်မှာ ဒဏ်ရာရနေသူ အစ်ကိုကြီးကို မေး၏။

အလျှင်စလို ဝင်ရောက်ဖြေဆိုလိုက်သူက ကိုလတ်။

အစ်ကိုကြီးသည် သူ့မျက်နှာကို အေးအေးစက်စက် ကြည့်နေ၏။

"ဟင် . . . ဟုတ်လား အစ်ကိုကြီး"

"ဟုတ်ပါတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ခါ သူ့မျက်နှာကို အကြာကြီးစိုက်၍ စိန်းစိန်းကြည့်နေသူက တော့ အစ်ကိုလတ်။

"ကိုလတ် ပြောသလိုပေါ့"

"အင်း"

"မင်းက ညီအစ်ကိုချင်းတောင် မယုံသလိုပါလားကွ ကျော်သူရာ"

သူ့ ကိုလတ်စကားက ကိုကျော်သူ့ရင်ထဲ နည်းနည်းနင့်သွားသည်။ သူ့အစ်ကိုလတ် အသံကလည်း နင့်သံ ပါနေသဖြင့် ရုတ်တရက်မူ သူမှာ ဘာပြန်ပြောရမှန်းပင်မသိ ဖြစ်သွားမိ၏။

"ကိုလတ်က ပေါက်တတ်ကရ ပြောတတ်လွန်းလို့ ကျွန်တော်က မေးရတာပါ"

"သေရေးရှင်ရေးထဲ ငါက ပေါက်တတ်ကရ ပြောရမလားကွ"

"ဟား. . . ဟား. . . ဟား"

ကိုကျော်လူ၏ အပြောကို လူမမာ အစ်ကိုကြီးနှင့် ညီ ကျန်းမာရေး မှူးတို့က ဝိုင်းရယ်လိုက်ကြသည်။ အမှန်မှာ ကိုကျော်သူသည် သူ့အစ်ကို ကြီး ရယ်လိုက်သည်ကို တမင်မရယ်ချင်ဘဲနှင့် လိုက်ရယ်ခြင်းသာ ဖြစ် လေသည်။

"ကဲ. . အစ်ကိုကြီး ကျွန်တော် ပြန်ဦးမယ်၊ ဆေးခန်းက ကျွန်တော် မရှိလို့ မဖြစ်ဘူး"

"အေး. . . အေး၊ မင်း မနက်ဖြန် ဆေးခန်းပိတ်ရင်.အစ်ကိုကြီးကို လာကြည့်ဦးနော်"

"အေးပါ. . . "

ကိုကျော်သူ တဲထဲက ထွက်လာသောအခါ ကိုကျော်လူကလည်း နောက်က လိုက်ပါလာသည်။

"မင်း ခဏနေဦး၊ ငါ မြင်းသွားယူလိုက်ဦးမယ်"

ခဏအကြာမှာပင် ကိုကျော်လူက ကုန်းတင်ထားသော မြင်းညိုကြီး တစ်ကောင်ကို ဆွဲခေါ်လာပြီး ကိုကျော်သူ့ရှေ့ ထိုးပေးသည်။

"ကိုလတ် အရင်တက်လေ"

"ငါ မလိုက်တော့ဘူးကွ၊ မင်းဖာသာ မင်း သွားတော့"





မြင်းတစ်ကောင်တည်းကို နှစ်ယောက်စီးသွားကြရမည် အထင်နှင့် ပြောမိသောကိုကျော်သူမှာ ယခု သူ့အစ်ကိုလတ်က "မလိုက်တော့ဘူး"ဟု ဆိုသောအခါ အံ့သြရပြန်သည်။

"နို့. . ဒီမြင်းကို ကျွန်တော်က ဘယ်လိုလုပ် ပြန်ပို့ရမှာလဲ"

"ဟဲဟဲ. . . မင်း. . ငါ့မြင်း 'တိမ်ပျံ'အကြောင်း မသိသေးဘဲကိုး၊ ဒီကောင်က မင်းထက်တောင် သိသေးတယ်၊ ခု မင်းလာလမ်း မှတ်မိလား"

"မှတ်မိပါတယ် ဘာဖြစ်လို့လဲ"

"အေး. . . မမှတ်မိရင်လဲ မင်းမျက်စိမှိတ်သာ ဒီမြင်းပေါ်တက် စီးသွား၊ ဒီမြင်းက မင်းကို ဆေးခန်းအရောက် လိုက်ပို့ပေးလိမ့်မယ်၊ မင်း ဆေးခန်းပြန်ရောက်လို့ မြင်းပေါ်ကဆင်းပြီးရင် မြင်းရဲ့ညာဘက်တင်ပါးကို လက်ဝါးနဲ့ သုံးချက်ရိုက်လွှတ်လိုက်၊ အဲဒါဆို ငါ့တိမ်ပျံကြီး ငါ့ဆီကို မိနစ် ပိုင်းအတွင်း မုချရောက်သွားပြီသာ မှ . ဲလိုက်တော့၊ ကဲ သွားသွား"

ကိုကျော်သူသည် သူ့ အစ်ကိုလတ်၏ စကားအတိုင်းပင် မြင်းညို ကြီးတိမ်ပျံကို စီးကာ မိမိဆေးခန်းရှိရာ မင်းရွာသို့ ပြန်လာသည်။

ဆေးခန်းနား ကုန်းအတက်ရောက်သောအခါ မြင်းပေါ်က ဆင်းပြီး မြင်းကြီးကို တစ်ချက်လှမ်းကြည့်၏။ မြင်းကြီးသည် နားရွက်နှစ်ဖက်ကို စွင့်ကာ မတ်တတ်ရပ်နေသည်။ ကိုကျော်သူသည် မြင်းအနားက ဖယ်ခွာ လာသည်။ ပေ တစ်ရာလောက်အဝေးထိရောက်လာ၏။ နောက်သစ်ပင် များ ကွယ်သွားသည်အထိ ကုန်းပေါ်တက်လာ၏။

မြင်းကြီးကား လရောင် ရိပ်တွင် မတ်တတ်ရပ်နေတုန်း။

ကိုကျော်သူသည် မြင်း မမြင်သာသော သစ်ပင် အကွယ်မှ မြင်းကို ချောင်းကြည့်သည်။ မြင်းကြီးကား မတ်တတ်၊ နားရွက်ပင် မခတ်။

ဆယ်မိနစ်ခန့်ပင် ကြာသောအခါ "မဖြစ်ချေဘူး"ဟူသော အတွေး နှင့် ကိုကျော်သူသည် ကုန်းအောက် မြင်းရှိရာသို့ ဆင်းသွားပြီး မြင်းကြီး၏ လက်ယာဘက် တင်ပါးကို သူ့ ကိုလတ် မှာလိုက်သလို သုံးချက်ရိုက်လိုက် သည်။

မြင်းကြီးသည် ချက်ချင်း လာလမ်းအတိုင်း တိတ်တိတ်ဆိတ်ဆိတ် ထွက်ခွာသွားသည်။

ဇေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



လရောင်ထဲတွင် တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ထွက်ခွာသွားသော မြင်းကြီးကို ငေးကြည့်ကာ ကိုကျော်သူမှာ အံ့အားသင့် ကျန်ရစ်သည်။

"ကိုလတ် ပြောသလိုပဲ အမှန်တကယ် လိမ္မာသော မြင်းကြီးပါတကား"

ကိုကျော်သူ ငယ်ငယ်တုန်းက အင်္ဂလိပ်သဒ္ဒါသင် စာအုပ်ထဲတွင် သဲကန္တာရထဲက ဘို့တစ်လုံး, ဘို့နှစ်လုံးပါ ကုလားအုပ်များအကြောင်း သင်ဖူးသည်။ ကုလားအုပ်များသည် ခရီးဝေးသွားရမည်ဆိုလျှင် ရေနှင့်အစားအစာတွေကို သူတို့၏ ကျောကုန်းပေါ်က ဘို့မှာ သိုလှောင်သွားတတ်ကြသည်။ သူတို့ကို ကုန်တင်ရာတွင်လည်း သူတို့ သယ်သွားနိုင်သည်ထက် ပို၍ တင်လျှင် လုံးဝ မထဘဲ ဆန္ဒပြတတ်ကြသည်ဟု ဆိုသည်။

စာထဲတွင်ဖတ်ဖူးသော ကုလားအုပ်နှင့်နှိုင်းစာလျှင် ယခု ဤမြင်းမှာ "ကုလားအုပ်ထက်ပင် လိမ္မာလေမလား။ သိနေလေမလား"ဟု သူတွေးမိလိုက်သည်။

ထို့ကြောင့် ဤမြင်းကို သူသခင် ကိုလတ်က "မင်းထက်တောင် သိတတ်သေးတယ်"ဟု ဆိုလိုက်လေသလား။

ဆေးခန်းရှိ ဇရပ်ကုန်းပေါ် တက်လာသောအခါ သစ်ရိပ်များသည် လရောင်ထဲ၌ ရှည်လျားနေကြပြီ။ သူစောစောက ထွန်းညှိထားခဲ့သော မီးပုံးရောင်စုံလေးတွေမှာလည်း မီးငြိမ်းနေကြပြီ။ ဆေးခန်းတွင် ထွန်းညှိထားသော လက်ဆွဲဓာတ်မီးသည်ပင် လေလျော့၍ မီးဇာနီနေပေပြီ။

ဆေးခန်းစောင့် ဦးသာမောင်သည်လည်း အိပ်ပျော်နေရော့မည်။ ကိုကျော်သူသည် ဇရပ်ပေါ်တက်လာပြီး စောစောက သူထိုင်သွားသော မီးရိပ်မဲ့ပက်လက်ကုလားထိုင်၌ပင် ထိုင်ချလိုက်သည်။ မီးငြိမ်းနေပြီဖြစ်သောမီးပုံးလေးများ လေထဲတွင် ယိမ်းလှုပ်နေကြသည်။ မနေ့က သူဆေးခန်းတွင် မီးပုံးရောင်စုံလေး ထွန်းညှိထားသည်ကို. . **အမေ ချီးကျူးစကား** ဆိုသွားတာ သတိရမိ၏။

"ဇရပ်ပျက်သာ ဆိုတယ်၊ ငါသားနေရာက နေချင်စရာပဲ၊ လှည်းကျင်းထားလိုက်တာလည်း ပြောင်နေ၊ ခုလို ရောင်စုံမီးပုံးလေးတွေ ထွန်းညှိထားတော့ ပိုတောင် ကြည့်ကောင်းသေးတယ်"





ဤဇရပ်ပျက် ကျန်းမာရေးဆေးခန်းမှာ အမြဲနေသည်ကို **အစကမူ** အမေသည် လုံးဝ သဘောမကျခဲ့။ ကျန်းမာရေးဆေးခန်း ဖွင့်ထားသော ကျေးရွာနှင့် မိမိတို့ရွာ ရွှေတောင်ကြားမှာ သုံးမိုင်ခန့်သာ ကွာဝေးသဖြင့် မိအိမ်တွင် နေစေချင်သည်။

"စက်ဘီးနဲ့ သွားလာလို့လဲ လွယ်ရဲ့သားနဲ့. . မနေကောင်း မသိ, နေကောင်း မသိ၊ ဇရပ်ပျက်မှာနေတယ် "ဟု။ အစကမူ အမေ တဗျစ်တောက်တောက်။ ဇရပ်ဆိုသည်မှာ အိမ်မဲ့ရာမဲ့ သူတောင်းစားတွေသာနေသည်ဟု ဆိုသည်။

"ဘယ်မှာနေနေပါ အမေရာ ဒါတွေ အရေးမကြီးပါဘူး၊ ရှင်ဘုရင်နေတော့ နန်းတော်၊ လူနေတော့ အိမ်၊ ဘုန်းကြီးနေတော့ ကျောင်း၊ သူတောင်းစားနေတော့ ဇရပ်ဆို မဟုတ်လား။ ခု ကျန်းမာရေးမှူး အမေ့သား ကျော်သူနေတာ ကျန်းမာရေးဆေးခန်းမှာပဲ ဖြစ်ရမှာပေါ့"

သူက နောက်သလို ပြောင်သလိုပြောဆို၍ ဇရပ်ပျက် ကျန်းမာရေးဆေးခန်းမှာ ပေနေသည်။

အမှန်က အမေသာ မဟုတ်။ ဤဇရပ်ပျက်တွင် "သဗ္ဗဒါ" နေ့ရောညပါ အခါမလပ် နေသည်ကို မည်သူကမျှ သဘောကျပုံ မရ။ သူနှင့် သုပ်ဖော်ကိုင်ဖက် ဆရာ, ဆရာမများကပင် နောက်တတ် ပြောင်တတ်ကြသည်။

"စားတော့ ကမ်းလွန်သာနဲ့ ရန်ပြေသွားကားဂိတ်က ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင်၊ နေတော့ ဇရပ်"

မည်သူက မည်သို့ပြောပြော ကိုကျော်သူအတွက်ကမူ ဇရပ်၌ နေခြင်းသည် အလွတ်လပ်ဆုံးနှင့် အသင့်တော်ဆုံးဟုပင် သူကိုယ်သူ စိတ်ချနေလေသည်။

ကိုကျော်သူသည် ငိုက်မျဉ်းစ ပြုလာသဖြင့် အိပ်ခန်းထဲသို့ ဝင်ပြီး အိပ်ရာခင်းသည်။ ခေါင်းအုံးကို ကုန်းပြီး လှမ်းအဆွဲတွင် သူ့အိတ်ထဲက အရာဝတ္ထုတစ်ခုသည် ဖျာပေါ်သို့ ဒေါက်ခနဲ ထွက်ကျလာ၏။

သူ့မျက်စိထဲ ရုတ်တရက် လျှပ်ပြက်သွားသည်။ စောစောက လူနာဆရာမ ကျကျန်ရစ်ခဲ့သော **နီလာဆံထိုးလေး**။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူသည် ဆံထိုးလေးကို ပြန်ကောက်ပြီး သူ့အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။ မနက်ဖြန် လူမမာသတင်း သွားမေးရင်း ဆေးသွားထိုးပေးရင်း သူ့ရင်ထိုးလေး ပြန်ပေးရမည်။

အိပ်ချင် ငိုက်မျဉ်းနေသော ကိုကျော်သူသည် ဆရာမ ဇာဇာလျှံ့ရင်ထိုးလေးကြောင့် ချက်ချင်း အိပ်ချင်စိတ်ပြေပျောက်သွား၏။

အရိုးဆုံးနှင့် အရှင်းဆုံးပြောရလျှင် ကိုကျော်သူသည် ဆရာမကိုတွေ့တွေ့ချင်း၊ မြင်မြင်ချင်း၊ ဤမင်းရွာသို့ ရောက်ရောက်ချင်း ကျန်းမာရေးမှူးနှင့် ရပ်သူရွာသားများ မိတ်ဆက်ပွဲလုပ်သော ညကပင် စိတ်ဝင်စားခဲ့ရလေသည်။

သို့သော် ကျန်းမာရေးမှူးနှင့် ကျောင်းဆရာမ . . . ဆိုသည်တို့မှာ ကျေးရွာ၏မျက်နှာဖုံးများ ဖြစ်ကြသဖြင့် နှလုံးသား တောင့်တမှုကို နောက်ထား၍ ကြွနွေ့သိက္ခာနှင့် နေခဲ့ရသည်။

ယခုတော့ ကိုကျော်သူအတွက် သူချစ်မြတ်နိုးနေသော ဆရာမ ဇာဇာလျှံ့နှင့် နီးစပ်ရန် အခါသင့်၍ အခွင့်ကြုံရပြီ မဟုတ်ပါလား။

❖ ❖ ❖

## အခန်း (၃)

မြဲဝင်းကြီးထဲမှ သစ်ပင်ရိပ်များသည် ရှည်လျားစ ပြုလာကြပြီ။

လရောင်ထဲတွင် သစ်ရိပ်ရှည် မည်းမည်းများသည် သစ်ပင်များနှင့် အတူ ယိမ်းက,လှုပ်ရှားနေကြသည်။

လပြည့်ည၏ အလင်းရောင်သည် အေးမြဆွတ်ပျံ့ဖွယ်ရာ ကောင်းလှချေသည်။ ကမ္ဘာအနှံ့သို့ ဖြန့်ကြက်နိုင်အားလည်း ရသည်။ ယနေ့ည လရောင်ကို ရှုမော်ရသည်မှာ အထူးပင်စိတ်ကြည်နူးစရာကောင်းလှသည်။ အမှန်မှာ လရောင်ကသာ ဆွတ်ပျံ့ဖွယ်ရာ ကောင်းလှသည် မဟုတ်။ မိုးထက်ဝဋ္ဋာမှ လဝန်းစန္ဒာကို လှမ်းမြင်ရသည်မှာလည်း အတိုင်း မသိပင် ကြည်နူးစရာ ကောင်းလှသည်။

ထို့ကြောင့်လည်း ချစ်သူရှိကြသူများသည် လဝန်းကို ချစ်သူ၏ မျက်နှာနှင့် နှိုင်းစာတင်စား စကားကမ်းလှမ်း တစ်ခွန်းသူ့ကို ပြောဆိုတိုင်တန်းခဲ့ကြသည် မဟုတ်ပါလား။

သို့သော် ကိုကျော်ဆူနှင့် ကိုကျော်လူတို့၏ စကားကမူ လှပ၍ ဆွတ်ပျံ့ဖွယ်ကောင်းသော တန်ဆောင်မုန်းည၏ အလှကို ဖျက်ဆီးနေကြသည်။

"ကျောက်ခဲကို ဦးလာဘ ကောင်တွေကများ ဖမ်းမိသွားတာလားကွ ကျော်လူရာ"

"ကျွန်တော့်အထင်တော့ ဒီကောင် သေနတ်မှန်ပြီး ကျကျန်ခဲ့တယ်ပဲထင်တယ် အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ တကယ်လို့ ဒီကောင်သာ သေကျန်ခဲ့ရင်တော့ ရဲကတို့ဆီ ခြေရာခံလိုက်လာမှာ အမှန်ပဲ"

ကိုကျော်ဆွက သူညီ၏ အေးစက်နေသော မျက်နှာကို အမိပွာယ်မဲ့စွာ ငေးကြည့်၍ တွေးတွေးဆဆပြော၏။

"ဦးလာဘ ခြံထဲမှာ သေကျန်ခဲ့ရင်တော့ အကြောင်းမဟုတ်ပါဘူး၊ ဒီလူကြီးက သူ့ကို အမှုပတ်မှာ စိုးလို့ ချက်ချင်း ဖျောက်ဖျက်ပစ်မှာပါ၊ ကျွန်တော်က လမ်းမှာ သေနေပြီး ရွာနီးချုပ်စပ်က လူတွေက အလောင်းတွေ့သွားမှာပဲ စိုးတယ်"

"အဲဒါ မနက်ဖြန် မနက်ကျတော့ မင်း အခြေအနေ သွားကြည့်၊ အလောင်းသာ တွေ့ရင်တော့ ချက်ချင်း ဖျောက်ပစ်ရမယ်"

"ဒီကောင်တလဲ သိပ်အ,တာ၊ ဘိလပ်ခွေးကြီးတွေ ဟောင်သံကြားကတည်းကပဲ ပြန်ပြေးရင် ကောင်းကောင်းလွတ်တယ်၊ ဒီကောင်က ကျွန်တော့်နောက်မှာပဲ၊ ဦးလာဘ လူတွေနဲ့ . . ကျွန်တော်နဲ့သာ နီးတာ၊ အစ်ကိုကြီးကတော့ ရှေ့ဆုံးကမို့ ပြန်ပြေးကြတော့ နောက်ဆုံး ပြန်ရောက်သွားလို့ ခံလိုက်ရတယ်ဆို . . ထားတော့"

"ကျောက်ခဲကို အခြေအနေအားလုံး ကြိုတင် ပြောမထားမိတာတော့မှားသွားတယ်ကွ၊ ပြီးတော့ ပေါက်တူးနဲ့ တူးရွင်းတွေရော ဂုန်အိတ်တွေပါ သူ့မြင်းပေါ်မှာဆိုတော့ ခွကျသွားတာပေါ့၊ မြင်းကလဲ မြင်းဖျင်းပဲကွ၊ ကြည့်ပါလား အိမ်ပြန်ပြေးတာတောင် ပြန်လမ်းမမှန်ဘဲ ဘယ်တွေဘယ်တွေ သဝေထိုးပြီး လျှောက်ပြေးနေခဲ့သလဲ မသိဘူး၊ အရေးအခင်းပြီးလို့ တစ်နာရီလောက်ကြာမှ ခြံထဲ ပြန်ရောက်လာနိုင်တာ၊ တော်တော်အသုံးမကျတဲ့မြင်း၊ ဦးသာထော်တို့ လှည်းနဲ့ပဲ တန်တယ်"

ကိုကျော်ဆွသည် ပြောရင်း မကျေမနပ်ဖြစ်လာကာ သူ့မြင်း တိမ်တစ်လုံးတို ကျိန်ဆဲနေသည်။

ဤနေ့ညအဖို့တွင် ကိုကျော်ဆွ ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင်။ သူက ဝိုင်ပြိုထင်၍ အစီအစဉ်တကျ လုပ်ခဲ့သော အလုပ်သည် ယခုတော့ မပိုင်သည့်အပြင် သူမှာ ဒဏ်ရာရလာသည်။ မောင်ကျောက်ခဲ၏ ကံကြမ္မာကိုလည်း သေသည်ရှင်သည် ယခုထိ မသိရသေး။





လူသုံးယောက် သွားကြရာတွင် သူညီ ကျော်လူတစ်ယောက်သာ အကောင်းပကတိ ပြန်ရောက်လာနိုင်သည်။ ဤအကျိုးဆက်က နောင်အခါ မည်သို့မည်ပုံ ဖြိုဟ်ဆိုးကြမှာ မွေလာဦးမည်ကိုလည်း မသိနိုင်သေး။ သူလုပ်ခဲ့သမျှသည် အားလုံး တလွဲတချော်ချည်း ဖြစ်ခဲ့ရလေပြီ မဟုတ်ပါလား။

"ဒီမြေပုံ ကျွန်တော်တို့ဆီမှာ ကေန် ရှိနေတယ်ဆိုတာတော့ ဒီလူကြီး ဒီတစ်ခါ အတပ်သိသွားပြီ အစ်ကိုကြီး"

"ဒါကတော့ အဖေရှိတုန်းကပဲ သူ သိပါတယ်ကွာ၊ ဒီမြေပုံကိုလိုချင်လို့ မားပြတောင် လာတိုက်သေးတာပဲ၊ သူ့ မြေပေါ်မှာ ဒီငွေတွေ ရှိနေမှန်း သိနေလို့ ခုလို ညရောနေ့ပါ သူ့လူတွေနဲ့ လှည့်စောင့်နေတာပေါ့"

ကိုကျော်ဆွမှာ ဒဏ်ရာကလည်း ကိုက်ခဲလာသဖြင့် သက်မချသံနှင့်အတူ ပြောသည်။

သည်ကနေ့ညအကြောင်း ပြောရင်း သွားလေသူ အဖေ၏အကြောင်းပါ ပါလာသောအခါ ကိုကျော်လူမှာလည်း ရုတ်တရက် စိတ်ထိခိုက်သွားပြီး နှုတ်ဆိတ်သွားလေသည်။ အဖေဆုံးပါးသွားရခြင်းမှာလည်း ဤငွေတွင်းကိစ္စကြောင့်ပင် မဟုတ်ပါလား။

သူညီက နှုတ်ဆိတ်သွားသောအခါ ကိုကျော်ဆွမှာလည်း ရုတ်တရက် ဘာဆက်ပြောရမှန်း မသိ ဖြစ်သွား၏။

"ကဲ . . . ညလဲ သန်းခေါင်ကျော်သွားပြီ၊ အစ်ကိုကြီး အိပ်တော့၊ အခြေအနေ ကျွန်တော် ကြည့်စီစဉ်ပါ့မယ်၊ သိပ်လဲ တွေးပူမနေပါနဲ့"

သူညီက "အိပ်တော့"ဟု ပြောထားခဲ့သော်လည်း ကိုကျော်ဆွမှာ ကား လုံးဝအိပ်မပျော်ပေ။

"မတွေးပါနဲ့၊ မပူပါနဲ့" ဆိုသည်ကိုပင် သူမှာ ပူပန်နေမိသည်၊ တွေးနေမိသည်။

သူ ဦးဆုံးတွေးမိသည်ကတော့ လောလောဆယ် ဖြစ်ပျက်ခဲ့ရသော ဦးလာဘ ခြံထဲကို သူတို့ ညီအစ်ကိုနှင့် ကျောက်ခဲတို့ သွားခဲ့၊ ရောက်ခဲ့ကြသည့်အကြောင်း။ သူ သေနတ်မှန်၍ ပြန်ပြီး ပြေးလာခဲ့ကြရသည့်အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဤနယ်တစ်ဝိုက်တွင် မင်းရွာသည် အိမ်ခြေ (၄၀၀)ကျော် ရှိသော ရွာကြီးဖြစ်သည်။ ထို့ကြောင့် အလယ်တန်းကျောင်းနှင့် ရဲစခန်း၊ ကျန်းမာရေးဆေးပေးခန်းတို့ ရှိခဲ့သည်မှာ ယခင် ငါးနှစ်ကျော် ခြောက်နှစ်ခန့်က ပင်ဖြစ်သည်။ သို့သော် လွန်ခဲ့သည့် သုံးနှစ်ခန့်က ရဲစခန်းကို သူပုန်ဝင်စီးသဖြင့် ရဲစခန်း ပျက်သွားခဲ့ရသည်။ ကျန်းမာရေးဆေးခန်းကို သူပုန်တွေဘာမှ ဖျက်ဆီးမသွားသော်လည်း ကျန်းမာရေးမှူးနှင့် အမှုထမ်းများက လုံခြုံမှုမရှိဟု အကြောင်းပြပြီး ကမ်းလွန်သာမြို့ကို ပြန်ပြေးသွားကြသည်။ ရဲစခန်းနှင့် ကျန်းမာရေးဆေးခန်းတို့ ပျက်သွားသောအခါ မင်းရွာတွင် စာသင်ကျောင်းတစ်ခုတည်းသာ ထီးထီးမြဲမြဲ ကျန်ခဲ့၏။

သည်မှာဘက် နှစ်ပိုင်းအတွင်းမှာ နယ်မြေအေးချမ်းသဖြင့် ရဲစခန်းနှင့်ကျန်းမာရေးဆေးခန်း ပြန်ထားပေးရန် သက်ဆိုင်ရာကို နယ်လူထုက တင်ပြကြသည်။ သက်ဆိုင်ရာကလည်း နယ်လူထုကို ခေါ်ယူဆွေးနွေးသည်။

ရဲဌာနရှိလျှင် တောတွင်း သူပုန်တွေက "အမြင် စောင်းသည်၊ ရန်သတ္တုရှမ်းသည်"ဟူသော နယ်လူထု၏ အကြောင်းပြချက်နှင့် မင်းရွာမှာ ကျန်းမာရေးဆေးခန်းသာ ပြန်ဖွင့်ပြီး ရဲစခန်းမှာကား ယခုထိ မရှိသေးပေ။ ရဲစခန်း မရှိသော်လည်း နယ်မြေအေးချမ်းမှုကြောင့် မင်းရွာ၏ ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် ကထိန်ပွဲတော်မှာ သည်နှစ်တွင် မြိမ့်မြိမ့်သဲမျှ စည်ကားနေသည်။

"တိုင်းချစ်အောင်"ဇာတ်ကလည်း သုံးညလုံးလုံး ဇလာပွဲ ကပြမည်ဖြစ်ပေရာ မင်းရွာ၏ ပွဲခင်းကွင်းပြင်ကြီးထဲမှာ နယ်သူနယ်သားတွေနှင့် ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိသည်။

ကြက်ပျံမကျ စည်ကားနေသော ပွဲတော် လူအုပ်ထဲတွင် ဦးလာဘကိုတွေ့ရသောအခါ ကိုကျော်ဆူ၏ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာသွားသည်။ ဤလို အခွင့်အရေးမျိုးကို သူတို့ ညီအစ်ကိုနှစ်ယောက် စောင့်စားလာခဲ့ကြသည်မှာ နှစ်ချီကြာခဲ့လေပြီ။

ဦးလာဘသည် မင်းရွာသား ဖြစ်၏။ သို့သော် တခြားသော နေ့ရက်များတွင် ဦးလာဘကို မင်းရွာ၌ တွေ့ရနိုင်ဖို့ အလွန်ခဲယဉ်းသည်။





ဦးလာဘသည် မင်းရွာနှင့် သုံးမိုင်ကျော်လောက် ဝေးသော မြို့တောင်ကြားက ဆန်စက်ကြီး၌သာ နေလေသည်။ ထိုတိုက်ကြီးနှင့် မြို့တောင်ကြောတစ်လျှောက်ရှိ ရေနံလက်တွင်းများမှာ ယခင်က အင်္ဂလိပ် မျက်နှာဖြူကြီး တစ်ယောက်ပိုင် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီး မျက်နှာဖြူကြီးတို့မိသားစု အင်္ဂလန်ကို ပြန်ပြေးကြသောအခါ သူ၏ အလုပ်သမားထဲတွင် ကျွန်ကောင်းအပီသဆုံးနှင့် ယုံကြည်ကိုးစားမှု အပြည့်အဝရှိသော အတွင်းအကျဆုံးလူ ဖြစ်သည့် လူယုံတော်ကြီး ဦးလာဘက အင်္ဂလိပ်ကြီး၏ အိမ်နှင့်တကွသော ရေနံမြေအားလုံးကို တာရားဝင်ရထားလိုက်လေသည်။

ထို့ကြောင့်လည်း ယခင်က အင်္ဂလိပ်ကြီးဆီတွင် ကျွန်ကြီး၊ ကျွန်ခေါင်း၊ ကုလီခေါင်းဖြစ်သော ဦးလာဘမှာ ယခုတော့ မင်းရွာနယ်တစ်ဝိုက်တွင် ပြိုင်ဘက်မရှိသော လူချမ်းသာ လူဘော်ဇာကြီး တစ်ယောက် ဖြစ်လာလေသည်။

ယခင်က အင်္ဂလိပ်ကြီးဆီတွင် ကျွန်ခံနေသူ အနုံညာတ ဦးလာဘကို ယခုတော့ မည်သူမျှပင် မော်မကြည့်ရဲကြတော့ပေ။

အလှူအတန်းဆိုလျှင်လည်း သူများ တစ်ဆယ်ဆိုလျှင် ဦးလာဘက တစ်ရာ၊ သူများ တစ်ရာဆိုလျှင် ဦးလာဘက တစ်ထောင်၊ သူများက တစ်ထောင်ဆိုလျှင် ဦးလာဘက တစ်သောင်း။

ယင်းကြောင့်လည်း ဦးလာဘအား သူများထက် ဆယ်ဆပို၍ အမြဲသာသည်ကို အကြောင်းပြု၍ ဤနယ် တစ်ဝိုက်က လူများသည် သူ့ကို "ဆယ်သူဌေးကြီး"ဟု ကွယ်ရာမှာရော ရှေ့တင်ပါ ပြောဆိုတတ်ကြလေသည်။

သို့သော် ဆယ်သူဌေးကြီးဦးလာဘသည် မင်းရွာသားဇာတိ။ မင်းရွာတွင် သူ့ဇနီး ဒေါ်ဇာလီမေနှင့် သူ၏တစ်ဦးတည်းသော သမီး ဇာဇာလျှံတို့ ရှိသော်လည်း ဦးလာဘကား မင်းရွာဆီသို့ လာခဲလှသည်။ အမှန်ကတော့ မင်းရွာကိုသာ မဟုတ်ချေ။ တခြား ရွာနီးချုပ်စပ်က တစ်ရွာရွာကိုလည်း သွားခဲလာခဲလှသည်။ သူ့ အလုပ်သမား အခိုင်းအစေများနှင့်အတူ ရေနံမြေတောထဲက အင်္ဂလိပ်တိုက်ကြီး၌သာ ပျော်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရွာဇာတိ ဖြစ်သော်လည်း ဇနီးနှင့် သမီးတို့ရှိသော မင်းရွာနှင့် ဤမျှကင်းကွာပြီး တောထဲကတိုက်ကြီးတွင် ဦးလာဘဇာတ်မြုပ်နေသည်မှာ အငယ်အနှောင်းယူထား၍ဟု အချို့သမုတ်ကြလေသည်။

အချို့ကလည်း အပျော်မယားရှိသည်ဟု ထင်ကြေးပေးကြသည်။ ထို့ကြောင့် မင်းရွာက နောက်ပေါက်ကလေးများသည် ဦးလာဘကို နာမည်သာ ကြားဖူးပြီး လူကိုယ်တိုင်ကိုမူ မြင်းဖူးကြသူ ရှားပါးလေသည်။ ကလေးများ အများဆုံးသိကြသည်မှာ ဦးလာဘ၏သမီး ဆရာမ မဇေဇာ လှျံသာဖြစ်သည်။

ယခု မင်းရွာတွင် ထူးခြားသော ပွဲတော်ကြီး ရှိသဖြင့် ဦးလာဘသည် ပွဲကြည့်ရန် လာပုံရသည်။

ဦးလာဘကို ပွဲထဲတွင် ရုတ်တရက် မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုကျော်ဆွေသည် ရင်ထဲ ကတုန်ကယင် ဖြစ်သွားကာ လည်ပင်းတွင် အမြဲ ချိတ်ဆွဲထားသော ငွေကြုတ်ကလေးကို အလိုလို စမ်းမိပြီးသား ဖြစ်သွားလေသည်။

ဒီညတော့ ကိန်းသေ အလုပ်ဖြစ်ပြီဟူသော ဝမ်းသာစိတ်နှင့် သူညီ ကိုကျော်လှကို ချက်ချင်း လိုက်ရှာလေသည်။ သို့သော် သူညီ ဖဲသမားကို လိုက်ရှာရသည်မှာ လေကို ကွန်ပစ်ဖမ်းသကဲ့သို့ပင်။

သည်လို ပွဲတော်ရက်များတွင် ဖဲဝိုင်းဆိုသည်မှာလည်း ချုံကြား တောစပ်တိုင်းတွင် မှိုလိုပေါက်နေလေရာ သူညီကို တော်တော်နှင့် ရှာမတွေ့။ မိုးလင်းခါနီးမှ သွားတွေ့တော့ ထိုညအဖို့ အချိန်ကုန်သွားလေပြီ။

ထိုညသည် တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ည။

မင်းရွာ ကထိန်ပွဲတော်ရက် အစဦးဆုံး ညပင်တည်း။

သို့သော် ဤည အချိန်လင့်သွားခဲ့သော်လည်း မျှော်လင့်ချက်တော့ မကုန်သေးပေ။ မင်းရွာ၏ ပွဲတော်ညသည် နောက်နှစ်ရက်ပင် ကျန်သေးသည် မဟုတ်ပါလား။

တန်ဆောင်မုန်း လပြည့်နေ့ ညပင်တည်း။

ရွှေတောင်ကြားရွာ မြောက်ပိုင်းရှိ ခြံကြီးထဲမှ ရေနံရည်ဝနေသော နှစ်ထပ်အိမ်မည်းမည်းကြီးသည် လရောင်ထဲတွင် ထီးထီးကြီး တည်နေ၏။





ထိုအိမ်ကြီး အောက်ထပ်ရှိ အခန်းကျဉ်းငယ်တစ်ခုတွင် ကိုကျော်ဆွေနှင့်ကိုကျော်လှတို့ ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် မီးရောင်ထဲတွင် ဖျတ်ခနဲ ဖျတ်ခနဲ တစ်ချက်စီ လှမ်းကြည့်လိုက်ကြသည်။

ပြီးမှ ကိုကျော်ဆွေက သူလည်ပင်းတွင် အမြဲဆွဲထားသော ငွေကြုတ်ကို လည်ပင်းမှ ဖြုတ်လိုက်သည်။

ငွေကြုတ်ထဲမှ မြေပုံစာရွက်လိပ်ကလေးကို ဆွဲထုတ် ဖြန့်ခင်းလိုက်သောအခါ ညီကိုနှစ်ယောက်စလုံး၏ မျက်လုံးသူငယ်အိမ်တို့မှာ မီးရောင်ထဲ၌ ဝင်းဝင်းလက်လက် အရောင်ထွက်လာကြလေသည်။

"ဟောက်(စ်) ဂါးဒင်း(န်) ပွန်စတိုးလ်ဖက်ထရီ"

မြေပုံစာရွက်လေးပေါ်ကို လက်ညှိုးနှင့် တေ့ထောက်ကာ ကိုကျော်ဆွေက အင်္ဂလိပ်အသံထွက်ကို တီးတိုးရေရွတ်လိုက်သည်။

"အိမ်၊ ဥယျာဉ်၊ ပွန်. . . ပွန်"

သူ့အစ်ကိုကြီးက အင်္ဂလိပ်လို ရွတ်ပြသွားသည်ကို ကိုကျော်လှက မြန်မာလို တီးတိုးလိုက်ဆိုသည်။

"ပွန် . . . ပွန်က ဘာလဲဟင် အစ်ကိုကြီး"

"ကန်လို့ ပြောတာပဲကွ"

"ကြဲကြဲဖန်ဖန် ကန်က လိပ်ပဲဟာ ဘယ်သူက ပြောလဲ"

"ဖေဖေက ပြောခဲ့တာ၊ နောက် အင်္ဂလိပ်စာတတ်တဲ့ လူတွေကို မေးကြည့်တော့လဲ ဟုတ်တယ်လို့ ပြောတယ်ကွ"

သူတို့ ညီအစ်ကို နှစ်ယောက်မှာ အတန်းစာဆို၍ လေးငါးတန်းသာ သင်ဖူးကြသဖြင့် ကန် အကြီးအသေးကို ခွဲခြား မသိကြပေ၊ ထို့ကြောင့် ညီဖြစ်သူ ကိုကျော်လှက "အဲဒီခြံထဲ ကန်ကော ရှိလို့လား"ဟု သူ့အစ်ကိုကို ထပ်မေးသည်။

"အရင်တစ်ခါ ငါတို့ အဖေနဲ့ သွားကြည့်ကြတုန်းက မင်းလဲ ပါသားပဲ၊ ဂိုဒေါင်ရှေ့မှာ ရေကန်တစ်ခု ရှိတယ်လေ၊ မမှတ်မိဘူးလား"

"ကျွန်တော်တော့ အမှတ်တမဲ့ပဲ၊ သေချာအောင် စောစောကပဲ သူသူကို မေးထားရကောင်းသား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ၊ သေချာပါတယ်ဆိုမှ၊ ဥယျာဉ်ရှေ့မှာ ရေကန်ရှိတယ်၊ အင်္ဂလိပ်ကြီး ရှိတုန်းကဆိုရင် အဲဒီ ရေကန်နားမှာ သူမွေးထားတဲ့ သမင်လေးနဲ့ ညနေတိုင်း ဆော့ဆော့နေတတ်တယ်လို့ ဖေဖေ ပြောဖူးတယ်၊ ဥယျာဉ်ကတော့ ခု ဖုန်းဆိုးဖြစ်နေပါပြီ"

"ကျွန်တော် သေချာအောင် ပြောတာပါ"

"ဟ . . ဒီကိစ္စ လူတကာ လိုက်မေးလို့ ကောင်းမလားကွ"

ကိုကျော်ဆွေက စိတ်မရှည်ချင်တော့သလို ပြောသည်။

ကိုကျော်ဆွေ ပြောသည်မှာလည်း အမှန်ပင် ဖြစ်လေသည်။

ဤရတနာတွင်းကို ညွှန်ပြထားသော မြေပုံထဲက အကြောင်းအရာများကို သူတို့အနေက လူသိခံ၍ မဖြစ်ပေ။ အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် လုပ်ကိုင်ကြရမည် ဖြစ်လေသည်။ ဤမျှ သိုသိုသိပ်သိပ် လုပ်ကိုင်ခဲ့ကြသည့်ကြားထဲကပင် ငွေတွင်းကို မတူးဖော်ရခင် ဦးလာဘ ရိပ်မိသွားလေသည်။ နေရာကို အတိအကျ မသိသော်လည်း ဤငွေတွင်း မြေပုံသည် သူတို့ ညီအစ်ကိုလက်ထဲတွင် ကျန်ရှိသည်ကို ဦးလာဘ သိသည်။

ထို့ကြောင့်လည်း ဦးလာဘသည် ဤငွေတွင်းကို ညွှန်ပြထားသော မြေပုံပြန်ရရေးအတွက် အမျိုးမျိုး ကြံစည်ခဲ့သည်။ အစီအစဉ်ပေါင်းများစွာနှင့်ကြိုးစားခဲ့သည်။ လျှို့ဝှက်မှု နည်းမျိုးစုံနှင့်လည်း လုပ်ကိုင်ခဲ့သည်။

သို့သော် နောက်ဆုံး အဖေသော ဆုံးပါးသွားခဲ့သည်၊ ဤမြေပုံကို သူ မရခဲ့။ ထိုအခါ သူ့ခြံထဲတစ်နေရာရာတွင် ငွေတွင်းတစ်ခု မုချရှိနေသည်ကို သိသော ဦးလာဘသည် ခြံထဲကို သူစိမ်း လုံးဝအဝင်မခံတော့ဘဲ နေ့ရောညပါ သူ့အလုပ်သမားတွေနှင့် ကင်းချစောင့်ထားသည်၊ ဘီလပ်(အယ်လ်ဆေးရှင်း)ခွေးတွေကိုပင် မွေး၍ အကာအကွယ် ပြုလုပ်ထားသည်။ ညဆိုလျှင် အယ်လ်ဆေးရှင်းခွေးကြီးတွေကို ခြံထဲလွှတ်ထားသဖြင့် သူစိမ်းမည်သူမျှ ခြံထဲသို့ မဝင်ရဲကြပေ။

ငွေတွင်းမြေပုံ လက်ဝယ်ရှိသော ဦးကျော်ခေါင်၏ သားများသည် တစ်နေ့နေ့ သူ့အလစ်တွင် ငွေတွင်းရတနာသိုက်ကို လာဖော်ယူကြလိမ့်မည်ဟု သူ ယုံကြည်နေသည်။ ထို့ကြောင့်လည်း သူသည် မြို့တောင်ကြားရှိ ဤမြေမှ လုံးဝ မခွာဘဲနေခြင်း ဖြစ်သည်။





ဦးလာဘ ဤရတနာမြေကို အစဉ်အမြဲ အလစ်မပေးဘဲသတိဝီရိယနှင့် စောင့်ကြပ်နေသလို ကိုကျော်ဆွေတို့ညီအစ်ကိုအနေမှာလည်း မြေပုံသည် သူ့အဖေ အသက်နှင့်လဲသွားရသော မြေပုံဖြစ်သည်။

ဤမြေပုံ သူတို့မိသားစု လက်ထဲသို့ ရောက်လာသည်မှာ ဤသို့ဖြစ်သည်။

ယခု ဦးလာဘနေသော မြို့တောင်ကြားက တိုက်ကြီးနှင့် ခြံမြေတစ်ခုလုံးကို ပိုင်ဆိုင်သော အင်္ဂလိပ်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သောအခါ အိန္ဒိယသို့ ပြေးရသည်။ စစ်အတွင်းတွင် အိန္ဒိယမှာနေပြီး စစ်ကြီးပြီးသောအခါ ဤခြံမြေသို့ ပြန်လာသည်။ သို့သော် အင်္ဂလိပ်ကြီးသည် သူတစ်ချိန်က ပိုင်ဆိုင်ခဲ့သော ခြံမြေသို့ မရောက်ခဲ့။ ရောင်စုံသူပုန်သူကန်များ တောခိုနေကြ၍ ကမ်းလွန်သာမြို့မှ အိန္ဒိယသို့ လှည့်ပြန်သွားရသည်။

သူပုန်သူကန်များ ရန်ကို ကြောက်၍ အင်္ဂလိပ်ကြီးက မိမိပိုင် ခြံမြေသို့ မပြန်ရဲသလို၊ အင်္ဂလိပ်အလိုတော်ရိ သူကြီးဖြစ်သူ ကိုကျော်ဆွေ၊ ကိုကျော်လှ၊ ကိုကျော်သူတို့ အဖေဖြစ်သူ ဦးကျော်ခေါင်မှာလည်း သူပုန်သူကန်ရန်ကို ကြောက်သဖြင့် ရွှေတောင်ကြားရွာမှ ကမ်းလွန်သာမြို့သို့ ထွက်ပြေးနေရသည်။

နယ်မြေ အေးချမ်းမှုမရှိသဖြင့် ရွှေတောင်ကြားရွာကို မပြန်ဖြစ်ဘဲ ကမ်းလွန်သာမြို့တွင် ဦးကျော်ခေါင်တို့ မိသားစု နေထိုင်ကြစဉ် အိန္ဒိယရှိ အင်္ဂလိပ်ကြီးဆီက စာတစ်စောင် ရောက်လာသည်။ ထိုစာမှာ ကမ်းလွန်သာမြို့တွင်နေသော ဦးကျော်ခေါင်မှတစ်ဆင့် သူ့ခြံမြေတောထဲတွင် နေသော ဦးလာဘအားပေးရန် အိန္ဒိယရှိ အင်္ဂလိပ်ကြီးဆီက ပေးလိုက်သောစာဖြစ်သည်။

ထိုစာကို စာပို့လုလင်က လာပေးရာ၌ ဦးကျော်ခေါင် နာမည်ကို ခေါ်ပြီး လာပေးသွားလေရာ ဦးကျော်ခေါင်မှာ သူ့စာထင်၍ အမှတ်တမဲ့ ဖောက်ဖတ်မိသည်။ အင်္ဂလိပ်ကြီးနှင့် သူသည် အလွန်ရင်းနှီးကြသည်။ ဆယ့်နှစ်ရွာပိုင် သူကြီးရာထူးရခဲ့သည်မှာလည်း ဤအင်္ဂလိပ်ကြီးကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကြီးမှာ အိန္ဒိယတွင် ခေတ္တနေရသော်လည်း သူ့ရေ မြေရှိရာ မြို့တောင်ကြားကို ပြန်လာချင်သဖြင့် နယ်မြေအေးချမ်းမှု ရှိမ ကို အိန္ဒိယကနေပြီး ခဏခဏ စာလှမ်းရေး မေးမြန်းနေတတ်သည်။ ယ စာမှာလည်း ဤလို နယ်မြေသတင်း စုံစမ်းစာဟု ထင်ခဲ့သည်။

စာကိုဖောက်ဖတ်မိမှ အင်္ဂလိပ်ကြီးသည် သူ့ဆီမှတစ်ဆင့် ဦးလာ ဆီပေးစာဖြစ်မှန်း သိရသည်[illegible]တ် ဦးကျော်ခေါင်မှာ လောဘရမ္မ ကြီးပြီး ကောက်ကျစ်စဉ်းလဲသူဖြစ်ရာ အမှားကိုပြန်မပြင်ဘဲ ပို၍ မှားသွ အောင်သာ ကြိုးစားလုပ်ကိုင်ခဲ့သည်။

အိန္ဒိယရှိ အင်္ဂလိပ်ကြီးက ပေးလိုက်သောစာမှာ အောက်ပါအတိုင် ဖြစ်သည်။

*လာဘ. . .*

*မင်းဟာ သခင်ကြီးအပေါ်မှာ. . ယခင်က အလွန်သစ္စာရှိခဲ့ တယ်။ ယခုလည်း သစ္စာရှိစွာ ငါ၏ရေနံမြေနဲ့ အိမ်ရာပစ္စည်း အားလုံးကို စောင့်ရှောက်ထားကြောင်း သူကြီးမင်း ဦးကျော် ခေါင်ဆီမှတစ်ဆင့် သိရလို့ သခင်ကြီး အထူးပင် ဝမ်းသာမိ တယ်။ မင်းဟာ သခင်ကြီးအပေါ်မှာ နောက်လည်း သစ္စာရှိ နေဦးမယ်လို့ သခင်ကြီး အမြဲယုံကြည်တယ်။*

*သခင်ကြီးတို့ မိသားစု ယခု အိန္ဒိယမှာ ခေတ္တနေတယ်။ လောလောဆယ်မှာတော့ ဘာလုပ်ရမှန်း စိတ်ကို ဆုံးဖြတ်လို့ မရသေးဘူး။ အမေရိကန် အင်္ဂလန်တိုပဲ ပြန်ရမည်လား။ အိန္ဒိယမှာပဲ လုပ်ငန်းတစ်ခု တည်ထောင် လုပ်ကိုင်ရမည်လား စဉ်းစားနေတယ်။ ဖြစ်နိုင်ရင်တော့ မင်းတို့ကို သခင်ကြီး မခွဲချင်ဘူး။ ကိုယ့် ရေနံမြေရှိရာကို ပြန်လာချင်တယ်။ ဒါပေမယ့် သူပုန်သူကန်တွေ ရှိနေလို့ သခင်ကြီး မင်းတို့ဆီကို တော့တော်တော်နှင့်ပြန်လာနိုင်မှာ မဟုတ်သေးဘူးထင်တယ်။ ဒီတော့ သစ္စာရှိစွာ သခင်ကြီးရဲ့ ရေနံမြေနဲ့ အိမ်ခြံမြေ များကို စောင့်ရှောက်ထားတဲ့ မင်းအတွက် သခင်ကြီး မြှုပ်နှံထားတဲ့ ငွေတွင်းတစ်တွင်းကို သခင်ကြီးက "သစ္စာ ဆုလာဘ်" အဖြစ်*





*မင်းကို ခိုးမြှောက်လိုက်တယ်။ ပူးတွဲပါ မြေပုံအညွှန်းအတိုင်း မင်းတူးဖော်ယူလေ၊ မင်းဇနီး ဇာလီမေနဲ့ သမီးလေး ဇဇဇလျှ ကိုလည်း သခင်ကြီးက အမြဲသတိရနေကြောင်း ပြောပြပါ။ သမီးလေးကို ခေတ်ပညာတတ်အောင် သင်ပေးဖို့တော့ မင်း အမြဲသတိရနေပါ။*

*သခင်ကြီးနဲ့ မိသားစုအားလုံး ကျန်းမာစွာ ရှိကြပါတယ်။ အကျိုးအကြောင်းကို စာပြန်ပါ။*

*သစ္စာရှိသော မင်းကို ဘုရားသခင်စောင်မပါစေ။*

*မင်းရဲ့သခင်ကြီး*
*မစ္စတာ ဗွီလီဇွေ*
*အမှတ်-၃၆၂၊ ချန္ဒီပါရာလမ်း*
*ခေတ္တ၊ဘုံဘေမြို့။*

မမျှော်လင့်ဘဲ ဤစာကို ဖတ်လိုက်ရသောအခါ ဦးကျော်ခေါင်မှာ ဝမ်းသာလုံးဆို့၍ ဖောချွေးများပင်ပြန်သွားသည်။

ဦးကျော်ခေါင်သည် စာနှင့် ပူးတွဲပါလာသော ငွေတွင်းဖော်မြေပုံ မြေပုံကို ကျစ်ကျစ်ပါအောင်လိပ်၍ မည်သူမျှ မသိရအောင် ဝှက်ထား လိုက်သည်။

သူ၏အကြံအစည်မှာ နယ်မြေအေးချမ်း၍ သူပုန်သူကန်ရန်အေး လျှင် မိမိရွာ ရွှေတောင်ကြားကို ပြန်ပြောင်းပြီးနေမည်။ ပြီးမှ အင်္ဂလိပ်ခြံ ထဲက ငွေတွင်းကို တိတ်တဆိတ်သွားပြီး တူးဖော်ယူမည် ဖြစ်လေသည်။

သည်လိုနှင့် အထက်ပါ စာရောက်ပြီး နှစ်လခွဲလောက်အကြာ တစ်နေ့မှာတော့ သူလျှို့ဝှက် ဖြတ်ခိုးယူထားသော စာနှင့် ပတ်သက်ပြီး စိတ်မချမ်းမြေ့စရာ လမ်းစတစ်ခုက ပေါ်လာလေသည်။

ထိုနေ့က သူသည် ကမ်းနားလမ်းရှိ ပွဲရုံမှပြန်လာရာ အိမ်တွင် ဇနီး သည် ဒေါ်ရွှေအိမ်သူကို မတွေ့သဖြင့် ကျောင်းက ပြန်ရောက်နေသော သူ့သားအငယ်ဆုံးကောင် မောင်ကျော်သူကို မေးမိသည်။

"လူလေး. . . မင်းမေမေကော"

"မေမေ ကားဂိတ်ကိုသွားတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ၊ မင်းမေမေကို ဖေဖေ သဘော်ဆိပ်က ဒေါ်ဥမ္မာဝေတို့ ပွဲရုံ ခဏလွှတ်မလို့"

"ကျွန်တော် သွားပေးမယ် ဖေဖေ"

"လူလေး သွားလို့ မဖြစ်ပါဘူး၊ ငွေကိစ္စ လွှတ်မလို့၊ မင်း မေမေက ကားဂိတ် ဘာသွားလုပ်တာလဲ"

"ဪ. . . ဖေဖေ့ကို ကျွန်တော် ပြောဖို့မေ့နေတာ၊ အိန္ဒိယလိပ်စာနဲ့ စာတစ်စောင်ရောက်လာတယ်၊ အဲ. . ."

"ဟင်. . . ဟုတ်လား. . . စာ. . . စာ အိန္ဒိယကစာ၊ ဟင်, အဲဒီစာ ဘယ်မှာလဲ" အိန္ဒိယကစာ ဆိုသည်နှင့် တစ်ပြိုင်နက် ဦးကျော်ခေါင်၏ မျက်နှာမှာ ရုတ်ခြည်းအေးစက်မာကျောသွားသည်။

"ကျွန်တော်တို့အတွက် မဟုတ်ဘူး ဖေဖေ၊ မင်းရွာက ဦးဦးလာဘဆီကို ဖေဖေ့ဆီက တစ်ဆင့် လိပ်စာမူပြီး ပေးတဲ့စာပါ၊ အဲဒါ မေမေက ရန်ပြေသွားတဲ့ ကားနဲ့အမီ ဒီစာကို ပေးလိုက်ရအောင်ဆိုပြီး ကားဂိတ်ကို ထွက်သွားတာ"

ဦးကျော်ခေါင်၏ပါးစပ်မှ "ဟိုက်"ဟူသော အသံနှင့်အတူ စောစောက အေးစက်နေသော သူ့မျက်နှာမှာ ရုတ်ခြည်းသွေးဆုတ်သွားလေသည်။

မင်းရွာနှင့် ရွှေတောင်ကြားရွာမှ မြို့ကို ပြောင်းရွှေ့နေသူဆို၍ ဦးကျော်ခေါင် တစ်ယောက်သာရှိလေရာ အခြားအရပ်တစ်ပါးက မင်းရွာနှင့် ရွှေတောင်ကြားရွာရှိ တစ်စုံတစ်ဦးဆီကို စာပေးလိုလျှင် ဦးကျော်ခေါင်ဆီမှတစ်ဆင့် လိပ်မူ၍ ပေးတတ်ကြသည်။

မင်းရွာနှင့် ရွှေတောင်ကြားရွာ နှစ်ရွာရှိ လူများအတွက် စာဆိုလျှင် ဦးကျော်ခေါင်၏ဇနီး ဒေါ်ရွှေအိမ်သူကလည်း အတတ်နိုင်ဆုံးနှင့် အလျင်မြန်ဆုံးရောက်လေအောင် ကားဂိတ်သို့ ကိုယ်တိုင် သွားပေးလေ့ရှိသည်။ ဒေါ်ရွှေအိမ်သူမှာ ရွှေတောင်ကြားရွာသူစစ်စစ် ဖြစ်လေရာ သူက မြို့မှာ မပျော်ပေ။ သူပုန်သူကန်ရန်တွေကို ကြောက်၍ ခင်ပွန်းသည်နှင့်အတူ ကမ်းလွန်သာမြို့ကို ပြောင်းနေရသော်လည်း သူ့စိတ်က ရွှေတောင်ကြားနှင့် မင်းရွာအတွက် အရပ်တစ်ပါးက စာတစ်စောင် ရောက်လာပြီဆိုလျှင် ချက်ချင်း ကားဂိတ်သို့ ပြေး၍ပေးတတ်သည်။





ရန်ပြေနှင့် ကမ်းလွန်သာသွား ကားမှာ တစ်နေ့ နှစ်စီးသာ ရှိသဖြင့် မမီလိုက်မှာကို သူက စိုးသည်။ ကားဂိတ်သို့ ရောက်လေလျှင် ပါလာသော စာကိုပေးရင်း ရွှေတောင်ကြား၊ မင်းရွာက လူများကို တွေ့လျှင် "နယ်မြေ အေးချမ်းပလား"ဆိုသော သတင်းကို ဦးဆုံးမေးရသည်။ "မအေးချမ်းဘူး" ဟူသော သတင်းကိုကြားရလျှင် မောပြီးပြန်လာရသလို၊ "ခုတလောတော့ အေးအေးချမ်းချမ်းပါပဲ"ဟူသော အသံကိုကြားရလျှင် မိမိတို့ ရွာကိုပြန်နေရတော့မည်ဟူသော မျှော်လင့်ချက်နှင့်ပျော်မြူး၍ ပြန်လာတတ်သည်။

ထို့ကြောင့် ယနေ့လည်း မင်းရွာက ဦးလာဘအတွက် အိန္ဒိယက ပေးလိုက်သောစာကို နေ့ကူးအောင်ပင် အိမ်မှာမထားတော့ဘဲ ချက်ချင်း ကားဂိတ်ကိုပြေး၍ စာသွားပေးခြင်း ဖြစ်သည်။

"ဟဲ့ကောင် အိန္ဒိယကနေပြီး ဦးလာဘဆီ ပေးတဲ့စာမှန်း မင်းအမေ ဘယ်လိုလုပ်သိလဲ"

"အင်္ဂလိပ်လို လိပ်စာရေးထားတာကို မေမေက မဖတ်တတ်လို့ ကျွန်တော်က ဖတ်ပြပြီး၊ ဦးဦး ဦးလာဘစာဆိုတာ ပြောပြီး ပေးခိုင်းရတာ ဖေဖေ"

"ဟေ. . . ခွေးကောင်လေး တော်တော် အင်္ဂလိပ်စာတတ်တဲ့ အကောင်၊ မင်းကို ဘယ်သူက ဖတ်ခိုင်းလို့လဲဟင်၊ ကလေးက ကလေး အလုပ်မလုပ်ဘူး၊ စာဖတ်ပြပြီး အမေကို ခိုင်းရသေးတယ်တဲ့၊ နေဦး . . နင် နေဦး ကျောင်းထုတ်ပစ်မယ်"

ဦးကျော်ခေါင်မှာ ဘယ်လိုမှ စိတ်ကိုမထိန်းနိုင်ဖြစ်ကာ သူတစ်ခါမှလက်ဖျားနှင့်ပင် မတို့ဖူးသော သားထွေးလေးမောင်ကျော်သူကို လောဘရမ္မက်နှင့် ရိုက်နှက်မိလေသည်။

"မေမေက ဖတ်ခိုင်းလို့ပါ ဖေဖေရယ်၊ သားသားမှာ အပြစ်မရှိပါဘူး"

"ဟဲ့ ဟဲ့. . . အမယ်လေးတော် ကျုပ်သားလေး သေပါပြီ၊ ဘယ်လို အပြစ်နဲ့များ ဒီသားကို ဒီလောက် ရိုက်နှက်နေရတာလဲတော့"

စာသွားပေးရာက ပြန်လာသော ဒေါ်ရွှေအိမ်သူက လှမ်းအော်သောအခါ ဦးကျော်ခေါင်၏မျက်နှာမှာ ပို၍တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် ဦးလာဘ စာကိစ္စနှင့် လင်မယား သားအဖတွေ ရိုက်ကြပုတ်ကြသည်ကို လူသိမှာစိုး၍ ချက်ချင်းဟန်ဆောင်ပစ်လိုက်သည်။

"ဒီစာက ဘယ်လောက်များ အရေးကြီးနေလို့လဲ၊ မနက်ဖြန်မှ ပေးလဲရတာပဲ၊ ငါက နင့်ကို သဘော်ဆိပ်က ဒေါ်ဥမ္မာဝေတို့ဆီ လွှတ်မလို့"

"ရှင့်ကိစ္စကကော ဘယ်လောက် အရေးကြီးလို့လဲ"

ရိုက်နှက်ရန် မဆိုထားနှင့် အော်လားငေါက်လားပင် တစ်ခါမှ မလုပ်ရ မလုပ်ဖူးသော သူ့သားတွေး အလိမ္မာကို ရိုက်ရပါမည်လားဟု ဒေါ်ရွှေအိမ်သူကလည်း ခင်ပွန်းသည်ကို ပြန်အော်သည်။

"ငွေကိစ္စ. . . ငွေကိစ္စ၊ ဟိုစာကို ဘယ်သူ့ပေးထားခဲ့လဲ၊ ကားကော ထွက်သွားပလား"

သူ့သားလေးကို ပွေ့ဖက်ပြီး မျက်ရည်သုတ်ပေးနေသော ဒေါ်ရွှေအိမ်သူက စိတ်ကောက်၍ ဘာမှ ပြန်မပြောဘဲနေသည်။

"ဟေ့. . . ငါမေးနေတယ်ဟ"

"ဘာလဲ. . ."

"ကားထွက်သွားပလား၊ အဲဒီစာ ဘယ်သူ့ ပေးထားခဲ့လဲ"

"သွားပြီ"

"စာ. . . စာ ဘယ်သူ့ကို ပေးထားခဲ့လဲ မေးနေတာ"

ဒေါ်ရွှေအိမ်သူက ခင်ပွန်းသည်ကို ဖျတ်ခနဲ မော့ကြည့်လိုက်သော မျက်လုံးဝိုင်းဝိုင်းကြီးမှာ မီးဝင်းဝင်း တောက်သွားသည်။

တစ်ခါမှ ကြမ်းကြမ်းတမ်းတမ်း အအော်အငေါက် မခံရဖူးသဖြင့် ဒေါသလည်း ထွက်လာသည်။

"မင်းရွာကလို့ပြောတဲ့ ကောင်လေးတစ်ယောက်နဲ့ ပေးလိုက်တယ်။ ရှင် ကျွန်မကို ဒီလို မဟောက်ပါနဲ့"

ဦးကျော်ခေါင်သည် ဘာမှဆက်မပြောတော့ဘဲ စက်ဘီးကိုဆွဲချကာ ကားကို မီလိုမီငြား အမြေးလိုက်သည်။ သို့သော် သူ၏ကြိုးစားမှုမှာ အချည်းနှီးသာ။ ခရီးသည် တင်ဆောင်၍ ကမ်းလွန်သာနှင့်ရန်မြေ ပြေးသောကားကို အစအနပင်မတွေ့လိုက်ရပေ။





မင်းရွာနှင့် ကမ်းလွန်သာမြို့မှာ ဆယ့်ငါးမိုင်ခန့်သာဝေးသော်လည်း ရွာအရောက်တော့ စက်ဘီးနှင့်သူ မလိုက်ရဲပေ။

ကြားတွင် သူပုန်စခန်းများ ရှိနေသဖြင့် ဂုံညင်းတောင် အလွန် ကျော်သာလိုက်ရဲပြီး ပြန်ခေါက်လာရသည်။

ထိုညက စာကိစ္စကို တွေးကာ ဦးကျော်ခေါင်မှာ တစ်ညလုံးလိုလို အိပ်မပျော်ပေ။ သည်စာကို ဘယ်လိုလုပ် ပြန်ရပါ့မည်နည်း။ ဦးကျော်ခေါင်မှာ ထိုညက မိုးသာလင်းခဲ့ရသည်၊ တစ်ညလုံး တစ်မှေးမျှ မမှေး လိုက်ပေ။

နောက်ဆုံးတော့ "မြေပုံပါတဲ့ စာတစ်စောင် ရလားလို့ ဦးလာဘ လာမေးရင် မရပါလား ပြောလဲပြီးတာပဲ၊ ဒီမြေပုံစာရွက် ငါ့ဆီမှာမှန်း ဘယ်သူမှ မသိသေးပါဘူး၊ တကယ်လို့ အင်္ဂလိပ်ကြီးက ဦးလာဘဆီပေးတဲ့ စာမှာ ငါ့ဆီရှိတဲ့ မြေပုံမျိုး ရေးပေးလိုက်ရင်လဲ သူ့ထိုက်နဲ့ သူ့ကံပါပဲလေ"ဟု စိတ်ကို ဖြေလိုက်ရသည်။

သည်လိုနှင့်ပင် ငွေတွင်း အညွှန်းပါ ရတနာမြေပုံ တစ်ခုသည် ဦးကျော်ခေါင်ဆီ၌ ရှိနေလေသည်။

သူတွေးထင်ထားသည့် အတိုင်းပင် နောက်တစ်နေ့မှာ ဦးလာဘ ရောက်လာပြီး မြေပုံပါစာအကြောင်းကို မေးသည်။ ဤတစ်စောင်သော စာကလွဲပြီး ဘာစာမှ မရောက်ကြောင်း ပြောသောအခါ ဦးလာဘသည် မကျေမနပ်နှင့် ပြန်သွား၏။

ထိုအခါမှ ဦးကျော်ခေါင်သည် မနေ့က ပေးလိုက်သော စာတွင် မြေပုံမပါကြောင်းသိရ၍ သက်မ,ချနိုင်တော့သည်။ နောက် အိမ်ကို ဘယ်ကစာလာလာ သူမသိဘဲ ဘယ်လူ့ကိုမှ မပေးရဟုလည်း အိမ်တွင် အမိန့်သစ်တစ်ရပ်ထုတ်ပြန်ရသည်။

ဦးကျော်ခေါင်ဆီတွင် ဤရတနာမြေပုံ ရှိနေမှန်း ထိုစဉ်က သူ၏ သားကြီးဖြစ်ရသဖြစ်သူ ကိုကျော်ဆူနှင့် သားလတ် ကိုကျော်လူတို့ပင် လုံးဝ မသိခဲ့ကြပေ။ နောက် နယ်မြေအေးချမ်းသာယာလာ၍ မိမိတို့မိသားစု ရွှေတောင်ကြားရွာကို ပြန်ပြောင်းကြကာမှ ဤမြေပုံကိစ္စကို ကိုကျော်ဆူတို့ ညီအစ်ကိုက သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု လက်ထောက် ကျန်းမာရေးမှူး ဖြစ်နေသူ ကိုကျော်သူ
သူ့အဖေဆီ၌ တစ်ခါအရိုက်ခံရဖူးသော်လည်း ဤကိစ္စ ယခုထိ လုံးဝ
မသိပေ။ သူတို့ မိသားစု ကမ်းလွန်သာမြို့က ရွှေတောင်ကြားသို့ ပြ
ပြောင်းလာကြသောအခါမှာလည်း ကိုကျော်သူမှာ ကျောင်းဆက်နေ
မြို့၌ကျန်နေခဲ့သည်။

သူတို့မိသားစု ရွှေတောင်ကြားကို ပြန်ရောက်လာကြပြီး မကြာ
မှာပင် ဤငွေတွင်းကို ဖော်ရန် နှစ်ခါ သုံးခါတိတိ ကြိုးစားခဲ့ကြသည်
သို့သော် ဦးလာဘနှင့် ပက်ပင်းတွေ့၍ တစ်ခါမျှ အထမမြောက်ခဲ့ကြ
နောက်တော့ ဤငွေတွင်း မြေပုံမှာ သူတို့သားအဖဆီ၌ ရှိမှန်းသိသော
ဦးလာဘက အိမ်ကိုလာ၍ ဓားပြတိုက်သည်။ သူတို့အစီအစဉ် မအောင်
မြင်ခဲ့သလို ဦးလာဘ၏အစီအစဉ်မှာလည်း ပျက်ခဲ့ရ၏။

ဤကိစ္စမှာ အဖေတစ်ယောက်သာ ဆုံးပါးသွားရပြီး လိပ်ခဲတည်
လည်းဖြစ်ကာ ဦးလာဘနှင့် သူတို့ညီအစ်ကိုသည် သောင်မတင်ရေမ
ဖြစ်နေသော ဤကိစ္စကို တစ်ယောက်နှင့် တစ်ယောက် အကွက်စောင့်၍
နေခဲ့ကြသည်။

နှစ်ရှည်လများ စောင့်စားခဲ့ရသော အချိန်သည် မင်းရွာ၏ပွဲတော်
ည၌ ဦးလာဘကို ပွဲထဲတွင် မြင်လိုက်ရသည်ကစပြီး ပြန်လည်အသက်
ဝင်လာသည်။ သို့သော် မနေ့ညနေက ကိုကျော်လူ ဖဝိုင်းကိုရောက်နေ
သဖြင့် အချိန်လင့်ခဲ့ရသည်။

မနေ့ညက ပွဲလာသော ဦးလာဘသည် ဤနေ့ညလည်း ပွဲလာလိမ့်
မည်ဟုထင်သည်။ ဦးလာဘ ပွဲလာ,မလာကို မောင်ကျောက်ခဲအား ကြည့်
ခိုင်းထားသည်။ မောင်ကျောက်ခဲ ပြန်လာ၍ ဦးလာဘကို ပွဲထဲတွင် တွေ့ခဲ့
သည်ဆိုလျှင် ငွေတွင်းသွားဖော်ကြရန် ကိုကျော်ဆူနှင့်ကိုကျော်လူတို့က
ရတနာမြေပုံဖတ်၍ အဆင်သင့်စောင့်နေကြသည်။

သူတို့ ရတနာသိုက် သွားဖော်ရမည်မှာ ညဖြစ်နေသဖြင့် တိတိ
ကျကျရှိရန် ညှိနှိုင်းတိုင်ပင်နေကြသည်။ ဦးလာဘ၏ ခြံဝင်းအတွင်းရှိ
အဆောက်အအုံ နေရာအနေအားလုံးကို တစ်ခုစီ တစ်ခုစီ လိုက်မှတ်နေ
ကြသည်။





အမှန်တ သူတို့ညီအစ်ကိုနှစ်ယောက်သည် ဤမြေပုံကို သုံးလေး
ခါထက်မနည်း ကြည့်ဖြစ်ခဲ့ကြ၏။ သို့သော် အခြားအဆောက်အအုံများ
ထက် ငွေတွင်းရှိရာကိုသာ အဓိက မှတ်မိထားကြသည်။

ယနေ့ညတော့ ပိုင်ပိုင်နိုင်နိုင်ဟူသော သဘောဖြင့် သွားလမ်း ပြန်လမ်းနှင့်
ဦးလာဘ၏ အစောင့်အကြပ်များ ရှိနိုင်သည့် နေရာများကိုပါ တွက်ဆ၍
အသေးစိတ်စီစဉ်နေကြခြင်း ဖြစ်လေသည်။

"အိမ်၊ ဥယျာဉ်၊ ကန်၊ ဂိုဒေါင်၊ စက်ရုံအလုပ်သမားတန်းလျား၊ မြင်း
ဇောင်း၊ ရေနံတွင်း၊ ငွေတွင်းဟာ ဒီနေရာပဲကွ"

"ခြံအစ ဖုန်းဆိုးတောထဲမှာ . . ."

"ဟဲ့ ကောင်လေးတွေ ပွဲမသွားကြဘူးလား၊ တိုးတိုး တိုးတိုးနဲ့ နင်တို့
နှစ်ယောက် ဘာလုပ်နေကြလဲ"

ကိုကျော်လူ၏ စကားမဆုံးခင်ပင် သူ့အမေ၏အသံက ပေါ်လာ
သဖြင့် ညီအစ်ကို နှစ်ယောက်စလုံးမှာ ရုတ်တရက်လန့်ဖျပ်သွားကြသည်။
ကိုကျော်ဆူကမူ ဖယောင်းတိုင် မီးကိုလည်း ဟုတ်ခနဲ ငြိမ်းပစ်လိုက်၏။
သူ့အမေ၏ နောက်ထပ်အသံကို နားစွင့်ရင်း ညီအစ်ကို နှစ်ယောက်စလုံး
မှာ ကျောက်ရုပ်ပမာခဏငြိမ်နေကြသည်။

"ဟဲ့ ကောင်လေးတွေ . . . မောင်ကျော်တို့"

"ခင်ဗျာ"

"နင်တို့ ပွဲမသွားကြဘူးလားလို့"

"သွားမယ် အမေ"

"သွားမယ်ဆိုရင် အိမ်မှာ မီးလေးဘာလေးလဲ ထွန်းကြဦးဟဲ့၊
ကြည့်စမ်းပါဦး . . အောက်ထပ်တစ်ခုလုံး မှောင်မည်းနေတာပဲ၊ ဒီနေ့ဟာ
တန်ဆောင်မုန်းလပြည့်နေ့၊ မြတ်စွာဘုရားလက်ထက်တော်အခါက. . ."

"ဟဲ့ကောင်သွား. . . သွား၊ သွားထွန်းလိုက်ကွာ"

အိမ်ပေါ်ထပ်မှာ ဘုရားဝတ်ပြုပြီး ဆီမီးပူဇော်ရာက ဆင်းလာသော
သူ့အမေ၏ တဖျစ်တောက်တောက်နှင့် စကားသံက ဆုံးမှာမဟုတ်တော့
ဆိုသည်ကို အတပ်သိသဖြင့် ကိုကျော်ဆူက ကိုကျော်လူကို မီးထွန်းရန်
အမှောင်ထဲ၌ တွန်းလွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းမှာပေါ့ အမေရာ အစောကြီးရှိသေးတာ၊ အလကားမြည်တွန်နေတာပဲ"

"ဟဲ့. . . ဒါစောသေးတယ် အမြင်မှာ လူလုံးတောင် မကွဲတော့ဘူး၊ ဒါစောသေးလားဟဲ့၊ နင်တို့နှစ်ကောင် ဝီရိယရှိတဲ့အလုပ်က ဖဲရိုက် ကြက်တိုက်ဖို့ပဲ"

ကိုကျော်လူသည် သူ့အမေကို စိတ်ဆိုးဆိုးနှင့် ဖယောင်းတိုင်သုံးထုပ်လုံး ကုန်အောင် တစ်အိမ်လုံးအနှံ့ လိုက်ထွန်းပစ်လိုက်၏။ ဒါလည်း သူ့အမေ၏ မြည်တွန်တောက်တီးသံကတော့ မရပ်သေးပေ။

"မနေ့ညနေက ငါ့သားလေး သူသူဆီ ခဏဝင်တာ စိတ်ချမ်းသာဖို့ကောင်းလိုက်တာ၊ ဇရပ်ပျက်သာ ပြောတယ်၊ နင်တို့အိမ်ထက် ဆယ်ပြန်သန့်တယ်၊ သူ့ဆေးခန်းရှေ့မှာ စက္ကူမီးပုံးရောင်စုံလေးတွေ ညှိထွန်းထားလိုက်တာ ကြည့်လို့ကို မဝဘူး၊ ငါ့သားလေးက. . ."

"အဲဒီသူသူ ဇရပ်ပျက်မှာ သွားနေပါလားအမေ"

"ဟဲ့ ဖြတ္တာလေး. . . ငါဥပုသ်နဲ့နော်"

ညီလေးကျော်သူကို အမေပိုချစ်မှန်းသိသော်လည်း မနာလို မဖြစ်သည်မှာတော့ အမှန်ပင်။ သို့သော် တစ်ခါခါ သူ့ညီ ပညာတတ်ကြောင်း၊ လိမ္မာကြောင်း၊ တော်ကြောင်း ပြောလွန်းလျှင် ညီအစ်ကိုအရင်းချင်းပင် ဖြစ်သော်လည်း တစ်ခါတစ်ခါ ခံပြင်းမိသည်။

မနက်ကလည်း တစ်ခါဆွမ်းချက်ကြရာတွင် ဝင်မကူရကောင်းလားဟုဆဲဆိုပြီး ဤစကားပြောခဲ့ပြီ။ ခုညနေလည်း ဤစကားပင်။

မနေ့ညက ပွဲသွားကြည့်ရင်း အမေသည် ညီလေးဆေးခန်းကို ရောက်ခဲ့သည်။ ညီလေးဆေးခန်းမှာ မီးထွန်းထားပုံနှင့် လူတွေကြားထဲတွင် အမေ့ကိုထိုင်၍ ရှိခိုးကန်တော့ပုံကို ပြောမဆုံး ဖြစ်နေသည်။

ပုလဲမြကုံး၊ ရွှေဆံထုံးသို့ ဦးလုံးထိပ်တွင်၊ နေ့တိုင်းဆင်လျက်၊ မိခင်ဝမ်းမြောက်၊ ချစ်ရောင်တောက်သော၊ သုံးယောက်ညီနောင်'တို့တွင် အမေ့အတွက် ညီလေးကျော်သူမှာ အချစ်ပို၍ အလိုအလိုက်ဆုံးသားပင်တည်း။

ဘာပဲလုပ်လုပ် ညီလေးကျော်သူ လုပ်လျှင် အမေ့အတွက် ချီးကျူးမကုန်နိုင်စရာချည်းပင်တည်း။





"ကဲ နားငြီးတယ် အမေ၊ ကျွန်တော်တို့ ပွဲသွားကြပါပြီ ခင်ဗျား တစ်ယောက်တည်း စကားပြောပြီး ကျန်နေရစ်တော့"

သူ့အမေ ပြောမည်ဆိုကလည်း ပြောစရာပင်။

ယခုပဲ ကြည့်ပါဦး။

ဥပုသ်, သီတင်းသီလနှင့်ဖြစ်သော သူ့အမေကို ကိုကျော်လူက မှသားစကားဆိုထားခဲ့သည်။

အမှန်မှာ သူတို့ညီအစ်ကို နှစ်ယောက်သည် မင်းရွာပွဲသို့ သွားကြခြင်းမဟုတ်။

ခြံအစတ တဲဘက်ဆီသို့ ထွက်လာကြခြင်း ဖြစ်သည်။

အဆင်သင့်ပင် ဦးလာဘကိုကြည့်ခိုင်းလိုက်သော မောင်ကျောက်ခဲကို တဲ၌စောင့်၍ တွေ့ရသည်။

"ဘယ့်နှယ်လဲကွဟင်၊ ဦးလာဘကို ပွဲထဲမှာ တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့တယ် အစ်ကို၊ ဦးလာဘရော သူ့ခြံထဲက အကောင်တွေပါ ပါတယ်"

ကိုကျော်ဆူနှင့် ကိုကျော်လူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ရှိစွာ ကြည့်လိုက်ကြသည်။

"ကဲ . . လာကွာ. . မောင်ကျောက်ခဲ၊ မင်းဒီမြင်းပေါ် တက်၊ ငါတို့နဲ့လိုက်ခဲ့"

ကြိုတင်စီစဉ်ထားသည့် အတိုင်းပင် မောင်ကျောက်ခဲကို ခြံအဝဆီသို့ ခေါ်လာကြပြီး တိမ်တစ်လုံးမြင်းပေါ် တက်ခိုင်းလိုက်သည်။

"အစ်ကိုတို့ ဘယ်ကိုသွားကြမလို့လဲဟင်"

တိမ်တစ်လုံးမြင်းပေါ်တွင် ဂုန်နီအိတ်နှင့် ပေါက်တူး၊ တူးရှင်းတွေ တင်ထားသည်ကို မြင်ရသဖြင့် မောင်ကျောက်ခဲက ကိုကျော်လူကို မေး၏။

"မင်းဟိုကျတော့သိမှာပေါ့ကွာ၊ ငါတို့ နောက်ကသာ လိုက်ခဲ့စမ်းပါ"

ဤစကားကိုတော့ ကိုကျော်ဆူက မာန်သလို ပြော၏။

ကိုကျော်ဆူက သူ စီးနေကျ မြင်းညိုကြီး တိမ်ပျံပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သောအခါ ကိုကျော်လူမှာလည်း နေတစ်လုံးဟု အမည်ပေးထားသော မြင်းတစ်ကောင်ပေါ်သို့ အအင့်ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သူတို့သုံးယောက်သည် ရွှေတောင်ကြားရွာနှင့် သုံးမိုင်ကျော်လောက်ဝေးသော မြို့တောင်ကြား တောထဲက ဦးလာဘ၏ ခြံဝင်းကြီးထဲသို့ ရောက်လာကြသည်။

ငွေတွင်းရှိရာကို လရောင်ထဲတွင် တိုင်းတာရှာဖွေကြရင်း ဘီလပ်ခွေးကြီးတစ်ကောင် ရုတ်တရက် ထိုးဟောင်လာသံနှင့်အတူ သေနတ်တွေနှင့်ဝိုင်းပစ်ခံရပြီး ကစဉ့်ကလျား ထွက်ပြေးလာခဲ့ကြရသည်။

ဦးလာဘနှင့် သူ့လူများသည် မင်းရွာက ပွဲထဲတွင် ရှိနေကြလိမ့်မည်ဟုထင်၍ အပိုင်တွက်လာကြရာမှ ဤသို့ ဖြစ်ရသည်မှာ ဦးလာဘ၏ လူယုံများသည် ပွဲကို ခဏသာ ရောက်ခဲ့ကြပြီး ပြန်လာသည်နှင့် ဝင်တိုးနေကြသဖြင့် ဖြစ်လေသည်။

ပရမ်းပတာဖြင့် ထွက်ပြေးလာခဲ့ကြရာတွင် သူတို့ညီအစ်ကိုနှစ်ယောက်မှာ မသေမပျောက် ပြန်ရောက်လာခဲ့ကြသော်လည်း မောင်ကျော်ခဲ၏ ကံကြမ္မာကိုကား ယခုထိ မသိရသေးပါ။ ကိုကျော်ဆူမှာ သေနတ်မှန်လာသော်လည်း စိုးရိမ်စရာ မရှိတော့ပေ။ စောစောပိုင်းကပင် မင်းရွာ ကျန်းမာရေးဆေးခန်းမှာ ညီဖြစ်သူ ကိုကျော်သူ ဆေးလာကုထားသည် မဟုတ်ပါလား။

ဤအကြောင်းတွေကို ပြန်တွေးရင်း ကိုကျော်ဆူသည် ထိုညက လုံးဝ အိပ်မပျော်နိုင်ဘဲ မိုးလင်းခဲ့ရ၏။

❀ ❀ ❀

## အခန်း (၄)

"ဦးလေး ဟိုကောင် သတိရလာပြီ"

"ဟုတ်လား. . . ငါပြောသလို ထားရဲ့ဟုတ်လား"

"ဟုတ်ကဲ့. . . ထားပါတယ် ဦးလေး"

"ငါပြောသလို ရအောင် စစ်မေးစမ်းကွာ"

"ဟုတ်ကဲ့ ဦးလေး"

"အေး ဒါပဲ. . . ဒါပဲ၊ ရအောင်ကို စစ်မေးကွာ၊ သေမသွားရင် ပြီးတာပဲ၊ သွား. . . သွား"

"ဟုတ်ကဲ့. . . စိတ်ချပါ ဦးလေး"

"ကျော်ခေါင် ကျော်ခေါင်၊ ငါ့အသက်နဲ့ ကိုယ်ခန္ဓာမြဲနေသေးသမျှ မင်း ငါ့ငွေတွင်းကို မရဘူးမှတ်ပါကွ၊ အေး. . . မင်းလိုချင်လှတဲ့ ငွေတွင်းတ မင်းအ ့ ူက် သေတွင်းဖြစ်ခဲ့တယ်၊ ဒါလဲ မင်းက မမှတ်သေးဘူး၊ မင်းသားတွေပါ ဖမွေဆက်ပေးထားခဲ့သေးတယ် ဟုတ်လား၊ အေး အဲဒီအမွေက ငွေမွေ မဟုတ်ဘူးဟေ့၊ သေမွေတွေ သေမွေတွေ၊ မင်းသားတစ်ကောင် ငါ့သေတွင်းလက်ထဲ ရောက်နေပြန်ပြီကွ ကျော်ခေါင်ရ၊ ဟား. . ဟား. . ဟား. . မင်း သေရွာက လာကြည့်စမ်းပါဦး၊ ဟဲ ဟဲ. . . လာကြည့်စမ်းပါဦး"

သူ့အမိန့်အတိုင်း ဆက်လုပ်ရန် ထွက်ခွာသွားသော ရေနံလက်တွင်းတူးသမား ဖိုးရာဇာ၏ ကျောကုန်း မည်းပြောင်ပြောင်ကြီးကို လှမ်းကြည့်ကာ ဦးလာဘမှာ အားပါးတရကြုံးဝါးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . အဖေထက်တောင် လက်စောင်းထက်ပြီး ကော
ကျစ်စဉ်းလဲတဲ့ကောင်တွေ၊ ငါ ပွဲခဏသွားပါတယ် တစ်ခါတည်း အဝို
ဆိုပြီး လာလုပ်ကြတာ၊ အေး. . ခုတော့ ဘယ့်နှယ်ရှိစ၊ မင်းတို့သုံးကော
စလုံး မင်းအဖေရဲ့ သွားရာလမ်းအတိုင်း သွားကြရမယ်ကွ၊ လာဘ
စမ်းလို့ ဘယ်ရမလဲ၊ ဟိုတစ်ကောင်ကလဲ ပြောတော့ လူထု ကျန်းမာရေ
မှူးတဲ့၊ လက်စသတ်တော့ လောကဓာတ်နည်းတွေပါ အသုံးပြုပြီး လာဘ
လုပ်ကြဖို့ ရောက်လာတာကိုး၊ ဒါတွေ လာဘက ဝတ္ထုတွေထဲ ရုပ်ရှင်တွေ
ကြည့်ဖူး ဖတ်ဖူးလို့ ဖန်တစ်ရာတေနေပါပြီ မောင်တို့ရာ၊ ဟား. .
ဟား. . . ဟား၊ အေး. . . အေး ကြားထဲက ဘာမှ အပြစ်မရှိတဲ့ ငါ့သ
ကိုပါ ဓားစာခံလုပ်တယ်၊ အေး-လာဘနဲ့ မင်းတို့နဲ့တော့ တွေ့ကြ သေး
ပေါ့ကွ . . . ဖီး ဟီး"

ဦးလာဘသည် သူ့သခင် အင်္ဂလိပ်ကြီးဆီက အမွေရထားသေ
တိုက်ကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သွားလေ
သူကြီးမင်း ဦးကျော်ခေါင်တင်မက သူ့သား သုံးယောက်စလုံးကိုပါ ကြု
ကျိန်ဆဲနေလေသည်။

ဦးလာဘ၏အထင်မှာ ညဦးက သူ့သမီး ဇာဇာလျှံ ပွဲခင်းထဲ၌
လဲပြီး သွေးအန်ခြင်းမှာ စုံထောက်ရုပ်ရှင် ဝတ္ထုတွေထဲကလို လောကဓာ
ဆေးတွေနှင့် ဦးကျော်ခေါင်သားတွေက သူနှင့် သူ့သမီးကို တမင်လုပ်
ကြသည်ဟု ထင်နေသည်။ ထင်မည်ဆိုကလည်း ထင်စရာပင်။

တန်ဆောင်မုန်း လပြည့်နေ့ ညဦးပိုင်းက သူပွဲထဲ ခဏလျှော
ကြည့်သည်။ နောက်တော့ သူ့ခြံထဲက ငွေတွင်းကိစ္စနှင့် ပတ်သက်၍ ဤ
ပွဲတော်ရက်မျိုး၊ ပွဲခင်းရှိသော မင်းရွာက လွဲပြီး ရွှေတောင်ကြား ရွာတွ
လူသူနည်းပါးသော ရက်မျိုး၊ မြို့တောင်ကြား တောထဲရှိ ဦးလာဘ
ရေနံမြေ ခြံထဲကလူများ ပွဲလာကြည့်ကြသော ရက်မျိုးတွင် ကိုကျော်ဆ
ညီအစ်ကိုကို စိတ်မချရသော အတွေးပေါက်လာမိပြီး သူ မင်းရွာပွဲထဲ
ရေနံမြေသို့ ပြန်လာရာ၌ လမ်းတစ်ဝက်သာရောက်သည်။ သူ့သမီး ဇာဇ
လျှံ ပွဲထဲမှာ 'မူးလဲသွားလို့'ဆိုပြီး ပွဲကြည့်ရန် ထားခဲ့သော တောက်ထိန်နှ
ဖိုးရာဇာတို့ မြင်းနှင့် အပြေးလိုက်လာပြီး ခေါ်ကြသည်။





ခြံမြေတိုက်တာတွေကို ခွေးတွေနှင့် စောင့်ခိုင်းထားခဲ့သော ရန်သာ
တစ်ယောက်တည်းကို စိတ်မချသဖြင့် "မနက်ဖြန်လဲ ပွဲတစ်ည ရှိသေး
တာပဲကွာ၊ မနေ့ကလဲ မင်းတို့ ပွဲကြည့်ခဲ့ကြတာပဲ၊ ဒီည ငါက ရွာမှာ
အိပ်ချင်အိပ်နေရမယ်၊ သမီး အခြေအနေကြည့်ဖို့ပဲ၊ အဲဒီတော့ မင်းတို့
ဒီည ပွဲမကြည့်ကြနဲ့၊ ရန်သာတစ်ယောက်တည်း ဦးလေး စိတ်မချဘူး၊
မင်းတို့ နှစ်ယောက်စလုံး ရေနံမြေခြံထဲ ပြန်ကြ"ဟု . . ပြောလွှတ်လိုက်ပြီး
သူက မင်းရွာရှိ အိမ်သို့ ပြန်လာခဲ့သည်။

သူ အိမ်သို့ ရောက်လာချိန်မှာ သူ့သမီး ဇာဇာလျှံသည်လည်း အိမ်
ကို ပြန်ရောက်ပြီး မူးလဲတာကို ကျန်းမာရေးဆေးခန်းရှိ ဆေးမှူးက ဆေးထိုး
ဆေးတိုက်ပေးလိုက်သည်ဟု ဆိုသည်။

ဤသည်တို့မှာ ဦးလာဘ ခြံထဲ၌ မရှိချိန်တွင် ငွေတွင်းကို သွားဖော်
ယူကြရန် ဦးကျော်ခေါင်၏သားသုံးယောက်က တမင်ဝိုင်းဝန်းလုပ်ကြံကြ
ခြင်းသာ မဟုတ်ပါလား။ သို့သော် ဦးလာဘက ဤသည်တို့ကို အစက
လုံးဝ မရိပ်မိခဲ့။ သူ့သမီးသည် ကမ်းလွန်သာမြို့မှာလည်း ဤသို့ တစ်ခါ
ဖြစ်ဖူးလေရာ သွေးရိုးသားရိုး ဖြစ်သည်ဟုသာ ထင်ခဲ့သည်။

ထို့ကြောင့်လည်း သူ့သမီးကို စိုးရိမ်စိတ်နှင့် အိမ်၌ပင် နေလိုက်
သည်။ သမီးကတော့ ပြောပါ၏။

"ဖေဖေ ပွဲသွားကြည့်ချင် ကြည့်ပါလား။ သမီး ဘာမှမဖြစ်တော့ပါ
ဘူး၊ ကျန်းမာရေးဆေးခန်းက ဆေးလဲထိုးလာပါတယ်"

"ဟုတ်သားပဲ ကိုလာဘရယ်၊ ရှင့်မှာလဲ တောထဲတောင်ထဲကကို
ထွက်ရတယ် မရှိဘူး၊ အသက်ကလဲ မငယ်တော့ဘူး၊ ဒီလို အခါကြီး
ရက်ကြီးမှာ ဥပုသ်သီလနဲ့တောင် နေဖို့ကောင်းတာ၊ ပွဲမကြည့်ချင်တောင်
သံဃာမကျွပ်သွားပါလား၊ တရားပွဲ မမီတောင် ဘုန်းကြီးတွေနဲ့ စကားပြော
ရတာပေါ့၊ လူကြီးတွေအားလုံး အဲဒီမှာချည်းပဲ"

သမီး၏စကားကို ဇနီးသည်ကလည်း ထောက်ခံသည်။

"မနေ့ညနေကလဲ တရားပွဲ ငါရောက်ပါတယ်ကွာ၊ ဒီနေ့တော့
မသွားတော့ပါဘူး၊ ဒီညတော့ ဒီမှာပဲ အိပ်ရေးဝအောင် အိပ်မယ်၊ မနက်
ဖြန် ခြံထဲက ကလေးတွေ ပွဲသွားကြည့်ရင် ငါက ခြံစောင့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်သဘောပဲ"

ဦးလာဘအား သူ ဘယ်တုံးကမှ ပြောမရမှန်း သိသဖြင့် ဒေါ်ဇလီမေက ထပ်ပြီး မတိုက်တွန်းတော့။ ဦးလာဘသည် ထိုညက သမီးနှင့် ဇနီးသည်တို့ အမြဲနေကြသော ရွာထဲကအိမ်၌ အိပ်သည်။

ခြံထဲကို ဥပါဒါန်စွဲနေ၍လားမသိ၊ ထိုညက ကောင်းစွာအိပ်မပျော်။ ပွဲခင်းထဲက အသံဗလံများကလည်း ဆူညံသည်။ သူမှာ အိပ်ပျော်သလို အိပ်မပျော်သလိုနှင့်။

သူ ကြိုတင် ထင်ထားခဲ့သလိုပင်၊ သန်းခေါင်ကျော်. . စက်နာရီ နှစ်ချက်တီးလောက်တွင် တောက်ထိန်က သူ့ကို လာခေါ်သည်။

"ဘာကိစ္စလဲကွ၊ အရေးတကြီးလား"

"ဟုတ်တယ်. . ဦးလေး၊ စောစောကတင်ပဲ မြင်းသုံးစီးနဲ့ လူသုံးယောက် လက်နက်ကိုယ်စီနဲ့ ခြံထဲဝင်လာကြတယ်၊ ဘိုနီဟောင်သံကြားလို့ ကျွန်တော်ထွက်ကြည့်တော့ သူတို့ ခြံတစ်ဝက်တောင် ရောက်နေကြပြီ၊ ကိုခေါင်နား ရေကန်ပျက်ဘေးမှာ ခွေးဟောင်တော့ ခဏရပ်နေကြတယ်၊ ကျွန်တော်က လှမ်းမေးတော့ လုံးဝ ပြန်မပြောဘူး။ သေနတ်နဲ့ လှမ်းပစ်တယ်၊ အဲဒါနဲ့ ကျွန်တော်တို့လဲ လူဆိုးတွေကို သေနတ်နဲ့ပစ်ဖမ်းတော့ နှစ်ကောင် လွတ်သွားတယ်၊ တစ်ကောင်တော့ ဖမ်းမိထားတယ်၊ ဒါပေမယ့် ခု ကျွန်တော်လာတဲ့အထိ သတိမရသေးဘူး"

"ဟေ. . . ဘယ်နေရာမှန်တာလဲ"

"သေနတ်မှန်တာ မဟုတ်ဘူး ဦးလေး၊ နဖူးကို တစ်ခုခုနဲ့ တိုက်မိပြီး မြင်းပေါ်က ကျကျန်ခဲ့တယ်ထင်တာပဲ"

"အေး. . . အေး"

သည်မျှဆိုလျှင် သည်ကောင်တွေ၏ဉာဏ်နီဉာဏ်နက်ကို ဦးလာဘ သိပါပြီ။ ဦးလာဘသည် တိုက်ကြီးပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဦးကျော်ခေါင်သားများအကြောင်း တွေးရင်းက ဦးကျော်ခေါင် အကြောင်းနှင့် ငွေတွင်းမြေပုံကိစ္စကို ဦးကျော်ခေါင်ဆီသွားပြီး စုံစမ်းခဲ့ရသည့် ယခင်က အတိတ်ကြောင်းဆီသို့ စိတ်ရောက်သွားပြန်သည်။





လွန်ခဲ့သော လေးငါးနှစ်ခန့်က ဖြစ်သည်။

နွေလ၏ တစ်ညနေမှာ မင်းရွာက ကောင်လေးတစ်ကောင်သည် ခြံမြေထဲလိုက်လာပြီး စာတစ်စောင်လာပေးသည်။

လိပ်စာကိုကြည့်ရာ အိန္ဒိယရှိ သူ၏သခင် အင်္ဂလိပ်ကြီးဆီက စာသည်။ လိပ်စာမူထားသည်မှာ . . သူပုန်သူကန် ရန်ကိုကြောက်၍ ကမ်းလွန်သာမြို့ကို ပြောင်းရွှေ့နေသော ရွှေတောင်ကြားရွာက သူကြီးကျော်ခေါင်ဆီမှ သူဆီသို့ တစ်ဆင့်ပေးစာ ဖြစ်နေသည်။

ဒုတိယကမ္ဘာစစ်ကြီးနှင့် ပြည်တွင်းစစ်တို့ကြောင့် ရွှေတောင်ကြားရှန်မြေက ထွက်ခွာသွားသော သခင်ကြီးသည် ဘိလပ်သို့ ရောက်ပြီးထင်နေရာမှ ယခု အိန္ဒိယမှာရှိနေမှန်း သိသောအခါ ဝမ်းသာအားရပြီး စာလာပေးသူ မင်းရွာက ကောင်လေးကို ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

"ဒီစာ ဘယ်သူ ပေးလိုက်တာလဲ ကလေးရယ်"

"မြို့က ဒေါ်ဒေါ်ကြီး ရွှေအိမ်သူလေ ဦး၊ ကားထွက်ခါနီး လာပေးတာ၊ စာက နိုင်ငံခြားက ပေးလိုက်တာ၊ မပျောက်စေနဲ့၊ ဦးလက်ထဲ ရောက်အောင် ပေးပါဆိုလို့ ကျွန်တော်ကိုယ်တိုင် လာပေးတာပါ ခင်ဗျာ"

"အေးအေး ကျေးဇူးတင်လိုက်တာ ကလေးရယ်၊ ကဲကဲ မိုးချုပ်တော့မယ် လူလေးပြန်တော့၊ ရော့. . .မင်းဖို့ မုန့်ဖိုး ငွေငါးကျပ်ယူသွား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျေးဇူးပဲ ဦးရယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး. . . အေး၊ အသက်ရှည်လို့ ဘုန်းကြီးပါစေကွယ်"

ကောင်လေးပြန်သွားသောအခါ ဦးလာဘမှာ သခင်ကြီးဆီကစာကို မျှော်စလိုဖောက်ဖတ်မိသည်။

ဖတ်ရင်းဖတ်ရင်း သူ့မှာ ဇောချွေးတွေ ပြန်လာမိသည်၊ သို့သော် သခင်ကြီးဆီကစာကို သူသည် တစ်ညလုံး အထပ်ထပ်အခါခါ ဖတ်နေသည်။

*လာဘ. . .*

*လွန်ခဲ့တဲ့ သုံးလကျော်ကျော်လောက်က မင်းဆီကို သခင်ကြီး စာတစ်စောင် ရေးလိုက်သေးတယ်၊ ကမ်းလွန်သာမြို့မှာ နေတဲ့*



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိတ်ဆွေကြီး သူကြီးဦးကျော်ခေါင်ဆီက တစ်ဆင့်ပဲ၊ အဲဒီစာကို မင်း ရမရ သခင်ကြီး မသိဘူး၊ စာထဲမှာ ငါ မြို့တောင်ကြားထမပြေးရတော့ ယူမသွားနိုင်လို့ မြှုပ်ထားခဲ့တဲ့ ငါ့ခြံထဲက ငွေတွင်းတစ်တွင်းကို မင်း တူးဖော်ယူပါလို့ မြေပုံအညွှန်းပါ ထည့်ပေးလိုက်တယ်၊ ငါ့စာနဲ့ မြေပုံရရင် သခင့်ဆီ စာပြန်ပါလို့လည်း မင်းဆီ ငါစာရေးလိုက်တာပဲ၊ ခုထိ ပြန်စာမရလို့ သခင်ကြီး စိတ်မကောင်းဘူး၊ ငါလည်း စစ်ဘေးဒုက္ခကြောင့် စိတ်ဗယောက်ဗယက်ဖြစ်ပြီး လိပ်စာ ထည့်မရေးမိလို့လား လို့လည်း တွေးမိတယ်၊

ခု သခင်ကြီး အိန္ဒိယတနေ့ အမိနိုင်ငံကို အပြီးအပိုင် ပြန်ခါနီး သတိရလို့ သဘောဆိပ်တနေ့ ဒီစာကို ရေးလိုက်တယ်၊ အမိနိုင်ငံကိုရောက်လို့ အတည်တကျ ဖြစ်မှ မင်းဆီ ငါစာရေးလိုက်ဦးမယ်၊ ငါ့ရေနံမြေမှာ သူပုန်တွေက တူးချင်တဲ့လူ တူး၊ ရေနံ တစ်မောင်းရရင် အကောက်က ငါးတျပ်ပေးရတယ်၊ မင်းတို့တော့ လယ်မြေလုပ်စားခွင့်နဲ့ ငါ့တိုက်ကြီးကို သူပုန်တွေက ပေးထားတယ်ကြားလို့ သခင်ကြီး ဝမ်းသာတယ်၊ သခင်ကြီးအပေါ် မင်း စိတ်စနိုးစနောင့် ဘာမှမဖြစ်ပါနဲ့၊ ငါ့ပစ္စည်းဟာ မင်းပစ္စည်းပိုင်အားလုံး ဖြစ်သွားပြီလို့ မှတ်လိုက်ပါလာဘ၊ မင်းဟာ သခင်ကြီးအပေါ်မှာ သစ္စာရှိတဲ့ တပည့်တစ်ယောက်မို့လို့ သခင်ကြီးပစ္စည်းတွေ မင်းပဲရသင့်တယ်၊ ခု . . . မင်းရထိုက်သလောက် ရတယ်ကြားလို့ သခင်ကြီး ကျေကျေနပ်နပ် ဝမ်းသာနေတယ်၊ အဲဒါကြောင့် သခင်ကြီး စေတနာ မင်းသိစေချင်လို့ မြှုပ်ထားခဲ့တဲ့ သခင်ကြီးခြံထဲက ငွေတွင်းကို မင်းဖော်ယူဖို့ စာရေးခဲ့တာပဲ၊ စာရေးရတယ်သာ ပြောတယ် ဒီစာလည်း မင်းဆီကို ရောက်မှ ရောက်ပါ့မလား လို့ သခင်ကြီးတွေးပူမိတယ်၊ စစ်ရိပ်စစ်ငွေ့ မပြယ်သေးတော့ လူတွေလည်း ဗယောက်ဗယက်နဲ့ သခင်ကြီးလည်း စိတ်ညစ်နေတယ်၊





မင်းတို့မိသားစုကို သခင်ကြီး အမြဲသတိရတယ်၊
သမီးဇာဇာနဲ့ မင်းဇနီးကိုလည်း ပြောပြပါ၊
မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ ထာဝရနေထိုင်နိုင်ကြပါစေ၊

သခင်ကြီး

ဗွီလီဗွေ

သူ့သခင်ကြီး အင်္ဂလိပ်က ပေးလိုက်သောစာမှာ ဤမျှသာ ဖြစ်သည်။

ဤစာအသွားအလာအရဆိုလျှင် ကမ်းလွန်သာက ဦးကျော်ခေါင်ဆီတွင် ငွေတွင်းနေရာကို အတိအကျ ဖော်ပြထားသော ငွေတွင်းမြေပုံပါ စာတစ်စောင်သည် ဦးကျော်ခေါင်ဆီတွင် မုချရှိရမည်။

ထိုမြေပုံပါ စာကိုတော့ မပေးလိုက်ဘဲ ဤစာကို အဘယ်ကြောင့် ပေးလိုက်ရသနည်း၊ မြေပုံပါစာသည် လမ်းမှာ ပျောက်ရှသွားလေသလား၊ သို့မဟုတ် ဦးကျော်ခေါင်ပဲ မစ္ဆရိယစိတ်နှင့် မတရားလိုချင်၍ ငွေတွင်းပါ မြေပုံစာကို သူ ဖြတ်ယူထားလေသလား။ ဤစိတ်မျိုး တကယ်အမှန်ရှိလျှင် ဤဒုတိယစာကိုကော ပေးပါ့မလား၊ ပျောက်မှာစိုး၍ သေသေချာချာမင် ပေးလိုက်သည်ဟု ကောင်လေးက ပြောထားခဲ့သည် မဟုတ်ပါလား။

ဦးလာဘသည် တစ်ညလုံး တွေးတောကာ ဦးနှောက်ခြောက် ခွေးမြန်လျက် ရှိလေသည်။

စစ်ပြီးစဖြစ်သဖြင့် အစိုးရအုပ်ချုပ်ရေး ယန္တရားကလည်း ပုံမှန်သည်ပတ်မှု မရှိသေး ဖြစ်လေရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပေးသောစာများမှာ ရှေ့ကပေးသောစာ နောက်ရောက်ပြီး၊ နောက်က ပေးသော စာက အလျင်ရောက်လာချင် ရောက်လာတတ်သည့် သဘောပေလား၊ သုံးလခန့်ကြာပြီ ဟုတော့ ဆိုထား၏။

ဤသည်မှာလည်း ဖြစ်တော့ဖြစ်နိုင်လေသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံကို မဆိုထားနှင့် တစ်ခါတစ်ခါတွင် ကမ်းလွန်သာမြို့က တစ်ယောက်ယောက် မင်းရွာကို ပေးသောစာပင် ဦးကျော်ခေါင်အိမ်တွင် တစ်ပတ်နှစ်ပတ်ခန့် ကြာချင်ကြာနေတတ်သည်။ သူတို့မှာလည်း မိမိ အလုပ်ကိုယ်စီနှင့်ဖြစ်ကြရာ တစ်ခါတစ်ခါ အရေးမကြီးသော အလျှမင်္ဂလာစာများကို



www.burmeseclassic.com

www.burmeseclassic.com



မင်းရွာသို့ အချိန်မီ မပေးမိသဖြင့် အလှူမင်္ဂလာပြီးမှ စာရောက်လာသည်လည်း ယခင်က ရှိခဲ့ဖူးလေသည် မဟုတ်ပါလား။

မည်သို့ဆိုစေ ကမ်းလွန်သာမြို့ကိုတော့ သူ လိုက်မှ ဖြစ်ပေမည်။

အကယ်၍ သူ့အား သခင်ကြီးဆီက နောက်ထပ်စာများရောက်လာလျှင် မပျောက်မပျက်ရအောင် သူ့ဆီကို မဖြစ်မနေပေးပါရန် ဦးကျော်ခေါင်တို့ မိသားစုကို ပြောထားရမည်။ အကယ်၍ နောက်ထပ် စာတစ်စောင်ပေးရန် ရှိနေပါသေးသည် ဆိုလျှင်လည်း ထိုစာထဲတွင် သခင်ကြီး တိတိကျကျ ညွှန်ပြရေးပေးလိုက်သော ငွေတွင်း အညွှန်းမြေပုံ ပါမည် မဟုတ်ပါလား။

ဤစိတ်နှင့်ပင် ဦးလာဘသည် နောက်တစ်နေ့မှာ ကမ်းလွန်သာမြို့ရှိ ဦးကျော်ခေါင်တို့ဆီသို့ ထွက်လာမိသည်။

ကားဆိုက်သည်နှင့် တစ်ပြိုင်နက် ငွေရမွက်နှင့် အပြေးလာရသော ဦးလာဘသည် ကားဂိတ်နှင့်နီးသော ဦးကျော်ခေါင်၏ ဈေးထဲက ပွဲရုံသို့ တန်းဝင်လာသည်။

"ဟိုင်း. . . မိုင်ဖရင့်၊ ကမ်းမောင်း. . . ကမ်းမောင်း"

ဦးလာဘကို မြင်သည်နှင့် တစ်ပြိုင်နက် ဦးကျော်ခေါင်သည် ယခင်အင်္ဂလိပ်ကြီး ရေနံမြေတွင် တွေ့ကြလျှင် နှုတ်ဆက်နေကျ စကားအတိုင်း မတ်တတ်ထ၍ ချက်ချင်းနှုတ်ဆက်၏။

ဦးကျော်ခေါင်က ယခင်အတိုင်း ဖော်ဖော်ရွေရွေ နှုတ်ဆက်သော်လည်း ငွေသောကကို ရင်မှာပိုက်၍ ဆယ့်ငါးမိုင်ကျော်ခရီးကို အပြေးလိုက်လာရသူ ဦးလာဘ၏မျက်နှာမှာတော့ မရွှင်ပျနိုင်သေးပေ။

"လာဗျာ. . . ကိုလာဘထိုင်၊ ဟော့ ထော်ကြီး ညေ့သည်ကွ"

"ဟုတ်. . . ဟုတ်ကဲ့ ဦးလေး"

ဦးလာဘသည် ဦးကျော်ခေါင်ရှေ့က ကုလားထိုင်လွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး ဦးကျော်ခေါင်၏ မျက်နှာကိုသာ မကြည့်စဖူးစူးစူးစိုက်စိုက် ငေးကြည့်လိုက်မိသည်။

စောစောက ဦးကျော်ခေါင် ခိုင်းထားသော ထော်ကြီးဆိုသည့် လူရွယ်က ကြံရည်တစ်ခွက်ကို ဦးလာဘရှေ့ လာချ၏။





"ကဲ. . . ပူတယ် ကိုလာဘ၊ ကြံရည် အေးအေးလေး သောက်လိုက်ပါဦး"

ဦးလာဘမှာ ခုထိ စကားမပြန်နိုင်သေး။

သူ့ရင်ထဲက တဒိတ်ဒိတ်ခုန်နေ၏။

"ဘယ်က လှည့်လာလဲ၊ ရေနံလာပို့တာလား"

ဦးကျော်ခေါင်ကတော့ ဦးလာဘကို အပြုံးယဲ့ယဲ့နှင့် ပြန်ကြည့်၍ ပေါ့ပေါ့ဆဆပင် မေး၏။

"ဟုတ်. . . ဟုတ်ကဲ့"

ဦးလာဘကလည်း ဤမျှသာပြောပြီး သူက သောက်ပါဟုဆိုသော ကြံရည်ကို မသောက်သေးဘဲ ဦးကျော်ခေါင်၏ မျက်နှာကိုသာ အေးအေးစက်စက် အကဲခတ်ကြည့်လျက်ရှိ၏။

ဦးကျော်ခေါင်က ပူသည်ဟု ပြောခြင်းမှာ အပြင်ဗဟိဒ္ဓ ရာသီဥတု ပူပြင်းခြင်းကို ပြောခြင်းသာ။ အမှန်မှာ ဦးလာဘ၏အဇ္ဈတ္တရင်ထဲက ငွေပူလောဘမီးသည်ကား ဤရာသီဥတု ပူပြင်းခြင်းထက် အဆရာထောင်မက သူ့ရင်ထဲတွင် လောင်ကျွမ်းမြိုက်ရှို့နေပါပြီ။

"ရေနံအရ ဘယ့်နှယ်လဲဗျို့. . ကောင်းရဲ့လား၊ အေးဗျာ စစ်ကြီးအတွင်းက ပျက်စီးသွားတဲ့ ရေနံတွင်းတွေတော့ နှမြောစရာပဲ"

ဦးကျော်ခေါင်က စကားမရှိ စကားရှာပြီး ဦးလာဘကို သူ့ထုံးစံအတိုင်း အပြုံးယဲ့ယဲ့နှင့် ပြော၏။

သို့သော် သူ့နှုတ်ဖျားမှ ဤအပြုံးယဲ့ယဲ့များသည် အဆိပ်ခွက်ပေါ်မှ ပျားရည်အပေါ် ယံသာ ဆိုသည်ကို ဦးလာဘက တွေးမိလာသည်။

"အေးဗျာ နေ့ရက်တွေတော့ ရေနံအတွက် မဆိုးပါဘူး၊ ဒါနဲ့ စကားမစပ်ဗျာ. . . ကိုကျော်ခေါင်ဆီကို သခင်ကြီးဆီက စာလေးဘာလေးများ မရောက်ဘူးလား"

ဦးလာဘမေးသော မေးခွန်းမှာ သူကြိုတင်တွေးထားသော မေးခွန်းဖြစ်သဖြင့် ဦးကျော်ခေါင်က ဘာမှ တုန်လှုပ်သွားခြင်း မရှိပေ။

"ရောက်ပါတယ်၊ ဪ. . မနေ့ကတောင် ခင်ဗျားအတွက် မန္တလေး ဗိုလ်ငွေဆီက စာတစ်စောင် ရောက်လာလို့. . ချက်ချင်းပဲ ရွှေမိသူကို



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်းလိုက်သေးတယ်၊ မင်းရွာက ဘယ်သူနဲ့ ပေးလိုက်လဲဆိုတာ ကျွန်တော်လဲ မမေးမိဘူး၊ အဲဒီစာ ခင်ဗျားဆီ ခုထိမရောက်သေးဘူး အေးဗျာ. . . ခင်ဗျား ဒီကနေ့ မြို့ကိုလာမယ်မှန်းသိရင် ကျွန်တော်ယူ လိုက်ရကောင်းသား"

သူကြီးဟောင်း ဦးကျော်ခေါင်မှာ ပင်ကိုကပင် စကားကြွယ်သူ လေရာ သူ့စကားမှာ ထုံးစံအတိုင်း ရွှန်းရွှန်းဝေနေလေသည်။

ဦးလာဘမှာ ပင်ကိုကလည်း စကားနည်းသူ ဖြစ်လေရာ ယခု သောကတစ်ခုခု ရင်ထဲ ပူလောင်နေသောအခါ ပို၍ပင် ငူငူကြီးဖြစ် လေသည်။

"မနေ့က စာတော့ရပါပြီ၊ နောက်ထပ်စာများ ရောက်ထား ရှိသေးလားလို့ပါ"

ဤစကားကို ပြောသောအခါ ဦးလာဘမှာ အသံပင် တုန်ယင် လေသည်။

"နောက်ထပ် စာတော့ တစ်စောင်မှ မရပါလားဗျာ၊ မနေ့က စာ ဘာများပါလို့လဲ ကိုလာဘ"

"မနေ့ကစာမှာ ဘာများပါလို့လဲ"ဟူသော ဦးကျော်ခေါင်၏ အ စကားက ဦးလာဘ၏မျက်နှာကို ချက်ချင်းပင် အေးစက်မာကျောသွား သည်။

သို့သော် သူက ဟန်ဆောင်လိုက်မိသည်။

"ဘာ. . . ဘာမှတော့ အထွေအထူး မပါပါဘူးဗျာ၊ သခင်ကြီး အိန္ဒိယမှာ ရှိကြောင်းနဲ့ ကျန်းမာကြောင်း၊ နယ်မြေအေးချမ်းရင် သူ ဆ ဆက်ပြန်လာမယ်ဆိုတဲ့ အကြောင်းပါပဲ၊ ခုတော့ နယ်မြေလဲ အေးချမ်း မြဲပါပြီ"

"ဟင်. . . သူ. . . သူ. . . သူ ပြန်လာဦးမယ်တဲ့လား၊ မစ္စ ဗွီလီဗွေလေ"

ဦးလာဘသည် ဦးကျော်ခေါင်၏ မျက်နှာကို ဖျတ်ခနဲ တစ်ချ လှည့်ကြည့်ပြီး အလျင်စလို ပြန်ပြောလိုက်၏။

"ဟုတ်ကဲ့ မကြာခင် သူ ပြန်လာမယ်တဲ့"





ဤတစ်ခါ မျက်နှာပေါ်၌ သွေးဆုတ်သွားသူမှာတော့ ဦးကျော်ခေါင် ပင်တည်း။ သို့သော် သူသည် သူ့အမှား သူသိကာ ဟန်ဆောင်ကောင်းသူ ပီပီ ချက်ချင်းဟန်ဆောင်ပစ်လိုက်သည်။

"အေးဗျာ၊ သူလဲ ဘိုးစဉ်ဘောင်ဆက်နေလာတဲ့ နေရာဆိုတော့ ဘယ်ပြန်မလာချင်ဘဲ ရှိပါ့မလဲလေ၊ ခု. . ကျွန်တော်တို့ မြို့မှာနေတာ တစ်နှစ်ကျော်တောင် ကိုယ့်အရပ်ကို သိပ်လွမ်းနေပြီ၊ မစ္စတာဗွီလီဗွေ ပြန်လာရင်တော့ ခင်ဗျားတို့ ကျွန်တော်တို့အတွက် သိပ်ကို ပျော်စရာ ကောင်းမှာပါပဲ"

ဦးကျော်ခေါင်က ဤသို့ တွေးတွေးဆဆနှင့် သံဝေဂစကား ဆိုပြန် တော့လည်း ဦးလာဘမှာ ယခင်က ဦးကျော်ခေါင်အပေါ် မတော်မတရား ဥပဒ်မိသည်ကပင် မှားလေပလား။ သူ ထင်ခဲ့သလို အရင်ပေးလိုက်သော ထိုစာသည် ယခုထိ မရောက်လာသေးတာများလား။

ဦးလာဘ၏စိတ်မှာ ထွေဝေပြီး မဝေခွဲတတ် မဆုံးဖြတ်တတ်ဖြစ်နေ သည်။ နောက်တော့. . . .

"တဲ. . . ကိုကျော်ခေါင် ကျွန်တော် ရန်ပြေကားအမီ ပြန်လိုက်ဦး မယ်ဗျာ၊ နောက် သခင်ကြီးဆီက စာရောက်လာရင်လဲ ကျွန်တော့်ဆီ ချက်ချင်းပေးပေးပါဗျာ၊ ကျေးဇူးတင်. . ."

"ဟင်. . ."

"ဟော. . . ဒေါ်ရွှေအိမ်သူ"

သူ့ယောက်ျားရှိရာ ရတနာ့ဂရုပွဲရုံသို့ ဝင်လာသော ဒေါ်ရွှေအိမ်သူ မှာ မမျှော်လင့်ဘဲ ဦးလာဘကို မြင်ရတွေ့ရလေတော့ ကွက်ခနဲ မျက်နှာ တစ်ချက်ပျက်သွားသည်။ မနေ့က ဦးလာဘကို စာသွားပေးမိ၍ သူ့ ယောက်ျားနှင့် ကတောက်ကဆတ် စကားများခဲ့ကြသည် မဟုတ်ပါလား။

ဒေါ်ရွှေအိမ်သူက ရိုးရိုးသားသား မျက်နှာပျက်၍ သွားသည်ကို "မပြေးသော် ကန်ရာရှိလေပြီ"ဟု ဦးလာဘက ရုတ်ခြည်း သံသယမှတ် ချက်ချသည်။

"ကိုလာဘ၊ ရှင် မနေ့က ကျွန်မ ပေးလိုက်တဲ့စာ ရတယ်နော်"

"ဟုတ်ကဲ့ ရပါတယ်၊ မရွှေအိမ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"ဇာဇာတို့ သားအမိကော နေကောင်းကြရဲ့နော်"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"နယ်မြေအခြေအနေကော ရှင့်၊ ကျွန်မတော့ မြို့မှာ နေနေရ
ပျင်းလို့ သေတော့မယ်၊ ရွှေတောင်ကြားကို သိပ်လွမ်းတာပဲ"

"ဟင်း, သေတော့ မသေလိုက်ပါနဲ့ဦး ဒေါ်ရွှေအိမ်သူရေ၊ အဲ
ကြီးက ငွေတွင်းတစ်တွင်း မြှုပ်ထားခဲ့တာ ခင်ဗျားတို့ တူးဖော်စားသေ
ပြီးမှ ပျော်ပျော်ပါးပါးသေကြပေါ့" ဟု ဦးလာဘစိတ်ထဲက ပြောနေမိသ

ခါတိုင်းတွေ့ကြုံသကဲ့သို့ပင် သူက ဖော်ဖော်ရွှေရွှေ ပြောနေသည်
ဦးလာဘသည် တစ်ချိန်လုံး အကဲခတ် ဂရုစိုက်ကြည့်နေမိသည်။

"တော်လိုက် တဲ့မိန်းမ အမူအရာက တစ်ချက်ကလေးမှ ချွတ်
ချော်ချော်မရှိ၊ သူ့ယောက်ျားကမှ စကားထစ်သွားတာ၊ မျက်နှာပြောင်
သွားတာရှိသေးတယ်'ဟု ဦးလာဘက ထပ်ဆင့်မှတ်ချက်ချသည်။

သူကြီးမင်း ဦးကျော်ခေါင်သာ စကားကောင်းသူ ဖော်ရွှေတ
မဟုတ်။ သူကြီးကတော် ဒေါ်ရွှေအိမ်သူမှာလည်း စကားကောင်းသူ၊
ရွှေပျူငှာတတ်သူ ဖြစ်သည်။

အထူးသဖြင့် ယခုလို ကိုယ့်ရပ် ကိုယ့်ရွာဘက်က သိဟောင်း
ဟောင်းများကို တွေ့လျှင် သူ့စကားက မပြတ်တော့။ သို့သော် ဤနေ့
သူ့ရင်ထဲ ငွေမီးလောင်လာသော ဦးလာဘမှာ ဦးကျော်ခေါင်နှင့် ဒေါ်
အိမ်သူတို့၏စကားကို လုံးဝ နားဝင်မချိုလှပေ။ ထို့ကြောင့်လည်း သူ
"ရန်ပြေသွားမည့် ကားမီရန် အရေးကြီးသည်" ဟုပြောပြီး ဦးကျော်ခေ
ဒေါ်ရွှေအိမ်သူ တို့၏ ရတနာဂရုပွဲရုံထဲက ထွက်လာမိသည်။

စောစောက ဦးကျော်ခေါင် တိုက်ထားသော ကြံရည်ခွက်ကို
သူ့မှာ ကုန်အောင်သောက်ရန် မေ့ထားခဲ့လေသည်။

"သူ့အား သခင်ကြီး ပေးလိုက်သော ငွေတွင်းမြေပုံ ဦးကျော်ခေ
ဆီ၌ ကေန်ကေ ရှိ, မရှိ၊ သူ ဘယ်လိုလုပ်သိရပါ့မလဲ"

ဒါပဲ သူစဉ်းစားသည်။

နောက်တော့ သူ အကြံတစ်ခုရ၏။ စာတိုက်က လူတွေကို ပေါင်
သင်းထားပါမှ နောက်ထပ် သခင်ကြီးဆီကစာ လာလျှင် ဦးကျော်ခေါ





တစ်ဆင့် မပေးပါရန်နှင့် စာတိုက်မှပင် သိမ်းထားပေးပါရန် သူတစ်ပတ်
တစ်ခါ မြို့ကို ရောက်တတ်ကြောင်းပါပြောပြီး စာတိုက်ကလူတွေကို လက်
ဖက်ရည်တိုက်ပြီး ပေါင်းသင်းထားသည်။

သူ မြို့ကို တစ်ပတ်တစ်ခါ မှန်မှန်လာကြည့်သည်။ သူ မြို့ကိုလာ
တိုင်း အိန္ဒိယရှိ သူ့သခင်ကြီးဆီက စာ လာ,မလာကို မေးပြီး စာတိုက်ရှိ
အမှုထမ်းအားလုံးကို လာတိုင်း လက်ဖက်ရည်တိုက်ရသည်မှာလည်း ငွေ
ကုန်လှမောပင်။ သူ့သခင်ကြီးသည် ရောက်ရာအရပ်က သူ့ဆီ စာပေး
မည်ဟု ဆိုထားသည် မဟုတ်ပါလား။

သည်လိုနှင့်ရက်လနှစ်တို့သာ ကုန်လွန်လာခဲ့သည်၊ သခင်ကြီးဆီက
နောက်ထပ်စာဆို၍ကား တစ်စောင်မျှ သူမရခဲ့ချေ။ စာတိုက်က အမှုထမ်း
တွေကို မြို့သို့လာလေတိုင်း လက်ဖက်ရည်တိုက်ရ၍ ငွေကုန်ကျသည်သာ
အဖတ်တင်လေသည်။

နယ်မြေအေးချမ်း၍ ဦးကျော်ခေါင်တို့ မိသားစုသာ မိမိ ရွှေတောင်
ကြားရွာသို့ ပြန်ပြောင်းလာကြသည်၊ သခင်ကြီး အိန္ဒိယကနေ ပေးလိုက်
သော ငွေတွင်းမြှုပ်နှံထားရာ မြေပုံပါ စာကိစ္စမှာကား မည်သို့မျှ အကြောင်း
မထူးခဲ့ပေ။

ဦးလာဘမှာ သူ့သခင်ကြီးဆီက ငွေတွင်းမြေပုံပါစာ ဦးကျော်ခေါင်
ဆီမှာ ရှိ,မရှိကို နေ့စဉ်နှင့်အမျှ တွေးပြီး စိတ်ဆင်းရဲနေခဲ့ရ၏။ ကြာသော်
ငွေတွင်း ရတနာသိုက် ဖမ်းစားနေ၍ လူမှာ ရူးချင်ကြောင်ချင်လာသည်၊
အစားပျက် အအိပ်ပျက် ဖြစ်ချင်လာသည်။ ဤငွေတွင်းကိစ္စ တွေးမိပြီဆို
လျှင် လုံးဝ အိပ်မပျော်တော့။ မိုးစင်စင်လင်းသော ညပေါင်းများစွာတို့
နှင့်သာ သူ့စိတ်သည် တိုင်ပွဲဝင်လျက် ရှိခဲ့သည်။

ဦးကျော်ခေါင်ဆီ၌ သခင်ကြီးပေးစာ အကယ်၍ ရှိနေလျှင်လည်း
ငွေတွင်းက အိမ်ခြံထဲ ရှိသည်ဆိုသော သခင်ကြီး၏ နောက်ပေးစာအရ
သူသည် အိမ်ခြံပတ်ဝန်းကျင်ကို နေ့မအိပ် ညမအိပ် စောင့်ရသည်မှာ
လည်း ပင်ပန်းလှချေပြီ။

ဦးလာဘ ဤသို့ နေ့မအိပ်၊ ညမအိပ် စောင့်ကြည့်သည့်အကျိုး
ကြောင့် ဦးကျော်ခေါင်တို့ မိသားစု ရွှေတောင်ကြား ပြန်ပြောင်းလာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် ဦးလာဘ သံသယသည် မှန်ကန်နေပြီ ဖြစ်ကြောင်း သက်သေပြလာလေသည်။

ထိုနေ့က ဦးလာဘသည် ရေန်အထွက်နည်း၍ လနှင့်ချီပြီး ထားခဲ့သော ရေနံ လက်တွင်းတစ်တွင်းကို သူ့အလုပ်သမား နှစ်ယောက် သွားဖော်ကြသည်။

ထိုရေနံတွင်းမှာ တောနက်ကျပြီး အိမ်နှင့်လည်း အတော်ဝေးသ အပြန်မှာ မိုးချုပ်သည်။ ရေနံအထမ်းနှင့် သူတို့ပြန်လာကြရာ သူ့ ခြံအ ဖုန်းဆိုးမြေထဲတွင် ဦးကျော်ခေါင်တို့ သားအဖသုံးယောက်ကို မြင်းကိုယ် သေနတ်ကိုယ်စီနှင့် တွေ့ရသည်။

ထိုအခါ ဦးလာဘ၏ရင်ထဲမှ သိမ့်သိမ့်တုန် လှုပ်ခါသွား၏။

ဦးလာဘကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသဖြင့် ဦးကျော် ခေါင်တို့သားအဖသုံးယောက်မှာလည်း ရုတ်ခြည်း မျက်နှာပျက်သွားကြ

“ဟော့. . . ဟော့. . ကိုကျော်ခေါင်တို့ သားအဖတွေပါလား ဘယ့်နှယ် ဘယ့်နှယ် တပ်ထောင်ပါ စီလ်ထုနဲ့ လူစုပြီး ကျွန်တော့်ခြံ လာကြအောလဲ၊ ကျွန်တော်တို့မှာ ဘာအပြစ်များရှိလို့ပါလဲ သူကြီးမင်းရယ်

ဤအခါ ဦးဆုံး စကားတွယ်လိုက်သူကတော့ ဦးလာဘပင်။

ဦးကျော်ခေါင်ဆီ၌ သခင်ကြီးစာမြေပုံတွေရှိနေသည်ဟူသော ကေအစွဲနှင့် သူ့ရင်ထဲက နာကြည်းစကားတွေ ပွင့်အန်ထွက်လာပြီ။

တစ်သက်လုံး စကားကြွယ်လာခဲ့သော သူကြီးမင်းဦးကျော်ခေါင် ရုတ်တရက်တော့ ဦးလာဘအား ဘာပြန်ပြောရမှန်း မသိဘဲ ခဏနှုတ် ဆိတ်သွား၏။

မျက်နှာကလည်း အပျက်ကြီးပျက်သွားသည်။

ပြီးမှ. . .

“ကိုလာဘကတော့ လုပ်ပြီ၊ မဟုတ်ရပါဘူးဗျာ လူကြီးမင်းတို့မှာ ဘာအပြစ်မှ မရှိပါဘူး၊ ကျွန်တော်မျိုးတို့ သားအဖသည်. . သပြေလား ရေလား တောကစားထွက်လာကြရင်းက မျက်စိလည် လမ်းမှားပြီး နယ် စားကြီး၏ပိုင်နက်ထဲ ကျူးလွန်ဝင်ရောက်မိကြောင်းပါဗျား”

“ဟား. . ဟား”





ဦးကျော်ခေါင်၏ တသံဖေသံ ဇာတ်ဟန်ပါပါနှင့် မြင်းပေါ်က လက် အုပ်ချီ အပြောကို ဤတစ်ခါတော့ ဦးလာဘ၏ ရေနံအထမ်းသမား နှစ်ယောက်ကပါ သဘောအကျကြီးကျပြီး တဟားဟား ရယ်မောလိုက် ကြသည်။ ဦးကျော်ခေါင်တို့ သားအဖကို စိန်းစိန်းဝါးဝါး ကြည့်နေသော ဦးလာဘကတော့ သူ့အလုပ်သမားနှစ်ယောက်လို မရယ်နိုင်အားပေ။

နှစ်ရှည်လများ သူ့ရင်ထဲတွင် အစိုင်အခဲဖြစ်နေသော သံသယ အလုံးကြီးမှာ ချက်ချင်း ပြိုကွဲပြီး ဦးနှောက်ထဲ စဉ်ထွက်လာသည်။

“သည်ကောင်တွေသားအဖ ငါ့ခြံထဲက ငွေတွင်းကို တိတ်တဆိတ် တူးဖော်ယူရန် လာရောက် လေ့လာကြချေပြီ”

ဤအတွေးနှင့်ပင် ဦးလာဘသည် အောက်ပါစကားကို မေး၏။

“ကိုကျော်ခေါင်တို့ ဘယ်ကလာကြလဲ၊ ဒီကို တမင်ပဲလား”

“မဟုတ်ရပါဘူးဗျာ၊ မြို့မှာအနေကြာတော့ တောမပစ်ရအောလဲ ကြာပြီမို့ ဒီကနေ့ မြို့တောင်ကြားကို တောလာပစ်ကြတာပါ၊ အဲဒီ တော ဆိတ်တစ်ကောင် ဒီဘက် ဖုန်းဆိုးထဲဝင်ပြေးလို့ လိုက်လာကြတာ”

အကယ်၍ ငွေတွင်းမြေပုံကိစ္စသာ မပေါ်ပေါက်ခဲ့လျှင် ဦးကျော် ခေါင်၏စကားမှာ ဘာသံသယမှ မရှိစရာပင်။

သို့သော် ဦးလာဘအနေကမူ ဦးကျော်ခေါင်၏ စကားကို လုံးဝ အယုံအကြည် မရှိပေ။ အမြဲသံသယနှင့်သာကြည့်၏၊ နားထောင်၏။

“ဩော်. . ဒီလိုဆိုလဲ လိုက်ရှာကြလေဗျာ၊ ရရင် ကျွန်တော်တို့လဲ တောဆိတ်သား မျှခဲ့ပါဦး”

“ဒီကနေ့တော့ မိုးလည်းချုပ်တော့မယ်ဗျ၊ လကလဲ မရှိတော့ ရမှာ မဟုတ်ဘူး ထင်တယ်၊ ဒီကောင်တွေက ချိုထောင်သလောက် မြန်တဲ့ အကောင်တွေဗျ၊ မိုးချုပ်ရင် နယ်ကလူတွေ ကျွဲနွားမှားပစ်မိမှာ စိုးရတယ် ပြန်မှဗျို့”

ဦးကျော်ခေါင်တို့ သားအဖသုံးယောက်သည် ဤသို့ပြောပြီး သူတို့ ရွာဘက် ပြန်သွားကြသည်။ သူတို့ရွာရှိရာ ရွှေတောင်ကြားမှာ ဦးလာဘ၏ ခြံမြေနှင့် သုံးမိုင်ခန့်သာ ဝေးသည်။ ထို့ကြောင့် ဦးကျော်ခေါင်၏ဥပါယ် တံမျဉ် အပြောမှာလည်း သဘာဝကျသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးလာဘကတော့. . .

"ဟင်း. . . ဟင်း၊ သပြေလား၊ ရေလား တောကစားထွက်လာ တာတဲ့၊ အေးပေါ့ကွာ တစ်နေ့တော့ သပြေလား၊, ရေလားဆိုလား သိ သေးတာပေါ့"

သည်နေ့ကစ၍ ဦးလာဘသည် သူ၏ခြံမြေကို လုံးဝ အလစ်မ တော့ပေ။ တောဆိတ်ပစ်ရန် လာတတ်ကြသော ဦးကျော်ခေါင်တို့ သ အဖကိုလည်း နောက်ထပ် နှစ်ခါသုံးခါပင် ထပ်တွေ့ထားလေရာ "ဗြ တော့ တစ်နေ့မဟုတ် တစ်နေ့ ဒီကောင်တွေလက်ထဲ ငါ့ငွေတွင်းပါ မှာပဲ"ဟူသော စိုးရိမ်သောကသည် ရင်နှင့်မဆံ့ ဖြစ်လာလေသည်။

သည်တော့ ဦးလာဘသည် အကြံထုတ်ရတော့၏။

ဦးကျော်ခေါင်ကို လျှို့ဝှက်ဖမ်းဆီးပြီး ဤငွေတွင်းကိစ္စ မရ မေးမြန်းကာ တူးဖော်ယူမှ ဖြစ်ပေတော့မည်။ သို့သော် ဦးကျော်ခေါင် ဓားပြယောင်ဆောင်ပြီ လျှို့ဝှက်ဖမ်းဆီးဖို့ဆိုသည်မှာ တွေးသလောက် မလွယ်ကူပေ။

သူက အာဏာရ သူကြီးလည်း ဖြစ်ပေရာ သူ့အိမ်တွင် လိုင်စင် ကိုင်ဆောင်သော ခြောက်လုံးပြူးနှင့် တောပစ်သေနတ်အပြင် တိတ် ပုန်းကိုင်သော သေနတ်များလည်း ရှိသည်ကို ဦးလာဘ အတပ်သိသ

သည်တော့ ဦးလာဘအကြံရပြီ။ ဦးလာဘသည် သူ့ခြံထဲကအ သမားတစ်ယောက်ကို ရွှေတောင်ကြား ရွာသားအသွင် ဟန်ဆောင်ခိုင် မ်းလွန်သာမြို့က ရဲကို လက်တို့စေခိုင်းသည်။

မကြာခင်ပင် လက်နက်ပုန်းထားမှုနှင့် (၁၂)ရွာပိုင် သူကြီး ဦးေ ခေါင်ကို ရဲက လာဖမ်းသွား၏။

သို့သော် ဦးကျော်ခေါင်မှာလည်း သူ့နောက်တွင် နိုင်ငံရေး အာ ရပါတီရှိလေရာ လက်နက်ကိုသာ အသိမ်းခံရပြီး လူက ချက်ချင်းပြန်လွ လာသည်။

ဤအကွက်ကို တမင်ပင် စောင့်ထောင်ထားသော ဦးလာဘသ ဦးကျော်ခေါင်ဆီမှ လက်နက်အားလုံးကို သက်ဆိုင်ရာက သိမ်းသွားပြ ကြားသောအခါ လက်ခမောင်းခတ်မိတော့သည်။





ဦးလာဘသည် ကြိုတင်ကြံစည်ထားသော အစီအစဉ်အတိုင်း တစ် နေမှာ ဦးကျော်ခေါင်ကို ပြန်ပေးဆွဲရန် သူ့လူငါးယောက်နှင့်အတူ ရွှေ တောင်ကြားရွာသို့ ညသန်းခေါင်ကျော်လောက် အချိန်မှာ ရောက်သွားကြ သည်။ ခြံထဲဝင်သွားကြသည်နှင့် သူတို့ကို ခွေးတွေက ဝိုင်းဟောင်ကြ သည်။

"ဟေ့. . . ဘယ်လူတွေလဲကွ၊ အချိန်မတော်ကြီး"

ဦးကျော်ခေါင်၏ အိမ်ပေါ်က လှမ်းမေးသံနှင့်အတူ ချက်ချင်းပင် သေနတ်သံက ဦးလာဘတို့ကို ဆီးကြိုလိုက်သည်။

အမှန်မှာ သက်ဆိုင်ရာက သိမ်းဆည်းသွားသော သေနတ်များမှာ လိုင်စင်နှင့်ကိုင်သော သေနတ်တွေနှင့် လက်နက်ပုန်းဆို၍ ရိုင်ဖယ်လုပ် သေနတ်တစ်လက်သာ ပါသွား၏။ ဦးကျော်ခေါင်မှာ နောက်ထပ် လက် နက်ပုန်းတွေ အများကြီး ရှိသေး၏။

ထို့ကြောင့်လည်း ဦးကျော်ခေါင်သည် ဦးလာဘတို့ လူစုအား အိမ် ပေါ်ကနေ ခံပစ်လေသည်။ ဦးလာဘတို့ကလည်း လာမိပြီးမှ မထူးတော့ ဟူသော ဆုံးဖြတ်ချက်နှင့် အလျှော့မပေးဘဲ ပြန်လှန် ပစ်ခတ်ကြ၏။

သည်လိုနှင့် အပေါ်စီးက ရနေသော ဦးကျော်ခေါင်တို့ဘက်က ခံပစ်၍ ဦးလာဘခေါ်လာသော ရေနံအလုပ်သမား တစ်ယောက်ကျ သည်။

ဦးလာဘတို့မှာ ဒေါသနှင့် ပို၍ သဲသဲမဲမဲ ပစ်ခတ်ကြ၏။

သေနတ်သံတွေမှာ ဓားပြနှင့်အိမ်ရှင်တို့ အပြန်အလှန်လှန် ပစ်ခတ် ကြသည်နှင့် မတူတော့ဘဲ အခြေအနေမှာ ပြောင်းလဲသွားသည်။ စစ်တိုက် ကြသော တိုက်ပွဲတစ်ပွဲလို ဖြစ်သွားကြသည်။

နောက်ဆုံးတော့ ရွာတောင်ဖျားတွင် ဖဲသွားရိုက်နေကြသော သူ့ သားနှစ်ယောက်နှင့် သူ့အပေါင်းအသင်းများကပါ ဒေါ်ဟစ်အကူအညီ လိုက်လာကြပြီး စတင်းဂန်းနှင့်ပင် လိုက်ပစ်လေရာ ကင်းလှည့်လာသော စစ်တပ် (သို့မဟုတ်) ရဲအဖွဲ့များက တစ်ရွာရွာတွင်ရောက်နေ၍ လိုက် လာပြီ အထင်နှင့် ဦးလာဘတို့မှာ ကျဆုံးသွားသူ အလောင်းကိုပင် မရည်း ရအောင် ကြိုးစားကောက်ယူပြီး ပြေးလာခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်း၍ ကြားရသောသတင်းမှာ ဦးကျော်ခေါင်ကို ညက ဓားပြ သတ်သွားသည်ဟုသာ။

အိမ်ကို ဓားပြလာတိုက်၍ သူ့အဖေဆုံးပါးသွားရသည်မှာ သေနတ် မရှိ၍ သေနတ် အသိမ်းခံထားရ၍ ဖြစ်သည်။ ဤနယ်၌ သူတို့ညီအစ်ကို တွေမှာ သေနတ် မရှိလျှင် မဖြစ်။ လုံခြုံမှု လုံးဝမရှိဟူသော အကြောင်းပြ ချက်နှင့်ပင် ဦးကျော်ခေါင်၏ သားနှစ်ယောက်ဖြစ်သော ကိုကျော်ဆူနှင့် ကိုကျော်လူတို့သည် သက်ဆိုင်ရာဆီ၌ သေနတ် ပြန်လျှောက်ကြသည်။

သူတို့ညီအစ်ကိုအား သက်ဆိုင်ရာကလည်း ကြည်ကြည်ဖြူဖြူပင် သေနတ်လိုင်စင် ပြန်ထုတ်ပေး၏။

သူ့အဖေ ဆုံးပါးသွားခဲ့ပြီဖြစ်သော်လည်း ရွှေတောင်ကြားရွာတွင် ရှိသော သူ့သားနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ဖမ်းမိလျှင် လည်း ဤငွေတွင်း မြေပုံကိုစွ ရနိုင်သေးသည်ဟု . . ဦးလာဘကား အကြံ မလျှော့သေး၊ ကြံစည်တုန်းပင် ရှိသေး၏။

သို့သော် အရင်တစ်ခါလို သူ့အကြံအစည် မအောင်မြင်ခဲ့လျှင် တော့ ဤတစ်ခါ သူ့ကို အမှုပတ်နိုင်သည်။ ဦးကျော်ခေါင် သေဆုံးရသည့် ကိစ္စနှင့် ပတ်သက်ပြီး ဘယ်ကဘယ်လို အနံ့ရသွားသည်မသိ။ ရဲတွေက သူ့ကို စုံစမ်းခဲ့ကြသေးသည်။

သည်လိုနှင့် ဦးကျော်ခေါင်ဆုံးပြီးသည့် နောက်ပိုင်းမှာ သူ့သားနှစ် ယောက်ဖြစ်သော ကိုကျော်ဆူနှင့် ကိုကျော်လူ တစ်ယောက်ယောက်ကို ပြန်ပေးဆွဲပြီး ငွေတွင်း မြေပုံကိစ္စ ဖော်ထုတ်ရန် ဦးလာဘ ကြံစည်ခဲ့သည်။

ဤသို့ သူကြံစည်ရင်းက ယခုဆိုလျှင် သုံးလေးနှစ်အချိန်ကာလပင် ကျော်လွန်လာခဲ့ပြီ။

ဤသို့ သူကြံစည်နေစဉ်အတွင်း သူတို့ညီအစ်ကို သူ့အကြံအစည် တွေကိုသိ၍ ရိပ်မိ၍လားမသိ၊ ယခုတော့ သူ့ကိုပြန်ပြီး အကြွမ်းဖက်ရန် ငွေတွင်းကို အတင်းဖော်ယူရန် ကြံစည်ခြင်း ခံရသည်။

သူ့မှာ အမြဲသတိရှိခဲ့၍သာ တော်ပေသေး၏။

"အင်း. . သူများပစ္စည်းကို မတော်မတရားလိုချင်တဲ့ ကောင်တွေ ခုတော့ သိကြရောပေါ့ကွာ၊ မင်းတို့ကို ငါက သွားမဖမ်းရဘဲ မင်းတို့ဖာသာ





မင်းတို့ ငါ့ခြံထဲလာပြီး အဖမ်းခံတာတော့ ကျေးဇူးတင်စရာပေါ့ မောင်တို့ ရာ၊ ဟား. . . ဟား"

ဦးလာဘသည် တိုက်ကြီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်ရင်း ရှေးဟောင်းနှောင်းဖြစ်များကို တွေးလိုက်၊ ဦးကျော်ခေါင်တို့ သားအဖတွေကို စိတ်ထဲက ကြုံးဝါးလိုက်နှင့် ဂနာမငြိမ် ဖြစ်နေလေသည်။

ထိုစဉ် အိမ်အောက်ထပ်မှ သူ့ကို တစ်စုံတစ်ယောက်ကခေါ်၏။

"ဖိုးရာဇာလားဟေ့"

"ဟုတ်ကဲ့. . . ဦးလေး"

"အေး. . . တက်ခဲ့ကွ"

"ဟုတ်ကဲ့"

"ဘယ့်နှယ်လဲ အခြေအနေ"

"ကျွန်တော်တို့ ဖမ်းမိတဲ့ကောင်က ဦးကျော်ခေါင်သား မဟုတ်ဘူး ဦးလေး"

"ဟေ. . . ဘယ်သူလဲ"

"သူတို့ခြံထဲက အလုပ်သမားလို့ ပြောတယ်"

"ဒါပေမယ့် ဒီကောင်က ဟိုကောင်တွေရဲ့ လူယုံဖြစ်မှာပေါ့၊ ငါပြော တဲ့ကိစ္စ မေးတယ် မဟုတ်လား"

"မေးပါတယ် ဦးလေး"

"ဒီတော့. . ."

"သူ မသိဘူးချည်း ငြင်းနေတယ် ဦးလေး"

"ဟား. . . ဟား"

ဦးလာဘက အဓိပ္ပာယ်မဲ့စွာ ခြောက်ကပ်ကပ် ရယ်လိုက်သဖြင့် ဖိုးရာဇာပါ ကြောင်သွားသည်။

"ဟ. . . မသိဘဲ နေပါ့မလားဖိုးရာဇာရာ၊ ဒီကောင်တွေနဲ့ သူပါရင် သိရမှာပေါ့"

"သူ့ကို ငွေတွင်းကိစ္စ ဘာမှ မပြောဘူး၊ လိုက်ခဲ့ပါဆိုလို့ လိုက်လာရ ပါတယ်ပဲ ပြောတယ် ဦးလေး"

"မင်းတို့ သေသေချာချာ ငါပြောသလို ရိုက်စစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဦးလေးကလဲ တောက်ထိန်လက် ဦးလေးသိသားနဲ့ မြင်းမတန်းတောင် ခေသးဖြန်းဖြန်းပါတာ၊ ရိုက်စစ်လို့ ခဏခဏသတိမေ့မေ့သွားတယ်"

"ဒါလဲ မရဘူးဆိုပါတော့"

"မရဘူး ဦးလေး၊ မသိဘူးချည်း ဘူးခံနေတယ်"

"ဟဲ. . . ဟဲ"

ဦးလာဘက မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

ပြီးမှ ဒေါသနှင့်. . .

"အေး. . . တစ်နေ့လုံး အစာငတ်ရေငတ် ထားလိုက်ကွ၊ ဒီနေ့ ငါ မအားသေးဘူး၊ သမီးကို ကမ်းလွန်သာမြို့က ဆရာဝန်ကြီးဆီ လိုက်ပို့ရဦးမယ်၊ ညက ဆေးထိုးပေးလိုက်တယ် ပြောတယ်၊ တကယ် ဆေးဆိုရင် အကြောင်းမှ ဟုတ်ဘူး၊ တကယ်လို့ ဆေးမဟုတ်ဘဲ အဆိပ်ဖြစ်နေရင် ခက်မယ်၊ ဒီကောင်တွေ လောကဓာတ်နည်းနဲ့ တစ်ခုခု လုပ်ထည့်လိုက်မှာ စိုးရိမ်ရတယ်၊ သိပ်. . ညဏ်နီညဏ်နက်များပြီး ကောက်ကျစ်စဉ်းလဲတဲ့ ကောင်တွေ၊ ညက သမီးပွဲခင်းထဲမှာ မူးလဲသွားတယ်ဆိုတာ ရိုးရိုးသားသား ဖြစ်တာ ဟုတ်,မဟုတ် ကမ်းလွန်သာက ဆရာဝန်ကြီးနဲ့ စစ်ခိုင်းရမယ်၊ ဒီကောင့်ကို မေးလို့ရတဲ့နည်းတွေ ရှိပါသေးတယ်ကွာ၊ ငါ. . ပြန်လာမှ ဆက်လုပ်ကြတာပေါ့"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် ပြန်မယ်"

"အေးအေး. . . လွတ်ပြေးမသွားစေနဲ့နော်"

"စိတ်ချပါ ဦးလေး"

သူ့သမီး ဇာဇာလျှံကို ကမ်းလွန်သာမြို့က ဆရာဝန်ကြီးနှင့် ပြရန်အတွက် သူ့သမီးရှိရာ မင်းရွာသို့ ဦးလာဘသည် တောထဲရေနံမြေက ထွက်လာ၏။

တန်ဆောင်မုန်း လပြည့်ည၏ လဝန်းမှာ အနောက်မြို့တောင်စွန်းထိပ်ဖျားတွင် မေးတင်နေလေပြီ။ လဝန်းသည် တစ်ညလုံး တစ်ကမ္ဘာ အနှံ့ဖြန့်ခင်းထားခဲ့သော သူ၏ ဘော်သာခွာပုလဲငွေရောင်များကိုပင် ပြန်လည်ရုပ်သိမ်းစပြုနေလေပြီ။

စေယျာမြေအပေါ်က



လ၏အလင်းရောင်မှာ ညဦး ညဥ့်လယ်ကလို ဖြူဖွေးမနေတော့၊ သောက်နံနက်၏လဝန်းရောင်ခြည်မှာ နီကြန်ကြန် ဖြစ်နေသည်။

အကယ်၍ ချစ်သူရှိသောသူများက ဤနံနက်၏လဝန်းကို ချစ်သူမျက်နှာနှင့် တင်စားကြမည်ဆိုပါလျှင် ဤနံနက်၏ ရဲရဲနီသော လဝန်းမှာ သောကဒုက္ခတို့ ရောပြွမ်း၍ မြည်တမ်းငိုကြွေးထားသော ချစ်သူ၏မျက်နှာနှင့်သာ တင်စားရပေလိမ့်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လကုန်ရက်ဖြစ်သဖြင့် ကျန်းမာရေးမှူး ကိုကျော်သူသည် ကမ်းလွန်သာမြို့၌ လခလာထုတ်၏။

ရွာကိုပြန်ရန် မြို့ဈေးထိပ်၌ ကားစောင့်နေစဉ် သူ့ရှေ့ ကားတစ်စီး လာရပ်သည်။ ကားမှာ လွန်သွားပြီးမှ နောက်ပြန်ဆုတ်လာ၍ ရပ်ခြင်း ဖြစ်၏။

"ဆရာ. . ရွာပြန်မှာ မဟုတ်လား"

ကားပေါ်က ခေါင်းပြူ၍ လှမ်းမေးသော အမျိုးသမီးမှာ ဆရာမ ဇာဇာလျှံဖြစ်နေသဖြင့် ရုတ်တရက်မှု ကိုကျော်သူက အံ့ဩသွားသည်။

"ဆရာ ရွာပြန်မလို့ ကားစောင့်နေတာ မဟုတ်လားဟင်"

ချိုသာသော ဇာဇာလျှံ၏အသံက ထပ်မံ ပေါ်လာပြန်သည်။

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ"

"ကျွန်မလဲ ရွာပြန်တာပဲ လိုက်ခဲ့ပါလား ဆရာ၊ လမ်းကြုံသားပဲ"

"ကျေးဇူးပါပဲ ဆရာမရယ်"

မမျှော်လင့်ဘဲ ဇာဇာလျှံကို တွေ့လိုက်ရပြန်သဖြင့် ကိုကျော်သူသည် ဝမ်းသာအားရနှင့် ချက်ချင်းပင် ကားပေါ် လှမ်းတက်လိုက်သည်။

ကားမှာ ဝီလီဂျစ်ကို ကိုယ်ထည်အသစ်နှင့် နောက်မြီးတပ်ထားသဖြင့် ဘယ်ပုံစံဟုပင် ကိုကျော်သူ မခေါ်တတ်ပေ။ ဤကားသည် ကုန်ပို့ရန် တမင်လုပ်ထားပုံရ၏။ မြို့က မျက်စိနှင့် ကြည့်လျှင် ရယ်စရာပင် ဖြစ်နေသည်။ တစ်နေ့က သူ့အမေပြောသွားသော ကားမှာ ဤကားပင် ဖြစ်မည်ဟု ကိုကျော်သူ ချက်ချင်းတွေးလိုက်မိသည်။





[illegible] ကားအောက်ရှိ မိုင်းတွင် [illegible] ကားမောင်းသူ လူရွယ်က ကိုကျော်သူ့ကို ကားပေါ် တက်လာသည့်အခိုက် မည်သည့်စကားမျှမဆို။

ကိုကျော်သူကို ခပ်ဆည်ဆည် [illegible] ကြည့်နေသည်။ [illegible] ကားမောင်းမှာ [illegible] ကိုကျော်သူက ကားမောင်းသူ၏ နောက်တန်းက ထိုင်ခုံပေါ် [illegible] ထိုင်ရသည်။

[illegible]။

ကိုကျော်သူသည် [illegible] ထိုင်ခုံတွင် [illegible] အခါ [illegible] ကိုကျော်သူ [illegible] နောက်တန်းထိုင်ခုံသို့ပြောင်း ထိုင်လိုက်သည်။

[illegible] ကိုကျော်သူ ကြာကြာလာမှ [illegible] ကားမောင်းသူ လူရွယ်ကို မကျေနပ် [illegible] လိုက်သည်။

ကမ်းလွန်သာ-ရန်ပြေလမ်းအတိုင်း ကားက စထွက်လာသည်။

"ဆရာ [illegible] ကျွန်မတို့ [illegible] မသိဘူးနော်"

ဇာဇာလျှံသည် ကိုကျော်သူကို မျက်ခွံတစ်ချက် [illegible] ကြည့်၍ မေး၏။

"[illegible] ဆရာမ"

"[illegible] ကျွန်မ [illegible] မှာ ဆရာတို့ ကျေးရွာတွင် ကားတောင်မပြောမိခဲ့တာ"

"[illegible] ဆရာမ [illegible] မကောင်းတာ ကျွန်တော် [illegible] မပေါ်ဘူး"

"တကယ်လို့ [illegible] ခွင့်လွှတ်ပါလို့ ကျွန်မ [illegible] [illegible] ဆရာ"

[illegible] ဇာဇာလျှံ၏ အပြုံးရေစေခြင်း ဖြစ်၏။

"[illegible] ဆရာမရယ်"

[illegible] ကိုကျော်သူ၏ [illegible] အတိုင်းမသိ နွေးထွေးသွားသည်။

[illegible] ထန်ဆောင် [illegible] ရက်ရေ မနက်ကပင် ကိုကျော်သူမှာ ဝမ်းနည်းခဲ့ရသည်။

တန်ဆောင်မုန်း လပြည့်နေ့ညက သူတို့ လူမမာအဖြစ် ဆေးကုသ[...] ပေးခဲ့ပြီး ရောက်တစ်နေ့ နံနက်မှာလည်း ဆေးကုသပေးရန်အတွက် ကိုကျော်သူသည် ဒေဝလျှံတို့အိမ်သို့ စက်ဘီးနှင့်သွားခဲ့သေးသည်။

ကိုကျော်သူ ဒေဝလျှံတို့ အိမ်ရှေ့သို့ ရောက်လာချိန်မှာ နှင်း[...] ကောင်းမှာ မကွဲတတ်သေးပေ။

အချိန်အားဖြင့် နံနက်ခုနစ်နာရီခွဲလောက်သာ ရှိပေဦးမည်။

ခြံဝရောက်၍ စက်ဘီးဘဲလ်ကို နှိပ်လိုက်သောအခါ အသက်[...] ဝယ်ကျော်အရွယ် အမျိုးသမီးတစ်ယောက်က ခြံဝသို့ထွက်လာသည်။

"ဘာကိစ္စရှိပါသလဲရှင်"

"ကျွန်တော် ဆရာမ ဒေဝလျှံကို လာကြည့်တာပါ ခင်ဗျာ"

"ကြော် . . ဟုတ်လား၊ ဆရာမကို သူ့အဖေ တမ်းလွှန်သာခေါ်သွား[...] တယ်၊ ညက ဆရာဝန်ကြီးနဲ့ ပြကြည့်မလို့တဲ့၊ မနက်အစောကြီးကပဲ ထွက်[...] သွားကြတာ"

ထိုအမျိုးသမီး စကားကိုကြားရသောအခါ ကိုကျော်သူ၏ ရင်ထဲမှ[...] အမောဆို့သွားသည်။

ဒေဝလျှံကို နိုးလင်းလျှင် တွေ့ရမည်ဟု တစ်ညလုံးမျှော်လင့်[...] ရသောစိတ်များသည် ယခုတော့ ဘယ်ဆီ လွင့်ပြေးသွားကြသည်မပင် မ[...] တော့ချေ။

ဒေဝလျှံကို မတွေ့ရတော့ဟုဆိုသည်နှင့် ဝမ်းနည်းကြေကွဲမိ[...] ကလည်း ချက်ချင်းပင် ရင်ထဲ ဝင်ဆောင့်လာပြန်သည်။ ညက သူ့အား[...] ပြောသွားသော စကားကိုလည်း ကြားယောင်လာမိသည်။

"ညက ဆရာဝန်ကြီးကိုပဲ သူတို့က အားကိုးကြသည်၊ ကျွန်မ[...] မှုလောက်ကို ဝမှယား၊ မနက်ကို သူ တစ်ခေါက်လာကြည့်ပါဦးမည်[...] လုပ်လိုရင်ချင် ပြောလိုက်ပါလျက်နှင့် ယခု တမ်းလွှန်သာ[...] ထွက်သွား[...] ကြသည်ဟု ဆိုခြင်းမှာ ကျွန်မအခေါ်မှုလောက် အရေးကို မသုံးဟုဆ[...] သဘောပင် မဟုတ်ပါလား။

"ဆိုင်ဆေး ဆက်ပြီးလာရမှာ စေချင်လိုလာရန် ကျွန်မ အခြေအနေ[...] ရှုမည်"

ဒေဝလျှံကို မတွေ့ရသဖြင့် ဝမ်းနည်းပက်လက် ဖြစ်ကာ အိမ်ရှေ့ ခြံဝတွင် ရပ်ကြီးရပ်နေသော ကိုကျော်သူကို အမျိုးသမီးက အားနာစွာနှင့် မေးနေပြန်၏။

"ကြော် . . အင်း . . , ဟုတ်တဲ့ ဟုတ်ကဲ့ ကောက်တော့ပါဘူး ခင်ဗျာ၊ ကျွန်တော် လာသွားတယ်ဆိုတာသာ ပြောလိုက်ပါခင်ဗျာ၊ ပြီးတော့ . ."

ကိုကျော်သူသည် [illegible] နှင်းသာဆံထုံးလေးကို အိတ်ထဲက ထုတ်လိုက်၏။

"ဒါ . . ဒါကို ဆရာမ ပြန်ရောက်ရင် ပေးလိုက်ပါခင်ဗျာ"

"ဒါ . . . က"

ကိုကျော်သူ လှမ်းပေးနေသော နှင်းသာဆံထုံးလေးကို အမျိုးသမီးက ချက်ချင်း လှမ်းမယူသေးဘဲ လက်တွန့်၍ မေး၏။

"ညက ဆရာမ မူးမေ့လို့ ကျကျန်ခဲ့တာ၊ ကျွန်တော် ကောက်ယူသွား ခဲ့တယ်ဆိုတာသာ ပြောလိုက်ပါ"

"ဟုတ်ကဲ့ပြောလိုက်ပါ့မယ်၊ ရှင်က ခင်ဗျာက ကျောင်းဆရာရှင့်"

"ဟုတ်ကဲ့ . . အင်း မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်က ကျန်းမာ ရေးမှူးပါ"

"ကြော် . . ကြော်"

အစကပင် သုံးသည် ကျန်းမာရေးမှူးပါဆိုသော စကားကို ဦးမှာ ပြောရမှာ သတိမရ၊ ညက ဆရာမကို သူ ဆေးထိုးပေးလိုက်ရကြောင်း ကိုလည်း မပြောမိ၊ သူတစ်ညလုံး တမ်းတမ်းရုံး မျှော်လာသည်မှာ ဆရာမ ဒေဝလျှံနှင့် တွေ့လျှင် ဟူသော မျှော်မှန်းချက်မြူးတွေများသာ။

ယခု ဆရာမကို သူ့အဖေ တမ်းလွှန်သာ ခေါ်သွားသည်ဟု ကြားရ သောအခါ သူ့စိတ်မှာ ဘယ်က ဘယ်လိုဖြစ်သွားသည် မသိ၊ စကားတွေ သည်း အယောင်ယောင်အမှားမှားဖြစ်ပြီး ထို အမျိုးသမီးကိုပင် မှုတ်၍ ရှုမိသည်။

"ကျွန်တော် ပြန်ပါဦးမယ် ခင်ဗျာ"

"ဟုတ်ကဲ့၊ အဖော်ကြာရင် သူတို့ ပြန်ရောက်ကြမှာပါ၊ ညနေ လောက်နေ့ပါဦးလား"

www.burmeseclassic.com



အရေးထဲ အမျိုးသမီးရဲ့ စကားကောင်းနေပြန်၏။

ရှက်ရှက်နှင့် မျက်နှာမထားတတ် ဖြစ်နေသော ကိုကျော်သူမှ

"ဟုတ်ကဲ့"ဟူသော တမန်းကတုန်းပြောပြီး ပြန်လစ်လာခဲ့ရသည်။

ထိုနေ့က ကိုကျော်သူသည် ဇာဇာလှိုင်စိတ်နှင့် တစ်နေ့လုံး အလု

အတိုင်း အမြီးအမောက် မတည့်တော့ချေ။

ဆေးခန်းရှိ ဆရာမတွေဆီသို့ အကြောင်းအရာ ရေးသည်

သူမှာရှက်ရှက်နှင့် "သက်သာပါရဲ့ ပြောလိုက်ပါ" ဆိုပြီး ကြွေခဲ့ရသည်

သည်။

ဇာဇာလှိုင်ဆီ သွားမိခဲ့သော်လည်း ဇာဇာလှိုင်ကို မတွေ့ရသဖြင့်

မောချပြန်လာရသော ရင်ထဲဝေဒနာသည် ယခု ဇာဇာလှိုင်နှင့်မတွေ့လှ

ပြန်တွေ့ရသောအခါ ထိုဝေဒနာ၏ ပြန်ပေါ်လာပြန်သည်။

ထိုဝေဒနာကို သူရင်ဝယ်ပိုက်ထားခဲ့သည်မှာ လေးငါးရက်ရှိလေ

မဟုတ်ပါလား။

ယခု ဇာဇာလှိုင်ကို မမျှော်လင့်ဘဲ ပြန်တွေ့ရပြီး ဇာဇာလှိုင်က သူ့

နှင့်လိုက်ပါဟု လိုလိုချင်ချင် ခေါ်ပြန်သောအခါ ကိုကျော်သူမှာ ထိုဝေဒနာ

ချက်ချင်းပျောက်၍ ပျော်ရွှင်လာပြန်သည်။

ထို့ကြောင့်လည်း ဟိုတစ်နေ့က သူ ဇာဇာလှိုင်ဆီသို့ လာခဲ့သည့်

အကြောင်းကို သိလိုသောဆန္ဒနှင့် ကိုကျော်သူက မေးပြန်၏။

"တောင်းပန်စရာ မလိုပါဘူး ဆရာမရယ်၊ ကျွန်တော်တို့ ဈေးသည်

ကျန်းမာရေးမှူးတွေဟာ ဒီနယ်သူ နယ်သားတွေ ကျန်းမာရေးအတွက်

တာဝန်ရှိပါတယ်"

"အဲဒီအချိန်သိသလို ဆရာ စေတနာရှိတယ်ဆိုတာလဲ ကျွန်မ

သိပြီးသားပါ။ ဒါပေမယ့် အမှန်ကိုလဲ မပြောတတ်ဘူးဆိုတာတော့ ကျွန်မ

အဲဒီနေ့က တော်တော်အားနာမိတယ်"

ဇာဇာလှိုင်က ပြန်ပြောသောအခါ သူ ပြောလိုသော စကားများ

လိုရင်းမရောက်ဘဲ ပျောက်ပျက်လွင့်စဉ်ကုန်ကြပြန်သည်။

နောက်တော့ သူ ပြောလိုရာကို ကိုကျော်သူက ရှင်းမပြော၏။

"ကျွန်တော် နောက်တစ်နေ့ မနက်မှာ ဆရာမဆီ လာပါသေးတယ်





"ဟုတ်ကဲ့၊ ဆရာ့ဆေးခန်းမှာ ကျွန်မခေါင်းက ကျကျန်ခဲ့တဲ့ နီလာ

ဆံထိုးလဲ လာပေးသွားတယ်ဆိုတာလဲ ပြောပါတယ်၊ ကျွန်မ အားနာ

လိုက်တာ၊ ဖေဖေတို့က အစိုးရိမ်လွန်လို့ပါ"

"ကျွန်မ အားနာလိုက်တာ"ဟု ဆိုသော်လည်း နီလာဆံထိုးကိစ္စကိုမူ

သူက အမြတ်တနိုး အလေးအနက် စကားမဆို၊ ခပ်ပေါ့ပေါ့ပင်ပြော၏။

"ဩော် . . သူတို့တွေမှာ စိန်ရွှေရတနာဆိုတာကလဲ အလျှံပယ်

ဆိုတော့ ဒီနီလာဆံထိုးလောက်ကို ဘယ်အလေးအနက်ထား ပြောပါ့

မလဲလေ၊ ကျ,မကောက် ပျောက်,မရှာတောင် သဘောထားချင်ထားမှာ"

သူ အလေးအနက် ထားလာသော ဇာဇာလှိုင်ခေါင်းက နီလာဆံထိုး

အတွေးကြောင့် ကိုကျော်သူမှာ ဝမ်းနည်းရပြန်၏။

"မိဘဆိုတာကတော့ ဒီလိုပဲ စိုးရိမ်တတ်ကြတာချည်းပေါ့ ဆရာမ

ရယ်၊ ကျွန်တော် ဒီကိုရောက်စက ရေပ်မှာနေရမလားလို့ အမေက ခဏ

ခဏဆူတာ"

"ဟုတ်လား၊ ရေပ်မှာနေတာ ဆရာ့အမေက ဘာပြောလို့လဲ"

"မနေကောင်းဘူးဆိုလားပဲ၊ အဲဒါနဲ့ ကျွန်တော်က ပြောရသေးတယ်

လူနေတော့ အိမ်၊ ရှင်ဘုရင်နေတော့နန်းတော်၊ ဘုန်းကြီးနေတော့ ကျောင်း၊

သူတောင်းစားနေတော့ ဇရပ်၊ အခု ကျန်းမာရေးမှူးနေတော့ ဆေးခန်းပေါ့

အမေရာလို့လေ"

ကိုကျော်သူ၏ ဤအပြောကိုတော့ ဇာဇာလှိုင်မှာ သဘောကျသဖြင့်

ခပ်ဟဟရယ်လိုက်သည်။

ဇာဇာလှိုင်ကို သဘောကျနေသူ ကိုကျော်သူမှာတော့ ဇာဇာလှိုင်က

ရယ်လိုက်၍ သွားလေးတွေ ပေါ်လာသောအခါ သွားလေးတွေကိုပါ လိုက်

ကြည့်မိပြန်၏။ သွားတက်ကလေးနှင့် ပါးချိုင့်လေးကိုလည်း သူက

သဘောကျမိပြန်သည်။

"ဆရာက ရွှေတောင်ကြားကဆို"

"ဟုတ်ကဲ့"

ကားမှာ ဂုံညင်းတောင် အတက်ရောက်လာပြီး ဆိမ့်လိုက်တစ်ချက်

လိုက်တစ်ချက် ဖြစ်နေသဖြင့် စကားက ခဏပြတ်သွားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး သူ့မျက်နှာကိုသာ ကိုကျော်သူက စိုက်ကြည့်လာခဲ့ရာ ဇာဇာလျှံမှာ ကိုကျော်သူ၏ မျက်လုံးအကြည့်ဒဏ်ကြောင့် စကားဆိုနေကြချိန်မှာတော့ မျက်လွှာချထား၏။ သို့သော် ကိုကျော်သူ၏ မျက်လုံးအစုံသည်ကား ဇာဇာလျှံ မျက်နှာပေါ် ကမခွာသေး။ ဇာဇာလျှံက မျက်ခွံမှ အကြည့်မှာ သူ့နိုးလူမိသလိုပင် ဖြစ်သွားသေးသည်။

"ဆရာက လခ လာထုတ်တာလား"

သူ့ကို ကားပေါ် တင်လာမိသည်တပင် မှားလေပြီ ထင်နေသလား မသိ။ မနေတတ် မထိုင်တတ် ဖြစ်သွားမိသူ ဇာဇာလျှံကပင် တိတ်ဆိတ်ခြင်းကို ဦးဆုံးဖြိုခွင်းလိုက်သည်။ ပြီး. . စကားအပြောင်းအလဲနှင့် အကာအကွယ်ယူသည်။

"ဟုတ်ကဲ့"

"ကျွန်မတော့ နေလို့လဲ သိပ်မကောင်းသေးတာနဲ့ လကုန်ရတ်တောင်မေ့နေတယ်၊ မနက်ဖြန် လကုန်နော်"

"ဟုတ်ကဲ့ ဆရာမ ပြောမှ သတိတယ်၊ ဒီတစ်ခါတော့ ဆရာမကို ကျွန်တော်က တောင်းပန်ရလိမ့်မယ် ထင်တယ်"

"ရှင်. . . ဘာကိုလဲဆရာ"

"ခြော် ဆရာမ နေကောင်းသွားပလားဆိုတာတောင် စောစောကမမေးမိတာလေ"

အမှန်လည်း ကိုကျော်သူက စိတ်မကောင်း ဖြစ်သွားမိသည်။

တကယ်မူ သူ့လူနာလည်း ဖြစ်ဖူးသော ဇာဇာလျှံကို သူကားပေါ်တက်မိကတည်းကပင် နေကောင်းလား မေးမိဖို့ သင့်သည်။ ယခုတော့ လွန်ပြီးမှ ပြောရတာ အားနာစရာကောင်းနေ၏။

မည်သို့ ဖြစ်သည်မသိ၊ ဇာဇာလျှံကို တွေ့လိုက်သည်နှင့် သူ့စိတ်က ဗယောက်ဗယက်နိုင်လွန်းလှသည်။ ပရမ်းပတာ ဖြစ်တတ်သည်။

"ဟော. . . မောင်သီရယ်၊ ကား ဘာဖြစ်ပြန်ပြီလဲ"

ကားက ရုတ်တရက် ထိုးရပ်သွားသဖြင့် ဇာဇာလျှံက ကိုကျော်သူကို ပြန်မပြောအားဘဲ အားမောင်းသူ လူရွယ်ကို လှမ်းမေးသည်။

"ဆီပိုက်ချင်တယ် ထင်တာပဲ မမရယ်"





ကားမောင်းသူ လူရွယ်သည် ကားပေါ်က ဆင်းသွားပြီး ဘောနက်ကို ဖွင့်ကြည့်နေသည်။ ကားခေါင်းမှ မီးခိုးတွေ ထွက်လာသောအခါ ကိုကျော်သူနှင့် ဇာဇာလျှံတို့ ကားပေါ်က ဆင်းကြည့်ကြသည်။

"ကား ဘာဖြစ်လို့လဲဟင် မောင်သီ"

"ဘာမှ မဖြစ်ပါဘူး မမရယ် ဆီပိုက်ရှင်းတာပါ"

ဇာဇာလျှံက စိုးရိမ်စိတ်နှင့် ထပ်မေးသည်ကို ကားမောင်းသူက ပေါ့ပေါ့ပင်ပြောပြီး ကိုကျော်သူကိုလည်း မျက်စိ တစ်ချက်စွေကြည့်သည်။

ကားနှင့်ပတ်သက်လျှင် ဘာမှနားမလည်သူ ကိုကျော်သူကတော့ ဇာဇာလျှံအနားမှာပင် မတ်တတ်ရပ်နေမိသည်။

"ဟုတ်ရဲ့လားကွယ်၊ ချော့လိုက်တာလဲ လွန်နေတာပဲ"

"ဟုတ်ပါတယ် မမရယ် ဘာမှမဖြစ်ပါဘူး တောင်စောင်းတက်မှာ ခါးလာတစ်ပင်ကျွမ်းသွားလို့ပါ ရပ်ပြီး ကားပေါ်ပြန်တက်ပါ ချော့တယ်"

ဇာဇာလျှံက နှာခေါင်းနှင့်ပါးစပ်ကို လက်ကိုင်ပဝါလေးဖြင့် ပိတ်ပြီး ကားပေါ် သို့ ပြန်တက်သောအခါ ကိုကျော်သူမှာလည်း ဇာဇာလျှံ နည်းတူ ကားပေါ်ပြန်တက်ရသည်။

ကားမှတ်မှာကို ကိုကျော်သူကလည်း နှိုးနှိုးမိသည်။

မင်းရွာနှင့်ကမ်းလွှန်သာဖြိုမှာ ဆယ့်ငါးမိုင်ခန့်သာ ဝေးသော်လည်း တောင်တက်တောင်ဆင်းလမ်းက များသည်။ နယ်မြေအေးချမ်းမှု ရှိသည် မှာလည်း တောင်ပေါ်ဒေသတို့၏ ထုံးစံအတိုင်း တစ်နေ့မှ တစ်နေ့ရွာ ချမှာ [illegible] ပါလာသည် မဟုတ်ပါလား။

"နေလို့ သိပ်တော့ မကောင်းသေးဘူး ကျောင်းက ခွင့်ယူထားရပါ တယ် ဆရာရယ်၊ ကမ်းလွှန်သာဖြိုကို ဒီတော့ တစ်နေ့ထဲပေါက် ဆေး [illegible] ဒီတောင်[illegible] တာက တကျွတ်ကျွတ်မြည်ပြီး မီးခိုးက ထွက်၊ ဆီချော်တွေက [illegible] အကြောက်စရာကောင်းတယ်၊ ကျွန်မ တစ်ခါတလေ ကားစီးချော်ရင် မူးသွားတတ်လို့ နည်းနည်းမှ မခံနိုင်ဘူး

www.burmeseclassic.com



ကားပေါ်ပြန်ရောက်ကြသည်နှင့် ဇာဇာလျှကာ ညည်းညည်းညူညူ ပြောသည်။

"ပြော.. ခါနီးဆရာမ ဆေးထိုးတာက ပြန်လာတာလား"

"ဟုတ်ကဲ့"

"ဆရာဝန်ကြီး ဦးသာထွန်းစိက ဘာပြောလဲ ခင်ဗျာ"

"ဆရာပြောသလိုပါပဲ၊ အဆုတ်နဲ့နှလုံး အားနည်းနေတယ်၊ အနား ယူရမယ်၊ ဆေးတစ်လလောက် လာထိုးပါလို့ပြောတယ်၊ ဆရာနဲ့ဆရာ ကြီးနဲ့က သိမှာပေါ့နော်"

"သိပါတယ်၊ ကျွန်တော်တို့ ဆရာပါပဲ"

"ဆေးတွေ ပေးတာလဲ အားကြီးပဲ၊ ခဏခဏစားရလို့ ကျွန်မတော့ စိတ်တောင်ပျက်ပါတယ်"

"ဆေးကတော့ စားရမှာပေါ့ ဆရာမရယ်၊ ရောဂါပျောက်ဖို့ အရေး ကြီးတာပေါ့၊ ဆရာမ တမ်းလွန်းသာမှာ ဆေးသွားထိုးရတာတော့ ဟုတ်ပါ တယ်၊ ပင်ပန်းတာပေါ့၊ အဲဒါ ဆရာမ လက်ခံမယ်ဆိုရင် ကျွန်တော် အကြံ တစ်ခုပေးချင်ပါတယ်"

ကိုကျော်သူက အကြံတစ်ခု ပေးချင်သည်ဆိုသဖြင့် ဇာဇာလျှသည် ကိုကျော်သူ၏မျက်နှာကို လောက်လောက်ဝဝ တစ်ချက်ယူမိကြည့်လိုက် သည်။

"ကျွန်မ လုပ်မှာပါ ဆရာ၊ ဆရာတို့ပေးတဲ့ အကြံဆိုရင် လက်ခံရမှာ ပေါ့၊ ပြောပါ"

"ဒီလိုပါ ဆရာမ၊ ဆေးက တစ်လလောက်တောင် ထိုးရမယ်ဆို တော့ ခုမှ ဘယ်နှစ်ရက်ရှိသေးလို့လဲ"

"ငါးရက်ပဲ ရှိပါသေးတယ်"

"အဲဒီတော့ တကယ်လို့ ဆရာမသာ ခွင့်ပြုရင် ကျွန်တော်အိမ်လာ ပြီးထိုးပေးပါရစေ၊ ဆရာဝန်ကြီးဆီက ဆေးသာ ယူလာခဲ့ပါ၊ ကျွန်တော်ပဲ ဆရာဝန်ကြီးဆီ အကျိုးအကြောင်း စာရေးပေးလိုက်ပါမယ်"

"ဟာ.. . သိပ် အဆင်ပြေတာပေါ့ ဆရာရယ်၊ ကျွန်တော်က ဆရာ ဝန်မှ အဲဒီဆေးကို ထိုးခွင့်ရှိတယ်၊ ဘာဘာညာညာ ပြောတာချက်များ





[illegible]ထင်ပြီး ဆရာဝန်ကြီးကို ရှာမှာ ဒေါသခန်းရှိတဲ့ [illegible] မပြော [illegible]ပါနဲ့လို့ ဆရာက ကူညီမယ်ပြောတော့ သိပ်ဝမ်းသာတာပဲ [illegible]ကားမှ တာ ကျွန်မ သိပ်စိတ်ပျော်တာပဲ ကူညီပါဆရာ [illegible]ယ် [illegible] [illegible]ကြောင့် [illegible] စိမ်းသွားမှာယ်လဲ ဖြစ်သွားသော ဇာဇာလျှ၏မျက်လုံးကို [illegible] ရှည် အရွန်အမ[illegible] [illegible]သည်။ [illegible] နီးစပ်ရန် လမ်းစပေါ်လာပြီ မဟုတ်ပါလား။

"မနက်ဖြန်ခါ ဆရာမထိုသွားရောအခါ ဆရာဝန်ကြီးဆီ ကျွန်တော် စာရေးပေးလိုက်ပါမယ်၊ ဆရာမနဲ့ ကျွန်တော်တို့ခင်တဲ့အကြောင်း ပါ စပ် [illegible] ပြောပြပေါ့၊ နောက်တစ်နေ့ညနေကျမှ ကျွန်တော် ဆရာမတို့အိမ်ကို လာခဲ့ပါမယ်"

"[illegible]"

"ဟော.. [illegible]ဖြစ်သွားသေးလဲဟင်"

[illegible] တာလ [illegible] ဖြတ်[illegible] အရှိန်နှင့် [illegible] မျက်နှာကို ခိုက်မိသွားသည်။

[illegible] ကိုကျော်သူမှာ လည်း အမှတ်မထင်ဖြင့် မျက်နှာကို [illegible] ကိုင်မိပြီးသားဖြစ်သွား၏။

[illegible] လေကို [illegible]ပြီး..

"မမ ဘယ်ခိုက်မိသွားသေးလဲ"ဟု ထိတ်ထိတ်ပျာပျာမေးသည်။

[illegible] မျက်လုံးကို [illegible] ကာတဲ့ တာလပတ်ကို မြဲမြဲမှ ချည်မထားတာ"

"[illegible] ကျွန်တော့်ကားကဆို [illegible] မလိုက် [illegible] ကျွန်တော် [illegible] တာလပတ်ကို [illegible] ခိုက်မိ [illegible]"

"တော်သေးတာပေါ့၊ ဆရာ လှမ်းအဆွဲ မြန်လို့ [illegible] ကန်းမှာ၊ နင်လုပ်ရင် ပေါ့တီးပေါ့[illegible]ကြီးပဲဟယ်"



www.burmeseclassic.com

တေလျှံ၏စကားက ကိုကျော်သူကို ခြောင်သွားစေလေသည်။

အမှန်မှာ တေလျှံ မျက်လုံးကို ကာလပတ်စ နိုက်မိသွားပြီးမှ ကိုကျော်သူက ယောင်ယမ်းပြီး လှမ်းကိုင်ရသူ ဖြစ်သည်။

ဤသည်ကိုပင် တေလျှံက 'ဆရာ လှမ်းအဆွဲမြန်လို့'ဟု ပြော[illegible]

ဆရာစကားက ကိုကျော်သူကို မနေတတ် မထိုင်တတ် ဖြစ်သွားစေသည်။

ထားမှာ ရွှေတောင်ကြားမှာ အစင်းလမ်းကို ရောက်လာလေရာ လေတိုက်နှုန်းမှာ [illegible] ကျောင်းသိက ကာလပတ်ကို [illegible] ပြန်ချည်ပြီး ထားကို [illegible] တောင်စောင်းလမ်းအတိုင်း ဆင်းလာရသည်။

"ဆေးရုံမှာ ဆရာရယ်၊ မျက်နှာတွေများ [illegible]"

[illegible]

"[illegible] ဆရာမရယ် . . . [illegible] ကျွန်တော်နှာ [illegible] ပါလာဘူး [illegible] မျက်စေ့ [illegible]"

"ဟုတ်တယ် [illegible] မဖူးပါဘူးဆရာ၊ ပေမယ့် [illegible] မျက်စေ့တော့ [illegible] ထင်တယ်"

"ရပါတယ် ဆရာ"

ရွှေတောင်ကြားမှ [illegible] ရောက်လာ၏။

တေလျှံက ဆရာကိုကျော်သူအား [illegible] သည်။

မျက်စေ့စေပြီး [illegible] ကိုကျော်သူ [illegible]

နောက်တစ်နေ့ ညနေကျမှ [illegible] မှာသွားလေသည်။

နေညိုသွားပြီ။

အနောက် [illegible] တောင်စွန်းတွင် [illegible] ပြောသည်။ ထို့နောက် [illegible]

ကိုကျော်သူသည် ဝတ်သီကို [illegible] သိချင်ကို [illegible] တေလျှံကို တွေ့ရတော့မည်မှာ [illegible]

ကိုကျော်သူသည် တစ်နေ့က "တော်သေးတာပေါ့ ဆရာ လှမ်းအဆွဲမြန်လို့" ဟု . . .

ကားမောင်းသူကို [illegible] ပြန်ပြောခြင်းမှာ သူ့ [illegible] တစ်ဖက်က [illegible] သည်စကား [illegible]

တေလျှံကို [illegible] ဝတ်သီကို အသာရပ်လိုက်သည်နှင့် [illegible] တေလျှံ၏အသံကို ကြားရသည်။

"သော့ လာချပေးတာလို့"

"လာမှာပေါ့ ဆရာမရယ်၊ ကျွန်တော်က [illegible]"

. . . ပြောရင်း ကိုကျော်သူ ပြုံးဝင်လာသည်။

"တစ်နေ့တလဲ လာမယ်ပြောပြီး ပေါ်မလာတော့လို့လေ"

တေလျှံက ဤစကားကို အပြုံးနှင့် [illegible] ပြောသောအခါ ကိုကျော်သူမှာ [illegible]

"မနေ့က [illegible] မှာလိုက်တဲ့ဥစ္စာ၊ ဘယ်တစ်နေ့ကကို ပြောပါလိမ့်"ဟုလည်း တွေးသွားသည်။

"ဗျာ . . . ဘယ်တစ်နေ့တလဲ ဆရာမရယ်"

"ဆရာ မမှတ်မိဘူးလား"

[illegible]

www.burmeseclassic.com



“ဟင့်အင်း၊ မနေ့ကပဲ ကမ်းလွန်သာက အပြန်မှာ မြင်ခဲ့တာ ဘယ်တစ်နေ့က ပါလိမ့်”

“ဆိုတော့ မနက်ခင်း ညနေ ...

ဆရာမ မြိုင်မြိုင် မနက်တိုင်း ညနေတိုင်း ပြောတာ ...

“ဟုတ်တယ်”

ကိုကျော်သူ ... အတွက် ... ချင်သလို ဖြစ်သွားသည်။ ... မျက်နှာကို ... ကြည့်လိုက်သော အခါ ... ငြိမ်းနေသလိုနှင့် မျက်လွှာချထား၏။

“အဲ . . . အဲဒီနေ့ မနက်က ကျွန်တော် လာသေးတယ်။ ... ဆရာမ သိပါတယ်၊ မနေ့က ကျွန်တော် ပြောသွားပါ ဆရာမ၊ ဆရာမ ... ကျွန်တော် ပေးထားခဲ့တာပါ”

“ညနေ ... ပြောသွားတယ် ဆိုတာလို့”

... ကိုကျော်သူ၏ မျက်နှာကို ... ကြည့်နေပြီး ... ပြောပြန်၏။

... နှင့် ပတ်သက်၍ သူ ... ဖြစ်သွားမိသည်။ ... ပြောပြီး ... အကြောင်းများ ... ပြောနေမိလိမ့်။ ဟိုနေ့ညနေက ... “ဟုတ်တယ်” ... ယောင်ယောင်... ပြော၍ ... ရသည်။

... သူ ... အကြောင်းကို ... ပြောသလို ... ကလည်း ... ကိုကျော်သူ အတွက် စိတ်ဝမ်းနှလုံး ချမ်းမြေ့ကြည်နူးဖွယ်ရာ ...

“ဟုတ်ပါတယ်၊ ကျွန်တော် ... ပြောသလားမ . . .”

“အားမှ ... ပေါ့နော်”

... ထင်မိသည်။ သူ ... ကိုကျော်သူ ... သွားလေသည်။





... သူ ... တို့ ... ဆိုပါလား ဟုလည်း ... မိ၏။

... မှာ ဝေဒနာ ... ကြောင့် စိတ်အား ... နေမှုလည်း ... ကြောင့် သူ့ကို ... လိုသဖြင့်

“အားမှရယ် မဟုတ်ပါဘူး၊ ကျွန်တော် ...

... “ ... မလာလဲ”

“ဟော ... ပြီ” ... ကိုကျော်သူက ... သည်။ ... ကိုကျော်သူနှင့် ... သည် တစ်နေ့တာ ... ရှိလှ ... ကြည်တော့ မှန်၏။

သို့သော် ... က ဤစကားတွေ ပြောနေခြင်းကို သူ့မှာ မယုံကြည်ချင်သလို ... ဝေခွဲ ... စဉ်းစားနေရသလို ... သည်။

“ဆရာဝန်ကြီးနဲ့ သွားတွေ့တယ် ပြောတော့ ကျွန်တော် လာဖို့မလို ... ထင်လို့ပါ၊ ကျွန်တော်က ... အခြေအနေ ... ဆရာမ၊ ဆရာဝန်လောက်တော့ ဘယ်နားလည်ပါ့မလဲ”

“ဒီလိုဆို ... လဲ”

... ဆရာမ ... ပြောလို့”

“လာပါဆိုမှ လာမယ်ပေါ့နော်”

... ကိုကျော်သူ၏ မျက်နှာကို ... ကြည့်ပြော၏။

... ကိုကျော်သူ ... ထိတ်သွားမြန်သည်။

... မကြည်ဖြူ ... ရာ ...

“ဘယ်သူက မကြည်ဖြူဘူး ပြောလို့လဲ”

“မသိဘူးလေ၊ ဒါတော့ . . . မနက် ဆက်ဆက်လာပါ့မယ် ပြောရက်နဲ့ ထွက်သွားတဲ့ လူတွေက ...”

“ဖေဖေက စိုးရိမ်လွန်းပြီး ခေါ်လို့ လိုက်သွားရတာမဲ့ အဲဒါကြောင့် မလာတာပေါ့နော်”

ဤတစ်ခါတော့ ကိုကျော်သူမှာ ... ဖြစ်သွား၏။ ... ဤ ... တွေ့ရသည် ... ရင်းနှီးလွန်းနေသလို ... သဖြင့် တစ်ဖက်က ဝမ်းသာရသလို တစ်ဖက်ကလည်း ဝေခွဲမရ ... နှင့်။

www.burmeseclassic.com



"ဒီ နယ်သူနယ်သားတွေ ကျန်းမာရေးအတွက် ဆရာတို့မှာ တာဝ
တကယ်ရှိတယ်ဆိုတာ ဆရာမ ပြောတတ်ရဲ့"

ကိုကျော်သူက ဘာပြန်ပြောရမှန်း မသိသဲရှိနေစဉ် ဇာဇာလျှံ
စကားက ဆင့်ဆင့်ပေါ် လာပြန်သည်။

"ဟုတ်ပါတယ် ဆရာမရယ်၊ ကျွန်တော်က ဆရာမကို ဘာ
ပြောမှာမို့ ရှိခဲ့ရလို့လဲ၊ အခုနေ့ ညနေက အိမ်ကို မလာမီပေ
ကျွန်တော် ကလေးနှင့်မှာ ဖိုးလေးတွေ ထွန်းညှိပြီး ဆရာမအတွေ
ဆုတောင်းပေးခဲ့ပါသေးတယ်"

"ဘာဆုလဲဟင်"

ဇာဇာလျှံ၏မျက်နှာသည် နေခြည်ဆည်းဆာရောင်ထဲတွင် ဝင်း
ပပ ဖြစ်သွားပြန်၏၊ မေးလိုက်သံကလည်း သဲလိုဓာနှင့် အားတော
သရောနိုင်လွန်းသည်။

"ကြော် . . . ဆရာမ လှလှ ကျန်းမာပါစေ၊ ချမ်းသာပါစေ ဆို
ဆုလေ"

ကိုကျော်သူက အရွှန်းဖောက် ပြောလိုက်မိသော်လည်း ဇာဇာ
သည် လုံးဝ မရယ်မပြုံးဘဲ သူ့မျက်နှာကိုသာ စူးစူးစိုက်စိုက် ငေးကြည့်
သည်။

သူ့အကြည့်ကြောင့် ကိုကျော်သူပင်နေမှာ ဇာဇာလျှံက မည်သည့်
စကားကိုမျှ မဆိုဘဲ အငေးတစ်နေရာလိုသာ ငေးကြည့်နေသောအ
ကိုကျော်သူမှာ ထိတ်လန့်ချင်သလို ဖြစ်ပြီး ရွံ့ရွံ့နှင့် ထပ်ခေါ်မိပြန်၏

"ဆရာမ"

"ရှင်"

"ဆရာမ ဘာကို တွေးနေတာလဲဟင်"

"ဟင့်အင်း . . . ဘာမှ မတွေးရပါလား"

အမှန်က သူ ညာပြောခြင်းသာ။

လဆုတ်တစ်ရက်နေ့ညက ကိုကျော်သူ လာလိမ့်မည်အထင်နှ
ညနေမှာ သူ မျှော်ခဲ့သေးသည်။ ရှိချင်သွားသောအခါ ရောင်စုံပန်းလုံးတော
တွေ ထွန်းညှိပြီး ဝရံတာက မျှော်နေခဲ့သေးသည်။





ဤသည်ကို ယခု သူ ပြန်တွေးနေသည်။

ထိုနေ့က သူမီးထွန်းပြီးမျှော်နေသလို၊ ကိုကျော်သူကလည်း မီးပုံး လှလှလေးတွေ ထွန်းညှိကာ သူ့အတွက် ဆုတောင်းနေသည်ဆိုသဖြင့် နှစ်ယောက်စလုံး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေကြသည်ကို ဇာဇာလျှံက အလေးအနက် တွေးနေခြင်းပင်။

"ဆရာမ နေကောင်းတယ်နော်"

"ကောင်းပါတယ် ဆရာရယ်"

"မနေ့က မျက်လုံး ခိုက်မိသွားတာ ဘာမှ မဖြစ်ပါဘူးနော်"

"ဟုတ်ကဲ့ဆရာ. . . ဘာမှ မဖြစ်ပါဘူး"

အမှန်က သူရောက်စကပင် 'ဆရာမ နေကောင်းလား' မမေးမိသည်ကို တစ်နေ့ကလို ယခုမှ မေးမိသဖြင့် စိတ်မကောင်းဖြစ်ရပြန်၏။

သူ့ကို စောစောမမေးမိလို့ သူ ဝမ်းနည်းပြီး ပြောတာလားဟုလည်း တွေး၏။

"ဆရာမကို ကျွန်တော် တစ်ခုပြောရဦးမယ်"

"ဘာလဲဟင် ဆရာ"

"အဲဒါ. . ပြောမလို့"

"ရှင်"

ဇာဇာလျှံက ဝေခွဲမရသံဖြင့် ပြောပြီး ကိုကျော်သူ၏ မျက်နှာကို တွေပြီး ကြည့်နေရှာသည်။

"ဆရာမက အသက်ဘယ်လောက် ရှိပြီလဲဟင်"

"ဆယ့်သုံးနှစ် တစ်ရက်လျော့"

"အကောင်းမေးတဲ့ ဥစ္စာ"

"ဟင်း. . . ဟင်း"

စောစောက တွေငေးညှိုးလျှနေသော ဇာဇာလျှံ၏မျက်နှာမှာ အပြုံး ပန်းတွေ ချက်ချင်း ပွင့်ဝေလာသည်။ အသံကလေး ချိုလွင်လွင်နှင့် မပွင့် တပွင့် ရယ်မောလိုက်သည်ကိုလည်း ကိုကျော်သူက သဘောနှစ်ခြိုက် ဖြစ်မိသည်။ အလယ်တန်းပြ ဆရာမကြီးသည် တစ်ခါတစ်ခါတော့လည်း ကလေးငယ်တစ်ယောက်လို ကိုကျော်သူ့မျက်စိထဲမှာ ချစ်ဖို့ကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာဇာလျှံ၏ မျက်နှာ ဤလို ချစ်စရာအသွင်ကို နောင်သက်ဆုံးတိုင် မြင်ရတော့မည်ဟု ကိုကျော်သူက အတိုင်းမသိ ဝမ်းသာသွားသည်။

"ဘယ်လောက်ရှိမယ်ထင်လဲ"

ကိုကျော်သူက ဘာမှ မပြောသေးဘဲ သူ့မျက်နှာ ဝင်းဝင်းပပကို အားမရတမ်း စူးစိုက်ကြည့်နေသောအခါ ဇာဇာလျှံမှာ မျက်လွှာချထား လိုက်ပြန်၏။

"ကဲ. . . ပြောလေ၊ ဘယ်လောက်ရှိမယ် ထင်လဲ"

ကိုကျော်သူက သူ့မျက်နှာကို အကြာကြီး စိုက်ကြည့်နေသဖြင့် ရှက်ရွံ့နေသလို အသံနှင့် မေးနေပြန်၏။

"နေပါဦး"

"ဟင်. . . အကြာကြီး"

"မှားသွားမှာ စိုးလို့ပါ ဆရာမရယ်"

"တော်ပြီ . . . လွန်တယ်. . . ပြော"

ဇာဇာလျှံသည် သူ့ကိုယ်ကို တစ်ဖက်သို့ လှည့်ပစ်လိုက်ပြီး သူ့ရှေ့က အသီးတွေ ပြွတ်ခဲနေသော ကျွဲကောကိုင်းတစ်ကိုင်းနှင့် သူ့မျက်နှာကိုလည်း ကွယ်ဝှက်ထားပစ်လိုက်သည်။

"နှစ်ဆယ်တော့ ကျော်ရောပေါ့နော်"

"ဟုတ်ပါတယ်. . . ဘယ်လောက်ကျော်ပြီလဲ ပြောလေ"

"ဆရာမက ကျွန်တော်ထက်တော့ ကြီးမှာပါ"

"ဆရာက ဘယ်လောက်လဲ"

"ကျွန်တော်က နှစ်ဆယ့်သုံးနှစ်"

"ကျွန်မကကော ဆရာ"

"နှစ်ဆယ့်သုံးလေးနှစ်တော့ ရှိရောပေါ့"

"ဟင်း. ."

အမှန်မှာမူ ကိုကျော်သူနှင့် ဇာဇာလျှံတို့မှာ တဒင်္ဂ ကြုံတွေ့ကြပြီး တဒင်္ဂရင်းနှီးသွားကြသူတွေနှင့် လုံးဝမတူပေ။

နှစ်ရှည်လများ ရင်းနှီးလာကြပြီး. . သမီးရည်းစား ချိန်းတွေ့နေကြသလိုပင်။





သို့သော် ဤသည်ကိုပင် သူတို့နှစ်ဦးကလည်း ကြည်နူးလျက် ရှိကြသည်။

"စောစောက ပြောရဦးမယ်ဆိုတာ ဒါလား"

"မဟုတ်ပါဘူး ဆရာမ"

"မဟုတ်ပါဘူးဆိုတော့. . ဟုတ်တာက ဘာလဲလို့"

"ဪ. . . ကျွန်တော်တို့ ဆရာမတို့ဟာ တစ်ရပ်ထဲသားလဲဖြစ်၊ ရင်းနှီးပြီးသားလဲဖြစ်၊ ကျွန်တော်က ဆရာမထက်လည်း အသက်ငယ်တော့ ကျွန်တော့်ကို ဆရာ . . ဆရာလို့ မခေါ်ဖို့ ပြောမလို့ပါ"

"ဘယ်လို ခေါ်စေချင်လဲလေ၊ ဆ. . . အေး ပြောမှပေါ့"

"ကျွန်တော့် နာမည် ကျော်သူပါ"

"ကိုကျော်သူလို့ ခေါ်စေချင်တယ် ဆိုပါတော့"

"မဟုတ်ပါဘူး"

"မဟုတ်ရင်လဲ ခေါ်စေချင်တာကို ပြောပါဆိုနေ"

"ဆရာမက ကျွန်တော့်ကို ခင်တယ် မဟုတ်လား"

"မေးနေဖို့ လိုသေးလားလို့"

ဤအပြောကိုတော့ ဇာဇာလျှံက ချွဲသံလေးနှင့် ပြော၏။

"ဆရာမ ကျွန်တော့်ကိုခင်ရင် ကျွန်တော့်အိမ်က လူတွေခေါ်သလို ခေါ်ပါဆိုတာ ပြောမလို့"

"အိမ်က ဘယ်လို ခေါ်လဲ"

"ဘွားဘွားကတော့ မျောက်ရှုံးတဲ့"

"ဟင်းဟင်း. . ဟုတ်မှာပေါ့၊ ခုတောင် ကြည့်ပါလား လုပ်နေတာ"

ကိုကျော်သူက ရွှံ့မဲ့ပြောပြသည်ကို ဇာဇာလျှံက သဘာကျပြီး တခစ်ခစ်ရယ်နေသည်။

"ကဲ. . . ကိုမျောက်ရှုံးလို့ခေါ်ရမယ် ဆိုပါတော့"

"ဟင့်အင်း. . . မဟုတ်ဘူး"

"ဒို့. . ဘယ်လိုလဲ"

"မေမေတို့ ကိုကိုတို့က 'သူသူ'လို့ခေါ်တာ"

"ထားပါတော့ သူများကိုလဲ 'ဆရာမ. . . ဆရာမ'လို့ မခေါ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်ပါဘူး"

"ဘယ်လိုခေါ်မလဲ"

"ဆရာမ. . . အေး. . . နှုတ်တောင်ကျိုးနေပြီ၊ ကျွန်တော်သေ တကယ်ပြောတာ၊ ဟိုတစ်နေ့ညကပဲ နာမည်ရွေးထားတယ်"

"ဘာတဲ့"

"သူဇာလို့"

"မဆိုင်တာ"

"အိပ်ဆိုင်တာပေါ့၊ ကျွန်တော့်နာမည် ကျော်သူ၊ ဆရာမနာမည် ဇာဇာလျှံ၊ တစ်လုံးစီ ပေါင်းပြီး ခေါ်မယ်လေ"

ကျောချမှ ဓားပြမှန်းသိဆိုသလို ဤကျန်းမာရေးမှူးက သူ့ကိုချစ် ရေးဆိုနေပါလား၊ ရည်းစားစကား ပြောနေပါလားဆိုတာ ဇာဇာလျှံ ခု အတပ်သိတော့၏။

ထို့ကြောင့်လည်း ဇာဇာလျှံသည် ကိုကျော်သူအား ဝေခွဲမရသော မျက်နှာနှင့် တွေပြီး ကြည့်နေပြန်၏။

"ကဲ. . . သူဇာ ဘာပြောချင်လို့လဲဟင်"

ဇာဇာလျှံက ခေါင်းခါသည်။

"သူဇာလို့ခေါ်တာ သဘောကျပါတယ်နော်"

"မသိဘူး"

"လုပ်ပြန်ပြီ၊ ကျွန်တော်ကတော့ သူဇာပဲခေါ်မယ်၊ ကျွန်တော့်ကို တော့. . ."

"ဘယ်လို ခေါ်မလဲ"

"ဘယ်သူမှ မခေါ်သေးတဲ့ ကျော်ကျော်လို့ခေါ်"

"ကျော်ကျော်"

ဇာဇာလျှံက တိုးတိုးသာသာ ရေရွတ်ကြည့်သည်။

"ဆေးကိစ္စတောင် မမေးရသေးဘူး၊ အဆင်ပြေခဲ့တယ်မဟုတ်လား"

"ပြေပါတယ်၊ ဆရာဝန်ကြီးက ထိုးဆေးတွေ ပေးလိုက်ပါတယ်"

"မိုးချုပ်တော့မယ်လေ"

"ပြန်ချင်ရင်ပြန်ပေါ့"





"မဟုတ်ပါဘူး၊ ဘယ်ပြန်ချင်ပါ့မလဲ၊ သူဇာကသာ. . ခွင့်ပြုရင် ကျော်ကျော်က တစ်သက်လုံးတောင် သူဇာတို့ခြံထဲ နေသွားချင်တာ"

"အပိုတွေမပြောပါနဲ့"

"ဘယ်သူက အပိုတွေ ပြောနေလို့လဲ"

ဤစကားကိုတော့ ကိုကျော်သူက စိတ်ကောက်သလို လုပ်သံနှင့် ပြော၏။

"သူပြန်ချင်လို့ တမင်လှည့် . . ."

"ဆေးထိုးရဦးမှာမို့ ပြောတာပါ"

"မထိုးပါဘူး"

"ဟင်. . . ဆေးမထိုးဘူး"

ဇာဇာလျှံက ကိုကျော်သူကို လုံးဝလှည့်မကြည့်ဘဲ ခေါင်းညိတ်ပြ၏။

ဇာဇာလျှံကို ဘယ်လိုနားလည်ရမှန်းမသိသော. . ကိုကျော်သူမှာ ဇာဇာလျှံ၏မျက်နှာကိုသာ ခဏတွေကြည့်နေပြန်၏။

"သူ့ဆီဆေးထိုးရမှာကို ဇာဇာလျှံ ရှက်များနေသလား၊ တကယ်လို့များ ဆေးမထိုးဘူးဆိုရင်တော့ သူ ဆေးထိုးချင်အောင် ဘယ်လိုများ ပြောရပါ့မလဲ"ဟုလည်း တွေးနေမိသည်။

"သူဇာ"

ဇာဇာလျှံက ကိုကျော်သူ၏မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်ပြန်၏။

"ဘာလို့ ဆေးမထိုးတာ"

"မနက်က ဆရာဝန်ကြီး ထိုးပေးလိုက်ပါပြီ၊ တစ်နေ့တစ်ခါ တော် ပြီတဲ့"

"သြော်. . . ဟုတ်လား"

"ကဲ. . . အေးလာပြီ၊ သူများအိမ်ပေါ် တက်တော့မယ်၊ မှောင်လဲ မှောင်နေပြီ"

"ကောင်းပြီလေ၊ မနက်ဖြန်ညနေမှ လာခဲ့မယ်နော်"

"လာချင်. . လာခဲ့ပေါ့"

ဤမျှသာပြောပြီး ဇာဇာလျှံက အိမ်ဘက်လှမ်းထွက်သွားသောအခါတွင် မှောင်စလည်းပျိုးနေပြီဖြစ်သဖြင့် ကိုကျော်သူ ပြန်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ တိုတောင်းသောအချိန်ကလေးတွင် ဇာဇာလျှံ ဤမျှအထိ ရင်းနှီးကျွမ်းဝင်လာသည်ကိုတော့ ကိုကျော်သူမှာ ဝမ်းသာ ဖြစ်လာလေသည်။ မနက်ဖြန်လည်း ဇာဇာလျှံနှင့် ထပ်တွေ့ကြရဦးမ မဟုတ်ပါလား။

ကိုကျော်သူ၏အထင်မှာမူ ဇာဇာလျှံကို မနေ့ကလို ခြံဝ၌ ကြို တွေ့ရမည်ဟု ထင်သည်။ သို့သော် စက်ဘီးဘဲလ်ကို အကြိမ်တော် များများ တီးမိသည်ထိ ခြံတံခါးက ပွင့်မလာသေး။

ကိုကျော်သူသည် ခြံဝမှာရပ်ကာ အိမ်ဘက်သို့ လှမ်းကြည့် သည်။ ခြံဝနှင့်အိမ်ကြီးမှာ ပေတစ်ရာ့ငါးဆယ်လောက်ပင် ဝေးမည် သည်။ လမ်းကလည်း ခြံဝနှင့်အိမ်ကို တိုးလျှိုပေါက် တန်းတန်းမတ် ဖောက်ထားခြင်း မဟုတ်။ ခရုတစ်ပတ်ခွေ ဖောက်ထားသဖြင့် အိမ်ရှေ့ မမြင်သာ။ ကျွဲကော၊ သံပရာ၊ ရှောက်၊ ဆီးနှင့် တခြား သီးပင်စား တွေကလည်း အိမ်ဝကို ကာဆီးထားကြသည်။

ခြံဝက အိမ်ဘက်သို့မြင့်တက်သွားသော ခရုပတ်မြေနီလမ်းက သည် နေရောင်ခြည်ထဲတွင် လှပနေ၏။ လမ်းကလေး ဘေးနှစ်ဖက် အုတ်ခဲများကို တစ်ဝက်ခန့်မျှ မြေမြှုပ်ထောင်ပြီး ထုံးဖွေးဖွေး သုတ်ထာ သည်မှာ ရှုမငြီးစရာပင်။

လမ်းဘေးရှိ ကျွဲကော၊ ရှောက်ချိုနှင့် သံပရာပင်များ ခြေရင်း ကိုလည်း အုတ်ခဲတွေ ဝိုင်းစီ၍ ထုံးသုတ်ထားသည်။

ဦးလာဘသည် စစ်မဖြစ်မီက သူ၏ သခင်ကြီးဖြစ်သူ အင်္ဂလိပ် နှင့် အတော် လက်ပွန်းတတီး နေဖူးလေရာ ဦးလာဘ၏ ခြံဝင်းမှာ မြို့ ပြကြီးမှ အထက်တန်းလွှာ လူကုံထံတို့၏ ခြံဝင်းကဲ့သို့ပင် နေချင့်စဖွယ် ကောင်းလှသည်။

ခြံဝင်းထဲတွင် စိုက်ပျိုးထားသော သီးပင်စားပင်များနှင့် ပန်းရုံများ ကြည့်လျှင် ဘယ်လိုမှ ကျေးလက်တောရွာက အိမ်တစ်အိမ်၏ ခြံဝင်း မတူပေ။





ထို့ကြောင့်လည်း ဇာဇာလျှံတို့အဖေ ဦးလာဘသည် ဤအရပ်၌ ခင်းမူနေခြင်းပါတကားဟု ကိုကျော်သူက တွေးမိလေသည်။ မနေ့ကမူ ဇာဇာလျှံကို ခြံဝ၌ ကြို၍တွေ့ရသဖြင့် သူသည် ဇာဇာလျှံတို့၏ ခြံဝင်းကို အသေးစိတ်မကြည့်မိ။ ဝမ်းသာကြည်နူးစိတ်နှင့် ဇာဇာလျှံ၏ ရုပ်၊ ဇာဇာ လျှံ၏ အပြောအဆိုတို့၌သာ သူ့စိတ်ခန္ဓာသည် ယစ်မူးတိမ်းညွတ်နေမိခဲ့ သည်။ ပတ်ဝန်းကျင်ကို ဂရုမထားမိခဲ့။

ယခု ဇာဇာလျှံတို့ အခြေကြီးပုံကို မြင်မိ တွေးမိသောအခါ စက်ဘီး ဘဲလ်ကို အဆက်မပြတ် တီးခတ်နေရသော ကိုကျော်သူ၏စိတ်ထဲမှာ ခြံထဲဝင်ရမည်ကိုပင် ရွံ့သလို ဖြစ်နေမိသည်။

"လာချင်ရင် လာခဲ့ပေါ့"ဟု ဇာဇာလျှံ မနေ့က ပြောခြင်းမှာ သူ့ကို အရေးမစိုက်သည့် သဘောလား။ တစ်နေ့မနက်ကလို ကမ်းလွန်သာသွား ၍ ဆရာဝန်ကြီးဆီမှာ ဆေးထိုးပြီးလာလေပလား။ မနေ့က ဆရာဝန်ကြီး ဆီက ထိုးဆေး စားဆေး တစ်လစာပေးလိုက်သည်ကို သူ့အား လုံးဝ မပြ သပေ။ "လိုက်ကြည့်ပါဦးလား"ဟုပင် အိမ်ပေါ်သို့ မခေါ်ခြင်းတို့မှာ ဤအကြောင်းတွေကြောင့်လား။

ကိုကျော်သူမှာ လားပေါင်းများစွာတွေးရင်း ဝမ်းနည်းအားငယ်လာမိ သည်။ သို့သော် မနေ့ညနေက ဇာဇာလျှံနှင့် သူနှင့် ပြောဆိုခဲ့ကြသော စကားများကို ပြန်တွေးမိပြန်လျှင် အားတက်ဝမ်းသာစရာ၊ ကြည်နူးချမ်း မြေ့စရာ၊ တစ်သက်မမေ့နိုင်စရာပင်။

ထိုစဉ် အိမ်ရှေ့ရှောက်ချိုဘေး လမ်းကွေ့မှ အမျိုးသမီးတစ်ယောက် ဘွားခနဲပေါ်လာ၏။

ကိုကျော်သူ၏ရင်ထဲမှာ ရုတ်တရက် ဝမ်းသာသွားပြန်သည်။ ခြံဝသို့ ဆင်းလာသူမှာ ဇာဇာလျှံမဟုတ်ဘဲ လဆုတ်ရက်နေ့က တွေ့ရသော အမျိုးသမီး ဖြစ်နေပြန်သည်။

ကိုကျော်သူ့ရင်ထဲမှာ ချက်ချင်းထိတ်သွားရပြန်၏။

"ဆရာမ ရှိပါလား အစ်မရယ်"

"ရှိပါတယ်ရှင်၊ ဝင်ခဲ့ပါ"

အမျိုးသမီးက တံခါးလာဖွင့်ပေးရင်းပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူသည် စက်ဘီးကိုတွန်းကာ အိမ်ကြီးရှိရာသို့ ခရေပတ် လမ်းအတိုင်းတက်လာသည်။

ဇာဇာလှိုင်တို့ အိမ်ကြီးကို သေသေချာချာ အကဲခတ်ကြည့်မိသော အခါ ပို၍အံ့ဩရပြန်သည်။

အိမ်ကြီးမှာ ဤဒေသ၏ တောအိမ်တို့၏ သဘာဝအတိုင်း ခြေတံ ရှည်ဖြစ်သော်လည်း အဆောင်တွေက များလှသည်။ ပြီး ဒေသခံလူတွေ၏ အိမ်နှင့်လုံးဝမတူဘဲ အင်္ဂလိပ်တွေ ဆောက်လုပ်နေထိုင်လေ့ရှိသော အိမ်အတိုင်းပင်တည်း။

"ကြီးကြီးရော၊ ဇာဇာရော အိမ်ပေါ်မှာ ရှိပါတယ်ရှင်၊ အိမ်ပေါ်ကြွ ပါ"

ကိုကျော်သူ အိမ်ရှေ့ဆင်ဝင်ထဲ၌ တွေပြီးရပ်နေစဉ် စောစောက အမျိုးသမီးက လာပြော၏။

"ဟုတ်ကဲ့"

"ဩော်. . . လာကွယ်၊ ထိုင်ပါ. . ထိုင်ပါ"

ဇာဇာလှိုင်တို့ အမေက သူ့ကိုမြင်သောအခါ လှိုက်လှိုက်လှဲလှဲ ဖိတ် ခေါ်စကားဆိုသည်။

ကိုကျော်သူမှာ စောစောက မဝံ့မရဲ ဖြစ်နေသော စိတ်တွေ လွင့် ပြေးသွားပြီး ချက်ချင်းဝမ်းသာသွားမိပြန်သည်။

"သမီးရယ်. . . ဆရာ လာတယ်ဟေ့"

"ဟုတ်ကဲ့. . . မေမေ"

သူ့အမေ၏ ခေါ်သံအဆုံးမှာ ဇာဇာလှိုင်၏ အသံကိုလည်း ကြား လိုက်ရသည်။

"မင်းလာမယ်ပြောလို့ အဒေါ်တို့က မျှော်နေတာ၊ ကမ်းလွန်သာကို တစ်နေ့တစ်ခေါက်သွားရတာ လွယ်တာမဟုတ်ဘူး၊ ပြီးတော့ သမီးက ဓာတ်ဆီနံ့ နံ့ရင်မူးတယ်၊ ခုလို လာကူညီတာ ကျေးဇူးတင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဆရာဝန်ကြီးနဲ့ မင်းနဲ့လဲ ရင်းနှီးကြတော့ သိပ်ဟန်ကျတာပေါ့"

"ဟုတ်ကဲ့"





သူ့အမေကို အလိုက်သင့် စကားခံပြောနေရသော်လည်း ကိုကျော် သူ၏မျက်လုံးအစုံမှာ ဇာဇာလှိုင် ထွက်လာမည့် အခန်းဘက်ဆီသို့သာ ရောက်နေလေသည်။

"သူဇာ နေကောင်းတယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့ ကောင်းပါတယ်"

ကိုကျော်သူ၏ စကားကို သူ့အမေက အံ့ဩသွားသည်။

သူ့သမီးအား "သူဇာ"ဟု ကိုကျော်သူက ခေါ်လိုက်ခြင်းကို ဒေါ်ဇာ လီမေက နားမလည်ပေ။ အမှန်ပင် ဒေါ်ဇာလီမေသာ မဟုတ်၊ ရုတ်တ ရက်မို့ ဇာဇာလှိုင်ကပါ အံ့ဩသွားသည်။ ကိုကျော်သူသည် ဤမျှထိ ရဲတင်း လိမ့်မည်ဟု မထင်ခဲ့။ ယခု သူ့ကို သူ့အမေရှေ့၌ပင် သူဇာဟု ခေါ်လိုက် သောအခါ ဇာဇာလှိုင်မှာ မျက်နှာမထားတတ်အောင်ပင် ဖြစ်သွားမိသည်။

အမှန်က ကိုကျော်သူအနေမှာလည်း ရုတ်တရက် သတိလစ်ပြီး ထွက်ခနဲ ထွက်သွားမိသော စကားသာ။ သူ့ပါးစပ်ထဲက "သူဇာ"ဆိုသည့် စကားထွက်သွားပြီးမှ သူ မှားသွားပြီဆိုသည်ကို သတိရမိသည်။

သို့သော် ပြန်ပြင်၍ မရတော့။

မည်သို့ဖြစ်သည်မသိ၊ သူသည် ဇာဇာလှိုင်ကိုတွေ့လျှင် အားလုံးကို မေ့၍ သတိလစ်မတတ်ပင် ဖြစ်နေတတ်သည်။ လူမမာကို ဆေးကုပေးရန် လာသူက ယခုတော့ သူ့မှာ လူမမာကြောင့် သတိလစ်တတ်နေပြီ။

"သူဇာဆိုတာ သမီးကို ပြောတာလား"

"ဟုတ်. . ဟုတ်ကဲ့ခင်ဗျ၊ ဩော်. . ရုတ်တရက်ဆိုတော့ ဒေါ်ဒေါ် အံ့ဩသွားတယ်ထင်တယ်၊ ဒီလိုပါ ဒေါ်ဒေါ်၊ ဇာဇာလှိုင့်ကျောင်းနာမည်က သူဇာပါ။ ကျွန်တော်တို့ ကမ်းလွန်သာမှာ ကျောင်းနေတုန်းကပဲ နှုတ်ကျိုး နေလို့ပါ"

ကိုကျော်သူက ဇာဇာလှိုင်တို့အမေကို လိမ်ပြောလိုက်သည်။

တကယ်တမ်းဆိုလျှင် ဇာဇာလှိုင်နှင့် သူသည် အသက်အရွယ်ချင်း လည်းကွာသည်။ ကျောင်းကလည်း ဇာဇာလှိုင်နေရသော ခရစ်ယာန် သာသနာပြု မိန်းကလေးကျောင်းနှင့် သူနေခဲ့ရသော အမျိုးသားအထက တန်းကျောင်းမှာ မည်သို့မျှ ပတ်သက်စရာ မရှိ၊ တခြားစီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှလည်း ဆက်စပ်မှုမရှိ။ သူသည် ဆယ်တန်းကို အသ
(၂၀)မှအောင်သည်။ သူ ဆယ်တန်းအောင်သောနှစ်က ဇာဇာလျှံသ
ဆရာမ လုပ်သက်ပင် သုံးလေးနှစ် ရှိနေလေပြီ။

ဇာဇာလျှံမှာ ဆယ့်ရှစ်နှစ်သမီးကပင် ဆယ်တန်းအောင်ပြီး ကျော
ထွက်ခဲ့ခြင်း ဖြစ်သည်။ ယခု ဇာဇာလျှံအသက်က (၂၆)နှစ်။ ကမ်းလွန်သ
မြို့မှာတုန်းကလည်း ဇာဇာလျှံကို သူတစ်ခါမျှ မတွေ့ဖူး မမြင်ဖူး။ တွေ့
မြင်ကြလျှင်လည်း သူ့လိုဗရုတ်ကလေးကို ဇာဇာလျှံလို အထက်တ
ကျောင်းသူကြီးက သတိပြုမိမည် မဟုတ်ပေ။

သို့သော် ညကတစ်ညလုံး ဇာဇာလျှံအကြောင်းကို တွေးကာ "သူ
သူဇာ"ဟု တတွတ်တွတ် ခေါ်နေခဲ့သော သူပါးစပ်သည် ဇာဇာလျှံကိုတွေ့
ရသောအခါ သတိလွတ်ပြီး သူ့အမေရှေ့၌ပင် နှုတ်ကျိုးသွားလေပြီ။

သည်တော့ မထူးဘူးဟူသော အတွေးနှင့် ကိုကျော်သူက ဇာဇာ
အမေကို ဆက်ပြီး ဖြီးတော့သည်။

"ဪ. . ဟုတ်လား၊ အဒေါ်က မင်းတို့ အရင်က မသိကြဘူးထ
နေတာ"

"သိပါတယ် ဒေါ်ဒေါ်၊ ဟိုတစ်နေ့တုန်းက သူဇာ နေမကောင်း
ကျွန်တော့်ဆီ ရောက်လာကတည်းက သူဇာနဲ့ ကျွန်တော် သိပါတယ်
ကျွန်တော် ဒေါ်ဒေါ့်ကို ပြောသားပဲ"

"အေးကွယ့်၊ မင်းက ဆရာမကို သိပါတယ်သာပြောတော့ ရင်း
ကြတယ်မှ အဒေါ်က မထင်တာ၊ ဒါနဲ့များကွယ် ရောက်စက လာမလည်
ဘူး"

"လာလည်ချင်ပါတယ် ဒေါ်ဒေါ်၊ ဒါပေမယ့် သူဇာက အင်္ဂလိ
မယ်သီလကျောင်းထွက်ဆိုပြီး သိပ်ဘဝင်ကိုင်တာ၊ ကျွန်တော်တို့ အမျိ
သားကျောင်းသားတွေကို သူတို့ကျောင်းက သိပ်နှိမ်တာ"

"ဪ. . . ဟုတ်လား ဟားဟား. . မင်းတို့ကျောင်းဘော်က ရှ
နဲ့ကိုး"

"မဟုတ်ဘူး မေမေ၊ အလကား သူလိမ်ပြောနေတာ"

"ဘာမဟုတ်တာလဲ၊ အနာပေါ်တုတ်ကျလို့ မဟုတ်လား"





ဇာဇာလျှံက မျက်စောင်းချိတ်၍ အပြောကို ကိုကျော်သူတလည်း
သူ့အလိမ်ပေါ်မှာစိုး၍ အတင်းပြန်ပြော၏။

ဇာဇာလျှံတို့အမေမှာ တကယ်ထင်ပြီး ရယ်နေလေသည်။

"ကဲ တော်ကြပါတော့ကွယ်၊ ဪ. . . ဒါနဲ့ မင်းနာမည်က မောင်
ကျော်သူနော်"

"ဟုတ်ကဲ့ခင်ဗျ"

"မရွှေအိမ်သူရဲ့ သားထွေးဆို"

"ဟုတ်ကဲ့"

"အေး. . . မင်း ဒီရောက်စကပဲ မင်းသတင်းတွေ ဒေါ်ဒေါ်တို့ကြား
ပါတယ်၊ သီတင်းကျွတ်တုန်းကလဲ မီးပုံးပျံလွှတ်အပြီး ကျောင်းရှေ့က
တွင်းမှာ မင်း မျက်လှည့်ပြသေးတယ်ဆို"

"ဟဲ. . . ဟဲ၊ ဟုတ်ကဲ့ခင်ဗျ"

ကိုကျော်သူက ရှက်ရှက်နှင့် ဇာဇာလျှံ အမေကိုကြည့်ပြီး ရယ်ရယ်
မောမော ပြန်ပြောရသည်။

ကိုကျော်သူမှာ ပင်ကိုအားဖြင့် ပျော်ပျော်နေတတ်သူဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့က မီးပုံးပျံလွှတ်ကြသည်။ မီးပုံးပျံလွှတ်
အပြီးမှာ သူက ကလေးတွေကို စုခေါ်ပြီး မျက်လှည့်ပြသည်။

သူ့မျက်လှည့်မှာ အထူးကြီး အဆန်းကြီးတော့ မဟုတ်။

အစဦးဆုံး စီးကရက်တစ်လိပ်ကို လက်ထဲတွင် ဖျောက်ပြ ဖော်ပြ
သည်။ နောက် ငွေစွပ်ကြုတ်လေးကို ပါးစပ်ထဲ မျိုချပြပြီး ဖင်ကထုတ်ပြ
သည်။ ဤသည်ကို ကလေးများက သဘောကျ၍ တသောသော ရယ်မော
ပြီးလက်ခုပ်တီးကြလေရာ လူကြီးတွေပါ ဝိုင်းလာပြီး သူ့မျက်လှည့်ပွဲမှာ
အတော်စည်ကားသွားသည်။

နောက်ဆုံး ကိုကျော်သူသည် ကြိုတင်ဖမ်းပြီး ပါးစပ်ကိုအပ်ချည်
ကြိုးအနက်နှင့် ချုပ်ထားသော ဖွေ့ဘစ်ကောင်ကို သေတ္တာထဲက ဆွဲထုတ်
ပြီး တကယ့်မျက်လှည့်သမားကြီးဟန်နှင့် -

"ဟိုက်. . . အပ်ချုလောင်း၊ အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှ
စုန်းတစ္ဆေ ကဝေမင်စာ၊ မာတရာယကျိုက်အားလုံး ရှောင်ကြသွားကြ၊



www.burmeseclassic.com

www.burmeseclassic.com



ငါဆရာ ဘာမှမကြောက်၊ မောက်လုံး၊ မောက်ပြား၊ အားလုံး ငါ့မယားချည်းပဲ၊ ဦးဖွ ငါကားဘာမှမကြောက်၊ ငါကြောက်တာက ကြတ်ပြိုးမှာပဲ ကြောက်တယ်"ဟုပြောပြီး မြွေကို လည်ပင်းဆွဲထုတ်ပြ၏၊ ပါးစပ်နှင့် ငုံပြ၏။ သူ့ကိုယ်ပေါ် တင်ပြ၏။

တောကလူတွေမှာ လက်လှည့်ဖြစ်သော စီးကရက်နှင့် ငွေကြုတ်လေး လှည့်ပြသည်ကိုပင် သဘောကျနေကြလေရာ ယခု ကိုကျော်သူက တကယ့် မျက်လှည့်သမားကြီးဟန်နှင့် မြွေမျိုပြဦးမည်ဆိုတော့ အစကလန့်သွားကြသည်။ အထင်လည်း ကြီးသွားကြသည်။ တကယ့်မြွေကို လည်ပင်းဆွဲပြ ပါးစပ်ထဲငုံပြသောအခါ ဤကျန်းမာရေးမှူးသည် တကယ့် မျက်လှည့်ပညာနှင့် မှော်အတတ်လည်း တတ်ပါလားဟု အံ့သြသွားကြသည်။

သူတို့ အလွန်ကြောက်ကြသော မောက်လုံး၊ မောက်ပြား၊ စုန်းမတွေကိုပင် ဆဲဆိုပြီး ပြပြန်သောအခါ ကိုကျော်သူကိုကြည့်ပြီး ကြက်သီးထသူတွေက ထကြသည်။ မောက်လုံး မောက်ပြားကိုလည်း သူ မကြောက်၊ ကြတ်ပြိုးမှာပဲကြောက်သည်ဆိုတာကိုလည်း သူတို့က ရုတ်တရက်သဘောမပေါက်ကြဘဲ တကယ်ကြတ်ပြိုးမှာတော့ သူ ကြောက်သည်ဟု ထင်နေကြသည်။

နောက်ဆုံးမှ ကိုကျော်သူက. . .

"ကဲ ကြတ်ပြိုးမှာကိုကော ခင်ဗျားတို့ မကြောက်ကြဘူးလား"

"ကြောက်ပါတယ်. . . ကြောက်ပါတယ်"

ကလေးတွေက ဝိုင်းအော်ကြသည်။

"ကဲ ကြောက်ရင်နောက်ဆုတ်ကြ၊ ကြတ်ပြိုးတော့မယ်"

လူအုပ်က နောက်သို့ ရှဲသွားကြသည်။

"ကြတ်ပြိုးမယ်ဆိုတာကော ခင်ဗျားတို့ သိကြရဲ့လား"

"မသိပါဘူး ဆရာ"

"မသိရင် ခင်ဗျားတို့ သေသေချာချာ မှတ်ထားကြ၊ ကြတ်ပြိုးဆိုရင်ကြိုးပြတ်တာပေါ့ဗျ၊ ဒီမြွေပါးစပ်ကို ကျုပ် အပ်ချည်ကြိုးအနက်နဲ့ချုပ်ထားတယ်၊ အဲဒါကြောင့် မောက်လုံး မောက်ပြား ကျုပ် မကြောက်ဘူး၊ ကြတ်ပြိုးမှာပဲ ကြောက်တယ်လို့ ပြောတာ"





ကိုကျော်သူ ဖွင့်ပြောမှ သဘောပေါက်သွားကြသော မင်းရွာကလူတွေမှာ သဘောကျ၍ အူနှိပ်ရယ်ကြသည်။

"အဲ. . . ခင်ဗျားတို့ ရယ်မနေကြနဲ့ဦး၊ မြွေဆိုရင် ဘယ်မြွေမဆို ကိုက်ရင်နာမယ်၊ အထူးသဖြင့် အဆိပ်ရှိတဲ့မြွေဆို သေမယ်၊ ခု ခင်ဗျားတို့ ကောက်ရိတ်ရာသီ ရောက်လာပြီ၊ မြွေဆိုးတွေ ကိုက်ရင် ဘယ်ပယောဂဆရာ၊ ဘယ်မြွေအလမ္ပာယ်ဆီမှ သွားမကုကြနဲ့ ကျုပ်ဆီကိုပဲလာကြ၊ ဘယ်အမှောင့်ပယောဂမှလဲ မကြောက်ကြနဲ့ ကျုပ်က မောက်လုံး၊ မောက်ပြားတောင် မယားလုပ်တဲ့ ကောင်၊ ကျုပ်ဆီမှာ ဘီပီအိုင်က အစိုးရပေးထားတဲ့ မြွေဆိပ်ဖြေဆေးတွေရှိတယ်၊ လာကုကြပါလို့ ကျုပ်လယ်သမားဦးကြီးများကို မေတ္တာရပ်ခံပါတယ်"

ကိုကျော်သူက သူ့မျက်လှည့်ပွဲကို ဤတွင် အဆုံးသတ်လိုက်လေရာ ရွာသူရွာသားတွေမှာ ကိုကျော်သူကို ကြတ်ပြိုးဆရာဟုဝင် ကင်ပွန်းတပ်လိုက်ကြလေသည်။

ကိုကျော်သူ ဤသို့ မျက်လှည့်ပွဲပြရသည်မှာ ရှေးဟောင်းအယူအဆ အစွဲအလမ်းနှင့် အလိမ်အညာသမားတွေကို တကယ်ထင်ပြီး အကြောက်ကြီးကြောက်ကြသော ရွာသူရွာသားတွေ အစွဲအလမ်း ကျွတ်ကြပါစေဟူသောရည်ရွယ်ချက်ပါသည်။

တစ်ဖက်ကလည်း ကျန်းမာရေးမှူး စည်းရုံး ရေးဆင်းထားခြင်းဖြစ်သည်။

ဤသည်ကိုပင် ယခု ဇာဇာလျှံတို့အမေက စကားစလာသောအခါ ကိုကျော်သူမှာ ရှက်ရှက်နှင့်ရယ်မောနေမိသည်။

ကိုကျော်သူရယ်သောအခါ ဤသတင်းကိုကြားထားသော ဇာဇာလျှံကလည်း လိုက်ရယ်လေသည်။

"မင်းပြတဲ့ မျက်လှည့်ပြပွဲ အကြောင်းလေ၊ ခုထိ ကလေးတွေက ပြောမဆုံး ဖြစ်နေတယ်"

"ဟုတ်ကဲ့. . ကျွန်တော် ကလေးတွေ ပျော်ရွှင်လာအောင် ရှေးဟောင်းအယူသီးမှုတွေ ပျောက်အောင်ဆိုပြီး သက်သက်နောက်ပြတာပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ့်၊ အဒေါ်တို့ကတော့ မင်းသတင်းကြားပြီး အဲဒီတုန်းက ရယ်နေရတာ"

ဇာဇာလျှံ အမေ့မျက်နှာတွင် ယခုထိ အပြုံးရိပ်တွေ လွှမ်းနေခြင်းမှာ ကိုကျော်သူ၏ မျက်လုံးပွဲကို ထောက်ခံလျက် ရှိတုန်းပင်တည်း။

"အဲဒါနဲ့ မင်းအသက် ဘယ်လောက်ရှိပလဲ"

"နှစ်ဆယ့်ခြောက်နှစ် ခင်ဗျာ"

သူ့အသက်ကို မေးခြင်းမှာ သူ့သမီးနှင့် သူနှင့် ကမ်းလွန်သာဖြ ကျောင်းနေစဉ်ကပင် သိကြသည် ဆိုခြင်းကို သံသယရှိသဖြင့် မေးသည် ဤသည်ကို ကိုကျော်သူက ရိပ်မိ၍ အသက်လိမ်ပြောရခြင်း ဖြစ်၏။

"ဟုတ်လား သမီးနဲ့ အသက်အတူတူပဲ၊ မင်း မျက်နှာကြည့်ရတာ သိပ်နုတာပဲ၊ ပျော်ပျော်နေတတ်လို့နဲ့ တူတယ်နော်. . ဟင်း ဟင်း"

ဒေါ်ဇာလီမေက ရယ်ပြီးပြောသောအခါ ကိုကျော်သူမှာလည်းလိုက် ရယ်နေရ၏။ သို့သော် သူ့အလိမ်ပေါ်သွားမှာ စိုးသဖြင့် ကိုကျော်သူ စကားဖြတ်လိုက်သည်။

"သူ့ဇာ ဒေါက်တာပေးတဲ့ဆေးတွေ ပြပါဦး၊ ဆေးထိုးမယ် မဟုတ် လား"

"ဟုတ်သားပဲ. . စကားကောင်းနေကြတာနဲ့၊ ထိုးရမှာပေါ့ကွယ် ဆရာဝန် ညွှန်ကြားထားတာပဲ၊ ကဲ. . . သမီးဆေးတွေ ပြလိုက်ပါဦး"

ဇာဇာလျှံသည် ရုတ်တရက် ထသွားပြီး ဆရာဝန်ကြီး ဦးသာထွန်း ပေးလိုက်သော ဆေးတွေကို ထုတ်ပြသည်။

ကိုကျော်သူက ဇာဇာလျှံကို သူ့အမေရှေ့၌ပင် ဆေးထိုးပေး၏။ ဇာဇာလျှံကို ဆေးထိုးပေးပြီးသောအခါ သူ့အမေက . . .

"ကဲ. . ထိုင်ပါဦး" ဆိုသဖြင့် ထိုင်ရပြန်သည်။

"မောင်ကျော်သူ ထမင်းစားသွားကွယ်"

"ဟာ. . . နေပါစေဒေါ်ဒေါ်၊ ကျွန်တော် မိုးချုပ်မှ စားတတ်လို့ ဆာလဲမဆာသေးပါဘူး ခင်ဗျာ"

"မင်း ထမင်း ဘယ်မှာစားလဲ၊ အိမ်ကတော့ လှမ်းသား၊ စက်ဘီး ဆိုတော့ နီးပါတယ်လေ"





"ဟုတ်ကဲ့၊ ကျွန်တော် ကားဂိတ်က ဆိုင်မှာပဲ စားပါတယ်"

"ဆိုင်မှာဆိုတော့ အစားဆင်းရဲမှာပေါ့နော်"

"ကျွန်တော်ကတော့ အနေကျနေပါပြီ ဒေါ်ဒေါ်"

"ကဲ. . . ကော်ဖီသောက်လိုက်ဦးကွယ်၊ မင်း စကားကောင်းတာနဲ့ အဒေါ်တောင် ဧည့်ဝတ်မကျေမိဘူး"

ဒေါ်ဇာလီမေသည် ဓာတ်ဘူးထဲက ကော်ဖီကို ငှဲ့လိုက်၏။ ဒေါ်ဇာ လီမေ တိုက်သော ကော်ဖီနှင့်ဘီစကွတ်ကို စားသောက်ရင်း ကိုကျော်သူက ဇာဇာလျှံတို့ အိမ်အခြေအနေကို အကဲခတ်ကြည့်ကာ တွေးနေမိသည်။

ဒေါ်ဇာလီမေက သူ့စကားကောင်းနေသဖြင့် ကော်ဖီတိုက်ဖို့ မေ့နေ သည်ဆိုခြင်းမှာ ပရိယာယ်နှင့်ပြောခြင်းသာ ဆိုသည်ကိုတော့ ကိုကျော်သူ ရိပ်မိသည်။ စောစောပိုင်း သူရောက်စက သူ့ရှေ့က ခုံပေါ်တွင် ဘာမှ မရှိပေ။ သူ ဇာဇာလျှံကို ဆေးထိုးပေးပြီး ပြန်ထိုင်မှ ဤခုံပေါ်သို့ ကော်ဖီ၊ မုန့်နှင့် လက်ဖက်ရည်ကြမ်းအိုး၊ ငါးခြောက်ဖုတ်တို့ ရောက်လာခြင်းဖြစ်၏။

"မင်းလခကော ဘယ်လောက်ရလဲ၊ အမေတို့ကို ပေးရဲ့လား"

"အို. . . အမေကလဲ သူများကိုယ်ရေးကိုယ်တာ မမေးရဘူးလေ အမေရယ်"

သူ့အမေနှင့် ကိုကျော်သူတို့ ပြောနေကြသည်ကို တစ်ချိန်လုံးငေး ကြည့်ကာ ငြိမ်ထိုင်နေသော ဇာဇာလျှံက ဤတစ်ခါတော့ သူ့အမေကို လှမ်းတားသည်။

"အမေက မောင်ကျော်သူကို ကိုယ့်တူကိုယ့်သားလို ခင်လို့မေးတာ ပါသမီးရယ်၊ ဒါကို မောင်ကျော်သူကလဲ သဘောပေါက်မှာပါ၊ ရိုင်း တယ်တော့ မထင်ပါဘူးကွယ်နော်၊ မင်းက သမီးနဲ့လဲ ရင်းနှီးပြီးသား ဆိုတော့ အဒေါ်ကလဲ ရင်းနှီးတဲ့ သဘောနဲ့ မေးတာပါ"

"ဟုတ်ပါတယ် မေးနိုင်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်ကလဲ ရင်းရင်း နှီးနှီး ပွင့်ပွင့်လင်းလင်းမှ ကြိုက်ပါတယ်"

"ဒါပေါ့ကွယ်၊ မင်းတို့ အဒေါ်တို့က တစ်ရပ်ထဲ တစ်နယ်ထဲက လူတွေပဲ၊ အဲဒါကြောင့်လဲ အဒေါ်က မေးတာပါ၊ သူ့စိမ်းဆို ဘယ်မေးပါ့ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော့်လခက သူဇာတို့လောက်ပဲ ရပါတယ်"

"ဒီလိုဆို မင်းအမေကို တစ်ရာလောက်တော့ပေးနိုင်တာပေါ့"

"ဟုတ်ကဲ့ ပေးပါတယ်"

"မင်းသူငယ်ချင်း သူဇာ့လခတော့ ဒေါ်ဒေါ်တို့က မယူပါဘူး လခ သူဝတ်သူစားပဲ၊ တစ်လတစ်လ ဝယ်ဖတ်လိုက်ရတဲ့ စာအုပ်တွေ ဟိုမှာသာ ကြည့်တော့၊ အဲဒါက အကုန် မဟုတ်သေးဘူး၊ သူ ကျောင်း ကြည့်တိုက်လှူထားတာက အဲဒါ သုံးလေးဆထက်များတယ်"

ဒေါ်ဇာလီမေပြောမှ ကိုကျော်သူက ကြည့်မိသည်။ ဘုရားကျော ဆောင်အခန်းဘေး နံရံတွင် စင်နှင့်သပ်သပ်ရပ်ရပ် တင်ထား စာအုပ်တွေမှာ ထောင်ချီ၍ရှိမည်ဟု ထင်သည်။ တောကျောင်းဆရာ တစ်ယောက် အခြေအနေနှင့် ဤမျှ စာဖတ်သည်ကိုတော့ ချီးကျူး အံ့ဩရပေ၏။

"စာဖတ်ဖို့တော့ ကျွန်တော်လဲ ဝါသနာပါပါတယ်၊ နောက်မှ သူ ဆီက စာအုပ်တွေ ငှားဖတ်ရဦးမယ်"

ဤစကားမှာလည်း ကိုကျော်သူ၏ အလိမ်အညာစကား၊ အလို အထိုက်ပြောရသော စကားသာ။ အမှန်မှာမူ သူသည် စာဖတ်ဖို့ ဝါသ မပါပေ။

အထူးသဖြင့် ခေတ်ပေါ်ဝတ္ထုဆိုလျှင် ပို၍ မဖတ်သူပင်တည်း။

"မငှားပါဘူး၊ သူများငှားဖို့ ဝယ်ထားတာမှ မဟုတ်တာ"

ဇာဇာလျှံက ရယ်ပြီး ဝင်ပြောသည်။

"ကျော်ကျော်ကတော့ မငှားလဲ အတင်းယူမှာဗျ၊ ဟဲ. . . ဟဲ"

"ကျော်ကျော်ဆိုတာ ဘာ. . ."

"ကျွန်တော့်ကို ကျောင်းမှာခေါ်တဲ့ နာမည်ပါ ဒေါ်ဒေါ်"

သူ့အမေက ဝင်မေးသည်ကို ကျော်သူက အတည်ပေါက်လုပ်ပြော နေပြန်သဖြင့် ဇာဇာလျှံက ကို က်သူ့ကို မျက်စောင်းထိုးသည်။

"ကဲ. . . ကိုကြက်တော မိုးချုပ်နေပြီ မပြန်သေးဘူးလား"

"အိမ်ရှင်ကနှင်ရင်လဲ ပြန်ရမှာပေါ့၊ ကဲ. . . ဒေါ်ဒေါ်၊ သူဇာ တော့နှင်နေပြီ ပြန်မှပဲ"





"မိုးချုပ်ပေမယ့် အရေးမကြီးပါဘူးသမီးရယ်၊ မောင်ကျော်သူက ကောက်လုံး၊ မောက်ပြားလဲ ကြောက်တာမှမဟုတ်တာ၊ သူကြောက်တာက တ်ပြီးမှာပဲတဲ့၊ ဟဲဟဲ. . . ."

သူမျက်လှည့်ပြသည့် အကြောင်းနှင့် ဒေါ်ဇာလီမေက နောက်သော ါ ကိုကျော်သူမှာ ကိုယ့်လုပ်ရပ် ကိုယ်ပြန်သတိရပြီး ရယ်ရပြန်၏။

"ကဲ. . . ကျွန်တော့် ခွင့်ပြုပါဦးဒေါ်ဒေါ်၊ သူဇာ. . ကျော်ကျော် န်မယ်နော်"

"သမီးပြောလို့ တကယ်ပြန်တာလားကွယ့်"

"ဟာ. . . မဟုတ်ပါဘူးဒေါ်ဒေါ်၊ မနက်ဖြန်ပဲ ကျွန်တော်မြစ်နား ချိန်ချောင်းရွာဘက် နယ်လှည့်ထွက်ရဦးမှာမို့ပါ၊ ကျွန်တော်တို့ အလုပ် သူရက်ပတ်နဲ့သူ ရွာနီးချုပ်စပ်တွေကို လှည့်ရပါတယ်"

ဤစကားမှာလည်း ကိုကျော်သူ မုသားပြောခြင်းသာ။ ကျန်းမာရေး ားခန်းဝန်းကျင်ရှိ ရွာနီးချုပ်စပ်တွေကို ကျန်းမာရေးမှူး အနေက ရွာစဉ် ည့်ရသည်တော့ ရှိပါ၏။ သို့သော် ရက်ပတ်က မစေ့သေးပေ။

"ရွာတွေ လှည့်ရမယ်ဆိုတော့ ကျော်ကျော် မနက်ဖြန်လာနိုင်ပါ့ လား"

ဤသည်ကိုပင် တကယ်ထင်၍ သူဇာက စိုးရိမ်သံနှင့်မေး၏။

ကိုကျော်သူမှာ ဇာဇာလျှံကို သနားသွားမိသည်။ လူလိမ်ပြောသည် ကို ဇာဇာလျှံသည် မရိပ်မိပါတကား။ တကယ်ထင်သွားပါလား။

"လာနိုင်ပါတယ်၊ ညနေ သုံးလေးနာရီဆို ပြန်ရောက်မှာပါ"

"အေးကွယ့်၊ မမောပန်းရင်တော့ လာဖြစ်အောင် လာခဲ့ပါဦး၊ အပြန် မှာ ထမင်းစားပေါ့"

"ဟာ. . . ထမင်းတော့ မလုပ်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်က ထမင်းစားလဲ အချိန်မမှန်တော့ အားနာဖို့ ကောင်းပါတယ်"

"အားနာရမယ့်လူတွေ ကျနေတာပဲ"

ဤစကားကိုတော့ ဇာဇာလျှံက စိတ်ကောက်သလိုနှင့် နှုတ်ခမ်းစူ ပြီးပြောသည်။

သူ့အမေကလည်း "ဟုတ်သားပဲကွယ်"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ ဤနေ့လည်း ကိုကျော်သူသည် အပျော်ကြီးပျော် ဇာဇာလျှံတို့အိမ်က နေဝင်ရီတရောမှ ပြန်လာဖြစ်သည်။

ဇာဇာလျှံတို့အမေနှင့် ဇာဇာလျှံတို့ အိမ်ပတ်ဝန်းကျင်မှာ မ မသိ,မကျွမ်းခင်ကသာ စိမ်းပြီး သူတို့အိမ်ထဲဝင်ရမှာ၊ စကားပြော မဝံ့သလို အားငယ်သလို ဖြစ်မိသော်လည်း တကယ် တွေ့ရဆက် သောအခါမှာမူ ကိုကျော်သူအတွက် ပျော်ရွှင်ချမ်းမြေ့စရာချည်းပင်တည်

▮

သည်ကနေ့တော့ ဇာဇာလျှံကို ခြံဝန်းပင် အဆင်သင့်တွေ့ရသ

ကိုကျော်သူက ဇာဇာလျှံကို ဦးဆုံးပြုံးပြ၏။ သို့သော် ဇာဇာလျှံ ခပ်တည်တည်ပင် လုပ်နေသောအခါ သူ့နောက်တွင် တစ်စုံတစ်ယော များရှိနေသလားဟု ကိုကျော်သူက အကဲခတ်သည်။

သူ့နောက်နား ပတ်ဝန်းကျင်တွင် မည်သူ တစ်ဦးတစ်ယောက်မျှ ကိုကျော်သူ မမြင်ရ။ သည်တော့ ကိုကျော်သူက ရင်မောချင်လာပြန်သည်

"ဘယ်သူ့ကို တွေ့ချင်လို့ပါလဲရှင်"

ဇာဇာလျှံ၏စကားက ကိုကျော်သူ၏ရင်ကို ပိုရှဲ့ဟာသွားစေသည်

"ဘယ်သူ့ကို မေးတာလဲ"

"ရှင့်ကို မေးနေတာ"

ဇာဇာလျှံသည် ချက်ချင်း ခြံတံခါး ဖွင့်မပေးသေးဘဲ ကိုကျော်သူ ခပ်တည်တည်ပင် မေးနေ၏။ စကားကသာ တည်သော်လည်း သူ့မျက်နှာ ကမူ ရယ်တော့မလို မဲ့တော့မလို လုပ်ထားသည်။

သူ့လက်တစ်ဖက်နှင့် ခြံစည်းရိုးဘောင်ကို ယီးလေးခိုတွဲကိုင်ကာ သူ့ကိုယ်လုံးလျလျလေးကိုလည်း နွဲ့နွဲ့လေးလုပ်ထားသည်။

အစကတော့ အသိရခက်သော ဇာဇာလျှံပါလားဟု တွေးကာ ဝမ်းနည်းအားငယ်သလို ဖြစ်သွားမိသည်။

နောက်မှ ဇာဇာလျှံက သူ့ကို ကျီစယ်နောက်ပြောင်နေမှန်း သူရိပ်မိ သွားသည်။

"အစ်မကြီးက ကျွန်တော့်ကို မေးနေတာပါလား ခင်ဗျာ"



"အင်း. . . ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်၊ ကျွန်မက ရှင့်ကိုမေး နေတာပါ"

သည်တစ်ခါတော့ လှပကော့ပျံနေသော ဇာဇာလျှံ၏ မျက်ခုံး တောင်နှင့် နှုတ်ခမ်းနှစ်လွှာကို ကြည့်ကာ ကိုကျော်သူရင်ထဲမှာ မြူးသွားသလိုပင်။

"အစ်မကြီးက ဒီအိမ်ကြီးကပဲနော်"

"ဟုတ်ပ. . . . ဟုတ်ပ"

"ဒီတော့ အစ်မကြီးက ကျွန်တော့်ချစ်သူကို ကောင်းကောင်းသိမှာ နော်၊ ကျွန်တော့်ချစ်သူနာမည်က သူဇာတဲ့၊ အသားက ရွှေလိုချော၊ ကြောက မြလိုစိမ်းပြီး အသပြာ တစ်သိန်းထိုက်တဲ့ မိန်းကလေးဗျ၊ . . . အဲ. . . အဲဒီ မိန်းကလေး ချစ်သူဆီ ခု ကျွန်တော်လာတာဗျ"

"ဩော်. . . ဟုတ်လား၊ ကြေကွဲစရာပါလားရှင်၊ အဲဒီ ရှင့်ပြောတဲ့ မိန်းကလေးဟာ နောက်ချစ်သူ တစ်ယောက်တွေ့လို့ ဖောက်ပြား. . ."

"ဟုတ်လား၊ ဒီလိုဆို ကျွန်တော့် အသည်းတွေတော့ ကွဲပါပြီဗျာ၊ ကျွန်တော့် အသည်းတော့ အကွဲမခံနိုင်ဘူးဗျို့၊ ဒီက အစ်မကြီးကိုပဲ အတင်းချစ်ရတော့မှာပဲ၊ ကဲ. . ."

"အိုး. . . ကျော်ကျော် ဒီလိုမလုပ်နဲ့၊ သူများတွေ မြင်ကုန်ဦးမယ် တော်၊ လွှတ်. . . လွှတ်ပါ"

ကိုကျော်သူက စကားနှင့်ကျီစယ်တာ အားမရဖြစ်ပြီး သစ်သား တံခါးကြား လက်လျှိုကာ ဇာဇာလျှံ၏ လက်ကို အတင်းဆွဲထားသဖြင့် ဇာဇာလျှံက ပြေး၊ နောက်ဦး။

"နောက် သူများရှေ့ ဒီလို နောက်ဦးမလား ပြော"

"အို. . . လွှတ်ပါ ဆိုနေမှ"

"မလွှတ်ဘူး၊ ပြော"

"ဘာ. . ပြောရမလဲလို့"

"ကျော်တော့်ကို သူဇာ ချစ်ပါတယ်လို့ ပြော၊ ပြောမှလွှတ်မယ်"

"ဟင်း. . ဟင်း၊ အိုကွယ် ကျော်ကျော် သူများကိုလွှတ်ပါ၊ မေမေတို့ မြင်သွားရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဇာဇာလျှံ၏မျက်နှာမှာ ရုတ်ခြည်း ညှိုးလျှသွားသည်။

ရွှင်ရွှင်ပျပျပြောနေသော အသံကလည်း ရုတ်ခြည်းတုန်ယင်သွားသည်။ ဇာဇာလျှံသည် တကယ်လည်း တစ်စုံတစ်ယောက် မြင်သွားမှာ စိုးရိမ်သွားပုံရ၏။

ကိုကျော်သူ ဇာဇာလျှံကို သနားသွားသဖြင့် ဖမ်းဆွဲထားသော လက်ကို လွှတ်ပေးလိုက်သည်။

"သူဇာ. . ကျော်ကျော့်ကို ဒီလို မနောက်နဲ့နော်"

"သူများက ကျီစားတဲ့ဥစ္စာ"

ဇာဇာလျှံက တံခါးကို ဟဟလေးဖွင့်ပေးရင်း ရှိုက်သံနှင့် ပြောသည်။

"သူဇာက အဲသလို အတည်ပေါက်နဲ့နောက်တော့ သူများ ဝမ်းနည်းသွားတယ် သိလား၊ အလျော်ပေးရမယ်"

"မပေးနိုင်ပါဘူး"

"ပေးရမယ်. . . ပေးရမယ်"

"အိုး . . . ကြည့်၊ သူများကို မကိုင်ပါနဲ့ဆိုနေ"

ဤစကားကိုတော့ ဇာဇာလျှံက စိတ်ဆိုးသလိုလုပ်ပြောပြီး ကိုကျော်သူ၏လက်ကို ပုတ်ချပစ်လိုက်သည်။

"သူဇာ"

ကိုကျော်သူက ညှိုးငယ်သော မျက်နှာထားနှင့်ခေါ်လိုက်သည်။ ဇာဇာလျှံက ပြန်မထူးဘဲ ကိုကျော်သူ၏မျက်နှာ [illegible] တိတ်တိတ်ဆိတ်ဆိတ်ငေးစိုက်ကြည့်နေ၏။

"သူဇာ ကျော်ကျော့်ကို စိတ်ဆိုးတ[illegible]နော်"

"ဘယ်သူက စိတ်ဆိုးတယ်ပြောလို့လဲ၊ မေမေတို့ မြင်မှာစိုးလို့ ပြောတာ၊ သူကပဲ စိတ်ကောက်ရသေးတယ်"

ဇာဇာလျှံက ကိုကျော်သူကို စိတ်မဆိုးသည်မှာတော့ အမှန်ပင်။ ကိုကျော်သူနှင့်တွေ့လျှင် ပျော်ရွှင်မှု၊ ချမ်းမြေ့မှု၊ ကြည်နူးဝမ်းသာမှု၊ ရွှင်ပျလန်းဆန်းမှုတို့ကို ဇာဇာလျှံသည် အမြဲရင်ဝယ်ရရှိတတ်သည်။ သူ့ချစ်သူသည် ပျော်ပျော်ရွှင်ရွှင် နေတတ်ပြီး စကားလည်း အလွန်တတ်သည်။





ပင်ကိုအားဖြင့် ဇာဇာလျှံမှာ အေးအေးငြိမ်ငြိမ်ဖြင့် နေတတ်သော်လည်း ချစ်သူကို တွေ့သောအခါ ဝမ်းသာကြည်နူးစိတ်နှင့် သူက ချစ်သူကို [illegible]လွှတ်ကိုယ်လွှတ်ကျီစယ်မိသည်။

ချစ်သူ ကိုကျော်သူ၏ စိတ်ရောင်ပြန်ဟပ်မှုကို လိုက်ကာ ကလေး[illegible]တစ်ယောက်လို နွဲ့၍ချွဲ၍လည်း ပြောဆိုဆက်ဆံချင်သည်။ သို့သော် [illegible]ဆက် ဆယ်ပြန်ဆယ်ခါ သွက်လက်ချက်ချာ၍ ပျော်ရွှင်တတ်သော [illegible]ကျော်သူနှင့် တွေ့ရသောအခါ သူမှာ မည်မျှ ဟန်ဆောင်ပြောပြော [illegible]ကတ်ဆုံးတော့ ကိုကျော်သူကို သူက လက်မြှောက်ရသည်ချည်းသာ။

ယခုလည်း ချစ်သူကို ကျီစယ်မိရာမှ ချစ်သူက ဒိတ်များကွက်သွား[illegible]ပြီလားဟု ဇာဇာလျှံမှာ ဝမ်းနည်းသွားမိသည်။

"ကျော်ကျော်က သူဇာကို ဘယ်တော့မှ စိတ်မကောက်ဘူးမှတ်၊ သူဇာကသာ ကျော်ကျော့်ကို စိတ်ကောက်တာ၊ ချစ်သူ လယ်ကလေးကိုင်[illegible]တာများ စိတ်ဆိုးစရာလား"

"အိုး. . . ပြောပြီးပြီဆိုနေမှ ဒီစကားပဲ၊ မသိဘူးကွယ်၊ မသိဘူး မသိဘူး၊ သူက စကား သိပ်အကျအနကောက်တာ၊ အမျိုးမျိုး သူပဲ ပြောတတ်တယ်၊ သူများ စိတ်ရှုပ်တယ်၊ သူလိုလဲ မပြောတတ်ဘူး"

"ကြည့်. . ပြောတာပဲကြည့်၊ အဲဒါ စိတ်ဆိုးလို့ ပြောတာမဟုတ်လား"

"သူများကို စွပ်စွဲနေပြန်ပြီ၊ သူများကတော့ သူ့ကို . . ."

"ဟော. . . သူဇာ ဒါငိုစရာလားလို့၊ ကဲ. . တိတ်ကွယ်၊ မပြောဘူး၊ မပြောတော့ဘူး၊ နောက် ကျော်ကျော် သူဇာကို ဘာမှမပြောတော့ပါဘူး"

ဘာရယ်လို့မဟုတ် ဝမ်းနည်းတက်သော ချစ်သူကြောင့် ကိုကျော်သူမှာ စိတ်ရှုပ်သွားမိပြန်သည်။

ဇာဇာလျှံကို တစ်ခါတစ်ခါ သူမှာ ဘယ်လိုနားလည်ရမှန်း မသိ။ ဝမ်းနည်းတတ်သည်မှာလည်း သူကပဲ လွန်လွန်းသည်။ ဦးဆုံး သူ့ကို စတော့လည်း သူကပဲ စပြီးတော့။ ကိုကျော်သူအား ဇာဇာလျှံက ဦးဆုံးစသည်မှာ ဇာဇာလျှံသည်လည်း ချစ်သူ ကိုကျော်သူအား သူ့ကိုစသလို ပြန်၍ ချစ်သူကျေနပ်အောင် ကျီစယ်ချင်စချင်သဖြင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဇာဇာလျှံစိတ်က ကိုကျော်သူလို မခိုင်၊ စကားကထ
ကိုကျော်သူလို မပြောတတ်။ သည်တော့ သူမှာပဲ ဝမ်းနည်း၍ ငိုမြ

ယခုလည်း ချစ်သူက ဘာမှ နောက်ထပ်မပြောတော့ဘဲ သူ
ကျောခိုင်းကာ စက်ဘီးကိုတွန်းပြီး အိမ်ဘက်တက်သွားသည်။ ထို
ဇာဇာလျှံမှာ ချစ်သူနောက် တကြော်ကြော် ခေါ်၍ လိုက်ရပြန်၏။

"ကျော်ကျော်. . . ကျော်ကျော်"

အိမ်ရှေ့မရောက်တစ်ရောက် ရှောက်ချုံနားတွင် ကိုကျော်သူ
အကျီစကို ဇာဇာလျှံက လှမ်းဆွဲထားသည်။

"ကျော်ကျော်"

ကိုကျော်သူက ပြန်မထူးပဲ ပါးစပ်ကိုအတင်းစေ့ကာ မျက်နှာ
ထား၏။

"ကျော်ကျော်"

ဇာဇာလျှံက ကိုကျော်သူ၏အကျီစကို ခပ်ကြမ်းကြမ်း ဆွဲလှုပ်
ထပ်ခေါ်ပြန်သည်။

ချစ်သူစိတ်ကွက်သွားမှာ၊ စိတ်ဆိုးသွားမှာကို ဇာဇာလျှံ ရုတ်ခြည်း
ကြောက်သွားသည်။

ဇာဇာလျှံသည် ယခု အသက်(၂၆)နှစ်ရှိပါပြီ။ ထို(၂၆)နှစ်အတွင်း
တွင် ဇာဇာလျှံသည် ချစ်သူများကို တွေ့ဖူးခဲ့ပါသည်။ ဇာဇာလျှံ ချစ်သူ
ထိုမင်းယောကျ်ားများကလည်း ဇာဇာလျှံကို ချစ်သည်ဟု စကားနှ
တစ်မျိုး၊ စာနှင့်တစ်ဖုံ ပြောကြရေးကြသည်ကို ကြားရဖူး ဖတ်ရဖူးပါသည်။
သို့သော် အရင်က ဇာဇာလျှံ၏ ချစ်သူများသည် စိတ်တိုတတ်ကြသည်
မာနကြီးတတ်ကြသည်။ ဆိုးပေတတ်ကြသည်။ တစ်ယောက်က ဇာဇာ
လျှံကို ချစ်ပါသည်ဆိုသော စာသဝဏ်တစ်စောင်သာ ပါးပြီး သူ့ဆီ ပြန်စာ
မရေးမိသည်ကို ချစ်သူရှိနေ၍ စာမပြန်တာထင်ပြီး ရှောင်ကွင်းသွား
သည်။ သူက ဇာဇာလျှံတို့လို ကျောင်းဆရာ။

နောက်တစ်ယောက်မှာ သစ်တောအရာရှိ။ အရက်သေစာလည်း
အလွန်အကျွံသောက်တတ်ပြီး စိတ်ကြမ်းလူကြမ်း ရှိသူ။

ထိုလူကိုတော့ ဇာဇာလျှံကပင် ကြောက်ပြီးရှောင်ခဲ့ရသည်။





ဇာဇာလျှံ အသက် (၂၄)နှစ်တွင် တွေ့ရသူကလည်း ကျောင်း
ဆရာပင်။ သူက နိုင်ငံရေးသမား။ စကားပြောလျှင်လည်း အယူအဆ
အခေါ်တွေချည်း ပြောသည်။

သူ့ကို ဇာဇာလျှံ အစက အထင်ကြီး သည်မှာတော့ အမှန်ပင်။
သူ့စကားကို နားမလည်သော်လည်း သူသည် ဗဟုသုတရှိသော
တော်တစ်ယောက်ဟု ဇာဇာလျှံ နှလုံးပိုက်မိသည်။

ဘွဲ့ရပြီးသားလည်း ဖြစ်သော ထိုဆရာကို တွေ့စက ဇာဇာလျှံ
ဘက်ထဲ၌ပင် စကားပြောမိသေးသည်။

"ဆရာက နိုင်ငံရေးသမားဆိုတော့ ပြောရဦးမယ်"

"ဘာလဲ ဆရာမ ပြောပါ"

"ဟိုတုန်းကပေါ့၊ ရွာတစ်ရွာမှာ နိုင်ငံရေး သိပ်ဝါသနာပါတဲ့ လူ
တစ်ယောက်ရှိတယ်တဲ့။ ဘယ်အလှူ ဘယ်အသုဘသွားသွား နိုင်ငံရေး
အကြောင်းပဲ သူပြောတယ် ဟောတယ်၊ ကာလဒေသကိုလဲ သူမသိဘူး
ဆိုပဲ ဒါကြောင့် နောက်တော့ လူတွေက သူ့စကားကို သိပ်
ကြတော့ဘူး။ ကြားဖန်များလာတော့ ယဉ်ပါးသွားကြတယ်ဆိုပါတော့၊
ဒါပေမယ့် သူကတော့ ဘယ်လူဘာထင်ထင် သူ့ စကားနွားရချည်း
ပြောနေတာတဲ့၊ အလုပ်မလုပ်ဘဲ နိုင်ငံရေးစကားချည်းပြောနေတော့ သူ့မှာ
အဝတ်အစားတွေလဲ နွမ်းပါးလာတာနဲ့တူပါရဲ့၊ ရှပ်အကျီကလဲ နှစ်ထည်ပဲ
ရှိတော့ တစ်နေ့မှာ ရှပ်အကျီတစ်ထည်ကို တရုတ်ပင်မင်းဆိုင်မှာ ပင်မင်း
သွားပေးတယ်တဲ့၊ ပင်မင်းသွားပေးတော့ သူက နိုင်ငံရေးသမားလေသံနဲ့
ဒီမှာ ပေါက်ဖော်ကြီး အကျီပင်မင်း ပေးမလို့ဆိုတော့. . .

ပေါက်ဖော်ကြီးက 'ဟာ. . . ဟုတ်ကဲ့ဆရာကီး ပြောပါ ပြောပါ'
ပေါ့၊ ဒီတော့ နိုင်ငံရေးသမားကြီးက နိုင်ငံရေးလေသံနဲ့ 'ဒီမှာကျွန်တော်
ပြောမယ် ပေါက်ဖော်ကြီး သေသေချာချာ မှတ်ထားပါ၊ ဒီရှပ်အကျီကို
ကျွန်တော် ဘယ်နေ့လာယူမယ်၊ ဒီရက်အတွင်းမှာ ပေါက်ဖော်ကြီး ထမ်း
ဆောင်ရမယ့်တာဝန်က နှစ်ပိုင်းရှိတယ်၊ တစ်ပိုင်းက လျှော်မယ်၊ တစ်ပိုင်း
တမီးပူတိုက်မယ် ဟုတ်ကဲ့လား'ဆိုတော့၊ 'စိတ်ချပါ ဆရာကီး၊ စိတ်ချ
ပြောလိုက်သတဲ့. . .

◉



www.burmeseclassic.com

www.burmeseclassic.com



ရက်ချိန်းစေ့လို့ နိုင်ငံရေးသမားက ရုပ်အင်္ကျီသွားရွေးတော့ ပေါ်
ဖော်ကြီးက. . .

'ကဲ. . . ဆရာကီး. . . ဆရာကီး မှာတဲ့အတိုင်းပဲ အပေါ်ပိုင်း
ကျွန်တော် မီးပူတိုက်ထားတယ်နော် ကြည့်ပါ၊ အောက်ပိုင်းကိုတော့ လျှော်
ရုံပဲ လျှော်ထားတယ်'လို့ ပြောသတဲ့ ဆရာရယ်၊ ဒီတော့ သူနိုင်ငံရေးစကား
ပြောချင်လွန်းလို့ ရုပ်အင်္ကျီတစ်ထည်တည်းမှာ အပေါ်ပိုင်းတော့ မီးပူတိုက်
ထားခံရပြီး အောက်ပိုင်းကို လျှော်ထားသလိုလဲ ဖြစ်နေပါဦးမယ်" ဟု
ဇာဇာလျှံက ပြောမိသေးသည်။

ဇာဇာလျှံကို ချစ်ပါသည်ဆိုသော ဆရာလည်း နောက်ပိုင်းတွင်
ဇာဇာလျှံအိပ်မက်ထဲ၌ ပြောမိသော နိုင်ငံရေးသမားလို ဖြစ်သွားသည်။
မည်သူ့ကိုမျှ ဂရုမစိုက်။ ကာလဒေသကိုလည်း မကြည့်။ ပညာမာန
လည်း ကြောက်ဖို့ကောင်းလောက်အောင် ကြီးလွန်းသည်။ အဖေအရွယ်
အဘိုးအရွယ် ကျောင်းအုပ်ဆရာကြီးကိုပင် သူက ဂရုမစိုက်။

နောက်ဆုံးတော့ ကျောင်းထွက်သွားရသည်။

ဇာဇာလျှံကိုလည်း မာနကြီးသည်၊ အင်္ဂလိပ်ကျွန်ရင်း သမိုင်း
ကိုလိုနီစိတ်ဓာတ်အပြည့်ရှိသည်၊ နေရှင်ဘဉ်ပါသည်၊ ဆယ့်ရှစ်ရာစုပိုင်း
က အင်္ဂလန်လယ်ပိုင်ရှင်သခင်မတို့၏ မတိုးတက်သော အပြုအမူ အနေ
အထိုင် အမြင်ဗီဇမျိုးရှိသည်၊ ဘာဘာညာညာနှင့် ပုတ်ခတ်သွားလို့
သည်မှာ ဇာဇာလျှံ တစ်ညနှစ်ညပင် ငိုရှိုက်ဆုံးဖြစ်ခဲ့ရသည်။

ထို့ကြောင့်လည်း ထိုချစ်သူများသည် ယခု ကိုကျော်သူလို ဇာဇာလျှံ
နှင့် ရင်းနှီးမှုမရှိခဲ့ကြပေ။

ယခု ဇာဇာလျှံ၏ချစ်သူသည် အရာရာ၌ သည်းခံတတ်သည်။
အလိုက်သိတတ်သည်။ ပျော်ပျော်ရွှင်ရွှင် သွက်သွက်လက်လက် နေတတ်
သည်။ ပွင့်ပွင့်လင်းလင်းလည်း ပြောဆိုတတ်သည်။ အထူးသဖြင့် ဟန်မ
ဆောင်တတ်။ ဇာဇာလျှံ အပေါ်တွင်လည်း မာနမထားတတ်၊ အလိုလိုက်
တတ်သည်၊ ဤသည်တို့ကို ဇာဇာလျှံ စိတ်အတွေ့ဆုံးပင်တည်း။

တကယ်တမ်းဆိုရလျှင် မိမိအပေါ်တွင် အနစ်နာခံတတ်သော ဤ
လိုချစ်သူမျိုးကို ဇာဇာလျှံ နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ရသည်။





အရွယ်တော် တစ်ဆိတ်ဟိုင်းနေပြီဖြစ်သော ဇာဇာလျှံ့အနေက
တကယ်တမ်း မိမိချစ်မြတ်နိုးသော ဤလိုချစ်သူမျိုးကိုတော့ မစွန့်ခွာ
မပစ်ပယ်ရဲပါချေ။ ထို့ကြောင့်လည်း ယခုတော့ ဇာဇာလျှံက သူ့ ကျော်
ကျော်ကို လိုက်ချော့ရသည်။

"ကျော်ကျော်. . . သူဇာကို စိတ်ဆိုးလို့လားဟင်၊ ပြောလေ ပြောပါ"

"ဟား. . . ဟား. . . ဟား၊ ဟင်း. . . ဟင်း"

ကိုကျော်သူမှာ မျက်နှာကိုဟန်လုပ်ပြီး ပုပ်သိုးစူအောင့်ထားရသော်
လည်း တကယ်ထင်မှတ်ပြီး သူ့အင်္ကျီစကို ကြွမ်းကြွမ်းရမ်းရမ်းဆွဲကာ ငိုမ
လို မျက်နှာထားနှင့်ပြေးလိုက်လာပြီး ချော့မေးနေသော ဇာဇာလျှံ၏အသွင်
ကိုမြင်ရသောအခါ ချက်ချင်းသနားစိတ် ချစ်စိတ်တွေဝင်ပြီး ဇာဇာလျှံ
၏ကျဉ်သောခါးကို လက်တစ်ဖက်နှင့် လှမ်းပွေ့ကာ ရွှတ်ခနဲ တစ်ချက်
တည်း နမ်းရှုပ်ပစ်လိုက်သည်။

"အို. ."

ဇာဇာလျှံသည် ရုတ်တရက်မို့ ဤမျှသာ ရေရွတ်လိုက်နိုင်ရှာသည်။

ချစ်သူတစ်ယောက်၏ ပထမဦးဆုံးအနမ်းတွင် စက္ကန့်ပေါင်းများစွာ
မိန်းမောယစ်မူးသွားမိသည်။ အမှန်မှာ ဇာဇာလျှံသာ မဟုတ်၊ ကိုကျော်သူ
အနေမှာလည်း ချစ်သူ၏ နွေးထွေးသော အတွေ့အထိကြောင့် ရင်ဝယ်
သိမ့်သိမ့်ခါသွားမိသည်။

"သူများကို သိပ်လူလည်ကျတာ"

ဇာဇာလျှံ ၏ အသံကြောင့် ကိုကျော်သူ သတိဆည်မိချိန်မှာ ဇာဇာ
လျှံသည် သူ့ရင်အုပ်မှခွာ၍ အိမ်ဘက်သို့ အပြေးကလေး ထွက်ခွာသွား
လေပြီ။

ကိုကျော်သူသည် လမ်းနားက ရှောက်ခုံဘေးတွင် ခဏငိုင်နေသေး
၏။ ဇာဇာလျှံ၏ ကိုယ်သင်းနံ့နှင့် ရေမွှေးပေါင်ဒါရနံ့များသည် သူ့ပခုံး
ရင်ညွန့်ဖျားတွင် စွဲကျန်နေခဲ့သည်။ ပြီး ဇာဇာလျှံ ခေါင်းမှ ပြုတ်ကျခဲ့ဟန်
တူသော နှင်းဆီရဲရဲတစ်ပွင့်။ ကိုကျော်သူသည် နှင်းဆီပွင့်ကို ပြန်ကောက်
ကာဖုန်ခါ၍ မွှင်မွှင်သွဲ့သွဲ့တစ်ချက်မွှေးရှိုက်လိုက်ပြီးမှ စက်ဘီးကို တရွေ့
ရွေ့တွန်းကာ ဣန္ဒြေရရပင် အိမ်ရှေ့သို့ တက်လာသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဆင်ဝင်အောက်သို့ရောက်သောအခါ စက်ဘီးကို ဒေါ်တင် ထောက်ထောင်၍ အိမ်ပေါ်သို့ တက်လာသည်။ သူ့ရင်ထဲမှာ လှိုက်ခေါ ၍ ကတုန်ကယင်ဖြစ်နေမိသည်။

ညှို့ခန်းထဲက ကုလားထိုင်တစ်လုံးပေါ်တွင် ဇာဇာလှိုင်ကို ငြိမ်ငြိမ် သက်သက်ချစ်စဖွယ် ထိုင်၍တွေ့ရသည်။ သူကိုထိုင်ပါဟုလည်း မပြော၊ မျက်ခွံတစ်ချက်သာပင့်ကြည့်ပြီး မျက်လွှာ ပြန်ချပစ်လိုက်သည်။

စောစောက အနမ်းပန်း တစ်ပွင့်ကြောင့် ချစ်သူနှစ်ဦးမှာ ရှက်ရွံ့နေ ကြသည်။ တစ်ဦးကိုတစ်ဦး ဘယ်ကဘယ်လို စပြောကြရမှန်းမသိဘဲ နှစ်ဦး စလုံးမှာ ရင်ခုန်နေကြတုန်းပင်။

ကိုကျော်သူသည် ရဲရဲလျှံနေသော ချစ်သူ သူဇာ၏ ပါးမို့မို့ နုဖတ်ဖတ် ကို အကြာကြီးစိုက်ကြည့်ကာ သက်မ,တစ်ချက် ချလိုက်သည်။

သူ့ဘေးက ကုလားထိုင်တစ်လုံးတွင် ကိုကျော်သူ ဝင်ထိုင်လိုက် သည်ထိ ဇာဇာလှိုင်သည် ကျောက်ရုပ်ပမာ တိတ်ဆိတ်နေသည်။ ကိုကျော် သူ့ကို လုံးဝ လှည့်မကြည့်ပေ။ ကိုကျော်သူသည် စောစောက နှင်းဆီပန်းထို ထပ်ပြီး တစ်ချက်နမ်းကာ ဇာဇာလှိုင် ခေါင်းပေါ်ပန်ပေးလိုက်၏။

ဤတစ်ခါတော့ ဇာဇာလှိုင်၏သက်ပြင်းရှိုက်သံနှင့်အတူ မျက်လုံးဝိုင်း ဝိုင်းကြီးနှင့် မျက်ခွံတစ်ချက် ပင့်အကြည့်ကို ခံလိုက်ရသည်။

ရေပြည့်ကန်နှယ် မျက်ရည်ပြည့်လျှမ်းနေသော ဇာဇာလှိုင်၏ မျက်လုံး အစုံနှင့် ဆုံစည်းမိသောအခါ ကိုကျော်သူ၏ရင်ထဲမှာ နွေးသွားပြန်သည်။

"သူဇာ"

တိတ်ဆိတ်နေခြင်း ဒဏ်ကို မခံနိုင်တော့သဖြင့် ကိုကျော်သူက ခေါ်လိုက်သည်။

"ရှင်"

ဇာဇာလှိုင်၏အသံမှာ တိုးတိုးမျှင်မျှင်လေး ပေါ်လာသည်။

"သူဇာ နေကောင်းတယ်နော်"

ဤတစ်ခါတွင်လည်း ရေပြည့်ကန်နှယ် မျက်လုံးရွှမ်းရွှမ်းကြီးနှင့် ကိုကျော်သူကို မော့်ကြည့်ပြီး ခေါင်းညိတ်ပြပြန်၏။

ချစ်သူနှစ်ဦးမှာ အတွေးကိုယ်စီနှင့် ခဏတိတ်သွားကြပြန်သည်။





စောစောကလို အထေ့အငေါ့ အရွှတ်အနောက်တွေကိုလည်း ရှောင်နေကြသည်။ စကားကိုပင် အိပ်မက်ပမာပြောနေကြပြန်သည်။

"သူဇာ ချမ်းလို့လား"

"ဘာလို့လဲဟင်"

"ဆွယ်တာဝတ်ထားတာ တွေ့လို့"

"နည်းနည်း အေးလားလို့"

ဇာဇာလှိုင်ပြောသည်မှာ မှန်ပေသည်။

နေခြည်တို့ ရုပ်စပြုနေပြီး ဆောင်းညချမ်း၏ အအေးက စတင် လွှမ်းစ ပြုလာလေပြီ။

"သူဇာ့မေမေကော"

"သူ့ကို ထမင်းကျွေးမလို့ မမလှဒါရိုတို့နဲ့ မီးဖိုဆောင်မှာ ထင်တာပဲ"

"ဆေးထိုးမယ် မဟုတ်လား"

ကိုကျော်သူ၏စကားကို ဇာဇာလှိုင်က အဓိပ္ပာယ်မဲ့ လှမ်းကြည့်သည်။

သူ့အမေ မရှိ၍ ရှက်နေတာလားဟု ကိုကျော်သူက တွေးမိလိုက် သည်။ ချစ်သူနှစ်ဦး၏ ရင်ခုန်သံသည် ပတ်ဝန်းကျင်၌ တိုးတိတ်စွာ ပေါ် လာပြန်သည်။

"ကျော်ကျော် ထမင်းစားပြီးမှ ပြန်ရမယ်နော်၊ မေမေတို့ ချက်နေ ကြတယ်"

"မစားချင်ပါဘူး၊ အဘွားကြီးတွေချက်တာ ရွံ့ပါတယ်"

ကိုကျော်သူသည် ဇာဇာလှိုင်စိတ်ကို အရွှန်းပြော၍ ပြောင်းပစ်လိုက် သည်။ ပြီး ခုံပေါ်တင်ထားသော ရေနွေးဓာတ်ဘူးကို သွားဖွင့်၏။

"မစားချင်လဲ သဘောပဲ"

"သူဇာချက်တာမှ ကျော်ကျော်က စားချင်တာ"

"မပိုပါနဲ့"

ချစ်သူနှစ်ဦး၏ စကားဝိုင်းမှာ ဝေစည်လာပြန်သည်။

ဇာဇာလှိုင်က အလိုက်တသိ ကြွေဇလုံတစ်လုံးကို အနားလာချသော အခါ ကိုကျော်သူမှာ ဓာတ်ဘူးထဲကရေနွေးကို ကြွေဇလုံထဲ လောင်းထည့် ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နာတယ်တော့ မအော်နဲ့နော်၊ ဆေးခန်းက ဆရာမတွေ လွှင့်ပစ်ထားတဲ့ အပ်တုံးတုံးတွေ၊ သူ့ဇာ့တင်ပါးကို ထိုးမလို့ တမင် ရွေးကောက်လာတာ"

ဒေါ်ဇာလီမေ မီးဖိုဆောင်က ကူးလာသည်ကို လှမ်းမြင်သဖြင့် ကိုကျော်သူက နောက်သည်၊ ဒေါ်ဇာလီမေသည် သူ့အသံကို ကြားသဖြင့် လာကြည့်ပုံရ၏။

"မောင်ကျော်သူတောင် ရောက်နေမှကိုးကွယ့်. . မင်းပြောတော့ ပင်လယ်နားက ရွာတွေ သွားလှည့်ရမယ်၊မိုးချုပ်မယ်ပြောလို့ အဒေါ်တို့တောင် ချက်တုန်းပဲ"

"အရေးမကြီးပါဘူး ဒေါ်ဒေါ်၊ ကျွန်တော်က မိုးချုပ်လဲသွားနေကျပါပဲ၊ ဘာမှ မကြောက်. . ."

"ဟင်း. . . ဟင်း မင်းမကြောက်တတ်ဘူးဆိုတာ အဒေါ်တို့သိပြီးသားပါကွယ်၊ မင်းလာရင် ရယ်ရပျော်ရလို့ အဒေါ်က အလကားနောက်တာပါ၊ ထမင်းဟင်း ကျက်ပြီးပါပြီ၊ ငါးခြောက် နည်းနည်းဖုတ်နေလို့ပါ၊ မင်းသူငယ်ချင်းနဲ့ စကားပြောကြဦး၊ အဒေါ် ရေချိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ. . . ဟုတ်ကဲ့"

"အားကြီး အလိမ်အညာများ သိလား၊ တစ်နေ့နေ့တော့ပေါ်မယ်"

သူ့အမေ မီးဖိုချောင်ပြန်ကူးသွားသောအခါ ဇာဇာလျှံက ကိုကျော်သူကို အပြစ်တင်သလို ပြောသည်။

"ဘယ်သူက ဘာလိမ်လို့လဲ"

"မနေ့က မိုးချုပ်မှ ရောက်မယ်ပြောပြီး အစောကြီးလာတာကို ပြောတာ"

"ဒါတော့ မျှော်တဲ့လူတွေကလဲ အစောကြီး မျှော်နေရမှာစိုးလို့ပေါ့ဗျ"

"မမျှော်ပါဘူး. . . ဘယ်သူက မျှော်လို့လဲ"

"ကဲ တော်ပါတော့ သူဇာရယ်၊ ဆေးထိုးရအောင်ကွယ်"

ဇာဇာလျှံသည် ခါတိုင်းလိုပင် ဧည့်ခန်းတွင် သင်ဖြူးဖျာချော တစ်ချပ်နှင့် ခေါင်းအုံးတစ်လုံးကို ယူလာချသည်။



BURMESE CLASSIC .com



ပြီး ရေနွေးဇလုံကိုမ,လာကာ ဖျာပေါ်တစောင်းလှဲနေလိုက်သည်။

သို့သော် စကားကတော့ မပြတ်ချင်သေး။

"တစ်နေ့ကလဲ အမေ့ကို လိမ်နေတာ၊ သူနဲ့ပဲ ကမ်းလွန်သာမှာ တွေ့ဖူးပြန်သတဲ့၊ သူ့အသက်က နှစ်ဆယ့်ခြောက်နှစ်တဲ့၊ သူများကို ကျောင်းမှာခေါ်တာ မေဘယ်လ်၊ ဘာဆိုင်လဲ သူပဲ အမျိုးမျိုး ပြောတတ်တယ်"

"ပြောတတ်တာပေါ့ မေးခိုင်နေတာမှ မဟုတ်တာ၊ မေးခိုင်နေတဲ့လူမှ မပြောတတ်ပဲနေမှာ"

"ကြည့်. . . ကြည့်. . . ဟင်း ဟင်း ကျော်ကျော်နော် မကောင်းဘူးကွယ်၊ သိပ် ဗလွတ်ရွတ်တပြောတယ်၊ ဟင်း . . ဟင်း"

ဆေးထိုးရန် လဲလျောင်းနေသော ဇာဇာလျှံသည် ကိုကျော်သူ၏ ပေါင်ကို လှမ်းလိမ်ဆွဲကာ တခစ်ခစ်ရယ်နေ၏။

"မရှက်ရင်တော့ ကြည့်နေပေါ့၊ ဆေးထိုးမယ်နော်၊ ဒါပဲ ရယ်မနေပါနဲ့၊ သွားတွေ အအေးမိကုန်ပါ့မယ်. . . အေးက အေးနဲ့"

ကိုကျော်သူက ကလေးငယ်တစ်ယောက်လို တသိမ့်သိမ့်လှုပ်ကာ ရယ်မောနေသော ဇာဇာလျှံ၏ တင်ပါးတစ်ဖက်ကို ခပ်ဆတ်ဆတ် တစ်ချက် မှိုက်ပစ်လိုက်၏။

ဝင်းလှအိစက်နေသော ချစ်သူ၏တင်ပါးမို့မို့ကို ကိုကျော်သူသည် ဤနေ့ ဆေးထိုးရမှာ ရင်ခုန်နေမိသည်။ ထို့ကြောင့်လည်း သူက ဗလွတ်ရွတ်တပြောပြီး သူ့စိတ်သူ ဖြေနေခြင်း ဖြစ်သည်။

ဆေးထိုးပြီး၍ ဇာဇာလျှံက ထဘီပြင်ဝတ်လိုက်သောအခါ ဆွယ်တာအင်္ကျီက အထဲတွင် ဝင်ပါနေသဖြင့် သူ့လက်နှင့် ယုယုယယဆွဲထုတ်ပေးရသည်။ ဤသည်ကို ဇာဇာလျှံက သမင်လည်ပြန် လှည့်ကြည့်၏။

သူ့အကြည့်တွင် ချစ်သူ၏ ယုယမှုအတွက် အတိုင်းမသိ ကျေနပ်သွားပုံရလေသည်၊ သို့သော် ရှက်ရွံ့သလိုနှင့် သူ့စကားကို ဆက်သည်။

"ကျော်ကျော်လေ အားကြီးအရွှတ်အနောက် ပြောတတ်တာ . . မေမေကတော့ သူ့အပြောပဲ သဘောကျနေတာ"

"ဒါ သိပ်အရေးကြီးတာပေါ့၊ ယောက္ခမနဲ့သားမက် တည့်မှ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို သူများကို မတင်စီးနဲ့"

"ဒါတင်စီးတာလား. . . တမင်ပြောတဲ့ဥစ္စာ"

"တော်. . မပြောနဲ့"

ဇာဇာလျှံက တစ်ချက်အော်လိုက်ပြီး ထမည်အပြုတွင် ကိုကျော်သူက နောက်ကနေပွေ့ဖက်ထားသည်။

"ကျော်ကျော်နော် သိပ်ဆိုးတယ်ကွယ်၊ မမေတို့ မြင်လိမ့်မယ်"

ကိုကျော်သူသည် ဇာဇာလျှံ၏အပြောကို မည်သို့မျှ စကားမပြန်ဘဲ ချစ်သူ၏ လည်တိုင်ကြော့ကြော့ရှင်းကို တစ်ချက် မွှေးကြူကာ နွေးထွေးစွာ ပွေ့ဖက်ထားသော ချစ်သူ၏ ကိုယ်လုံးလေးကို လက်လွှတ်လိုက်သည်။

ထမင်းစားပြီးစ အချိန်မှာ မိုးချုပ်နေပြီ ဖြစ်သည်။

ထို့ကြောင့် သူနှင့်စကားပြောရတာ ပျော်စရာကောင်းပေသည်ဟု ချီးကျူးတတ်သော ဇာဇာလျှံတို့ အမေကို နှုတ်ဆက်သည်။

"ကဲ . . . ဒေါ်ဒေါ်ရယ်. . . စကားပြောလို့တော့ ကောင်းပါတယ် ကျွန်တော့်ကို ခွင့်. . ."

"မနက်ဖြန်လဲ ပင်လယ်နားက ရွာဘက်ပဲလား"

သူ့အမေနှင့်သူ ပြောနေကြချိန်တွင် စကားများများ ဝင်မပြော တတ်သော ဇာဇာလျှံက ဤစကားနှင့် ကိုကျော်သူကို ဝင်နှောက်သည်။

"ကဲ. . . ဆိုလိုက်ပါတော့ ဆိုလိုက်ပါတော့၊ ကျော်ကျော်ပြန်မယ် သူဇာ"

ကိုကျော်သူ အိမ်ပေါ်ကအဆင်းတွင် ဇာဇာလျှံကလည်း ကိုကျော်သူကို လိုက်ပို့ရန်ဟု ပြောပြီး ဆင်းလိုက်လာသည်။

လရောင်မဲ့သော အမှောင်လမ်းထဲတွင် ချစ်သူနှစ်ဦး၏စောစော ရင်ခုန်သံများသည် ပြန်၍ ရှင်သန်လာပြန်သည်။ လမ်းကလေး ဘေးနှ ဖက်ရှိ ပန်းရုံများမှ ပန်းရနံ့ကလေးများသည် ဆောင်းလေနှင့်အတူ သင်း မွှေးကြိုင်လျက်ရှိလေသည်။

ကိုကျော်သူသည် အမှောင်ထဲ ... တစ်ဖက်က စက်ဘီးလက် ကိုင်ကိုတွန်းရင်း ကျန်လက်တစ်ဖက်ကလည်း ဇာဇာလျှံ၏ ကျဉ်းသေး ခါးကလေးကို ဖက်တွယ်လာမိသည်။





"သူဇာ မနက်ဖြန် ကျော်ကျော် စောစောလာမယ်နော်၊ ရန်မတွေ့ရဘူး"

ခြံဝသို့ အရောက်မှာ ကိုကျော်သူသည် စက်ဘီးကို ခြံတံခါးနှင့် မှေးထားပြီး ဇာဇာလျှံကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ကာ တိုးတိုးသာသာ နှင့်ပြောလိုက်သည်။

ဇာဇာလျှံကမူ ဘာမှ ပြန်မပြော၊ ကိုကျော်သူကို တင်းတင်းကျပ် ကျပ်ပြန်ဖက်ကာ သူ့မျက်နှာကိုသာ ကိုကျော်သူ၏ရင်အုပ်ကြား ဝှက်ထား သည်။

ဇာဇာလျှံ၏ သက်ပြင်းရှိုက်သံနှင့် ရင်ခုန်သံများသည် ကိုကျော် သူ၏နားထဲတွင် လျှံလာသည်။

"သူဇာ့ကို ကျော်ကျော် သိပ်ချစ်တယ်ကွယ်"

ထိုအချိန်တွင် ချစ်သူနှစ်ဦး ရင်ခုန်သံမှာ ဘဝင်လျှံသွားလေသည်။

ထိုနေ့က ကိုကျော်သူ၏နားထဲတွင် ဇာဇာလျှံ၏ ရင်ခုန်သံများကို တစ်ညနေလုံး တစ်ညဥ့်ယံလုံး ကြားယောင်နေမိလေသည်။ သူ့ဆေးခန်း ခန်းကျင်မှာလည်း ဇာဇာလျှံ၏ ရင်ခုန်သံနှင့် ဇာဇာလျှံ၏ ကိုယ်သင်းရနံ့ များကသာ ထာဝရမွှေးပျံ့သင်းထုံ၍ နေပေတော့မည်။

ညဥ့်တာရှည်သော ဆောင်းညများသည် ကိုကျော်သူအတွက် ကြည်နူးဆွတ်ပျံ့ဖွယ်ရာကောင်းသော ဆောင်းညဥ့်သံသရာရှည်များပါ တည်း။

၆

"ဟော. . . သမီးခေါင်းပေါ်မှာ ပန်းတွေလဲ အားကြီးပါပဲလား"

"ကြည့်ရှုမကောင်းလောက်အောင် များနေလို့လား မေမေ. . ဟင်"

သည်သဇင်ပန်းတွေ ခေါင်းပေါ်ပန်၍ မှန်ကိုလည်း အကြိမ်ကြိမ် ကြည့်ခဲ့သည်။ သို့သော် သူပန်ထားသော ပန်းကို များသည်ဟု ဇာဇာလျှံ ထောင်ခဲ့၊ ယခု အပြင်ထွက်တော့မည်ဟု စက်ဘီးကို တွန်းထွက်လာရာ ဆင်ဝင်အောက်တွင် မေမေနှင့် ဆုံမိ၍ မေမေကပြောမှ ရှက်သလို ဖြစ် သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဇာလီမေက ချက်ချင်း နှုတ်တုံ့ မပြန်သေးဘဲ ဇာဇာလျှံကိုသာ ကြည့်ကာ ပြုံးလိုက်သည်။

ဤ တစ်ဦးတည်းသော သမီးအကြောင်းကို သူသိသည်။ သမီး၏ အသက်သည် (၂၆)နှစ် ရှိချေပြီ။ သို့သော် တစ်ခါတစ်ခါတွင် သူ့သမီးမှာ ကလေးငယ်တစ်ယောက်လို အမူအကျင့် ရှိသည်။ အိမ်သားများထဲတွင် သူအငယ်ဆုံးတော့ မှန်၏။ အပြင်မှာဆိုလျှင် သူက အလယ်တန်း ကျောင်းဆရာမ။ အိမ်မှာ မည်သို့နေနေ တင့်တယ်သော်လည်း ယခု အပြင်ထွက်လျှင်တော့ သူ့ခေါင်းတွင် ပန်ထားသည့် သဇင်ပန်းရုံနှင့် ကျောင်းဆရာမဆိုသော ဂုဏ်ပုဒ်က ဘယ်လိုမှ ဆက်စပ်၍ မရတော့ချေ။ သူ့ခေါင်းက ပန်းတွေမှာ ကောက်စိုက်သွားမည့် ကောက်စိုက်သူမတစ်ဦး၏ သနပ်ခါးလူး ပန်းပန်ထားသလို ဖြစ်နေသည်။

ဤသည်ကို အမှန်တိုင်းပြောလျှင် ကျောင်းဆရာမကြီးက ရှက်ဦးမည်၊ ရှက်ရုံဆိုတော်သေး၏၊ ရှက်ပြီးငိုလျှင် ပိုဆိုးမည်။ ရှက်တတ်တာကလည်း သူ့အပြင် မရှိ။ ထို့ကြောင့် ဒေါ်ဇာလီမေက သူ့သမီး ဆရာမကြီးကို စကားလျှော့ချပစ်ရသည်။

"သမီး ပန်ထားတာ ကြည့်မကောင်း ရှုမကောင်းလောက်အောင် မများပါဘူး၊ သမီးက မပန်တတ်လို့ပါ၊ ပေး. . . မေမေ ပန်ပေးမယ်"

ဒေါ်ဇာလီမေသည် ဇာဇာလျှံခေါင်းပေါ်က သဇင်ပန်းများကို ဖြုတ်၍ ပန်ပေးသည်။ အချို့တစ်ဝက်ကိုလည်း ဇာဇာလျှံခေါင်းပေါ်က ဖြုတ်ပြီး သူ့ဆံထုံး မောက်မောက်တွင် ထိုးစိုက်ယူထားလိုက်သည်။

ဇာဇာလျှံကမူ သူ့အမေ ပန်းပန်ပေးသည်ကို ကျေနပ်နှစ်သိမ့်ကာ ကလေးငယ်တစ်ယောက်လို ပြုံး၍ငြိမ်နေ၏။

"သမီးစက်ဘီး နောက်မြီးပေါ်မှာလည်း သဇင်ပန်းတွေ အားကြီးပါလား"

"ဟုတ်ကဲ့ မေမေ၊ ခု သမီး ကျောင်းကို ခဏသွားမလို့၊ သဇင်ပန်းတွေက ကျောင်းက ဆရာမတွေပေးမလို့"

"ဘုရား. . . ဘုရား"

သူ့အမေ စိတ်ထဲက ဘုရားတမိလိုက်သည်။





သည်လမ်းကို သည်ပန်းတွေသာ ပန်သွားရင်တော့ ကျောင်းပင် ရောက်မည် မဟုတ်။ သူ့ကျောင်းသား မြီးကောင်ပေါက်လေးတွေ နောက်ဘာနှင့် ငိုပြီးပဲ ပြန်လာရမလား၊ ရန်ဖြစ်လို့ပဲ ပြန်လာရမည်လား မသိ။

အစကတော့ ကျောင်းသားလေးတွေနှင့် ရောနှောကာ စက်ဘီး အတူစီးပြီး ကျောင်းသွားရမည်ကိုပင် ရှက်သည်ဟု ပြောဖူးသေးသည်။ ကျောင်းဆရာမအလုပ် စလုပ်စကမူ သမီးသည် ဆရာမကြီးဟန် သိပ်ဖမ်း နေတတ်သဖြင့် အိမ်မှာ တစ်ခါတစ်ခါပင် ဆရာမဟု စကားမှားသွား သဖြင့် ရယ်ကြရသေးသည်။ ခုလိုဆိုတော့လည်း ဆရာမကြီးက တကယ့် မြီးကောင်ပေါက်မလေး တစ်ယောက်လို သွက်လက်မြူးကြွနေသည်။

မည်သို့ဆိုစေ ဒေါ်ဇာလီမေ အနေမှာ သားလည်း သူ၊ သမီးလည်း သူ၊ အကြီးလည်း သူ၊ အလတ်လည်း သူ၊ အထွေးလည်း သူ ဖြစ်နေလေရာ သမီး ပျော်ပျော်ရွှင်ရွှင် ရှိနေလျှင် ဝမ်းသာရသည်။ ကြည်နူးချမ်းမြေ့ရပေသည်။ သည်သမီး၏အရိပ်ကို အမြဲကြည့်ကာ စိတ်ဝမ်းနှလုံး ကြည်ပြုံးရသည်သာ။

"မစောဘူးလားသမီးရယ်၊ နှင်းတောင် ကောင်းကောင်း မကွဲတတ်သေးဘူး"

မှန်သည်။

ခြံထဲမှာရော အပြင်မှာပါ နှင်းတို့သည် အုံ့ဖွဲ့မှိုင်းပျလျက်ပင် ရှိသေးသည်။ နံနက်ခင်း၏ နှင်းကမွှလာကြောင့် ခြံဝကိုပင် ပီပီပြင်ပြင် မမြင်သာသေး။ သူနှင့် သူ့သမီးကြား၌ပင် နှင်းမှုန်ပုလဲစက်တို့က ရစ်ဝဲ သွက် ရှိသေးသည်။

"ရှစ်နာရီတောင် ထိုးတော့မယ် အမေရယ်၊ မစောပါဘူး"

"အမေက သမီး နှာစေးချောင်းဆိုး ဖြစ်နေမှာစိုးလို့ပါ"

"မဖြစ်ပါဘူး အမေရယ်၊ ဆရာဝန်ကြီးက မနက် လမ်းလျှောက်ပေးပါ စက်ဘီးစီးတာလဲ ကောင်းတယ်တဲ့၊ မနက်ဆိုတော့ လေကောင်းလေသန့် ရတာပေါ့၊ သမီး ဘာမှ မဖြစ်တော့ပါဘူး၊ နေကောင်းနေပါပြီ၊ ရှေ့အပတ်ဆိုရင် ကျောင်းပြန်တက်တော့မယ်၊ ကလေးတွေ စာမေးပွဲကာလ နီးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ ဤအချိန်သည် ဇာဇာလွှံအတွက် မစောတော့ပေ။

ဇာဇာလွှံသည် မနက် ခြောက်နာရီကျော်လောက်ကပင် ခြံဝင်း နှင်းမှုန်တွေကြားတွင် သဇင်ပန်းတွေလည်း ကိုယ်တိုင်ခူးခဲ့သည်။ စက်သီ ကိုလည်း အိမ်ဝင်းထဲတွင် တစ်ပတ်နှစ်ပတ် အပြေးစီးထားနှင့်ပြီ။ သို့သော် ဤသည်ကိုတော့ အိပ်ရာထနောက်ကျနေသော သူ့အမေက သတိမထား လိုက်မိ။ သူ့အမေ သတိထားမိသည်မှာ သူ့သမီးသည် ဤနေ့တွင် ထူးထူး ခြားခြားပျော်ရွှင်နေသည်ကိုသာ သတိထားမိသည်။

ယခင်အခါများက သူ့သမီးအကြောင်း သူ သိသော်လည်း ဤ နံနက်ခင်း၏ သူ့သမီးအကြောင်းကိုတော့ မသိပါချေ။ ခြံထဲက သဇင် ရှိသည် ဤနေ့မှစ၍ ပွင့်သည်ကိုလည်း ဒေါ်ဇာလီမေမှာ သတိမပြုမိ

ဇာဇာလွှံအနေမှာတော့ ချစ်သူနှင့်တွဲဖက်၍ ပန်းများကို သတိရ တတ်သည်။ သူ့ချစ်သူ ကျော်ကျော်က ဇာဇာလွှံ ပန်းပန်ထားလျှင် အ ပန်း ပန်ထားပန်ထား လှသည်မွှေးသည်ဟု နေ့စဉ် ချီးကျူးစကားဆိုတ သည်။ ဇာဇာလွှံ ခေါင်းပေါ်က ပန်းကို ဖွဖွလေးနမ်း၍ ပင့်သက်မှုင်း ရှိုက်မောတတ်သည်။ ချစ်သူနမ်းရှုပ်သွားသော ပန်းများကို ဇာဇာလွှံ စုဆောင်းထားတတ်သည်။ ဟိုနေ့က နှင်းဆီနှင့် ပုန်းညက် ခရေပန်းတို့ ခြောက်သွေ့နေကြပြီ ဖြစ်သော်လည်း ရနံ့ကား မပြယ်ကြသေး။ ခေါင်းရင်း တွင် တရိုတသေ စုတင်ထားသော ပန်းခြောက်များသည် ယခုထိ မွှေး သင်းပျံ့နေတုန်းပင်။ ဤမွှေးရနံ့များသည် ချစ်သူ၏ အနမ်းအရှုပ်များ ကြောင့် ဘယ်တော့မှ ပျောက်ပြယ်ကြမည် မဟုတ်ချေ။ ထာဝရ မွှေး သင်းထုံနေကြမည်သာ။

ဆောင်းဦးမှာ ပွင့်တတ်သော သဇင်ပန်းကို ချစ်သူအား ပန်ပြ သည်မှာ ကြာလှပြီ။ သဇင်ရုံကို နေ့စဉ် နံနက်တိုင်း ငေးမောကြည့်ရသ လည်း အမော။ ဤနံနက်တော့ သဇင်တွေ အများကြီး ပန်ထားတာ လျှင် ကျော်ကျော်က ချီးမွမ်းမှာ အမှန်ပင်။ ချစ်သူကို ရတ်တရက် အံ့ လေအောင် ပန်းတွေပန်၍ပြချင်သည်။ ညနေချစ်သူအလာကိုပင် မစော နိုင်လောက်အောင် စိတ်စောနေမိသည်။ ယခု ကျောင်းကအပြန် ချစ်သူ ဝင်ပြမည်ဟု စိတ်ကူးနှင့် ရွှင်မြူးနေမိလေသည်။





မနက်က သဇင်ပွင့်သည်ကို မြင်ကတည်းကပင် ရင်ထဲပီတိတွေတ ဖြည့်နေနှင့်သည်။

သည်ရက်ပိုင်းမှာ ဇာဇာလွှံ၏စိတ်၌ ကျော်ကျော်သာ လွှမ်းမိုးနေ သည်။ ကျော်ကျော်၏ ရွှင်မြူးတက်ကြွဖွယ်ရာကောင်းသော လှုပ်ရှားမှု များ၊ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော စကားသံလွင်လွင်များ၊ လှိုက်မော ရင်ခုန်ရသော အနမ်းများနှင့် မိန်းမောရှိန်းမြရသော အတွေ့အထိများ။

မနေ့ညနေက ကျော်ကျော်အပြန်မှာ ခြံထဲကကျွဲကောသီးတွေ ပေး လိုက်သေးသည်။ မယူဘူး လုပ်နေသဖြင့် အမေက "မင်းမေမေတို့ စား ရအောင်ပေါ့ကွယ်. . . ပေါ်ဦးပေါ် ဖျားယူသွားပါ" ဟုပြောပြီး အတင်း ပေးလိုက်ရသည်။

သူ့အမေဆီလည်း သူ သိပ်မရောက်တတ်ဟု ပြောသည်။ မေမေက "မင်း ပျော်ပျော်ရွှင်ရွှင် နေတတ်တာနဲ့ မင်းနေရာတော့ အမြဲလူစည်နေမှာ ပေါ့" ဟု အပြောကို "ဆေးခန်းတို့၊ တရားရုံးတို့၊ ထောင်တို့၊ သုသာန်တို့ ဆိုတာ လူ မစည်ကောင်းအပ်တဲ့ အရပ်တွေပါ ဒေါ်ဒေါ်" ဟုပြောခဲ့ သေး သည်။ နေ့စဉ် သူပြောသွားတတ်သော စကားများကို ဇာဇာလွှံ အားလုံး မှတ်မိထားတတ်သည်။

သည်ကနေ့ နံနက် သူ့ဆေးခန်းမှာ လူ သိပ်များနေမလားဟုလည်း ဇာဇာလွှံ တွေးနေသည်။ သူ့အမေကတော့ ဆရာမကြီးကို ကလေး တစ်ယောက်လို ပန်းပန်ပေးပြီး ကြည်နူးနေ၏။

"ကဲ. . သမီးက လှပါပြီ သွားရင် သွားတော့၊ ဪ. . . သမီးရယ် ရွာမှာ အလှူရှိသေးတယ်၊ ကျောင်းက အပြန်မှာ သမီး တစ်ခါတည်းဝင် လာခဲ့ပါလား၊ အမေ တကူးတက မသွားတော့ဘူး"

သူ့သမီးခေါင်းတွင် ပန်းပန်ထားတာကို မြင်ပေးရင်း သူ့သမီး၏ အဆင်အပြင်မှာလည်း ပွဲလမ်းသဘင် သွားမည့်ကဲ့သို့ ပြင်ထားသဖြင့် သူ့အမေက အလှူကို တစ်ခါတည်း ဝင်လာခဲ့ဟု ပြောလိုက်သည်။

ဤသည်မှာလည်း ချစ်လှန်းသော သမီးကို အဆင်အပြင်လွန်နေပြီ ဖြစ်ကြောင်း တည့်တည့်ပြောလိုက်လျှင် ဆရာမကြီး ရှက်မှာစိုးသည်နှင့် စောင်းပါးရိပ်ခြည် ဆုံးမသွန်သင်သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ၊ သမီး ကျောင်းကအပြန် ဝင်လာခဲ့မယ်"

ဇာဇာလှိုင်သည် စက်ဘီးကို တစ်ရှိန်ထိုးနင်းကာ မြူးမြူးကြွကြွ ထွက်သွားလေသည်။ သူ့သမီး၏ မြူးမြူးကြွကြွဟန်ပန်ကို ကြည့်ကာ ဒေါ်ဇာလီမေမှာ ပီတိ ဖြစ်ရပြန်သည်။

ခုတစ်လော သူ့သမီး၏ ရွှင်ပျမှုများမှာ ဣန္ဒြေ နည်းနည်းမဲ့သလို ဖြစ်နေသည်ကိုလည်း တွေးမိ၏။ ဤအကြောင်းကို တွေးလျှင် ကိုကျော် သူ့ကို ဖယ်ထား၍မရ။ မိန်းကလေး ယောကျ်ားလေးများ ရည်းစားသနာ ရှိလျှင် ပျော်ရွှင်နေတတ်ပုံ ဟန်ပန်များကို ဒေါ်ဇာလီမေသည် သူ့ အသက် အရွယ်အတွေ့အကြုံအရ ငယ်ရာက ကြီးလာခဲ့သူမို့ အတပ်သိသည်။

သူ့သမီး၏ချစ်သူမှာ ရုပ်ရည်ပညာ အလုပ်အကိုင်ကအစ ဘာမှ ပြောစရာ မရှိပေ။ သူ့သမီး၏ အသက်အရွယ်မှာလည်း ငယ်တော့သည် မဟုတ်။ (၂၆)နှစ်ဆိုသော အသက်အရွယ်သည် မိန်းကလေး တစ်ယောက် အတွက် အနည်းငယ်ပင် နှောင်းနေနှင့်ပြီ။ ဒေါ်ဇာလီမေ လက်ထပ်တုန်း ကမူ ဆယ့်ရှစ်နှစ်သာရှိသေးသည်။

ဒေါ်ဇာလီမေသည် မြူးမြူးကြွကြွ ထွက်ခွာသွားသော သူ့သမီး အကြောင်း တွေးနေရင်းက သမီးအဖေ၏အကြောင်း စိတ်ရောက်သွား ပြန်သည်။

ခုတစ်လော သမီးအဖေနှင့်သူ အတော် အဆင်မပြေ ဖြစ်နေကြ သည်။ အိမ်ထောင်သက် (၂၈)နှစ်။ ဤနှစ်သည် ဒေါ်ဇာလီမေအတွက် စိတ်အဆင်းရဲရဆုံးနှစ်တည်း။

ရေနံမြေတောထဲက အိမ်ကြီးမှာ ဦးလာဘ နောက်မိန်းမ ယူထား သည်ဟူသော သတင်းကို သူကြားသည်မှာ သုံးလေးလပင် ရှိပြီ။ မကောင်း သတင်းဆိုသည်မှာ ရွာလည်ရပ်လည်ကျော်တတ်သော်လည်း သက်ဆိုင် ရာပုဂ္ဂိုလ်များမှာမူ နောက်ဆုံးမှ ကြားရတတ်သည်။ ထို့ကြောင့် ဒေါ်ဇာလီမေ မှာ ဦးလာဘ နောက်ထပ်မိန်းမယူထားသည်ဟူသော သတင်းကို နောင်မှ ကြားရခြင်း ဖြစ်သည်။

သည်ကိစ္စနှင့် ပတ်သက်ပြီး. . တောထဲက အိမ်ကို ဒေါ်ဇာလီမေ သုံးလေးခါရောက်သွားဖူးသည်။





သို့သော် နေ့ခင်းနေ့လယ်ဆိုလျှင် ရေနံခပ်ရန် တောထဲသွားနေကြ သဖြင့် အိမ်၌ လူမရှိပေ။ အမြဲတံခါးပိတ်ထား၏။ သူ့အလုပ်သမားများကို မေးလျှင်လည်း မဟုတ်ပါဘူးချည်း ဘူးခံကြသည်။ ရွာကအိမ်ကို ဦးလာဘ ရောက်လာချိန်မှာလည်း သမီးက ရှိနေသဖြင့် ဤကိစ္စ မေးမထွက်ခဲ့။ သမီးလေး စိတ်မချမ်းသာ ဖြစ်မှာကို ဒေါ်ဇာလီမေ မလိုလားပေ။

သို့သော် သူ့သမီး ကျောင်းဆရာမမှာ လူ ပေါင်းစုံနှင့်ဆက်ဆံနေရ လေရာ သူ့ထက်နားမျက်စိများသည်။ ထို့ကြောင့် တိတိကျကျသာ မဟုတ် သော်လည်း သူ့အဖေ ငါးဆယ်ကျော်မှ နောက်ထပ် မိန်းမတစ်ယောက် ယူထားသည်။ ထိုအမျိုးသမီးမှာလည်း အသက် သုံးဆယ်ကျော်သာ ရှိသေး သည်ဆိုတာတော့ ဇာဇာလှိုင်ကလည်း ကြားပြီးပြီဖြစ်သည်။ သို့သော် သမီး ကလည်း မိခင်ကြီး စိတ်မချမ်းမသာ ဖြစ်မှာစိုး၍ ဤကိစ္စ ဖွင့်မမေး၊ စိတ် ထဲ၌သာ အလိမ္မာနှင့်ထား၏။

ယခုတစ်လောတွင်တော့ ဦးလာဘ နောက်မိန်းမတွင် ကလေးလေး တစ်ယောက်ပင် မွေးကြောင်း သတင်းရသဖြင့် မနေ့က တောထဲကအိမ်သို့ ဒေါ်ဇာလီမေ ရောက်သွားခဲ့သည်။ နေ့ခင်းနေ့လယ်သွားလျှင် ဦးလာဘကို တစ်ခါမျှ အိမ်၌မတွေ့ရသဖြင့် ညနေစောင်းခါမှ မောင်သီကိုခေါ်ကာ ကားနှင့်သွားရောက်ခဲ့ရသည်။

ဦးလာဘ နောက်မိန်းမမှာ ကားသံကြားသောအခါ ဦးလာဘ ပြန်လာသည်ထင်၍လား မသိ၊ ကလေးချီကာ ဆင်းကြိုသည်။

ကလေးမှာ တစ်လ, နှစ်လသားပင် ရှိနေလေပြီ။

သူ့အထင်မှာ ရွာအလှူသို့ မနက်စောစောကပင် ထွက်သွားသော ဦးလာဘသည် ညနေ၌ ရွာအိမ်ကကားနှင့်ပြန်လာသည်ဟု ထင်ပုံရသည်။ အမှန်မှာမူ လောင်းကစား ဝါသနာပါသော ဦးလာဘသည် ရွာအလှူမြို့ ဖဲရိုက်လျက်ပင် ရှိနေသေးသည်။

အသက်သုံးဆယ်ကျော်ခန့်သာ ရှိဦးမည်ထင်ရသော ဦးလာဘ၏ နောက်မိန်းမမှာ သူ့ကိုမမျှော်လင့်ဘဲ တွေ့ရတော့ မျက်နှာပျက်နေသည်။ ဒေါ်ဇာလီမေကသာ သူ့ကို မသိသော်လည်း ဒေါ်ဇာလီမေကိုမူ ထိုမိန်း ကလေးက ကောင်းစွာ သိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလာဘရဲ့ဇနီးဆိုတာ သမီးလား" ဟု ဒေါ်ဇာလီမေက မရော
မပြုံးမေးသောအခါ ပို၍ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

ဒေါ်ဇာလီမေကသူ့ကို "သမီး" ဟု ခေါ်လိုက်ခြင်းမှာ သက်ကြား
အဖေအရွယ်ကို လင်လုပ်ရဲသေး ထိုမိန်းကလေးအား တမင်ချိုးနှိမ်
မေးလိုက်ခြင်းပင်။

ဒေါ်ဇာလီမေ၏ အမေးကြောင့် ထိုမိန်းကလေးမှာ မည်သို့ခံစား
လိုက်ရမည်ကို မသိသော်လည်း ဒေါ်ဇာလီမေ၏ ရင်ထဲမှာမူ ဗလောင်
နေလေသည်။ ဦးလာဘကိုပဲ ဒေါသဖြစ်ရမည်လား၊ ထိုမိန်းကလေးကို
ဒေါသဖြစ်ရမည်လား။ ရင်ထဲ မီးတောက်နေသည်။

အိမ်က ထွက်လာစဉ်ကမူ စိတ်ကိုထိန်းကာ ဘုရား တရားစာ
ကိုပင် ရွတ်ဖတ်သရဇ္ဈာယ်၍ မေတ္တာပင် ပို့လာသေးသည်။ သို့သော် မိ
ခင်ပွန်း၏ နောက်မိန်းမဆိုသူကို တွေ့ရသောအခါ ဒေါသတွေမှာ ရင်ထဲ
ပြည့်လျှံလာမိသည်။

သို့သော် ဤကိစ္စမှာ ဤမိန်းကလေးနှင့် ရှင်း၍လည်း ရမည်ထင်
မဟုတ်။ သူက ဆဲဆိုကြိမ်းမောင်းတာကို ဤမိန်းကလေးက မနာခံလျှ
အလုပ်သမားများ ကြား[illegible]တွင် သူသာအရှက်ရပေမည်။ ထို့ကြောင့်လည်း
ဒေါ်ဇာလီမေသည် စိတ်ကို အတတ်နိုင်ဆုံးထိန်းသည်။

"ညည်းယောကျ်ား ဘယ်ကို သွားလဲ"

"ရွာကိုလို့ ပြောသွားပါတယ်"

မိန်းကလေးက ကျိုးကျိုးနွံနွံပင် ဖြေ၏။

မိန်းကလေးကို ကြည့်ရသည်မှာ သူက ဆဲဆိုလျှင်လည်း ပြန်ပြော
နုတ်သီးကောင်း လျှာပါးနှင့် ပြန်လှန်ရန်တွေမည့်ပုံတော့ မဟုတ်ချေ
မိန်းကလေးမှာ သနားစရာပင် ကောင်းသေး၏။ ဤလို မိန်းကလေးမျိုး
သူများမယားငယ် ဖြစ်နေသည်ဆိုလျှင် မည်သူမျှပင် ယုံကြည်ကြမည်
မဟုတ်သော အသွင်မျိုး။

"ဘယ်အချိန်က သွားလဲ"

"ညနေစောင်းမှ ထွက်သွားပါတယ်၊ ဆရာမ အမေ့ဆီ မရောက်ချေ
လား"





"အမယ် ညည်းက ငါ့သမီးကို ဆရာမဆိုတာတောင် သိနေမှကိုး"

ဟုတော့ ပြောလိုက်ချင်၏။ သို့သော်လည်း သူ့ကို ကျိန်ဆဲနေ၍လည်း
အကြောင်းထူးမည် မဟုတ်။ ဤကိစ္စ ဦးလာဘနှင့် သူနှင့် ရှင်းမှ ဖြစ်မည်မို့
မဝင်ခင် အိမ်ကို ပြန်လာခဲ့သည်။

"ဒီမှာ ညည်းလို အငယ်အနှောင်းရှိနေမှ ငါ့လို ရွယ်တိုရွတ်တွေဆီ
ဘယ်လာချင်ပါ့ဦးမလဲ ဟဲ့၊ ဟင်းဟင်း. . . ညနေ နင့်ယောကျ်ားပြန်ရင်
ငါ လာသွားတယ်ဆိုတာပြောလိုက်၊ ငါက မောင်တော်ဘုရားကို ဖူးချင်လို့
ရွာကအိမ်ကို ကြွခဲ့ဦးလို့ မှာသွားတယ်ပြောလိုက်ပါ"

ဤစကားကို ပြန်ခါနီး၌ ဒေါ်ဇာလီမေက ဒေါသသံနှင့် ပြော၏။
"ဟုတ်ကဲ့" ဟု မိန်းကလေးက ဘာမှ မဖြစ်သလို ကျိုးကျိုးနွံနွံပင် ပြန်ပြော
သည်။

အနှစ်သုံးဆယ်နီးပါး ပေါင်းသင်းလာခဲ့သော မိမိခင်ပွန်းသည်က
နောက်မိန်းမနှင့် ကလေးနှင့်ဆိုသည်ကို တပ်အပ်မျက်မြင် ကြုံလာရသော
အခါ ဒေါ်ဇာလီမေ၏ ရင်ထဲမှာ မီးလောင်လာလေသည်။

ထိုမီးသည် ယခုထိ မငြိမ်းသေးပေ။ သည်မီးသည် ဘယ်တော့မှ
ငြိမ်းပါမည်နည်း။ ဦးလာဘသည်လည်း ယခုထိ သူ့ဆီ ပေါ်မလာသေး။
ဤမီးကို မည်သို့ ငြိမ်းသတ်ရပါမည်နည်း။

ဒေါ်ဇာလီမေသည် မြူးမြူးကြွကြွ ထွက်သွားသော သူ့သမီး၏
သွားရာလမ်းမဘက်ကို အကြာကြီး စိုက်ကြည့်ကာ မျက်ရည်ပင် ဝဲလာမိ
လေသည်။

အချစ်. . . အချစ်. . .

အချစ်ကြောင့် သတ်ကြသည်၊ အချစ်ကြောင့် သေကြသည်။

အချစ်ကြောင့် စစ်ပွဲကြီးတွေ ဖြစ်ခဲ့ကြသည်၊ အချစ်ကြောင့်. . .

▮

မင်းရွာသည် နှင်းမှုန်ထဲ၌ နစ်နေသည်။

နှင်းကန့်လန့်ကာကြောင့် မြင့်မောက်သော တောင်တန်းကြီးများ
ကိုလည်း မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလွန်သာ-ရန်ပြေသွား ကားလမ်းမပေါ်တွင် နှင်းမှုန်တွေက သိပ်သည်းနေကြသည်။

သည်ကနေ့ နေရောင်ခြည်ကို တော်တော်နှင့် မြင်ရမည် မဟုတ်။ နှင်းမှုန်တွေကို သယ်ဆောင်ခေါ်သွားတတ်သော ဆောင်းလေကလည်း ငြိမ်သက်နေရာ နှင်းမှုန်တွေမှာ အရာအားလုံးကို လွှမ်းဖုံးလျက် ရှိနေသေသည်။

ဇာဇာလျှံသည် ကမ်းလွန်သာ-ရန်ပြေသွား ကားလမ်းမအတိုင်း စက်ဘီးကို မှန်မှန်လေး နင်းလာသည်။ ဇာဇာလျှံ၏ မျက်ခုံးမွေး မျက်တောင်ကော့များပေါ်တွင် နှင်းဖတ်တွေက သီးကပ်ပါလာကြသည်။

စာသင်ကျောင်းသို့ သွားရာတွင် ကိုကျော်သူ၏ ဆေးခန်းရှေ့မှ ဖြတ်သွားရသဖြင့် ဇာဇာလျှံ၏ ရင်က ပီတိတွေနှင့် ဖိုလှိုက်လာသည်။ "သူ့ဆေးခန်းပေါ်က လှမ်းကြည့်ရင်တော့ ကျော်ကျော် ငါ့ကို မြင်မှာပဲ" ဟူသောအတွေးကြောင့် ဆေးခန်းရှေ့သို့ ရောက်သောအခါ သူ ပန်းတွေ ဝေနေအောင် ပန်လာတာ ကျော်ကျော်မြင်ပါစေဟူသော အတွေးနှင့် စက်ဘီးကို ဖြည်းဖြည်းလေး နင်းလာသည်။ သို့သော် ဆေးခန်းကိုတော့ သူက လှည့်မကြည့်ရဲ။ ကျော်ကျော်က သိပ်နောက်တတ်ပြောင်တတ်တာ လှမ်းနောက်မှာ စိုးရိမ်ရသည်။ လှမ်းနောက်လျှင် သူ့ကို မသိချင်ယောင် ဆောင်ပြီး ကွေ့နဲ့သွားရမှာပဲ။

အလှူကပြန်မှ သူ့ဆေးခန်းကို ဝင်မှာ။ ဒီတော့လှမ်းခေါ်တာတောင် မကြားဘူးလို့ သူက စိတ်ကောက်ဦးမယ်။ ဪ. . သူ့ဆေးခန်းမှာ ဆရာမတွေ လူမမာတွေ ရှိမှာပဲ။ ဒီလိုတော့ သူ ပြောရဲမှာ မဟုတ်ပါဘူး။ အခွင့်ကြုံရင်တော့ "ပန်းတွေပန်ထားတာ သိပ်လှတာပဲ" လို့ လေသံတိုးတိုးနဲ့ပြုံးပြီး သူကပြောမှာ၊ သူဇာက သူ့ကို ဘာပြန်ပြောရမလဲ။

မပိုပါနဲ့ ပြောရ မလား၊ မမြှောက်ပါနဲ့ ပြောရမလား၊ သူက စကားလည်းသိပ်တတ်တာ၊ ဘယ်က ပြန်လာလဲမေးရင် အလှူက၊ ကျောင်းကလို့ ပြောရမှာ။ ရှေ့အပတ် ကျောင်းပြန်တက်တော့မယ် ပြောတော့ သူက သိပ်ဝမ်းသာသွားမှာပဲ၊ သူဇာ ကျောင်းပြန်တက်ရင် သူဇာ့ကို မနက်တစ်ခါ ညနေတစ်ခါ၊ ပြီးတော့ အိမ်ကို ဆေးထိုးပေးဖို့လာရင်တစ်ခါ၊ တွေ့ရမြင်ရမယ်ဆိုတော့ သိပ်ပျော်စရာကောင်းမှာပဲ၊ သူ ညနေ ဆေးထိုးပေးဖို့လာတာ တွေးတော့ ဇာဇာလျှံမှာ ရင်ထဲ လှိုက်မောလာမိပြန်သည်။





မနေ့ညနေက သူ ဆေးထိုးပေးဖို့လာတော့ မေမေက အိမ်မှာ မရှိ။ မောင်သိန်းနဲ့ ရွှေတောင်ကြားဘက် သွားနေကြသည်။ ရွှေတောင်ကြားက ကျော်ကျော်တို့ ရွာပဲ၊ မေမေရော ကျော်ကျော်တို့ မေမေနဲ့တွေ့ပြီး သူဇာတို့ ကျော်ကျော်တို့ အကြောင်းများ ပြောလာကြလေမလား၊ မေမေကတော့ လူမမာတစ်ယောက် သတင်းမေးသွားတယ်ပြောတာ။

အိမ်မှာ မေမေမရှိတော့ ကျော်ကျော့်မျက်နှာ မြင်ကတည်းက သူဇာ့ ရင်ထဲခုန်နေမိသည်။ ကျော်ကျော်က ဆေးထိုးပေးပြီး မေမေကောတဲ့၊ မေမေ မရှိဘူး ရွှေတောင်ကြားကို သွားတယ်ဆိုတာ သူဇာက တိုးတိုးလေး ပြောရသည်။ သူဇာ့အသံ တုန်နေလို့လားမသိ။ ကျော်ကျော်က သူဇာ့ကို မရယ်မပြုံးနဲ့ အကြာကြီးစိုက်ကြည့်နေသည်။

ရှိန်းရှိန်းစားစားနှင့် သူ့မျက်လုံး စူးစူးတောက်တောက်ကို သူဇာဖြင့် မကြည့်ရဲပါဘူး၊ သူဇာက မျက်လွှာချပစ်လိုက်တော့ ကျော်ကျော်က "သူဇာ"လို့ လေသံနှင့် ခေါ်လိုက်သည်။ သူ့ခေါ်သံဟာ သူဇာ့ရင်ထဲ အေးခနဲ လိုက်သွားပြီး တစ်ကိုယ်လုံးလည်း ရှိန်းမြထူပူသွားမိသည်။ "သူဇာ့ကို ကျော်ကျော် သိပ်ချစ်တာပဲကွယ်၊ သိပ်ချစ်တာပဲ"တဲ့၊ သူ့အသံက တုန်နေသည်။ သူဇာ့ကို လာဖက်တော့ လက်တွေပါတုန်နေတာ။ သူဇာကလည်း လက်ဖျား ခြေဖျားတွေ အေးစက်ပြီး တုန်နေတာပဲ၊ ရင်ခုန်လိုက်တာတော့ မပြောပြတတ်လောက်အောင်ပင်။

သူဇာ့ ရင်ခုန်သံ ကျော်ကျော်လည်း ကြားမှာပဲ၊ အဲဒါကြောင့်လည်း ကျော်ကျော်က သူဇာ့ကို တအားဖက်ပြီး . . .

အတွေးလွန်လာသော ဇာဇာလျှံသည် လမ်းမထဲ နှင်းမှုန်ကြား၌ တစ်စုံတစ်ယောက်နှင့် ဝင်၍ တိုက်မိလေရာ ရုတ်တရက်မှု စက်ဘီးက ယိုင်ပြီး လဲမလိုပင်ဖြစ်သွားသည်။ ထို့ကြောင့်လည်း "အိုး အိုး"ဟု လွှတ်ခနဲ လန့်အော်လိုက်မိသည်။ ရင်ထဲလည်း တဒိတ်ဒိတ် ခုန်သွား၏။ တော်သေးသည်။ စက်ဘီးကို ဖြည်းဖြည်းလေး နင်းလာမိ၍သာ၊ အရှိန်နှင့်သာဆိုလျှင် မှောက်လျက်ပင်လဲနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ ဆရာမရယ်၊ စက်ဘီးတော့ ဘာမှ မဖြစ်ပါဘူးနော်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဘာ. . . ဘာမှ မဖြစ်ပါဘူး"

စက်ဘီးလက်ကိုင်ကို လက်တစ်ဖက်နှင့် ကိုင်ပြီး သူ့ကို မတ်တတ်ရပ် ငေးကြည့်မေးနေသူအား ဇာဇာလှိုင်က မသိပေ။ ယခင်က မြင်ဖူးသလိုတော့ရှိ၏။ သို့သော် ဘယ်သူ ဘယ်ရွာကမှန်း ဇာဇာလှိုင် မသိ။

"ဆရာမ ဘယ်က လာတာလဲခင်ဗျာ"

"ကျွန်မ ကျောင်းကိုပါ"

"ဩော်. . . ဟုတ်လား၊ နေကောင်းသွားပြီနော်"

"ဟုတ်ကဲ့"

လမ်းမပေါ် မတ်တတ်ရပ်၍ စကားလက်ခံသာ ပြောနေရသည့် ထိုလူကို ဇာဇာလှိုင် လုံးဝ တွေးမရ။ သူ့အသက်မှာ ဇာဇာလှိုင်နှင့် ရွယ်တူလောက်ပင် ရှိပေမည်။ အသားမှာ မဖြူမညိုဖြစ်ပြီး၊ အရပ်ကလည်း မြင့်သည်။ သို့သော် ဝနေသဖြင့် သူ့အရပ်နှင့် သူ့ကို အမှတ်တမဲ့ကြည့်လျှင် အရပ်မြင့်သည်ဟု မထင်စရာပင်။

ဇာဇာလှိုင်က သူ့မျက်နှာကို မော့ကြည့်မိသည်၊ မျက်ခုံးနှင့် နှာတံက ကျော့ကျော့နှင့်ပင် တူသလိုလို။ သို့သော် ကျော့ကျော့လိုတော့ သူ့ မျက်နှာက ကြည့်မကောင်း၊ ဝအစ်ပြီး မျက်လုံးမှေးကာ မျက်နှာမှာ ပြောင်ချော်ချော်ဖြစ်နေသည်၊ သူက ပြုံး၍မေးပြောနေသော်လည်း သူ့အပြုံးသည် ပွင့်ပွင့်လင်းလင်း တောက်တောက်ပပ မရှိ၊ မှုန်မှိုင်း၍ သိုးအောက်အောက်ဖြစ်နေသည်။

"ခု. . ကျောင်းက အလှူကို သွားတာလားဆရာမ၊ ကျွန်တော်သိ အလှူက ပြန်လာတာပါ"

"ဟော ခက်ချေပြီ" ဟု . . . ဇာဇာလှိုင်က တွေးလိုက်သည်။

သူက ပြောမှ သတိပြုမိလေရာ သူ ရောက်နေသောနေရာမှာ ကျောင်းလွန်လာလေပြီ။ ထို့ကြောင့်လည်း ဇာဇာလှိုင် အဆင်အပြင်ကို ကြည့်ကာ သူက အလှူသွားတာလားဟု မေးခြင်းဖြစ်လေမည်။

သူ့ကို တရင်းတနှီး ပြောနေသောအခါ ဇာဇာလှိုင်မှာ စိတ်အိုက်လာမိသည်။





၊ ခက်သည်မှာ သူကသာ လူတကာကို မသိသော်လည်း၊ ဇာဇာလှိုင်တို့အလုပ်မှာ လူအများနှင့် ဆက်ဆံရနေရသော အလုပ်ဖြစ်သဖြင့် ဇာဇာလှိုင်ကိုတော့ ဤမြင်းရွာနှင့်တကွ ရွာနီးချုပ်စပ် တစ်ဝိုက်ကပင် သိနေကြသည်။

စကားလက်ခံ မပြောလျှင်လည်း ဆရာမက ဘဝင်မြင့်ပေသည်၊ နှိုင်းသည် အပြောခံရမှာ စိုးသဖြင့် ဤလို မပြောချင်ဘဲ ပြောခဲ့ရသော စကားတွေ အချိန်တွေလည်း မနည်းပါချေ။ ယခုလည်း ထိုလူက စကားရှည်နေပြန်၏။

"အလှူက မျက်နှာကြီး အလှူဆိုတော့ သိပ်စည်တာပဲ ဆရာမရယ်၊ လူတွေက ကြိတ်ကြိတ်တိုးပဲ၊ ထမင်းစားဖို့တောင် မနည်းစောင့်နေရတာ ခင်ဗျ"

"ဟုတ်ကဲ့"

"ဆရာမ ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူပါတယ်. . . ."

"ရှင်"

သူပြောသမျှ ဇာဇာလှိုင် က "ဟုတ်ကဲ့" ချည်း ခေါင်းညိတ်နေတော့ သူက အားမလို အားမရ ဖြစ်လာပုံရသည်။

"ဟိုတစ်လောက ဆရာမ နေမကောင်းဘူးလို့တော့ . . ကျွန်တော့်ညီလေးက ပြောပါတယ်"

"ဟုတ်ကဲ့ ကလေးတွေလဲ စာမေးပွဲနီးလို့ ကျွန်မ ကျောင်းပြန်တက်တော့မှာပါ"

သူ့ညီလေးဆိုသူမှာ သူ့အတန်းထဲက ကျောင်းသားလေး တစ်ယောက်ယောက် ဖြစ်မည် အထင်နှင့် ဤစကားကိုတော့ ဇာဇာလှိုင်က သွက်သွက်လက်လက်ပင် ပြန်ပြောမိလိုက်သည်။ သူ့ကျောင်းသားလေးအစ်ကိုဆိုသဖြင့် စိတ်ကလည်း ရဲတင်းသွားသည်။

သို့သော် ထိုသူ၏ နောက်စကားက ဇာဇာလှိုင်၏ စိတ်ကို ကစဉ့်ကလျား ဖြစ်သွားစေပြန်သည်။

"ကျွန်တော့် နာမည်က ကျော်လူပါ ဆရာမ၊ ကျန်းမာရေးမှူး မောင်ကျော်သူက ကျွန်တော့် ညီအရင်းပါခင်ဗျား"

www.burmeseclassic.com



ထိုလူစကားက ဇာဇာလျှံကို တအံ့တဩ ဖြစ်သွားစေပြန်သည်။

ကြုံမှကြုံဆုံတတ်ပလေ။ ထိုကြောင့်လည်း မျက်ခုံးနှာတံတို့က ကျော်ကျော်နှင့်တူတာကိုးဟု တွေးလိုက်သည်။

ထိုအချိန်တွင် စက်ဘီးနှင့် လူတစ်ယောက်က သူတို့နှစ်ယောက် ရပ်ပြီး စကားပြောနေကြသည်ကို လှည့်ကြည့် လှည့်ကြည့်နှင့် စက်ဘီးနင်း သွား၏။ နောက် အမေအို တစ်ယောက်နှင့် မိန်းမရွယ် တစ်ယောက်က လည်း သူတို့အနားက ဖြတ်သွားကြသည်။

ထိုနေရာတွင် ဆက်ပြီးရပ်နေ၍ မသင့်တော်တော့ ဆိုသည်ကို ဇာဇာလျှံ ချက်ချင်းသဘောပေါက်လိုက်သည်။

သို့သော် ကိုကျော်လူဆိုသူ၏ စကားကား မပြတ်သေး။

"ဆရာမ ပွဲထဲမှာ မူးလဲတဲ့နေ့က ကျွန်တော်. . . စိတ်. . ."

"ဟုတ်ကဲ့ ခု နေကောင်းသွားပါပြီရှင် ကျေးဇူးတင်ပါတယ်၊ ကျွန်မ ကျောင်းပြန်ရဦးမှာမို့ ခွင့်ပြုပါဦး"

ဤတစ်ခါတော့ ရှိုင်းတယ်ပဲထင်ထင်၊ အတင်း သူ့စကားကိုဖြတ်ပြီး ဇာဇာလျှံက စက်ဘီးပေါ် တက်သည်။ ကိုကျော်လူကမူ ဇာဇာလျှံကို ငေးပြီး ငိုင်ကျန်ခဲ့၏။ စက်ဘီးကို ကားလမ်းမပေါ်တွင် ပေသုံးလေးဆယ်နင်း သွားမိသောအခါ ဇာဇာလျှံက သူ့ကိုနောက်ပြန်တစ်ချက် လှည့်ကြည့် သည်။ ကိုကျော်လူကမူ ငိုင်တုန်း ငေးတုန်းပင်တည်း။

ဇာဇာလျှံ၏ ပြန်လှည့်အကြည့်နှင့် သူ့အကြည့်တို့ ဆုံမိကြပြန် သည်။ ဇာဇာလျှံမှာ ချက်ချင်း သူ့ကို မျက်နှာလွှဲပြီး စက်ဘီးကို အရှိန်ပိုမြှင့် လိုက်သည်။

ကျောင်းလွန်လာသော ဇာဇာလျှံသည် ရှေ့ကို ဆက်သွား၍ မဖြစ် ပေ။ ကျောင်းကိုဝင်ပြီးမှ အလှူကို သွားရမည်ဖြစ်ရာ. . ဤတစ်ခါ လှည့် အကြည့်မှာတော့ ကိုကျော်လူကို မမြင်ရတော့။ ကိုကျော်လူသည် နှင်းမှုန် ကြားထဲ၌ ပျောက်ကွယ်သွားလေပြီ။ ဇာဇာလျှံသည် စိတ်တထင့်ထင့်နှင့် သူ့စက်ဘီးကို ပြန်လှည့်နင်းလာသည်။ ကိုကျော်လူနှင့်သူ စက်ဘီးချင်း တိုက်မိ၍ စကားပြောခဲ့ကြသော နေရာသို့ ပြန်ရောက်၍ ကိုကျော်လူကို မတွေ့ရတော့မှ ဇာဇာလျှံက သက်မချမိသည်။





အစကမူ သူ့နောက်ကိုလိုက်လာပြီး စကားထွေရာကမာ ပြောလာ မှာကို ဇာဇာလျှံ စိုးရိမ်ခဲ့ရသည်။

ကျော်ကျော်ကိုတွေ့ရင် ခဲအိုနှင့်တွေ့ခဲ့ရကြောင်း၊ ခဲအိုက ခယ်မ လေးကို ရှိသွဲ့သွဲ့နဲ့စကြောင်း ကျော်ကျော်ကို တိုင်ပြောရမည်။

ကျော်ကျော်က ရယ်နေမှာလား၊ ကိုယ့်ခယ်မလေးကို ချစ်လို့စတာ နေမှာပေါ့လို့များ ပြောလေမလား။ ကျော်ကျော်က ဘာပဲပြောပြော ဒီလို လုပ်တာတော့ သူ့ဇာ မကြိုက်ဘူးဆိုတာ ပြောရမယ်။

ဟော. . . ကျောင်းတောင် လွန်သွားပြန်ဦးမလို့၊ ခက်တာပဲ။

ကျော်ကျော့်အကြောင်းတွေးရလျှင် ဇာဇာလျှံမှာ တစ်ခါမျှ အတွေး ပြတ်သည် မရှိပါလား။ ညတွေးမိလျှင် မိုးလင်းသည်။ မနက်တွေးမိလျှင် မိုးချုပ်သည်။ ကျော်ကျော်နှင့် တွေ့သည့်အချိန်မှာသာ အတွေးက ခေတ္တ ခဏပြတ်နေတတ်သည်။ သို့သော် ကျော်ကျော်၏အပြော၊ ကျော်ကျော်၏ စကား၊ ကျော်ကျော်၏ အပွေ့အဖက်၊ အနမ်းအရှုပ် အတွေ့အထိတို့ထဲ မိန်းမောမှိန်းမြနေတတ်သည်။

ဤရက်ပိုင်းများ၌ ဇာဇာလျှံ စိတ်ထဲမှာ ကျော်ကျော် အမြဲဝင် ရောက်နေတတ်သည်။ ဇာဇာလျှံ၏စိတ်သည် ကျော်ကျော်နှင့် မိနစ်စက္ကန့် မပြတ်ရှိနေလေပြီကော။

ကျောင်းရုံးခန်းမှာ ဆရာကြီးကို တွေ့ရသည်။

ရှေ့အပတ်ကျောင်း စတက်တော့မည်ပြောတော့ ဆရာကြီးက ဝမ်းသာစကားဆိုသည်။ ကလေးတွေ စာမေးပွဲနီးပြီမို့ ဆရာကြီးက ပူပန် နေကြောင်းပြောသည်။ ဇာဇာလျှံ နေမကောင်းတုန်းက ဆရာမတွေနှင့် သုံးလေးခါပင် ဆရာကြီး လာကြည့်သွားသေးသည်။ ဤဆရာကြီးသည် ဤအရပ်သားဖြစ်သဖြင့် ဤကျောင်းနှင့် ကျောင်းက ကလေးတွေအပေါ် အလွန်စေတနာထားရှာသည်။

ဇာဇာလျှံက သဇင်ပန်းတွေ ဝင်ပေးတော့ ဆရာမတွေကလည်း ဝမ်းသာကြသည်။ သူ မရှိတုန်း အင်္ဂလိပ်စာဝင်ပြပေးနေရသော သချာ ဆရာမလေး ငွေငွေကမူ "မမ ဘယ်တော့ ကျောင်းပြန်တက်မှာလဲ၊ မမ အင်္ဂလိပ်စာ ဝင်ပြရတာ ငွေငွေအတွက် ဝန်ထုပ်ဝန်ပိုးပဲ၊ ငွေငွေက



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စကား မပီတော့ ကောင်လေးတွေက နောက်ချင်တယ်" ဟု သိမ္ဘ တိုင်သည်။

ဆရာမ ဒွေးဒွေးပြောသည်မှာလည်း ဟုတ်ပေမည်။ အလယ်တန်း က ကလေးတွေဟုဆိုသော်လည်း တောရွာ အလယ်တန်းကျောင်းသား တွေမှာ လူပျိုပေါက်၊ အပျိုပေါက် အရွယ်တွေများသည်။

စနစ်သစ်နှင့် မြန်မာစာ ဘီအေ အောင်လာခဲ့သော ဒွေးဒွေးမှာ အင်္ဂလိပ်စာ ညံ့သည်။ သို့သော်လည်း ဘွဲ့ရပြီးသား အလယ်တန်း ဆရာ ဆို၍ ဤကျောင်း၌ သူတစ်ယောက်သာ ရှိလေရာ ဇာဇာလျှံ မရှိသောအ သူက ဇာဇာလျှံအစား ဝင်ပြရလေသည်။ အရွယ်ကလည်း ငယ်၊ ဆရာ လုပ်သက်ကလည်း နုတော့ ကျောင်းသားလေးတွေက သူ့ကို နောက်ချ ကြသည်။

ယခု ဇာဇာလျှံက ရွှေ့အပတ် ကျောင်းပြန်တက်တော့မည်ဟု ပြော တော့ ဆရာမလေး ဒွေးဒွေးက ဝမ်းသာမဆုံးပင်။

ကျောင်းကနေ အလျှုသွား။ အလျှုက ပြန်မှ ကျော်ကျော့်ဆေးခန် ဝင်မည်ဟု အိမ်ကထွက်လာကတည်းကပင် အစီအစဉ်ဆွဲလာသော်လည် အလှူကအပြန်မှာ ဇာဇာလျှံသည် ကျော်ကျော်၏ဆေးခန်းသို့ မဝင်ဖြစ်ပြ ညနေတိုင်း သူ့ကိုဆေးလာထိုးပေးနေကြောင်း သိသော ဆရာမတွေ သူ့ကို အထင်အမြင်သေးကြလေမလားဟု တွေးပြီးရှုံ့နေမိသည်။

ကိုကျော်သူရှိနေသော ဆေးခန်းရှေ့က စက်ဘီးကို မနေးမမြန် နင် လာရသော်လည်း ရင်ထဲက တဒိတ်ဒိတ် ခုန်နေသည်။ သူ စက်ဘီးစီးလာ ရသော ကားလမ်းနှင့် ဆေးခန်းမှာ ပေ(၂၀၀)ကျော်လောက်သာ ဝေးသည် အမြင် ကုန်းဆင်းလည်းကျနေသဖြင့် ကျော်ကျော် လှမ်းကြည့်နေရင်တော မြင်မှာပဲ. . ဟူသောအတွေးနှင့် ဇာဇာလျှံက သမင်လည်ပြန်တစ်ချ စက်ဘီးပေါ်က လှမ်းကြည့်သေးသည်။

နှင်းကွဲစပြုနေပြီ ဖြစ်သဖြင့် ဆေးခန်းကိုတော့ လှမ်းမြင်နေရ သို့သော် ကျော်ကျော့်ကိုတော့ မှတ်မှတ်ထင်ထင် မမြင်သာချေ၊ မိန်း ယောကျ်ား လူသုံးလေးယောက်ကို ကွဲပြားအောင်လည်း မကြည့်ရဲ မကြ အားပေ။ သည်တော့ ရင်ထဲဟာလာသည်။





ညနေကျတော့ ကျော်ကျော် အိမ်ကို ရောက်လာမှာပဲလေဟု စိတ်ကိုဖြေကာ မိမိအိမ်ရှိရာဘက်သို့ စက်ဘီး ကို မှန်မှန်လေး နင်းလာမိ သည်။ ကျော်ကျော်နှင့် ညနေတွေ့တော့ ဟူသော အတွေးက မပြယ်သေး။

ရင်ထဲမှာ ဖိုလှိုက်ရှိန်းမြမြ ရှိနေဆဲတည်း။

ကားလမ်းနှင့်မင်းရွာကို ထာဝရ လှမ်းကြည့်ငေးမောနေတတ်သော အနောက်မြို့တောင်ထိပ် အရှေ့ခြမ်းတွင် မြူနှင်းတို့ လွှစ်ခါစပြုနှင့်ပြီ။ နေခြည်ဝင်းလက်လက်သည် ဖြူလွှသော နှင်းမှုန်နှင်းပွင့်များကို တောင် ထိပ်ပေါ်မှ နှင်ချလျက် ရှိလေသည်။ မြူပဝါလှစ်ထားသော တောင်ထိပ် ပေါ်က နေရောင်ခြည်တောက်ပပကို လှမ်းမြင်ရသည်မှာ နွေးထွေးရှိန်းမြ ဖွယ်ရာတည်း။

ဇာဇာလျှံ အိမ်ရှေ့ကို ရောက်လာသောအခါတွင် ခြံဝတံခါးကို အဆင်သင့်ဖွင့်၍ တွေ့ရသည်။

ကားနှင့်မေမေ တောထဲထွက်သွားတာလား။

အတွေးက ဝင်လာပြန်၏။ မနေ့ကလည်း မေမေသည် တောထဲက ဖေဖေဆီ ရောက်ခဲ့သေးသည်ဟု ထင်သည်။ ညနေ မိုးချုပ်စမှ ပြန်ရောက် လာ၏။ မေမေ၏မျက်နှာက မသာမယာ။ မနေ့ကတော့ သူ့မှာလည်း သူ့အပြစ်နှင့်သူ မလုံမလဲ ဖြစ်ပြီး မေမေ့ကို မမေးရဲ။ သို့သော် ဖေဖေ နောက်မိန်းမ ယူသည့်ကိစ္စပဲဟုတော့ ဇာဇာလျှံ စိတ်ထဲက သိနေသည်။

မေမေကိုတော့ ဇာဇာလျှံ သနားသည်။ မေမေသည် ဖေဖေလို စိတ်ကြမ်းကိုယ်ကြမ်း ရှိသူမဟုတ်။ စိတ်သဘောထား သိမ်မွေ့နူးညံ့သည်။ ဒေါသနှင့်ပြောသော မေမေ့စကားများပင် အစဉ်အမြဲ ယဉ်ကျေးချိုသာစွာ ရှိတတ်သည်။

ဖေဖေမှာမူ အင်္ဂလိပ်ကြီးနှင့် အတူနေခဲ့ရသူ၊ ကြီးပြင်းခဲ့ရသူမို့ မြန်မာ မဆန်ပေ။ အနောက်တိုင်း အယူအဆကိုလည်း အလွန် အထင်ကြီး သူ ဖြစ်သည်။ အရက်သေစာကိုလည်း ရေလိုသောက်သူဖြစ်သည်။ အမေ မြန်မာ၊ အဖေ မြန်မာက မွေးသော်လည်း ဘောင်းဘီကို ချွတ်သူ မဟုတ် အလောင်းအစားလည်း ဝါသနာပါသည်။ ဗုဒ္ဓဘာသာဟု ဆိုသော်လည်း သီတင်း ဥပုသ်သီလနှင့် ဝေးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ယခုအခါ တောထဲက အိမ်တွင် နောက်မိန်းမ ယူထားတာ ကလေးတစ်ယောက်ရပြီဟုပင် သတင်းကြားရသည်။ ဖေဖေ မြူသလို နေနေရသော မေမေကိုတော့ ဇာဇာလျှံ သနားသည်။ ဖေဖေ့ထံ အလွန်ကြောက်ရွံ့ရှိသေရသော မေမေသည် ဖေဖေ နှိပ်စက်သမျှ ခံနေရ ပါလား။

အိမ်ရှေ့ ဆင်ဝင်လမ်းကွေ့နား အရောက်မှာ သဇင်နှင့်ပုန်းညက် နံ့တို့က သင်းပျံ့နေကြသည်။ ပုန်းညက်, သဇင်နွယ်များသည် ဤနေ့ ဖွေးဖွေးလှုပ်မျှ ပွင့်ဝေနေကြသည်။ ဆောင်းလေကြမ်းတစ်ချက် အဝှေ့ လိုက်တွင် ပုန်းညက်, သဇင်ပန်းများပေါ် သီးဝေ့နေကြသော နှင်းစက် နှင်းပွင့်တို့က မိုးပေါက်ကြွေသံနှယ် လွင့်ကြွေခုန်ဆင်းလိုက်ကြသည်။

မေမေ့အကြောင်း တွေးမိပြီး ဝမ်းနည်းသွားသော ဇာဇာလျှံ၏ မျက်လုံးအိမ်ထဲမှ မျက်ရည် တစ်စက်နှစ်စက်သည်လည်း ဆင်ဝင်အောက် ရောက်၍ စက်ဘီးကို ရပ်လိုက်သောအခါ ရုတ်တရက် ကြွေလွင့်ဆင်း ထွက်သွားကြသည်။

ဇာဇာလျှံသည် အိမ်နောက်ဘက်က မြေစိုက် အခန်းထဲ စက်ဘီးထိုး သွားထားပြီး အိမ်ပေါ် တက်လာသည်။ ကျော်ကျော်နှင့် မတွေ့ခဲ့ရသဖြင့် သူ့ရင်ထဲ ဟာလာ၏။

သူ အိမ်ပေါ် ကိုတက်လာသည်ကို စူးစူးစိုက်စိုက် ငေးကြည့်နေသော အဖေကို အိမ်ပေါ်၌ မမျှော်လင့်ဘဲ တွေ့ရလေသောအခါ ဇာဇာလျှံ၏ ခြေလှမ်းတို့မှာ ရုတ်တရက်တုံ့သွားမိသည်။

"သမီး ဘယ်ကို သွားနေလဲ"

"ကျောင်းကို သွားတာ ဖေဖေ"

"ဘာ. . . ကျောင်းကို ဟုတ်လား"

အဖေ၏အသံက ချက်ချင်း သိသိသာသာ ပြောင်းလဲသွားသည်။

ဇာဇာလျှံက ဘာမှ ပြန်မပြောသေးဘဲ သူ့အဖေနှင့် မနီးမဝေး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

"ခုထိ ကျောင်းက မထွက်သေးဘူးလား၊ ဒီကျောင်းကြောင့် ကိုယ့် ဂုဏ်သိက္ခာ ဘယ်လောက်တက်လာလို့လဲ၊ ဒီကျောင်းဆရာမ အလုပ်





ကိုယ့်ဝေဒနာနဲ့ မတည့်ပါဘူးဆိုတာ ဆရာဝန်ကြီးကလဲ ပြောပြီးပြီ၊ ဒါလဲ ဒီကျောင်းကို သံယောဇဉ် မပြတ်နိုင်သေးဘူး"

ဖခင်၏စကားက ဇာဇာလျှံ၏ရင်ထဲ သံပူရည်နှင့် လောင်းထည့် လိုက်သလို အခံရခက်သွားသည်။

သူ အလွန် ဝါသနာပါ၍ ချစ်မြတ်နိုးလှသော ဤ ကျောင်းဆရာမ အလုပ်က နုတ်ထွက်ရန် ပြောဖူးသည်။

အကြောင်းမှာ နိုင်ငံရေးသမား ကျောင်းဆရာတစ်ယောက်နှင့် ဇာဇာလျှံ ရည်ငံနေကြသည်ဟူသော သတင်းကစပြီး ထိုကျောင်းဆရာနှင့် ဇာဇာလျှံတို့ကျောခိုင်းကြသောအခါ ထိုကျောင်းဆရာ၏ သားပုပ်လေလွင့် ပြောဆိုမှုကြောင့် သိက္ခာကျသည်ဟု ဖေဖေက ကျောင်းထွက်ခိုင်းသည်။

ထိုစဉ်က ထိုကျောင်းဆရာ မြန်မြန်ပြောင်းသွားသဖြင့် ဇာဇာလျှံ ကျောင်းမထွက်ဖြစ်ခဲ့။ သို့သော် ဖေဖေနှင့်တော့ စကားများလိုက်ကြသေး သည်။

ထိုစဉ်ကပင် ကျောင်းထွက်ခိုင်းသော ဖေဖေသည် ယခု ဇာဇာလျှံ ရှေ့ထဲ၌ မူးလဲပြီး နောက်တစ်နေ့မှာ ကျောင်းထွက်ပါဟု ပြောလာပြန်သည်။ သူ အလွန်ချစ်မြတ်နိုးသော ကျောင်းဆရာမအလုပ်ကို ဇာဇာလျှံကလည်း လုံးဝ မစွန့်လွှတ်ချင်။ ဤအလုပ် မလုပ်လျှင် ဤမင်းရွာ၌ သူ့တွင်အလုပ် မရှိပေ။ ငွေကြေးပြည့်စုံသော်လည်း အိမ်မှာ တငူငူထိုင်ပြီး စားနေရမည့် အလုပ်ကို ဇာဇာလျှံ ငြီးငွေ့သည်။

ပြီး. . . ဇာဇာလျှံက အလုပ်မရှိလျှင် စိတ်လေတတ်သည်။ စိတ်က အဝေးကြီးကို ရောက်နေသလို ဖျင်းနေတတ်သည်။ အလုပ်မရှိသော ကျောင်းပိတ်ရက်များတွင် ဟိုမြို့သည်မြို့ ခရီးသွားမနေရလျှင် စိတ်လေ ပြီး အတွေးလွန်ကာ အိပ်မပျော်တတ်သော စိတ်ရောဂါလည်း ရှိသည်။

ကျောင်းမှာဆိုလျှင် ကလေးတွေ၊ ဆရာ၊ ဆရာမတွေနှင့် အချိန်ကုန် မှန်းမသိ။ ဤသည်ကို သူကပျော်သည်။ ကျောင်းဆရာမအလုပ် ထွက်ရန် အဖေ၏စကားကို ထပ်ဆင့်ကြားရသောအခါ ဇာဇာလျှံမှာ စိတ်ရှုပ်သွား ပြန်သည်။ ကျန်းမာရေးကြောင့် ပြောသည်ကို အလိုက်အထိုက် သည်းခံ ထားထောင်နေနိုင်သော်လည်း ယခင် နှစ်နှစ်ကျော်လောက်က နိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



သမားကျောင်းဆရာနှင့် ပတ်သက်ပြီး သူ့ကို စောင်းပါးရိပ်ခြည် ပြောသည်
ကိုမူ သူသိက္ခာကို ဖေဖေ သက်သက် အထင်သေးတာ၊ စော်ကားတာဟု
ဝမ်းနည်းသွားသည်။

ဤရက်ပိုင်း၌ ဖေဖေ့အပေါ် ဇာဇာလျှံမှာ နာကြည်းစရာတွေ များ
နေသည်။ အထူးသဖြင့် ဖေဖေ နောက်မိန်းမ ယူသည့်ကိစ္စ၊ သူကတော့
ထင်ရာလုပ်နေပြီး သူများ ကောင်းရာကောင်းကြောင်း အလုပ်ကိုပင် ဟ
တားသည်ဟု စိတ်ထဲ မျက်လာသည်။

မေမေ့ကို သနားစိတ်နှင့် ဖေဖေ့ကို ဒေါသဖြစ်ရသည်။

"သမီး ကျောင်းပြန်မတက်သေးပါဘူး ဖေဖေ၊ ခဏသွားတာ
သမီး နေကောင်းနေပါပြီ၊ ဒီအလုပ်က သမီးရဲ့ အမွန်မြတ်ဆုံး အသက်
မွေးဝမ်းကျောင်းအလုပ်ပါ ဖေဖေ၊ ဒီအလုပ်ကြောင့် သမီးအသက် သေမယ်
ဆိုရင်လဲ သေပါ. . ."

"ဘာ. . . ဒီအလုပ်က နင်ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်
ဟုတ်လား၊ နင်ဒီအလုပ်မရှိတုန်းကတော ငါက နင်တို့ကို အငတ်ထားခဲ့
လို့လား၊ ငါ့ပစ္စည်းတွေက နင်တို့ ပစ္စည်းတွေပဲ မဟုတ်လား၊ ငါ့မှာ နင်တို့
အပြင် ဘယ်လူတွေရှိသေးလို့လဲ၊ နင်တို့အပေါ်မှာ ငါ ဘာဝတ္တရားပျက်
ကွက်ခဲ့လဲ ပြောစမ်း"

သမီး ဇာဇာလျှံ၏ စကားကို ဦးလာဘသည် ဤနေ့၌ အတိုင်းမသိ
ဒေါသထွက်မိသည်။

သူ့သမီးသည် သူ့ကို စကားနှင့် နှုတ်လုံထိုးသည်ဟုလည်း ယူဆ
သည်၊ သူ့သမီးက ဤကျောင်းဆရာမ အလုပ်သည် သူ၏အသက်မွေး
ဝမ်းကျောင်းအလုပ်ဟု ပြောခြင်းမှာ သူ့ဂုဏ်သိက္ခာနှင့် သူ့စည်းစိမ်ဥစ္စာ
အားလုံးကို ထိခိုက်၍ ပြောသည်။

သူတို့သားအမိ တစ်သက်လုံး စားမကုန်လောက်အောင် သူထား
ခွားလိုရှန်းပြီး ကျွေးမွေးထားသော်လည်း သူ့ကိုအာခံသည်။ ကျေးဇူးကန်း
စကားပြောဆိုသည်။

ဤသည့်မှာလည်း သူ နောက်ထပ် မိန်းမယူသည့် ကိစ္စနှင့် ပတ်
သက်၍ စော်ကားခြင်းပင် မဟုတ်ပါလား။





စောစောကလည်း သူ့မိန်းမနှင့် ဤကိစ္စ အကြီးအကျယ် စကားများ
ကြရာ ဦးလာဘမှာ ယမ်းပုံမီးကျ ဖြစ်သွားသည်။ ဤသားအမိသည်
သူ့ကို တော်လှန်ပုန်ကန်နေကြလေပြီဟု ချက်ချင်းအစွဲဝင်သွားသည်။

"ဖေဖေ့မှာ သမီးတို့အပြင် ဘယ်လူတွေ ရှိသေးတယ်လို့ သမီးက
မြောသေးလို့လား ဖေဖေရယ်၊ ဖေဖေကသာ . . ."

"ဟာ. . . ငါတယ်. . . ကဲ"

ဦးလာဘသည် ဒေါသကိုမသိမ်းနိုင်ဖြစ်ကာ ခုံပေါ်က ဓာတ်ဘူးနှင့်
သူ့သမီး ဇာဇာလျှံကို လှမ်းပေါက်လေသည်။

ဇာဇာလျှံသည် သူ့အဖေ၏ ရက်စက်မှုကို ဝမ်းနည်းယူကျုံးမရ ဖြစ်
ကာ ငိုပြီး အခန်းထဲသို့ ပြေးဝင်သွား၏။

"ဟင်. . . ကိုလာဘ၊ ရှင် ကျွန်မတို့သားအမိကို ဘယ်သဘောနဲ့
များ ဒီလောက် လာနှိပ်စက်နေရတာလဲဟင်"

စောစောပိုင်းက သူနှင့် ရန်ခိုက်ဒေါသ ဖြစ်ကြသော်လည်း မယား
ဝတ္တရား မပျက်ကွက်တတ်သော ဒေါ်ဇာလီမေသည် ဦးလာဘကို ထမင်း
ကျွေးရန် မီးဖိုဆောင်ထဲ ကိုယ်တိုင်ဝင်ပြီး ထမင်းဟင်း ချက်ပြုတ်နေသည်။

ဟစ်လမှာတစ်ခါပင် လက်ဆုံမစားရသော ခင်ပွန်းသည် သည်က
နေ့ ထမင်းလက်ဆုံစားမည်။ တောထဲ အမြဲလိုလိုနေရသော ခင်ပွန်းသည်
ကို တကယ်မှာမူ စောစောက ရန်ဖြစ်ထားကြသော်လည်း ဒေါ်ဇာလီမေက
ဝတ္တရာမပျက်ပေ။ ထို့ကြောင့်လည်း သမီးပြန်လာလျှင် သားအမိ သား
အဖတွေ ထမင်းလက်ဆုံစားရအောင် လှဒါရီနှင့် မီးဖိုဆောင်ထဲ၌ ချက်
ပြုတ်ကြော်လှော်နေသည်။ စောစောကလည်း ဦးလာဘ ကြိုက်တတ်သော
ငါးခြောက်ပြားကို မီးဖုတ်ပြီး ဆီဆမ်းကာ ကိုယ်တိုင် မဟုတ်သော်လည်း
လှဒါရီကို ပေးနိုင်းထားပြီးပြီ။

ယခု သမီး ပြန်လာသံကြား၍ မိသားစု ထမင်းဝိုင်းစားကြရတော့
မည့်အရေး တွေးနေစဉ် သူ့သမီးနှင့်ပါ အဖေလုပ်သူက ရန်ဆက်ဖြစ်ပြီး
ခုံပေါ်က ဓာတ်ဘူးနှင့် လှမ်းပေါက်သံ ကြားရသောအခါ စေတနာတွေ
အကုန်ပျက်ပြီး ဒေါသနှင့် ပြေးထွက်လာကာ သူ့ယောက်ျားကို ရန်တွေ့
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သားအမိကကော ငါ့ကို ဘာသဘောနဲ့ ဒီကနေ့ အာခံချ
နေကြတာလဲ ပြောစမ်း"

ဦးလာဘကလည်း ဒေါသနှင့် ဇနီးသည်ကို အော်သည်။

"တော့်ကို ဘယ်သူက အာခံလို့ . . ."

"မင့်သမီးက. . . မင့်သမီးက"

"သမီးက ရှင့်ကို ဘာတစ်ခွန်း အလွန်ပြောလို့လဲ၊ ရှင့်စကား ရှ
ဖာသာရှင် မလုံလို့ အုံ့ပွင့်တာ မဟုတ်လား၊ ကျွန်မ သမီးက ဘာလွ
လို့လဲ၊ ဒီက နားနဲ့ဆတ်ဆတ် ကြားပြီးသားပါတော်"

"ဟုတ်တယ်မေမေ၊ သမီး ဖေဖေ့ကို ဘယ်တုံးက မလေးမ
ပြောဖူးလို့လဲ၊ သမီးတို့ကို ဖေဖေ သက်သက် . . ."

"ဟေ့. . . မိဇာဇာလျှံ တော်စမ်း၊ နင် ဘာဝင်ပါလာပြန်တာလဲ"

ဇာဇာလျှံက သူ့အမေအား ငိုပြီး အခန်းထဲက လှမ်းတိုင်သ
ဦးလာဘက သူ့သမီးကို လှမ်းဟောက်ပြန်သည်။

ဤသမီး ဤဇနီးတို့၏ နှုတ်လုံထိုးမှုက ယနေ့၌ သူ့အသည်း
ကျွဲဝင်ခတ်သလို ဖြစ်နေသည်။

"ကြားပဲ မကြားဖူးဘူး၊ ဒီအသက် ဒီအရွယ်. . ."

"ဟေ့. . မေ၊ တော်တော့လို့ ငါ ပြောနေတယ်နော်"

"ဒီအသက်အရွယ် နောက်ထပ် မိန်းမယူရမယ့် အသက်အရွ
လား" ဟု. . သူ့ကို ပြောမည်အထင်နှင့် ဦးလာဘက သူ့ဇနီး၏စကား
ဟန့်တားပြန်၏။

သို့သော် ဒေါ်ဇာလီမေ၏စကားကား မရပ်။ သမီးကို ခတ်ဘ
လှမ်းပစ်ရမလားဟု ဒေါသနှင့် စကားဆိုနေသည်။

"ဒီအသက် ဒီအရွယ်က ရိုက်နှက်ဆုံးမရမယ့်အရွယ်လား၊ ကလေ
လားဟင်၊ အလုပ်အကိုင်နဲ့ လူကြားလို့တောင်မတော်၊ ရှင် မသိဘူးလား"

အစကမူ သူ့ နောက်မိန်းမယူသည့်အကြောင်း ပြောလိမ့်မည်
အထင်နဲ့ ရုတ်တရက် ရှူးရှူးဒိုင်းဒိုင်းဖြစ်သွားသော ဦးလာဘမှာ သူ့ဇနီး
သူ့သမီးအကြောင်း စကားရောက်သွားသောအခါမှာတော့ အတော်နေသာ
ထိုင်သာ ဖြစ်သွားသည်။





သို့သော် တစ်သက်လုံး သေဆို သေ၊ ရှင်ဆို ရှင် နေလာခဲ့ကြသော
သမီးနှင့်ဇနီးတို့အပေါ်တွင် ပြစ်မှုတစ်ခုခုနှင့် အလျော်အစားလုပ်ရန်၊
သို့မဟုတ် ပြေငြိမ်းနိုင်ရန်, ထေရန် အကြံထုတ်နေသည်။

အိမ်မှာ ချွတ်ယွင်းချက်တွေကို လိုက်ရှာနေသည်။

အပြောအဆို အမှားတွေကို စောင့်နေသည်။

"ငါလုပ်ရင်တော့ တော်,မတော် ပြောကြတယ်၊ ငါ့စကားကျတော့
ဘယ်သူမှ နားမထောင်ချင်ဘူး"

ဦးလာဘသည် လေသံကိုမမြှင့်ဘဲ သူ့ဇနီးအား ညည်းညည်းညူညူ
ပြန်ပြောသည်။

"တော့်စကားကို ဘယ်သူက ဘာပြောလို့လဲ၊ ကျုပ်သမီးက ဘာ
ပြန်ပြောလို့လဲ"

"မင့်သမီးကို ငါ ဘာပြောထားလဲ"

"တော်က သမီးကို ဘာပြောထားလို့လဲ"

"မနက်တိုင်း ကမ်းလွန်သာက ဆရာဝန်ကြီးဆီမှာ ဆေးသွားထိုးဖို့
ပြောထားတယ်မဟုတ်လား၊ ဖြစ်လိုက်ရင်လဲ သူ့အပြင် မရှိဘူး၊ ခုကြည့်စမ်း
ဘယ်အချိန်ရှိပလဲ၊ ငါကတော့ သမီးတစ်ကောင်တည်းမို့ သူ့ ကျန်းမာရေး
အတွက်ဆိုပြီး မနက်အလုပ်ရှိတာတောင် ကားကို အိမ်ပေး ထားတာ၊
ခုတော့ စက်ဘီးနဲ့ ကျောင်းကိုသွားတယ်တဲ့၊ ကျန်းမာရေး ဂရုစိုက်ရမှန်း
မသိဘူး၊ ဒီအလုပ်ပဲ ခင်နေတယ်၊ နတ်ပြည်တင်တာ မြင့်တယ်ဆိုပြီး ခုန်ချ
ချင်တဲ့ဟာတွေ"

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . ."

သူ့စကားကို သူ့မိန်းမက လုပ်သံကြီးနှင့် ညစ်ရယ်လိုက်သောအခါ
ဦးလာဘမှာ ခဏတော့ကြောင်သွားသည်။

"မနက်ပိုင်း စက်ဘီးစီးတာက ကျန်းမာရေး ပိုကောင်းတယ်ဆိုတာ
ဆရာဝန်ကြီးကိုယ်တိုင် ညွှန်ကြားတာ၊ ဆေးလဲ နေ့တိုင်းထိုးနေတာပဲ"

"ဘယ်မှာ ထိုးလဲ၊ နေ့တိုင်း"

"ဒီမှာ ထိုးတာ"

"ဘယ်. . ဒီမှာ ထိုးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာထိုးတာတော်ရေ. . အိမ်မှာ ထိုးတာ၊ ရှင်က တောထဲ
အိမ်မှာပျော်နေတော့ ဒါတွေ ဘယ်သိမလဲ၊ ပြောတော့ သမီးကျန်းမာ
တစ်ပတ်နေလို့ အိမ်ကို တစ်ခေါက် ရောက်လို့လား၊ လာကြည့်
လို့လား"

"အိမ်မှာထိုးတာ ဘယ်ဟာ ဆရာဝန်လဲ၊ ဒီမှာ ဆရာဝန်ရှိလို့လာ

"ကျန်းမာရေးမှူးက လာထိုးပေးတာ"

"ဘာ. . ."

ဦးလာဘသည် သူ့ဇနီးကို ဖျတ်ခနဲ တစ်ချက် လှည့်ကြည့်ပြီး
လိုက်သည်။ ကျန်းမာရေးမှူးဆိုသော စကားကိုကြားလျှင် သူက
ခနဲဒေါသထွက်သွားသည်။

"ဟင်. . . ဘယ်က ကျန်းမာရေးမှူးလဲ"

"ဘယ်က ကျန်းမာရေးမှူး ရှိရမှာလဲ၊ ရွာက ကျန်းမာရေးမှူး

"တောက်. . . ငါက ဆရာဝန်ကြီးနဲ့ သေသေချာချာ အပ်ပေး
လျှက်နဲ့ ဘာကိစ္စ နင်တို့က ဒီကျန်းမာရေးမှူးနဲ့ ဆေးထိုးရတာလဲ၊
ပြောစမ်း၊ ဘာကိစ္စ အိမ်ပေါ်ခေါ်ပြီး ဆေးထိုးကြရတာလဲ"

ဦးလာဘသည် ဒေါသနှင့် ဆတ်ခနဲ ထရပ်ကာ သူ့မိန်းမအနား
ရောက်လာသည်။

ဦးလာဘ ဤမျှထိ ဒေါသကြီးလာသည်ကို ရုတ်တရက် နားမလည်
သော ဒေါ်ဇာလီမေမှာ ခဏတော့ရွံ့သွားသည်။ အမှန်မှာ တစ်သက်
ဤသို့ တစ်ခါမျှ သူ့ယောက်ျားကို သူပြန်မပြောခဲ့ဖူးပေ။ ယနေ့
သူ့သမီးအတွက်ရော သူ့အတွက်ပါ နာကြည်း၍ ယခုလို ပြန်လည်
နေခြင်း ဖြစ်လေသည်။

"ဒီမှာ ကိုလာဘ၊ ရှင် ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ၊ စကား
တာပဲတော် တိုးတိုးပြောလဲ ဒီစကားပဲ၊ လူကြားလို့လည်း မကောင်းပါ

ဦးလာဘ တကယ်ဒေါသကြီးလာပြီဆိုတော့ ဒေါ်ဇာလီမေက
သွားသည်။ ထို့ကြောင့်လည်း သူ့ယောက်ျားကို လေပြည်ထိုးရ၏။

"အင်း. . . ငါပြောရင်တော့ လူကြားမကောင်းဘူး၊ နင်တို့လုပ်
ကျတော့ကောင်းတယ်"





"ဟောတော့၊ ကျွန်မတို့သားအမိက ဘာလုပ်နေလို့လဲ"

"ဘာလုပ်ရမှာလဲ၊ ငါ ပြောထားတာက ကမ်းလွန်သာဆရာဝန်ကြီး
ဆီမှာ မနက်တိုင်း ဆေးသွားထိုးပါလို့ ပြောထားတယ်မဟုတ်လား၊ ခုတော့
ဒီကောင့်ကို အိမ်ပေါ်ခေါ်ပြီး ဆေးထိုးတယ်ဆိုတာ ဘာသဘောလဲ၊ ငါက
ဆတ်နဲ့ရေးထားတာ နင်တို့ ခြေနဲ့ဖျက်ချင်တဲ့ သဘောလား၊ ဒီကောင်က
ဆရာဝန်ကြီးထက် နားလည်ဦးမလား"

"ဆရာဝန်ကြီးထက် နားလည်တယ်လို့ ကျွန်မတို့ကလဲ မပြောရ
ပါလားတော်၊ သမီးက မြို့ကို သွားရတာ ကားက မာတ်ဆီစော်နံတော့
မူးတယ်တဲ့"

"ဘာ. . . မာတ်ဆီစော်နံတော့ မူးတယ်ဟုတ်လား၊ မာတ်ဆီနံလို့
မူးပြီးမသေဘူး၊ အဲဒီကောင် ဆေးမှားထိုးမိရင် ချက်ချင်းသေမှာ သိရဲ့လား"

"ဒီလို သူများ တစ်ဖက်သားကို ထိခိုက်မပြောပါနဲ့တော်၊ ကျန်းမာ
ရေးမှူးကို ဆရာဝန်ကြီးကိုယ်တိုင်က ဒီဆေး ဒီဆေးတွေ ထိုးပေးလိုက်ပါလို့
မှာကြားထားလို့ လာထိုးပေးနေတာ၊ ကျေးဇူးတောင် တင်ရဦးမယ်"

"တော်တော်၊ နင်တို့က ဆရာဝန်ကြီးကို ကားစီးရင် မူးတတ်တယ်၊
ဘာဘာညာညာ သွားပြောကြတော့ ဆရာဝန်ကြီးက အားနာလို့ပြောတာ
မဟုတ်လား၊ ဆရာဝန်ဆိုတာက ရှစ်နှစ်ကိုးနှစ် သင်ကြားလေ့လာပြီးမှ
ဆရာဝန်ဖြစ်လာတာ၊ နင်တို့အကောင်က ဘယ်နှစ်နှစ် သင်ဖူးလို့လဲ၊
တနေ့တစ်နေ့ကမှ သင်တန်းသွားတက်တာ၊ ဒီလို ဒေါက်တာရမ်းကုတွေ
ကြောင့် တောရွာက လူတွေသေတာ ဘယ်လောက်များပြီလဲ"

"တော်ပြောသလိုသာဆို သေကုန်ကြပြီပေါ့"

"အေး. . . သေမယ်. . . သေမယ်၊ မြဲမြဲမှတ်ထား၊ ခု မသေသေးပေ
မယ့် နောက်သေမယ်မှတ်ထား၊ နင်တို့သားအမိက အရင်ဆုံးသေမှာ၊
ဆေးတွေ ဒီလောက်ဖတ်နေတာ ဘာစာတွေ ဖတ်နေတာလဲ မသိဘူး၊ ဝယ်
ထိုက်ရတဲ့စာအုပ်၊ သူ့လခက စာအုပ်ဖိုးနဲ့ပဲ မလောက်ဘူး။ သတင်းစာ
ကျတော့ စုံစုံစေ့စေ့ ဖတ်ရမှန်း မသိဘူး၊ သတင်းစာထဲ ဒီလို ဒေါက်တာ
ရမ်းကု သတင်းတွေ နေ့တိုင်းပါတာ၊ ဒါကျတော့ မျက်စိက မမြင်ဘူး၊
အမေက မသိလို့ဆိုတာ ထားပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ခါတော့ အဖေက သူ့ကို တိုက်ရိုက်ပြောပြီဆိုတာ ဇာဇာလျှ
နားနှင့် ဆတ်ဆတ်ကြားသည်။

အဖေသည် ဤနေ့ မတရားချည်းပြောဆိုနေသည်မှာ အကြိမ်ကြိ
ရှိပါပြီ။ သို့ပါသော်လည်း တစ်ခါမျှ ပြန်လှန်၍ မပြောဖူးသောအဖေ့
ဇာဇာလျှံသည် ပြန်၍တော့မပြောရဲပေ။ သူ့အဖေ မတရား ကြိမ်းမောင်း
ဆိုနေသည်ကို ယူကျုံးမရသော နာကြည်းစိတ်နှင့်သာ ကျိတ်မှိတ်ငို
သည်။ သူ့ကိုရော သူချစ်သူကိုပါ အဖေ့ပြောဆိုမှုအတွက် နာကြည်းစိ
ဆွေမှာ ရင်ထဲပြည့်လျှံနေပါပြီ။

"ခေတ်ပညာလဲ အတော်အသင့် တတ်သားနဲ့၊ ခေတ်အမြင် ခေ
အတွေးဆိုလို့ နည်းနည်းမှ မရှိဘူး"

"ဖေဖေကသာ လူတကာကို ကိုယ့်စိတ်နဲ့ နှိုင်းပြီး ရန်လိုနေ
မတရားနှိပ်စက်နေတာ"

ဇာဇာလျှံသည် နာကြည်းစိတ်နှင့် အံကို တင်းတင်းကြိတ်ကာ
အဖေအား အော်ဟစ်ပြောလိုက်ချင်သည်။ သို့သော် သူ့အမေပင် အ
ဒေါ်သဲကို ရင်မဆိုင်ချင်သဖြင့် နှုတ်ဆိတ်နေသောအခါ ဇာဇာလျှံမှာလည်
နှုတ်မထွက်ဝံ့ရှာပါပေ။

"မေ. . . ဟိုကောင်ကော"

ဦးလာဘက သူ့ဇနီးကို သံမှန်နှင့်ခေါ်သည်။

"မောင်သီလား"

"ဟုတ်တယ်၊ အဲဒီကောင် ဘယ်သွားလဲ"

"ရှိပါလိမ့်မယ်၊ ဘာလုပ်မလို့လဲ"

"ဟော့ဒီ မိန်းမ ခက်နေပါလား"

"ရှင်ကမှ မပြောတာ၊ ခေါ်ပေးဆို ခေါ်ပေးမှာပေါ့၊ ဟော့. . လ
မောင်သီ သွားခေါ်စမ်းကွယ်"

"မင်းဟာလေ ငါ့စိတ်ကို နည်းနည်းမှ နားမလည်ဘူး၊ ငါဘာ
မယ်၊ ဘာစကား ဘာကြောင့် ပြောတယ်ဆိုတာလဲ သိပ်နားဝေးတယ်"

အမှန်လည်း ဦးလာဘ၏စကားကို ဤနေ့၌ ဒေါ်ဇာလီမေက န
မလည်ရှာပေ။





ဦးလာဘက သူ့ဇနီးကို နားလည်စေချင်သော အကြောင်းတွေမှာ
ဦးကျော်ခေါင်တည်း ဟူသော မြစ်ဖျားက ခံလာသည်။ သို့သော် ဦးလာဘ
အနေကလည်း ဇနီးနှင့်သမီးတို့အား ဤအကြောင်းဖွင့်ပြောရမှာ သူ့အပြစ်
နှင့်သူမို့ ပြောမထွက်ရက်၊ ရင်ထဲမှာတော့ လိပ်ခဲတည်းလည်း ဖြစ်ကာ
ဦးကျော်ခေါင့်သားများဆီက ဒေါသသည် ဇနီးနှင့်သမီးတို့ဆီသို့ မမျှော်
လင့်ဘဲ ရောက်လာရသည်။

စောစောကလည်း တစ်ခါဖူးမျှ မရိုက်မနှက်ဖူးသော သမီးကို
ဓာတ်ဘူးနှင့် လှမ်းပေါက်ပြီးပြီ။ ခုလည်း. . သူ့သမီးကို ဆေးသွားထိုးရန်
သူ့စိတ်ထဲက စိစဉ်နေသည်ကို ဇနီးသည်က မရိပ်မိပြန်လေသောအခါ
စောစောက ပြေငြိမ်းနေသောဒေါသသည် ပြန်ပေါ်လာပြန်၏။

ပို၍ဆိုးသည်မှာ ဇနီးသည်က. . .

"ရှင့်စိတ်ကို ကျွန်မလိုက်သိရအောင် အကြားအမြင်ပေါက်နေတာ
မဟုတ်ဘူး၊ ရှင့်ဖာသာရှင် အရှူးထပြီး. . ."

"တော်စမ်း နင်တို့ ဘာနားလည်လို့လဲ၊ ခုသမီးကို ဆေးသွားထိုးရ
အောင် မောင်သီခေါ်ခိုင်းတာ"

"ပြောပါလား၊ ဆေးထိုးလွှတ်မယ်ဆိုလဲ ဆေးထိုးလွှတ်မယ်ဆိုတဲ့
အကြောင်း"

ကျန်းမာရေးမှူး မောင်ကျော်သူ သူ့သမီးအား ဆေးထိုးပေးနေသည်
ကို ဦးလာဘ မကြိုက်သည်ကိုတော့ ဒေါ်ဇာလီမေက ရိပ်မိသည်။ သို့သော်
ဤကိစ္စမှာ ယခင် နှစ်နှစ်ကျော်က ဦးကျော်ခေါင် သေဆုံးမှုနှင့် ပတ်သက်
ပြီး သူ့ကို ရဲဘက်က ခေါ်၍စစ်သည်ကို ဦးလာဘက နာကြည်းနေသည်။

အမှန်မှာ ဤကိစ္စ၌ ဤမျှထိ ဒေါသဖြစ်စရာမလိုဟု ဒေါ်ဇာလီမေ
ကထင်သည်။ သေနတ်လိုင်စင်နှင့် ကိုင်သူဆို၍ ဤရွာ၌ သူတစ်ယောက်
သာရှိလေရာ မေးသင့်၍ မေးခြင်းသာဟု ဒေါ်ဇာလီမေက သဘောပေါက်
သည်။

တခြားကိစ္စတော့ ဒေါ်ဇာလီမေက ဘာမျှ မသိပေ။

"မင်းကိုလဲ အိမ်မှာ ခိုင်းစရာရှိလို့ တောထဲက ပို့ထားတာ၊ ဒီမှာ
မင်း တော်တော်လွှတ်လပ်နေရနေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



မောင်သီ တက်လာသည်ကို မြင်သဖြင့် ဦးလာဘ လှမ်းဟောက်၏။

"ကျွန်တော် ခြံထဲမှာ ရှိသားပဲ"

"ခြံထဲမှာ ရှိတာ ငါသိတယ်ကွ၊ မင်းကို ငါ ဘာကိစ္စ ဒီကိုပို့ထားသလဲ ဆိုတာ မေးနေတာ"

"မမကို ကမ်းလှမ်းသာ လိုက်ပို့ဖို့"

"မင်း လိုက်ပို့လို့လား"

"မမက မလိုတော့ဘူးပြော. . ."

"တော်စမ်း မလိုရင် ဘာလို့ ရေနံမြေ ပြန်မလာလဲ၊ ပြောလိုက်ရင် မင်းတို့ကောင်တွေက ဆင်ခြေချည်းပဲ၊ သွား. . ကားထုတ်စမ်း"

"ဟုတ်ကဲ့"

"သမီး ဆေးသွားထိုးဖို့ လုပ်စမ်းပေ့"

ဦးလာဘသည် မောင်သီကို မာန်မဲနေရာမှ အခန်းထဲ ကျိတ်ငိုနေသော သူ့သမီးဆီ လှမ်းအော်ပြောပြန်သည်။

အမြင်က အဖေပြောနေသည်ကို ဇာဇာလှ အားလုံးကြားသည်။ ထို့ကြောင့်လည်း ဇာဇာလှသည် အဖေ့ အပေါ် နာကြည်းစိတ်နှင့် နှုတ်ဆွံ့မဖြန်ဘဲ ငြိမ်နေသည်။

"ဟဲ့. . . ကောင်မလေး ဆေးသွားထိုးရမယ် ပြောနေတာ မကြားဘူးလား"

"သ. . . သမီး နေကောင်းနေပါပြီ ဖေဖေ"

ဇာဇာလှက ငိုသံတစ်ဝက်နှင့် ပြန်ပြော၏။

ဦးလာဘမှာ ဒေါသဖြစ်ရပြန်သည်။

ကျန်းမာရေးမှူး မောင်ကျော်သူ အပေါ်၌ စွဲငြိနေသော သံသယစိတ်သည် ဦးလာဘ ခေါင်းထဲတွင် ယခုထိ စွဲငြိနေတုန်းပင်တည်း။

"နင်နေကောင်းတာ နေမကောင်းတာ ငါမေးစစ်နေတာမဟုတ်ဘူး။ နင့်ကို ဆေးသွားထိုးပါလို့ ပြောနေတာ"

"သမီး ကလေးမဟုတ်ဘူး ဖေဖေ"

"ဘာ"

ဦးလာဘ၏ဒေါသသည် ချက်ချင်း ပေါက်ကွဲလာပြန်သည်။





"သမီးကိုယ် သမီး သိတယ်၊သမီး နေကောင်းနေပြီ ပြောသားပဲ"

"ငါတယ်. . . နင်သေချင်ပလားဟင် တောက်. . ."

"ဒုန်းဒုန်း . ."

"ဖွင့်စမ်း တံခါးဖွင့်စမ်း"

ဦးလာဘသည် ဒေါသနှင့် သူ့သမီးအခန်းဝ ရောက်သွားပြီး ပိတ်ထားသော တံခါးကိုတဒုန်းဒုန်း လက်သီးနှင့်ထုရိုက်တာ အော်ပြန်သည်။

"ငါသိတယ် . . . တံခါးဖွင့်စမ်း ငါ့ကို ဘာသဘောနဲ့ အာခံချင်တာလဲ၊ ဘာသဘောနဲ့ နင်ငါ့ကို အာခံချင်တာလဲဟင်"

"တော်ပါတော့ ကိုလာဘရယ်၊ ရှင် ဒီနေ့ လူတကာနဲ့ ရန်ဖြစ်နေပါလား၊ ရှင့်ကို ကျွန်မ စောစောကလည်း ပြောပြီးပြီ၊ သာသာညင်ညင် ပြောလဲရပါတယ်၊ ကိုယ်က မွေးထားတဲ့ သမီးပါ"

သမီးနှင့် အဖေတာ ရန်ဆက်ဖြစ်နေကြသောအခါ ဒေါ်ဇာလီမှော သမီးလေးကို သနားစိတ်နှင့် ခင်ပွန်းသည်ကို ဆွဲရပြန်၏။

"မင့် သမီးကို ကောင်းကောင်းပြောလို့ ရရဲ့လား။ ငါ ပြောတာ ကြားတယ် မဟုတ်လား။ ဖယ်စမ်း ငါ့ လာမဆွဲနဲ့"

ဒေါသနှင့် တဆတ်ဆတ်တုန်နေသော ဦးလာဘသည် သူ့ကို လာဆွဲခေါ်နေသော ဇနီးသည်၏လက်ကို ပုတ်ချပစ်လိုက်သည်။

ပြီး. . . တံခါးကို တဒုန်းဒုန်း ထုရိုက်နေ၏။

"သမီးက ရှင့်ကို ဘာအလွန်အကျွံပြောလို့လဲ၊ အကျိုးအကြောင်း တောင် မပြောရတော့ဘူးလား။ လာစမ်းပါ ကျုပ်သမီး ကျုပ် ပြောပါ့မယ်"

သူ့အမေအသံကို ကြားသောအခါ ဇာဇာလှ၏ ငိုရှိုက်သံမှာ ပို၍ ကျယ်လောင်လာသည်။

"ကဲ. . . သမီး လာလာထွက်ခဲ့၊ အဖေကြီး စိတ်မကောင်းအောင် မလုပ်ပါနဲ့သမီးရယ်၊ လာပါ ထွက်လာခဲ့ အမေရှိတယ်၊ လာခဲ့ လာလာ"

ဇာဇာလှသည် သူ့ အမေ ချော့နေသံကို ကြားသော်လည်း အပြင်ကို ထွက်မလာ၊ ခေါင်းမာစွာနှင့် တရှုပ်ရှုပ်သာငိုရှိုက်နေ၏။

"ဟေ့ သမီး အမေကြီး ပြောနေတယ်လေ၊ ထွက်ခဲ့ပါဆိုတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဤအသံက ဖေဖေ၏အသံ ဆိုသည်ကို ဇာဇာလျှံသိသည်။

ဤတစ်ခါလည်း ကဏ္ဍကောစ လုပ်နေလျှင် အဖေက ပို၍စိတ် တော့မည်။ အဖေကိုတော့ သူ ကြောက်သည်။ သူ့တွင် ဆက်လက် ခေါင်းမာရဲသော အင်အားမရှိတော့ပါချေ။ ထိုကြောင့်လည်း ဘာမှ မပြောဘဲ ခေါင်းမာနေလျှင် ပိုဆိုးတော့မည်ကို သိသဖြင့် ဇာဇာ အာပတ်လွှတ်ပြန်ကြားရသည်။

"သူများ အဝတ်လဲနေတဲ့ဥစ္စာ. . . သက်. . . "

"အေးပါသမီးရယ် အမေသိပါတယ်၊ ရှင်ကလဲပဲ ရှင့်ဖာသာ ရှင်သွား နေစမ်း"

ဇာဇာလျှံသည် ငိုရှိုက်ပြီး အခန်းထဲက ထွက်လာ၏။

"သွား. . . အောက်မှာ မောင်သီ စောင့်နေတယ်၊ မငိုနဲ့ တိတ်တိတ် ဆရာမကြီးက ငိုရတယ်လို့ကွယ်၊ မြို့မှာ ဆေးသွားထိုးလိုက်ကြ၊ လမ်း ငိုမသွားနဲ့ဦးနော်၊ ကလေးတွေ မြင်မှာ မရှက်ဘူးလား"

သူ့အမေက ငိုမသွားနဲ့ဟု. . ပြောသော်လည်း ဇာဇာလျှံသည် နည်းကြေကွဲစိတ်နှင့် ငိုရှိုက်၍ပင် အိမ်ပေါ်က ဆင်းလာသည်။

သူလှေကားရင်း အရောက်မှာ သူ့အဖေ၏စကားက သူ့စိတ်ကို ပို၍ နာကြည်းစေလေသည်။

"မိဇာဇာလျှံ နင် တော်တော်ခေါင်းမာသလား၊ နင် ရောဂါနဲ့မသေသေ ငါ့သေနတ်နဲ့ သေ. . ."

"အို. . . ကိုလာဘ ရှင့်ကို တော်ပါတော့လို့ ကျွန်မ ပြောနေတယ် မဟုတ်လား၊ ကိုယ့်သမီးလေးပဲတော်၊ ချော့တန် ချော့ပြန်ပါလား၊ ခုတော့ နည်းနည်းဆို ဒီသေနတ်ပဲ အားကိုးစကားပြောတာ၊ ရှင့်သေနတ်က ကျွန်မ တို့ကိုသတ်ဖို့ လိုင်စင်ယူထားတာလား"

"ချော့ပြောရအောင် ကလေးလေး သူငယ်နှပ်စားလား၊ မင့်သမီး ပြန်ပြောတာ ကြားတယ် မဟုတ်လား"

"တော့်ကို ဘာမရှိမသေ ပြောလို့လဲ"

"ကလေး မဟုတ်ပါဘူးဆိုတာ. . . သူ့ကိုယ်သူ သိတယ်ဆိုတာ ပြောတာ"





ဇာဇာလျှံ ခြံထဲကထွက်လာသည်ထိ အမေနှင့် အဖေတို့သည် အိမ် ပေါ်တွင် ရန်ဖြစ်၍ ကျန်ခဲ့ကြသည်။

သူ့အတွက်နှင့် အဖေက အမေ့ကိုပါ ဆဲဆိုကြိမ်းမောင်းသည်ကို တော့ ဇာဇာလျှံ စိတ်ထဲက လွန်စွာပင် ခံပြင်းနေမိလေသည်။

■

"မေ. . . မင့်သမီးလုပ်တာ တွေ့လား"

"သမီးက ရှင့်ကို ဘာလုပ်ပြန်လို့လဲ"

"ခုထိ မပြန်သေးတာပြောတာ၊ ဒါ ငါ့ကို သက်သက် အရွဲ့တိုက်တာ သိလား"

မောင်သီနှင့် ကမ်းလွန်ဘာသို့ ဆေးထိုးသွားကြသော ဇာဇာလျှံ ပြန်လာသေးသည်ကို ဦးလာဘက ပြောခြင်း ဖြစ်သည်။

"ကားပျက်နေလို့လားမှ မသိတာ၊ ရှင့်မှာလဲ ကျွန်မတို့ သားအမိပဲ ရန်ရှာနေတာ"

"မင်းတို့ ပြောလိုက်ရင်ဒါပဲ၊ ကဲ . . . ကဲ. . . ငါ ထမင်းစားမယ် ဆာတယ်"

နောက်ထပ် ဆက်ပြောနေလျှင် သူ နောက်မိန်းမ ယူသည့်ကိစ္စ ပြောနေရပြန်ဦးမည် စိုးသဖြင့် ဦးလာဘက ဇနီးသည်အား ထမင်းစားရန် ပြောလိုက်၏။

အချိန်မှာ နေ့လယ်တစ်နာရီကျော်နေပြီဖြစ်သဖြင့် ထမင်းကလည်း ဆာနေလေပြီ။ ဒေါ်ဇာလီမေက ဦးလာဘကို ထမင်းခူးခပ်ကျွေးသည်။ သူကိုယ်တိုင်လည်း ဦးလာဘနှင့် ထမင်းအတူဝင်စား၏။

ဤနေ့ ဒေါ်ဇာလီမေသည် ဦးလာဘကို အထူးယုယလျက် ရှိသည်။ ထမင်းစားခါနီး ဦးလာဘ သောက်တတ်သော အရက်ကို သူကိုယ်တိုင် ငှဲ့ပေးသည့်အပြင် ထမင်းစားရာ၌လည်း အရိုးအရင်းလေးတွေ ထွင်ပေး သည်။ ဤသည်ကို ဦးလာဘကလည်း အကျေနပ်ကြီး ကျေနပ်နေလေ သည်။ အစဉ်ထာဝရ သူ့အပေါ်ကောင်းခဲ့လေသော ဇနီးသည် ယခုထိ သူ့အပေါ် မေတ္တာမပျက်ရှာပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးသော ဦးလာဘသည် ပက်လက်ကုလားထိုင်တစ်လုံးကိုခေါက်ပြီး ချိုင်းကြားညှပ်သည်။

"မင်းတို့ အိမ်ပေါ်နေရတာ တယ်. . ဆူဆူပူပူများတယ်၊ အိမ်ရှေ့ပုန်းညက်ပင်အောက် သွားနေမလို့"

ဦးလာဘသည် အရက်သောက်ထား၍ နီရဲနေသောမျက်နှာနှင့် သူ့ဇနီးကို ပြုံး၍ ပြော၏။

"ကြွကြွ. . . ဒီအိမ်က ရှင့်တောထဲက အိမ်လိုတော့ ရှင့်စိတ်ထဲ ဘယ် သာယာတယ်ထင်ပါ့မလဲ၊ အဲဒါကြောင့်လဲ. . ."

"တော်စမ်းပါ မေရာ"

ဦးလာဘ အိမ်ရှေ့ပုန်းညက်ပင်ကြီးအောက် ဆင်းလာသောအခါ ဒေါ်ဇာလီမေကလည်း ဆေးတံ၊ ဆေးဘူး၊ မီးခြစ်နှင့် စားပွဲခုံလေးတစ်လုံးကို ယူပြီး ဦးလာဘ နောက်က ဆင်းလိုက်လာသည်။

ပုန်းညက်ပင်အောက်ရောက်၍ ဦးလာဘကကုလားထိုင်ကို ဖြန့်ခင်းလိုက်သောအခါ၌ ဒေါ်ဇာလီမေက စားပွဲကို ကုလားထိုင်ရှေ့ ချပေးသည်။ ဆေးတံ၊ ဆေးဘူးနှင့် မီးခြစ်ကိုလည်း ခုံပေါ်သို့ အလိုက်တသိ တင်ပေးလိုက်သည်။

"ဇာဇာပြန်လာရင် သမီးအဖတွေ ရန်မဖြစ်ကြနဲ့ဦး၊ သမီးစိတ်ကို ရှင်လဲ သိသားနဲ့"

ဇနီးသည် အိမ်ပေါ်ပြန်တက်သွားသောအခါ အိမ်ရှေ့ပုန်းညက်ပင်အောက်က ပက်လက်ကုလားထိုင်တွင် ထိုင်ပြီး ဆေးတံမှုရင်း ဦးလာဘသည် သူ့သမီးအကြောင်း တွေးနေသည်။

သူ့သမီးသည် အသက် (၂၆) နှစ်ရှိပြီ။ သို့သော် သမီး၏ စိတ်က တစ်ခါတစ်ခါ ကျပြန်တော့လည်း အသက်နှင့်မမျှအောင် သူ့စိတ်က လူကြီးဆန်နေပြန်သည်။ တစ်ခါတစ်ခါကျတော့ အလွန်အသည်းငယ်တတ်သည်။ ဘာမဟုတ်သော အမေအဖေတို့၏ စကားတစ်ခွန်းကိုပင် တစ်နေ့လုံးတွေးပြီး ငိုမဆုံး ဖြစ်နေတတ်သည်။ ခုလည်း တစ်လမ်းလုံးများ ငိုသွားလေမလား၊ ခုချိန်ထိ ပြန်ရောက်မလာသေးသည်မှာ တစ်ခါတစ်ခါမှာ ခေါင်းမာသည့်အကျင့်အတိုင်း အဖေကို အရွဲ့တိုက်နေပြန်ပြီ ထင်သည်။





သူ့ရှေ့ခုံပေါ်သို့ လှဒါရီက ရေနွေးကြမ်း ဓာတ်ဘူးနှင့် ငါးခြောက်ဖုတ်ပန်းကန် လာတင်ပေးသောအခါ သမီးအကြောင်းတွေးနေသော ဦးလာဘစိတ်က ပြတ်သွားပြန်သည်။

"လှဒါရီ. . . သမီးကို ဟိုကျန်းမာရေးမှူးက နေ့တိုင်းဆေးလာထိုးပေးတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ကဲ့"

ဦးလာဘသည် အဝေးတစ်နေရာသို့ ငေးမောပြီးဆေးတံမီးခိုးတွေကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်သည်။

"အဲဒီကောင်လေး ဒီကို ဘယ်အချိန်လောက် လာတတ်လဲ"

"ညနေ လေးနာရီကျော်လောက် ရောက်တတ်ပါတယ်"

ဦးလာဘသည် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ဆေးတစ်ဆုံပြီးတစ်ဆုံ သောက်ရင်း ဦးကျော်ခေါင်၏ သားများအကြောင်း တွေးနေပြန်သည်။

သူတို့လက်ထဲတွင် သူ့ခြံထဲက ငွေတွင်းမြေပုံ ရှိတာကို စိတ်ရောက်နေသည်။ ကျောက်ခဲဆိုသော အကောင်ကို ယခင် သုံးလေးပတ်ကပင် မေးမိထားသော်လည်း ယခုထိ ထိုကိစ္စ မေးမရ။ သူ တကယ်မသိတာလား၊ ဦးကျော်ခေါင် သားများအပေါ် သစ္စာရှိနေတာလား သူ့မှာဝေခွဲမရ။ အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်မေးသော်လည်း သူ တကယ်မသိ၍ မပြောတာမှန်နေသည်။ သို့သော် ခက်နေသည်မှာ ဦးလာဘအနေက သည်ကောင်ကို မြန်လွှတ်ပစ်၍လည်း မဖြစ်ချေ။ သတ်ပစ်ရအောင်ကလည်း အကြောင်းကြောင်း တွေးပြီး ဝန်လေးနေသည်။ နှစ်နှင့် ချီလာသော ဤငွေတွင်းကိစ္စသည် ယခုထိ အဖြေရှာမရသေး။

သည်ကြားထဲ ဦးကျော်ခေါင်၏သားကြီးနှစ်ယောက်ဖြစ်သူ ကျော်ဆွေနှင့်ကျော်လှုက သူ့အိမ်သို့ သုံးလေးခါ ရောက်လာဖူးသည်။ ဖဲဝိုင်းချိန်းမိလျှင် တခြားရွာနီးချုပ်စပ်က ဖဲသမားတွေနှင့် သူတို့ ညီအစ်ကိုကလည်း ခေါ်ရန် တောထဲက သူ့အိမ်သို့ ကပ်မြှောင်ပြီး ပါလာတတ်သည်။ ညီအစ်ကိုနှစ်ယောက် တစ်ယောက်ယောက်က ဖဲဝင်ရိုက်နေလျှင် ကျန်တစ်ယောက်မှာ ခြံ၏အခြေအနေကို လေ့လာနေတတ်သည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ မောင်ကျောက်ခဲကို စုံစမ်းသလို မြေပုံပါ ငွေတွင်း၏ အခြေအနေကို လေ့လာတာလည်း ဖြစ်နိုင်သည်။

မောင်ကျောက်ခဲအစား သည်ကောင်နှစ်ကောင်ထဲက တစ်ကောင်ကောင်ကိုသာ ဖမ်းမိလိုက်လေလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။ မောင်ကျောက်ခဲကို ညှဉ်းပန်းနှိပ်စက်ပြီး မေးသလိုပင် သည်ကောင် တစ်ကောင်ကောင်ကို ညှဉ်းပန်းနှိပ်စက်ပြီး မေးလျှင် ရမည်ထင်သည်။

သို့သော် သည်ကောင်တွေက လျင်သည်။ ဖမ်းမိဖို့ မလွယ်သော အရင် တစ်ခါလို အိမ်ကို ဓားပြယောင်ဆောင်ပြီး သွားဖမ်းဖို့ဆိုတာ လည်း သူတို့မှာ လက်နက်ရှိလေတော့ ခက်နေသည်။

သည်ကောင်တွေက လက်နက်ကို ပြောင်ပြောင်တင်းတင်း မကိုင်ကြသော်လည်း အိမ်မှာ လက်နက်တွေ ရှိမှန်း ဦးလာဘ သိသည်။

မနေ့က အလှူ့ဖဲဝိုင်းမှာ သည်ကောင်တစ်ကောင် လုပ်သွားတာ တွေ့မိလျှင် ဒေါသက ဖြစ်ရပြန်သည်။ ဦးလာဘက ဒိုင်လက်သည် လုပ် သည်။ ကျော်ဆူနှင့်နောက်လူတွေက ထိုးသား။ အစပိုင်းမှာတော့ ဦးလာဘ ကနိုင်သည်။ ကျော်ဆူက ဖဲရှုံးသဖြင့် သူ့ရှပ်အင်္ကျီ ရှေ့ကြယ်သီးကို ဖြုတ် လိုက်ရာ သူ့လည်ပင်းတွင် ရွှေကြိုးနှစ်ကုံးက ပေါ် လာသည်။ ဖဲရှုံး၍ ရွှေ ပြန်နေသော ကျော်ဆူက စိတ်လိုက်မာန်ပါ လည်ပင်းက ရွှေကြိုးကို ဆွဲ ဖြုတ်ရာတွင် ငွေကြိုးတစ်ပင်ငြိပြီးပါလာ၏။ ထိုငွေကြိုးထဲတွင် လက်ညှိုး တစ်ချောင်းနီးပါးခန့် ရှည်လျားပြီး ဖောင်တိန်လုံးသာသာရှိသော ငွေကြုတ် တစ်ခုကိုလည်း ဖဲဝိုင်းကလူတွေ မြင်သွားကြသည်။

ကျော်ဆူက မျက်နှာပျက်ပျက်နှင့် ငွေကြုတ်ကို ကမန်းကတန်း ပြန်အသိမ်းမှာ ဦးလာဘ၏မျက်နှာကလည်း ရုတ်ခြည်း အေးစက်သွား လေသည်။

"မင်း ငွေကြုတ်ထဲက ဘာရှိလို့ ဒီလောက် တရိုတသေ ဆွဲထား ရတာလဲကွ ကျော်ဆူရာ"

"ဩော်. . . ဒါ ဒါက အဆောင်ပါဗျ ဟဲဟဲ"

ဦးလာဘကို ရယ်ရွှန်းပတ်ရွှန်း ပြန်ပြောသော်လည်း ကျော်ဆူ မျက်နှာက အပျက်ကြီးပျက်နေသည်။





အမှန်မှာ ဦးလာဘ၏ရင်ထဲလည်း သွေးခုန်နှုန်းက မမှန်တော့။

"ငါ့ ခြံထဲက ငွေတွင်းမြေပုံပြ စာရွက်များ ဒီ လော့ကက်သီးထဲ ပါလေသလား။ အိမ်မှာ ဒီလော့ကက်သီးကို မထားရဲတာဟာ အရင်တစ်ခါ ထိုးဓားပြလာတိုက်ပြီး ယူသွားမှာစိုးလို့ ကိုယ်နဲ့မကွာထားတာလား"

ဤအတွေးသည် ဦးလာဘကို တစ်ချိန်လုံး ဒုက္ခပေးနေသည်။ သည် အထဲက ကျော်ဆူက ကုလားတစ်ကောင်ငါးပေါက်ဖဲနှစ်ချပ်ကို ပြန့်အောင် မြှန့်ဘဲ ကိုးဆိုပြီး မှင်နှင့်မောင်းနှင့် ဦးလာဘကို တစ်ချက် အကြောင်ရိုက် သွားသေးသည်။ သူမှာ အရက်မူးနေသည့်အပြင် ကျော်ဆူဆီက ဒီလော့ ကက်သီး ဘယ်လိုလုပ်ရပါမည်နည်းဟု အတွေးရောက်နေသဖြင့် ဤသည် ကိုသတိမထားလိုက်မိ။ သို့သော် ဦးလာဘကလွဲလျှင် ဤသည်ကို အားလုံး သိလိုက်ကြသည်။

ထို့ကြောင့်လည်း နောက်ဖဲတစ်ခါ ဝေပြီးမှ ဦးလာဘကို ကျော်ဆူ နှင့်နောက်ထိုးသားတွေက ပြောင်သလို သရော်သလို မျက်နှာထားနှင့် ကြည့်ပြီး ရယ်ကျဲကျဲလုပ်နေကြသည်။

ဦးလာဘမှာတော့ ခံပြင်းလိုက်သည့် အဖြစ်။ မနေ့တစ်နေ့ကမှ မွေးတဲ့ကောင်တွေက သူ့ကိုနှိပ်ပစ်သွားသည်။ တစ်သက်လုံး ဖဲသမားလုပ် လာသောသူ့သိက္ခာပါထိခိုက်သည်။ ဖဲသမားတစ်ယောက်အနေနှင့် ဤသို့ အလိမ်ခံရပြီဆိုလျှင် ဖဲနာသည်။

ကျော်ဆူလိမ်ရိုက်သွားသော အလှည့်ကစပြီး သေလိုက်သည့်ဖဲ။ သူ့ငွေ တစ်သောင်းကျော်ရှုံးသည်။ နောက်ဆုံး ဖဲဝိုင်းသိမ်းသည်အထိ။

ဤသို့ဖြင့် သူ့မှာပါသမျှ ငွေတွေ ပြောင်တလင်းခါသည်အထိ ဖဲက ကောင်းတော့။ ကျော်ဆူကတော့ အောင်ပွဲရသည့် မျက်နှာမျိုးနှင့် "ကျုပ် အဆောင်က ဒါတွေကောင်းတာဗျ၊ ဒီလက်ကို ကြည့်ထား ယောက္ခမ အိမ်မှာ ရွှေချိန်မယ့်လက်" ဟု ဦးလာဘ ကြားအောင် ကြွားသွားသေး သည်။

ကျော်ဆူ၏စကားကို သမီးပျိုရှိသူ ဦးလာဘမှာ ဆတ်ဆတ်ခါနာ သွားသည်။

"အေးပေါ့ကွာ၊ နေ့ခင်းကျတော့ မင်းနဲ့ငါ တွေ့ကြသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တောထဲက အိမ်ကို ငွေသွားယူရလျှင် ကြာနေမည်စိုး၍ ရွာ... အိမ်ကိုဝင်ရာ သူ နောက်မိန်းမယူထားသည့် ကိုစွနှင့်ပတ်သက်ပြီး ... သည်နှင့် စကားအကြီးအကျယ် များကြသည်။ ထို့နောက် သမီးနှင့်လည်း ... ဆက်ပြီး အဆင်မပြေ ဖြစ်ရပြန်၏။ ဤနေ့မှာတော့ ဦးလာဘအဖွ... အဆင်မပြေတာနှင့်ချည်း ကြုံရလေသည်။

နောက်တော့ ဦးကျော်ခေါင် သားအငယ်ဆုံး အကောင် ကျွန်... ရေးမှုနက အိမ်လာပြီး သူ့သမီးကို တစ်ဖက်လှည့်နှင့် ကြံစည်နေသ... ကိစ္စ။ သည်ညီအစ်ကို သုံးကောင်စလုံးသည် တစ်ကျိတ်တည်း တစ်ညာ... တည်းချည်း ဖြစ်ရမည်။

"အေး. . . ငါ မသေသေးသမျှ မင်းတို့ ငါ့ခြံထဲကငွေတွင်းနဲ့ ငါ့သ... ကို မရဘူးဆိုတာတော့ မြဲမြဲမှတ်ထားကြကွ၊ မင်းတို့သုံးကောင်စလုံး... မင်းအဖေနောက် လိုက်ကြရမလား၊ ငါ့ငွေတွင်းနဲ့ ငါ့သမီးပဲ မင်းတို့... မလား၊ ကြည့်ကြသေးတာပေါ့ကွာ"

ဦးလာဘသည် စိတ်ထဲက ကိုကျော်ဆူတို့ ညီအစ်ကိုကို အခြေ... တိုတ်ကြိမ်းဝါးကာ ကိုကျော်ဆူ လည်ပင်းက ငွေတွင်းမြေပုံပါ ငွေကြ... လော့ကက်သီးရရှိရေးကိုသာ အကြံညာဏ်ထုတ်နေပြန်၏။

ခဏအကြာမှာပင် ကားဟွန်းသံ ကြားရသည်။ ဦးလာဘသည် ... သွားပြီး ခြံတံခါးကို ကိုယ်တိုင်ဖွင့်ပေး၏။

"မင်းတို့ဟာက ကမ်းလွန်သာသွားတာများ ကြာလှချေလား"

သူ့သမီးက သူ့ကို လုံးဝ လှည့်မကြည့်၊ မျက်နှာက နီရဲနေသည်... သူ့သမီးသည် သူ့ကို စိတ်ဆိုးနေတုန်းပင်တည်း။

"ကားက ဆီကောင်းကောင်း မလိုက်ချင်ဘူးဦးလေး၊ မိန်းလျက်... လဲပစ်ရမယ်"

မောင်သိက ဦးလာဘကို ပြောသည်။

"အေး. . . အေး၊ ငါကြည့်ဦးမယ်"

အိမ်ရှေ့ ဆင်ဝင်အောက်တွင် မောင်သိနှင့် ဦးလာဘက ကား... တစ်နာရီ နှစ်နာရီ ပြင်ကြသည်။ သို့သော် မောင်သိ ပြောသလို ကား... ဆီလိုက် မမှန်ပေ။





ကားခေါင်းထဲက မီးခိုးတွေထွက်ပြီး ဆီညှော်တွေကလည်း ခြံထဲ ...နံ့နေသည်။

"မောင်သိ ရော့. ."

ဇာဇာလျှံသည် အိမ်ပေါ်ကဆင်းလာပြီး ဓာတ်မီးခြစ်တစ်လုံးကို မောင်သိနားပစ်ပေးပြီး အိမ်ပေါ်ပြန်တက်သွားသည်။

သူ့သမီး အရွဲ့တိုက်ပြီဆိုတာ ဦးလာဘ ချက်ချင်းသိလိုက်၏။ ကား... မီးရှို့ပစ်ပါဟု မောင်သိကို ပြောသလိုနှင့် အဖေကိုပါ ကဏ္ဍကောစပြု... သည်။ မောင်သိကလည်း သူ့အစ်မ အရွဲ့တိုက်သည်ကို သူဦးလေးသိမှာ ...ပြီး မီးခြစ်ကို ကမန်းကတန်း ကောက်ယူပြီး အိတ်ထဲက စီးကရက်တစ် ...လိပ်ကို မီးညှိသောက်လိုက်သည်။

မောင်သိမှာ ဒေါ်ဇာလီမေ၏အစ်မကြီး ဒေါ်ဇာလီရွှေ၏သား ဖြစ် ...သည်။ သူ့ကို ရန်ပြေမြို့က ဒေါ်ဇာလီမေက ခေါ်ထားသည်။ သူ့အမေ ...သည် ယခု ရန်ပြေမြို့၌ ရှိလေသည်။

မောင်သိသည် ဆွေမျိုးအိမ်ပင် ဖြစ်သော်လည်း ဤအိမ်၌လာနေရ ...သည်ကို တစ်ခါတစ်ခါတော့ စိတ်ညစ်မိသည်။ မည်သို့ဆိုစေ ဆွေးသား ...ကောင်းသူတစ်ယောက် အနေနှင့် ဤအိမ်၏ ပဋိပက္ခကိုတော့ အလိုက် ...အထိုက် မောင်သိက ဖျန်ဖြေထိန်းကျောင်းပေးရသည်။ ဤသည်ကို သိ ...သော်လည်း ဦးလာဘသည် မသိမမြင်ချင်ယောင် ဆောင်နေလိုက်သည်။ ...သူ့သမီး ခေါင်းမာပြီဆိုလျှင်တော့ ဤသို့ပင် အရွဲ့တိုက် လုပ်တတ်သည်။

ဤသည်မှာလည်း ယခုမှမဟုတ်၊ ငယ်စဉ်ကပင် ဖြစ်သည်။

စိတ်ကောက်ပြီဆိုလျှင် အခန်းထဲအောင်းကာ ထမင်းပင် တစ်နပ် နှစ်နပ် ထွက်မစားတော့ဘဲ မာန်ကြီးနေတတ်သည်။ သားသမီးဆို၍ ဤ ...တစ်ယောက်သာရှိသော သူတို့ လင်မယားမှာ သမီးလေးကို ချော့မော့ပြီး ...တစ်ယောက်တစ်ဖက် လက်ကိုကိုင်ကာ အခန်းထဲက ဆွဲထုတ်ကြရသည်။ ...သမီးလေးက တအီအီငိုရှိုက်ပြီး နီးစပ်ရာ အမေအဖေတို့လက်ကိုပင် ဖက် ...ကိုက်တတ်၏။

"ကြည့်စမ်းကြည့်စမ်း ခွေးမလေးက အစွယ်ပေါက်လာလို့ ကိုက် ...တယ်၊ ခွေးမလေး . . . ခွေးမလေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးလာဘတို့လင်မယားမှာ သမီးအနားမှ ခွာပြေးပြီး သမီးလေးစိတ်ပြေသွားအောင်၊ ပျော်ရွှင်လာအောင် အိမ်ပေါ်ထက်တွင် ပြေးနေကြသည်။ သူ့ကြောင့် ကြွေကရား ပန်းအိုးများပင်လျှင် ကွဲရှဖူးသည်။ သို့သော် တစ်ဦးတည်းသော သမီးလေးအပေါ် အဖေအမေတို့မှာ စိတ်မဆိုးခဲ့ကြ ခွင့်လွှတ်သည်းခံခဲ့ကြသည်ချည်းသာ။

ဇာဇာ စိတ်ဆိုးပြီး ပြေးလိုက်သည်ကိုပင်ပျော်စရာကြီးတစ်ခုလိုလို နေတတ်ကြသည်။ ဇာဇာလျှံသည် စိတ်ကလည်း အလွန်လွယ်တတ်သည်။ ကျောင်းနေတုန်း သူ့ကို“အင်္ဂလိပ်သမီး၊ ဦးလာဘနဲ့ဒေါ်ဇာလီမေက ယူ မွေးစားထားတာ” ဟု ကျောင်းဆရာလေး တစ်ယောက်က ချစ်၍ နောက် ပြောင်မိသည်ကို တကယ်ထင်မှတ်ပြီး အိမ်ကပင် ထွက်ပြေးသွားဖူးသည်။ ထိုစဉ်က ဆယ့်တစ်နှစ်သမီးသာ ရှိသေးသည်။

သူ့ကို“အင်္ဂလိပ်သမီး”ဟု ကျောင်းဆရာလေးက နောက်သော်လည်း သူ့အဖေ ဦးလာဘသည် တောထဲက အင်္ဂလိပ်ကြီး အိမ်တွင်ရှိသည်ကို သိသဖြင့် သူ့အဒေါ်ကြီးရှိသော ရန်ပြေမြို့ကို ထွက်ပြေးသည်။

ရန်ပြေနှင့် မင်းရွာမှာ မိုင်လေးငါးဆယ် ဝေးသဖြင့် ဦးလာဘတို့ လင်မယားမှာ ခေါင်းမီးတောက်ခဲ့ရသည်။ ရန်ပြေကို ပြေးမှန်းမသိသဖြင့် ရှာလိုက်ဖွေလိုက်ကြရသည်မှာ မောနေ၏။

ကျောင်းဆရာလေးနှင့် သူ့ အမေက ရန်ဖြစ်ကြသေးသည်။

ကျောင်းဆရာလေးခမျာမှာလည်း သူက ချစ်၍နောက်မိကြောင်း ရှိုးရှိုးဦးတင်ပြောဆိုကာ ကူရှာပေးရသေးသည်။

ကျောင်းဆရာလေးကို အားလုံးက စိတ်ဆိုးကြသည်။

နောက် ရန်ပြေမြို့က ဒေါ်ဇာလီမေ့ အစ်မကြီး၊ မောင်သီတို့ အဖေ ဒေါ်ဇာလီရွှေလာပြောမှ အဖေအမေတို့ သက်မချနိုင်ခဲ့ကြသည်။

ရန်ပြေရှိ ဒေဇာလီရွှေက မနည်းချော့မော့ပြီး ခေါ်ယူရသည်။

ထိုကျောင်းပြန်ထား၍လည်း မနေဘူးလုပ်နေသဖြင့် ကမ်းလွန်သာ မြို့က ခရစ်ယာန်သာသနာ့ပြုကျောင်းတွင် သွားထားရသည့်အဖြစ် ရောက် ရသည်။ နောက်ပြောင်မိသော ကျောင်းဆရာလေးခမျာမှာ အားနာ၍ ဦးလာဘနှင့်ဒေါ်ဇာလီမေကိုပင် ရင်ဆိုင်မတွေ့ရဲ ဖြစ်ခဲ့ရသည်။





ဒေါ်ဇာလီ မေကလည်း ထိုကျောင်းဆရာလေးကို စိတ်ဆိုး၍ နိုးနိုးပက်စက်ဝင် ပြောပစ်ဖူးလေသည်။

ဤသည်ကို သိနေသော ဦးလာဘ သည် ဤတစ်ခါတော့ သူ့သမီးကိုခွင့်လွှတ်ပြီး မသိမမြင်ယောင်ဆောင်နေလိုက်လေသည်။ ဦးကျော်ခေါင်၏သားများနှင့် ပတ်သက်၍ သူ့မှာလုပ်စရာတွေကလည်း များနေသေးသည်မဟုတ်ပါလား။

၂

လဝန်းကြီးကို မြင်ရပြန်ပြီ။

သည်လဝန်းကား ရွှန်းရွှန်းမြမြ မရှိတော့၊ နှင်းမှုန်နှင်းရိပ်တို့ဖြင့် တစ်ညလုံး ညှိုးမည်းညစ်ထေး နေလေပြီ။ တစ်ခါတစ်ခါတွင် အမြဲရှိုက်နေရသော မိန်းကလေး တစ်ယောက်၏ မျက်နှာဝန်းနှယ် ရဲရဲနီမြန်းနေတတ်သည်လည်းရှိလေသည်။ ပုလဲငွေစင်ပမာ ဘော်သာခွာလျှမ်းသော လဝန်း၏အရောင်တို့မှာလည်း မြူဖွေးတောက်ပြောင်ခြင်း မရှိတော့။

ဇာဇာလျှံသည် ဆောင်းနှောင်း ညဥ့်လယ်က လဝန်းကို လှမ်းမေးတာ ပုန်းညက်ပင်ကြီးအောက်တွင် တစ်ယောက်ထီးတည်း ထိုင်နေမိသည်။

ကျော်ကျော်နှင့် တွေ့ရသော ညများက လဝန်းသည် ရွှန်းမြကြည်လင်ခဲ့သည်။ လဝန်းကို လှမ်းမြင်ရတိုင်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ခဲ့ရသည်။ သည်လို ချမ်းမြေ့ကြည်နူးဖွယ်ရာကောင်းသော လဝန်းနှင့်တူသည့် ကျော်ကျော်၏မျက်နှာကို မမြင်ရသည်မှာ ကာလအတော်ကြာခဲ့ပြီ။

သည်လဝန်းကလည်း ဝိန်သွားလိုက်၊ ပြည့်လာလိုက်နှင့် ဇာဇာလျှံ၏စိတ်ကို လှိုက်မောနွမ်းလျစေခဲ့သည်။

ဇာဇာလျှံသည် ပြည့်ဝသော လဝန်းကို စိတ်မှန်းနှင့် နေ့စဉ် တောင့်တခဲ့ရသည်။ ပြီး လဝန်း၏ ကြည်လင်အေးမြခြင်းနှင့်အတူ ကျော်ကျော်၏ မျက်နှာကိုလည်း အမြဲမြင်လိုလှသည်။ လပြည့်ဝန်းညက စတွေ့ရသော ချစ်သူကို လပြည့်ညတိုင်း မျှော်ခဲ့ရသည်။

ချစ်သူက ပေါ်မလာသလို လပြည့်ဝန်းမှာလည်း တစ်ခါတစ်ခါ ဘယ်ဆီပျောက်သည်ပင်မသိ။



www.burmeseclassic.com

www.burmeseclassic.com



နွမ်းလျပိန်ရှုံ့သွားကာ ယျောက်ပျက်၍ပင်နေတတ်သည်။

ငိုက်ရှုံ့ယျောက်ကွယ်နေရာမှ လဝန်းပေါ်လာသည်ကို မြင်ရလျှင် ဇာဇာလျှံမှာ အတွေးနှင့် မျှော်ရသည်။

သည်လို မျှော်ခဲ့ရသော ရက်တွေလည်း မနည်းတော့။

ခုတော့ ပြည့်ဝသော လဝန်းကလည်း နွမ်းလျအားငယ်နေပြီထင်သည်။ အရောင်အဆင်းတွေကိုလည်း မြေပြင်အရောက် တွန်းမလွှတ်နိုင်တော့။ မှုန်းစရာကောင်းသော နှင်းရိုဝ် နှင်းမည်းတို့သည် ပြည့်ဝန်းလှသောလနှင့် ချမ်းမြကြည်နူးဖွယ်ကောင်းသော လရောင်တို့ကို ဖျက်ဆီးနေကြပါလေပြီ။ တွေးမိတိုင်းပင် ဖေဖေ့ကိုဇာဇာလျှံက နာကြည်းနေမိသည်။ လဝန်းနှင့်မြေပြင်ကြားတွင် နှင်းမှုန်ရိုပ်မည်းများနှယ်။ သူနှင့် ကျော်ကျော်၊ ဖေဖေတို့ကိုလည်း ဇာဇာလျှံက တင်စားတွေးကြည့်ကာ အားငယ်နွမ်းလျရ၏။

ကျော်ကျော်နှင့် ဝေးကြရမည့် အတိတ်နိမိတ်ပါသော ဖေဖေ့စကားကို ဇာဇာလျှံ ကြားယောင်နေမိသေးသည်။ ထိုနေ့က မောင်သီနှင့် တမ်းလွန်းသာမှာ ဆေးသွားထိုးရမည်ဟူသော ဖေဖေ၏ အမိန့်စကားက ဇာဇာလျှံ၏နှလုံးသားမှာ မြှားဆိပ်လူးထားသော သံအပ်သွားနှယ် စူးဝင်ခံစားခဲ့ရသည်။ ကျော်ကျော်ကို ဖေဖေက ပစ်ပစ်ခါခါ ပြောခဲ့သည်။

ဤနာကြည်းစိတ်ကြောင့် ထိုနေ့က တမ်းလွန်းသာ ရောက်ခဲ့ရသော်လည်း ဇာဇာလျှံက ဆရာဝန်ကြီးဆီ မဝင်ခဲ့။ ဖေဖေ၏ နှမဝမ်းကွဲတော်သူ ဒေါ်အေးရင်အိမ်ကို ခဏဝင်ခဲ့ပြီး ပြန်လှည့်လာခဲ့ကြသည်။ အကြောင်းကို မသိသော မောင်သီကလည်း ဘာမှ မပြောသဖြင့် ဖေဖေသည် ယနေ့ထိ ဇာဇာလျှံ ခေါင်းမာခဲ့သည်ကိုမသိသေး။ သိသာသိလျှင်တော့ ယမ်းပုံမီးကျ ဖြစ်မည်မှာအမှန်ပင်။

သို့သော် ဇာဇာလျှံသည် ဖေဖေ့ကို ခုတော့ ကြောက်ရမှန်းမသိတော့။ နာကြည်းစိတ်နှင့် ယခုထိသေးမထိုးဘဲ အရွဲ့တိုက်နေသည်။ ထိုနေ့ညနေက ခါတိုင်းလို လေးနာရီ အလွန်မှာ ကျော်ကျော် မြဲဝကို ရောက်လာခဲ့ပေသည်။ ဖေဖေသည် ကျော်ကျော်လာမှာ စိုး၍ တောထဲက အိမ်တခွေးသမင်ကြီး တစ်ကောင်ကိုပင် အိမ်တခြံထဲသို့ ယူလာ၏။





သည်ခွေးကိုလည်း ဇာဇာလျှံသည် ကြည့်မရ ဖြစ်ခဲ့သည်။

ညညခွေးကဟောင်လျှင် ကျော်ကျော်များ ရောက်လာလေသလားဟု ထထကြည့်ခဲ့ရသော ညများသည်လည်း မရေတွက်နိုင်တော့။ သည်လိုည ထထကြည့်မိရာကစပြီး ဇာဇာလျှံ အိပ်မပျော်သော ရောဂါကို ရရှိလာသည်။

နှစ်လအတွင်းမှာ ဇာဇာလျှံသည် ကျော်ကျော်နှင့် တစ်ခါသာ တွေ့ရသည်။ အလှူအိမ်တွင် ဖြစ်သည်။

ထိုနေ့က မေမေကလည်းပါ၊ လူတွေကလည်း များသဖြင့် ကျော်ကျော်ကို အကြောင်းစုံပင် စကားမပြောလိုက်ရချေ။

ကျော်ကျော်က "နေကောင်းလား" ဟု နွမ်းလျသံနှင့်မေးသည်။ ဇာဇာလျှံမှာ ပြန်ပြောလျှင်ငိုမိမှာစိုး၍ ခေါင်းသာညိတ်ပြရသည်။ အံကြိတ်ထားရသော ရင်ထဲက ဝေဒနာကြောင့် မူးမေ့သွားမတတ် ခံစားခဲ့ရသည်။

"သူဇာ နေမကောင်းပါဘူး ကိုယ်သိပါတယ်၊ သူဇာ့ဆီ ကိုယ်လာသေးတယ်၊ သူဇာ့အဖေက. . ."

ကျော်ကျော်ကလည်း မျက်ရည်ဝဲလာပြီး စကားကို ဆုံးအောင်ပင် မပြောနိုင်ခဲ့။

"ဆရာဝန်ကြီးဆီမှာ ဆေးတော့ မှန်မှန် သွားထိုးပေါ့ ဆရာမရယ် ချွန်တော်လဲ လာပါဦးမယ်"

ကျော်ကျော်နှင့် သူဇာ ခဏရပ်ပြောနေကြသော နေရာသို့ အလှူအေသူ တစ်ယောက်ရောက်လာ၍ ကျော်ကျော်၏ စကားက ချက်ချင်း ပြောင်းသွားရသည်။

"ကျော်ကျော် ညပဲမြစ်ဖြစ် ခိုးလာချင်တယ်သူဇာ၊ ခွေးကြီးကို ကြောက်လို့၊ နေကောင်းအောင်တော့ ကြိုးစားနော်၊ ကျောင်းလာတော့ ကျော်ကျော် စောင့်နေပါ့မယ်"

ကျောင်းမလာရတော့ဘူးဆိုတာ ကျော်ကျော်သိအောင် မပြောမိလိုက်ရသဖြင့် ရင်ထဲက တစ်နေ့လုံး နာကျင်နေမိသည်။ ထိုစကားလေးကိုပင် ရင်ထဲက ဆို့နေသဖြင့် ပြောမထွက်မိလိုက်။ ကျော်ကျော်ကလေး သူဇာကျောင်းလာဦးမည် ထင်၍ နေ့တိုင်း မျှော်နေရှာမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာ ကျော်ကျော်ဆီ သွားတွေ့ဖို့ ဇာဇာလျှံ ကြိုးစား ခဲ့သေးသည်။ သို့သော် ဟိုတစ်နေ့ကပင် ဖေဖေသည် နေ့ခင်းနေ့လယ် အိမ်မှာ လာလာနေတတ်သဖြင့် သွားမတွေ့ရဲ။ ခုတော့ ကျော်ကျော် ငါ့ကို စိမ်းသွားလေပလား။

ဇာဇာလျှံသည် ညကြီးမင်းကြီး တစ်ယောက်တည်းတွေးကာ ပု ညက်ပင်အောက်တွင် ငိုရှိုက်နေမိသည်။ ကျော်ကျော်ဆီ ထွက်ပြေးရလျှင် ကောင်းလေမည်လား၊ ကျော်ကျော်က စိတ်နာပြီး မောင်းလွှတ်ရင်ကော ဇာဇာလျှံ ထွက်ပြေးသွားလျှင် ဖေဖေက မေမေ့ကို ရိုက်နှက်ဆဲဆိုနေမှာ မေမေ့ကိုတော့ ဇာဇာလျှံ သနားသည်။

ဇာဇာလျှံ နေမကောင်းသည်ကို မေမေလည်း သိသည်။

"မာတ်ဆီညှော်နံ့လို့ သမီး နေမကောင်းဘူးထင်ရင် ကမ်းလွန် ကို မသွားပါနဲ့ သမီးရယ်၊ ဆေးတစ်လ ထိုးရမယ်ဆိုတာ ဆေးပတ်ထဲ ရှေ့ပြီပဲ" ဟု မေမေက ပြောသည်။

"ဟို သူငယ်လေးဆီမှာ ဆေးထိုးနေတာ အကောင်းသား၊ သမီး မေမေ သနားပါတယ် သမီးရယ်၊ သမီးဖေဖေ လူရက်စက်ကြောင့် ခက်ရ တာ"

မေမေ့ဆီက သည်စကားအဆုံးမှာ ဇာဇာလျှံ ဝမ်းနည်း၍ ရှိုက်ကြီး တစ်ငင် ငိုလိုက်မိသည်။

"သမီးဖေဖေ စိတ်ကျေနပ်လောက်အောင် သမီးနေပြပါဦး၊ နောက် တော့ ကျောင်းမထွက်ရအောင်လဲ မေမေ ကြည့်ပြောပါ့မယ်"

မေမေ့စကားကို ကြားသော်လည်း ဖေဖေကို အလွန်ကြောက် သော မေမေ့စကားကို ဇာဇာလျှံ မယုံကြည်ပါ။ ကျော်ကျော်နှင့် ဝေးကြ မှာကိုတွေးကာ ညတိုင်း ငိုရသည်။

သည်လို ငိုရှိုက်ရသော ရက်တွေကလည်း များခဲ့ပြီ။ ညည လို အိပ်မပျော်သည်မှာလည်း တစ်လကျော်ပြီတည်း။

ကျော်ကျော်၏ ကျီစယ်ရွှင်မြူးတတ်သော စကားတွေနှင့် ကျော်၏ အပွေ့အဖက် အနမ်းအရှုပ်များကို သတိရတိုင်း ရင်ထဲဆို့ တတ်သည်။



လဝန်းကိုကြည့်ကာ တိုင်တည်ရလွန်း၍ ခုတော့ လဝန်းမှာလည်း စိတ်ညစ်ပြီး အရောင်အဆင်းပင် မရှိတော့ဘူးလားထင်ရသည်။

မိုးလင်းပိုင်းအရောက်မှာ နှင်းရိုပ် နှင်းမည်းတို့ကြောင့် လဝန်းဖင် ပျောက်ကွယ်သွားလေပြီ။ အမှန်မှာ လဝန်းသာပျောက်ကွယ်သွားသည် မဟုတ်၊ ခြံဝင်းထဲရှိ ပန်းရုံများ၊ သစ်ပင်ကြီးများ၊ စည်းရိုးဝါးရုံတောများ၊ အိမ်ရှေ့လမ်းကွေ့နှင့်အရာဝတ္ထုများသည် အားလုံး. . အားလုံး နှင်းထုထဲ နစ်သွားကြလေပြီတည်း။

"အမေ့"

ဇာဇာလျှံသည် လန့်၍အော်လိုက်မိသည်။ သိပ်သည်းပိန်းပိတ်နေ သောနှင်းအမှောင်ထဲတွင် တောထဲက ဖေဖေ လာပို့ထားသော ခွေးသမင် ကြီးသည် ဇာဇာလျှံကို လာနမ်းရှုပ်သည်။

ဇာဇာလျှံစိတ်ထဲက ထောင်းခနဲ ဒေါသထွက်သွားသည်။ သည်ခွေး ဆိုးကို ဇာဇာလျှံသည် စတွေ့ကတည်းကပင် အငြိုးနှင့် မုန်းတီးနေမိသည်။ ထို့ကြောင့် အဖေလစ်လျှင် လစ်သလို ခွေးကို ဇာဇာလျှံ ခဲနှင့် ပေါက်ထု တတ်သည်။ တုတ်နှင့် လိုက်ရိုက်သည်။ ခြံတံခါးသွားဖွင့်ထားပြီး ဝါးလုံး နှင့်ပင် လိုက်ရိုက်သေးသည်။ ဒါလည်း သည်ခွေးကခြံထဲမှ တောထဲသို့ ထွက်ပြေးမသွား။ အိမ်ရှေ့က ရိုက်လွှတ်လျှင် အိမ်နောက်ဘက် ပြေးသွား တတ်သည်။ အိမ်နောက်ဘက်နှင့် ဆက်နေသော စိုက်ခင်းထဲ ထွက်ပြေး သွားတတ်သည်။ ပြီးမကြာခင် ဤခွေး ပြန်ရောက်လာပြန်သည်။

ညဆိုလျှင်လည်း တစ်ညလုံး အိမ်ဝင်းထဲ အနံ့ခံကာ လှည့်ပတ်နေ တတ်သည်။ ယခုလည်း တစ်ညလုံး တစ်ညဥ့်လုံးလှည့်ကာ မိုးလင်းသည် ဆိုသည်ကို သိသဖြင့် သူ့ကို လာနှုတ်ဆက်သည်။ ဤသည်မှာ တစ်ညလုံး အေိပ်ဘဲ နှင်းအေးထဲထိုင်နေကာ ချစ်သူကို မျှော်တွေးနေတတ်သော ဇာဇာလျှံအား ဤခွေးက သရော်သလိုပင်။

ဇာဇာလျှံသည် နှင်းမှောင်ထဲတောက်စမ်းပြီး သည်ခွေးကိုရိုက်ရန် ထုတ်ရှာသည်။ တုတ်ကား ရှာမတွေ့။ နောက် အိမ်ရှေ့လမ်းဘေးရှိ ကျွဲ တောပင်ခြေရင်းမှ အုတ်ခဲကျိုး တစ်ပိုင်းကို ကောက်ကာ ခွေးကို ပစ်သည်။

သို့သော် မထိ။ ခွေးက သူ့ကိုကြည့်ပြီး မာန်ဖီသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် အုတ်ခဲကျိုးတစ်ကျိုး ကောက်ယူ၍ ဇာဇာလျှံက ပစ်ပြန်သည်။ သည်တစ်ခါတော့ ခွေးကြီး၏ခါးပိုင်းကို အုတ်ခဲကျိုးထိသွားသည်။ သို့သော်ခွေးကြီးက မပြေးပေ။ နောက်ထပ် ဇာဇာလျှံ အုတ်ခဲကျိုး တစ်ပိုင်းကိုကောက်ကိုင်လိုက်တော့ ခွေးကြီးက သူ့ကို ဟောင်တော့သည်။

"ဝေါင်း. . . ဝေါင်း"

သူ့ရိုက်လျှင် အမြဲ ထွက်ပြေးသောခွေးက သူ့ ကြည့်ပြီး ပြန်ဟောင်နေသောအခါ ဇာဇာလျှံမှာ ပို၍ ဒေါသထွက်လာသည်။ အုတ်ခဲကျိုးနှင့် နှစ်ချက်သုံးချက် လှမ်းပစ်ထားရသဖြင့် ရင်ထဲတလည်း တုန်ယင် လှုပ်ရှားလာသည်။

သို့သော် ဇာဇာလျှံသည် ခွေးကို အပြီးနှင့် နောက် တစ်ချက် ပစ်ပြန်၏။ ခွေးက ရှောင်ပြေးပြီး ပြန်လှည့်ကာ ဟောင်နေပြန်သည်။

"ဝေါင်း . . . ဝေါင်း"

ခွေးဟောင်သံကြောင့် ဒေါ်ဇာလီမေနှင့် လှဒါရီတို့ နိုးလာကြသည်။ အချိန်မှာလည်း နံနက်ငါးနာရီပင် ကျော်နေလေပြီ။

"ဝုန်း"

ဒေါသနှင့် ဇာဇာလျှံ ပစ်လိုက်သော အုတ်ခဲကျိုးသည် ခွေးကို မထိဘဲ ရှောက်ချုံထဲသို့ ကျသွား၏။

"ဟဲ့ . . . ဘယ်သူလဲ၊ စောစောစီးစီး"

"ဝေါင်း . . . ဝေါင်း . . . ဝေါင်း"

လူသံကြားလေသောအခါ ခွေးကြီးက အားတက်ပြီး ဇာဇာလျှံကို ကိုက်ရန် မာန်ဖီ၍ပြေးလာသည်။ ဇာဇာလျှံ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဤခွေးသည် သူ့ကို တကယ်ကိုက်တော့မည် ထင်သဖြင့် ချက်ချင်းပင်ခြေဦးတွေပြန်ကာ အိမ်ဘက်ဆီသို့ လှည့်ပြေးရသည်။

တစ်ညလုံး မအိပ်ဘဲ အတွေးလွန်နေသော ဇာဇာလျှံမှာ တစ်ကိုယ်လုံး နုံးချည့်ပြီး အားနည်းနေသဖြင့် လှေကားနား အရောက်မှာ ခွေးဆိုးကြီးသည် သူ့နောက်ကို မှီလာလေသည်။ အမေတို့ သိသွားမှာ စိုးသဖြင့် မအော်ဘဲဟာ အားတင်းကာ လှေကားပြေးအတက်၌ ခွေးကြီးက သူ့လုံချည်စ လှမ်းဆွဲသည်။





"အမယ်လေး . . . အမေ့"

"ဟဲ့ သမီး၊ အမယ်လေး လုပ်ကြပါဦးတော်၊ ဟဲ့. . ခွေး၊ ခွေး"

ငယ်သံပါအောင် အော်လိုက်သော ဇာဇာလျှံ၏အသံကို ကြားသဖြင့် ဒေါ်ဇာလီမေနှင့် လှဒါရီတို့ အိမ်ပေါ်က ပြေးဆင်းလာကြသောအခါ ဇာဇာလျှံမှာ အိမ်ရှေ့ ဆင်ဝင်အောက် လှေကားရင်းတွင် သတိမေ့လဲနေလေပြီ။

ခွေးကြီးက ဇာဇာလျှံကို တကယ်တော့ မကိုက်ပေ။ လူ လှေကားပေါ်က လိမ့်ကျတော့ ဇာဇာလျှံကို အနံ့ခံနမ်းကြည့်ပြီး ဆောင့်ကြောင့်ထိုင်ကာ လျှာတွဲလဲချလျက် ဟောဟဲ. . . ဟောဟဲ အမောဖြေနေသည်။

"သမီး . . . သမီး ခုကွာပါပဲ၊ အိမ်မှာလဲ ဒီနေ့မှ ဘယ်သူမှ မရှိဘူး၊ ဒဲ့ လှဒါရီ သမီးစက်ဘီးနဲ့ တောထဲက အိမ်ကို ပြေးစမ်း၊ ဟိုဘက်အိမ်က ဒေါ်အဝေရာကိုလဲ ပြောထားခဲ့ပါကွယ်၊ သမီး. . သမီးရယ်၊ သမီး ဒီခွေး ကလဲ တစ်မှောင့်ပဲ၊ လှဒါရီ ဒီခွေးဆိုးကို သွားချည်ထား လိုက်ပါဦး"

တုံးလုံးပက်လက်ဖြစ်နေသော ဇာဇာလျှံကို ကောက်ပွေ့ကာ ဒေါ်ဇာလီမေက တတွတ်တွတ်ခေါ်ရင်း လှဒါရီကိုလည်း အစီအမံပြုသည်။

လှဒါရီသည် ခွေးကြီးကို သံကြိုးနှင့်သွားချည်ပြီး ဇာဇာလျှံစက်ဘီးကိုဆွဲနှင်းကာ ခြံထဲက ပြေးထွက်သွားသည်။

"သမီးရေ. . . သမီး၊ အမေလေ သမီး"

ဒေါ်ဇာလီမေသည် ဇာဇာလျှံ၏ ငယ်ထိပ်ကို ဦးမခံဘဲ မှုတ်ကာ "သတိရပြီလား" ဟု တတွတ်တွတ်ခေါ်သည်။

"ဟေး. . ခွေးကြည့်ကြပါဦး၊ ဇာဇာမူးလဲတယ်ဆို၊ သတိရပြီလား၊ လှဒါရီပြောလို့ ကျုပ်လဲ ကမန်းကတန်း လာရတာ. . သားလေးကိုတော့ ဆေးခန်းကိုလွှတ်လိုက်တယ်၊ အရင် တစ်ခါလဲ အဲဒီက ဟိုသူငယ် ကုပေးတယ်ကြားလို့၊ ဘယ့်နှယ်နေသေးလဲ"

ဒေါ်အဝေရာသည် ချက်ချင်းဆိုသလိုပင် ရောက်လာသည်။ ဒေါ်အဝေရာနှင့် အိမ်နီးနားချင်း မိန်းမဖော်နှစ်ယောက်တလည်း ပါလာသည်။

"အိမ်မှာ ဆေးလေး ဘာလေး မရှိဘူးလား အဒေါ်ရယ်၊ ဒီလို ကြည့်နေလို့ဖြစ်မလား၊ ပေး. . ပေး. . ဆရာမကို ကျွန်မ ပွေ့ထားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိန်းမသားသုံးလေးယောက်မှာ တတ်သရွေ့ မှတ်သရွေ့ရှင်ဆေးမြီးတို့ရော ရှူဆေးတွေနှင့်ပါ ဝိုင်းဝန်း ပြုစုနေကြချိန်မှာ အိမ်နီးနားက အမျိုးသားသုံးလေးယောက်လည်း ရောက်လာကြသည်။

"သမီး. . . သမီးရယ်"

"ဆရာမ. . . ဆရာမ"

"အင်း . . . ဝေ့"

"ဟဲ့ လုပ်ပါဦး. . . လုပ်ပါဦး။ ရင်ညွန့်က မ, ထားပါဟဲ့၊ ညည်းခေါင်းကို မ, ထားပါ၊ အို. . . အမေတာ မမြင်မစမ်းနဲ့လေ"

ဇာဇာလျှံသည် သတိမရတစ်ချက် ရတစ်ချက်နှင့် ပါးစပ်ထဲကသွေးတွေကို အန်ထုတ်ပစ်လိုက်သောအခါ အမျိုးသားကြီး သုံးလေးယောက်မှာလည်း မျက်လုံးပြူးသွားကြလေသည်။

"ဦးလှဘကိုတော့ သွားမခေါ်ကြဘူးလား၊ ဟိုဆေးခန်းကို သွားတဲ့ကောင်လေးကလဲ ကြာလိုက်တာနော်"

"ဟော. . . ဟိုမှာ လာပြီ"

ဒေါ်အဝေရာ၏သားလေး မောင်ထွန်းရွှေသည် စက်ဘီးနှင့် ပြေးဝင်လာ၏။

သူ့ဆရာမ သွေးအန်နေသည်ကို မြင်တွေ့သောအခါ သူ့ရင်ထဲမှာ ဆို့သွားပုံရသည်။

တော်တော်နှင့် စကားမပြောနိုင်ဘဲ ကြောင်နေသည်။

"ဟဲ့ မောင်လေး၊ ကျန်းမာရေးမှူးကော"

"မောင်ကျော်သူကောကွယ်"

ဇာဇာလျှံကို ပွေ့ထားသော မိန်းမရွယ် တစ်ယောက်နှင့် ဒေါ်ဇာလီမေတို့က စိုးရိမ်စိတ်နှင့် ပြိုင်တူ မေးလိုက်ကြသည်။

"ဆ. . . ဆရာ မနေ့ကပဲ သူ့ရွာ ပြန်သွားတာ အတော်ကလေးကြာမှ ပြန်ရောက်မယ်ပြောတယ်"

မောင်ထွန်းရွှေလေး၏ စကားကို ကြားရသောအခါ လူတွေမှာ သက်မပြိုင်တူချလိုက်ကြသည်။

"ဝို. . . ဝေ့. . . ဝေ့"





ဇာဇာလျှံ သွေးတွေ ထပ်အန်ပြန်သောအခါ ဒေါ်ဇာလီမေနှင့် အားလုံး၏မျက်နှာတွင်လည်း သွေးဆုတ်သွားကြပြန်သည်။

"သမီးလေးရယ်. . . အမေ့သမီးလေး"

"အို. . . အဒေါ်ကလဲ"

"သမီး. . . ဆရာမ၊ ဆရာမ သတိရပါတယ်နော်"

ဇာဇာလျှံမှာ သတိရသော်လည်း ရင်ထဲ လှိုက်မောနေသဖြင့် တော်တော်နှင့် စကားမပြောနိုင်၊ သူ့အမေနှင့် အားလုံးကို မျက်လုံးတစ်ချက်ရှင်ကြည့်၏။

သူ့အမေ၏ မျက်လုံးအိမ်ထဲမှ မျက်ရည် တွေတွေစီးကျနေသည်ကို မြင်သောအခါ သူ့ရင်ထဲမှာ ပိုပြီး လှိုက်မောလာမိသည်။

သူနေမကောင်း ဖြစ်သွားတာ သူသိသည်။ သူ သွေးအန်ပြန်ပြီဆိုတာလည်းသိ၏။

သူ ဒီလိုဖြစ်လျှင် သူ့ဆီ ဦးဆုံးရောက်လာမယ့် သူတစ်ယောက်ကိုသူသည် လူအုပ်ထဲ၌ မျက်စိဖွင့်ကြည့်ကာ ရှာနေမိသည်။

ကားသံကြားရပြီ။

သူ့အပေါ်က မိုးလာသော အဖေ၏မျက်နှာကို မြင်ရသည်။

ဇာဇာလျှံ၏မျက်နှာမှာ ပို၍ အိုစာသွားလေသည်။ သူ့အဖေ၏မျက်နှာမှာလည်း နှစ်ပေါင်းများစွာ အိုစာလာသည်ဟု ထင်သည်။

"သမီး သတိရပြီလား၊ ဘာမှ အားမငယ်နဲ့နော်၊ ဖေဖေလာပြီ"

ဦးလာဘသည် ပြောသာပြောရသော်လည်း သူ့သမီးဘေးကသွေးကွက်တွေကို ကြည့်ကာ တော်တော်စိတ်ထိခိုက်သွားပုံရလေသည်။

"ဘယ်လိုဖြစ်တာလဲ မေရယ်"

"ရှင်လာပို့ထားတဲ့ ဟိုခွေးဆိုး လိုက်ကိုက်လို့ လှေကားပေါ်က လိမ့်ကျတာ"

"ကြံကြံဖန်ဖန် မဖြစ်နိုင်တာ"

"ကဲ ကိုလာဘ ဆေးရုံပို့တာ အကောင်းဆုံးပဲဗျ၊ ကျန်းမာရေးမှူးလဲ ရွာပြန်နေတယ်"

"ဟုတ်. . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့. . . မေ. . လုပ်၊ လှဒါရိုလဲ လိုက်ခဲ့၊ မောင်သီရေ ကားကို ဒီရွှေ့လာခဲ့ပါဟေ့"

သည်လိုနှင့် ဇာဇာလျှံသည် ကမ်းလွန်သာရှိ ဆရာဝန်ကြီးအိမ်ရှေ့ ရောက်လာရသည်။ အချိန်မှာ နံနက် ရှစ်နာရီပင် မထိုးသေးသဖြင့် ဆေးရုံ သွားရန် ပြင်နေသော ဆရာဝန်ကြီးကို အဆင်သင့်တွေ့ရလေသည်။

ဆရာဝန်ကြီးက ချက်ချင်း ဆေးထိုးဆေးတိုက်၏။

"သမီးက ဆေးမှန်မှန်ထိုးရဲ့လားကွယ်"

ဆရာဝန်ကြီး၏အမေးကို ဇာဇာလျှံက ခေါင်းညိတ်ပြ၏။

"ကျွန်တော် ပြောတယ် ဒေါက်တာ၊ ဒေါက်တာဆီ ဆေးမှန်မှန်လာ ထိုးဖို့ အဲဒါ ကားပြော်တာ မခံနိုင်ဘူး၊ ဓာတ်ဆီစော်နံတယ်ဆိုပြီး ဆေးထ အတော်ပြတ်သွားတယ် ထင်တာပဲ"

"မင်းရွာက ကျန်းမာရေးဆေးခန်းမှာထိုးဖို့ မောင်ကျော်သူကိုလဲ ပြောထားသားပဲ ကိုလာဘရယ်၊ အဲဒီမှာ နေ့တိုင်း မထိုးဘူးလား"

"ဟုတ်. . ဟုတ်တဲ့၊ အဲဒီမှာတော့ ထိုးတယ်ပြောတာပဲ ဒေါက်တာ ရယ်၊ ကျွန်တော်ကလဲ တောထဲမှာ အနေများတော့"

ဆရာဝန်ကြီး၏ စကားကို ဦးလာဘက ရှော့ချသည်။

"စိုးရိမ်ရလား ဒေါက်တာ"

"ကိစ္စ မရှိပါဘူး၊ ဒါပေမယ့် ဆေးရုံတက်နေတာကောင်းမယ်၊ ဆေး ဆေးရုံသွားကြရအောင်"

ဤစကားကိုတော့ ဆရာဝန်ကြီးက ဦးလာဘအား တိုးတိုးသာသာ ပြောသည်။

"သမီး ဆေးရုံမှာ မနေချင်ဘူး အန်ကယ်"

ဆေးရုံတက်ရမည်ဆိုတော့ ဇာဇာလျှံက ကန့်ကွက်စကားဆိုသည်။

"ဘာဖြစ်လို့လဲ သမီးရယ်၊ ဆေးရုံဆိုပေမယ့် သမီးကို အန်ကယ်က အိမ်မှာလို ထားပေးမှာပါ၊ အမျိုးသမီးဝဝ်ထောင့်က သီးသန့် အခန်းပါ လေကောင်းလေသန့်လဲ ရမယ်၊ ပင်လယ်ပြင်ကိုလဲ မြင်နေရမယ်၊ သိပ်နေ ကောင်းတာ၊ သမီးရောဂါ ခဏလေးနဲ့တင်ပျောက်သွားမယ်၊ အန်ကယ်က အသင့်တော်ဆုံး စီစဉ်ပေးတာ မငြင်းပါနဲ့ကွယ်နော်"



"ဟုတ်သားပဲ သမီးရယ်၊ မေမေလဲ သမီးနဲ့အတူ ရှိနေမှာပဲ"

ဆရာဝန်ကြီး၏ စကားကို မေမေကလည်း ကူပံ့ပြောလာသည်။ ဇာဇာလျှံသည် ဘာမှမပြောတော့ပေ။ မေမေကတော့ မျက်လုံးပုတ်ခတ် လုပ်ကာ သမီး၏ မျက်နှာကိုသာ ကရုဏာ အပြည့်နှင့် လှမ်းကြည့်နေရှာ သည်။ ဇာဇာလျှံသည် မျက်လုံးကို မှိတ်ထားမိသည်။

ဆေးရုံ အပေါ်ထပ်သို့ ကတ်နှင့် ထမ်းပို့ခံရသဖြင့် စိတ်ထဲက ချောက်ချားနေသည်။ ရင်ထဲမောဖြီး ခေါင်းထဲကလည်း မူးနောက်နောက် ဖြစ်နေလေသည်။

"ငါ သေများသေမလား၊ ငါ ဒီလို ဖြစ်တယ် ကြားရင် ကျော်ကျော် လိုက်လာမှာပဲလေ၊ သူ ငါ့ကို တစ်ကယ်ချစ်သေးရင် လိုက်လာမှာပါ၊ ကျော်ကျော်ကို တွေ့ရရင် သိပ်ကောင်းမှာပဲ၊ ငါ့ သတင်းကို ကြားလို့ ကျော်ကျော်တော့ သိပ်ပူပန်နေလေမလား"

ဇာဇာလျှံသည် ကိုကျော်သူအကြောင်းတွေးကာ ဆေးရုံက ခုတင် ပေါ်တွင် မှေးနေမိလေသည်။

။

"မောင်ကျော်သူ မင်းကို သူငယ်လေးတစ်ယောက် လာခေါ်တယ်"

မိမိရွာ ရွှေတောင်ကြားက ပြန်လာသော ကိုကျော်သူကို ဦးသာ မောင်ကြီးက ခရီးရောက်မဆိုက် ဆီးပြောသည်။

"ဘာကိစ္စတဲ့လဲ ဦးသာကြီး"

"ကိုလာဘသမီးရယ်ကွာ"

"ဟင်. . . သူ သူဇာ ဘာဖြစ်လို့တဲ့လဲ"

ကိုကျော်သူမှာ ချက်ချင်း ယောင်ထိပ်ခြေ့ပေါက်ဖြစ်သွားသည်။

"သူဇာ မဟုတ်ပါဘူး၊ ဟိုဆရာမရယ်ကွာ မူးလို့ ဆိုလားပဲ"

ကိုကျော်သူ အရှုမ်းဝိုင်း ဖြစ်နေသည်ကို သဘောမပေါက်သေး သော ဦးသာမောင်ကြီးက ပြော၏။

"ဘယ်အချိန်ကလဲဗျာ၊ ခုကွပါပဲ၊ မနေ့ကလား၊ ဒီနေ့လားဟင်. . ဘယ်နေ့ကလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနက် ခဏစောကပါပဲ၊ အတော်လေးတော့ ကြာသွားပြီ"

"ကဲ, ကျွန်တော် သွားကြည့်လိုက်ဦးမယ်ဗျာ၊ ဆရာမတွေ ရောက်ရင်တော့ ဒီသော့ ပေးလိုက်ပါ"

"အေး . . . အေး"

ကိုကျော်သူသည် ဆေးခန်း ဗီရို သော့တွဲကို ဦးသာမောင်ကြီးအား အလျင်စလို လှမ်းပေးပြီး ချက်ချင်း ဇာဇာလျှံတို့ အိမ်ဘက်သို့ စက်ဘီးနှင့် လစ်လာခဲ့သည်။

ကိုကျော်သူသည် စက်ဘီးကို အပြေးနင်းရင်းဖြင့် လက်ကနာရီကို မြှောက်ကြည့်မိသည်။ အချိန်မှာ ခုနစ်နာရီခွဲ ရှိလေပြီ။ သို့သော် နှင်းတွေနှင့်ပိတ်နေသဖြင့် ရွာလယ်လမ်းမကြီးကိုပင် ဖြောင့်ဖြောင့်ဖြူးဖြူး မမြင်ရသေးချေ။ တစ်လောကလုံးသည် ထူထဲသိပ်သည်းသော နှင်းပင်လယ်ထဲ နစ်နေသလိုပင်။

"ဖြစ်မှဖြစ်ရပလေ သူဇာရယ်၊ ကိုယ်မရှိတဲ့ အချိန်မှ ရွှေ့ဖြစ်တယ်တယ်".

ရင်ထဲတွင် သောကပင်လယ်တွေ ဝေလာသော ကိုကျော်သူသည် တစ်လမ်းလုံး အထက်ပါစကားကို ရေရွတ်လာလေသည်။

သူသည် ရွှေတောင်ကြားက သူ့အဘွား နေမကောင်းသဖြင့် စနေနေ့ ညနေ ဆေးခန်းပိတ်အပြီးမှာ ရွှေတောင်ကြားသို့ ရောက်နေသည်။ တနင်္ဂနွေနေ့လည်း တစ်နေ့လုံး ရွှေတောင်ကြားရွာတွင် နေခဲ့သည်။ ယနေ့ တနင်္လာနေ့မနက် ဆေးခန်းဖွင့်ရန် အမိပြန်လာတော့ ဦးသာမောင်ကြီးက ဇာဇာလျှံ မူးလို့ ကောင်လေးတစ်ယောက် လာခေါ်ကြောင်းကို ဆီး၍ပြောလေသည်။

ဇာဇာလျှံတို့ အိမ်ကို သူ မရောက်ဖြစ်သည်မှာ နတ်တော်လဆန်း ဆယ့်သုံးရက်နေ့ကပင် ဖြစ်ပေသည်။ ထိုနေ့ညနေက ကိုကျော်သူသည် ဆေးခန်းပိတ်အပြီးမှာ ခါတိုင်းလိုပင် ဇာဇာလျှံတို့ အိမ်သို့ သွားသည်။ ခါတိုင်းလိုပင် ဇာဇာလျှံကို အိမ်ခြံဝ၌ အကြိုတွေ့ရမည် အထင်နှင့်လည်း တစ်လမ်းလုံး ပျော်လာသည်။ သို့သော် ခြံဝရောက်၍ ဇာဇာလျှံ ကြိုနေသည်ကို မတွေ့ရသောအခါ ရင်ထဲ၌ ဟာသွားပြန်သည်။





ဇာဇာလျှံသည် တစ်နေ့တာလေ၌ ကလေးငယ်တစ်ယောက်လိုပင် ရှောက်ချုံနှင့် သံပုရာချုံ ကွယ်ကာပုန်းပြီး သူ့ကို ကျီစယ်တတ်သဖြင့် ဤနေ့လည်း သူ့ကို ဇာဇာလျှံ ကျီစယ်သည်အထင်နှင့် သူသည် ခြံဝက လှမ်းပြော၏။

"သူဇာ. . . မနောက်နဲ့နော်၊ ရှောက်ချုံ ကွယ်ပုန်းနေတာ သူများ မြင်တယ်သိလား၊ ဒီက ခဲနဲ့ လှမ်းပစ်လိုက်မယ်နော်၊ ထိရင် သူများကို အဆိုးမဆိုနဲ့"

ကိုကျော်သူသည် ဇာဇာလျှံ ရှောက်ပင်ချုံနား ပုန်းနေသည် အထင်နှင့် ခဲလုံးလေးတစ်လုံးကို ကောက်ကာ ခြံဝကနေ လှမ်းပစ်၏။

သူက ခဲလုံးလေးတစ်လုံးနှစ်လုံးနှင့် ဆက်ပစ်ကြည့် ခေါ်ကြည့်သော်လည်း ဇာဇာလျှံကား ပေါ်မလာပေ။ သည်တော့ ကိုကျော်သူက စက်ဘီးဘဲလ်ကိုနှိပ်၍ "သူဇာ. . . သူဇာ" ဟု ခြံဝက တကြော်ကြော် ခေါ်နေမိပြန်သည်။

"သိပ်နောက်တာ၊ လာပါစေ၊ တွေ့ရင်တော့ ကောင်းကောင်း ဖက်နမ်းပစ်လိုက်ဦးမယ်"ဟု စိတ်ကူးနှင့် ပြုံးနေလေသည်။

ထိုစဉ် ဦးလာဘထွက်လာတော့ ကိုကျော်သူ့ရင်ထဲမှာ ထိတ်သွားမိသည်။

ရွာအလှူတွေမှာ ဦးလာဘကို ကိုကျော်သူ တစ်ခါနှစ်ခါသာ မြင်ဖူးသော်လည်း သူ့ချစ်သူ သူဇာ၏အဖေဆိုသဖြင့် ကိုကျော်သူက ကောင်းကောင်းမှတ်ထားလေသည်။

"ဟော့, သူငယ် ဘာလဲကွယ်၊ မင်း မဟုတ်လား ခြံထဲကို ခဲနဲ့လှမ်းပေါက်တာ"

ဦးလာဘသည် သူ့ကို တွေ့တွေ့ချင်း ရန်စကား ဆိုသည်။

"ဟုတ်. . ဟုတ်ကဲ့ပါ ဦး၊ ကျွန်တော် ဒီရွာက ကျန်းမာရေးမှူးပါ၊ ခဲနဲ့ပေါက်တာက ခြံတံခါးဖွင့်ပေး . . . ."

"ဟော့. . မင်းကို ငါက ဘာကိစ္စ ခြံတံခါးဖွင့်ပေးရမှာလဲကွဟင်"

ဦးလာဘသည် ခြံဝကို တိုးလာပြီးနောက် ကိုကျော်သူ့ကို စူးစူးရဲရဲ ကြည့်ကာ ဒေါသနှင့် အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလာဘ၏ မျက်လုံးမျက်နှာအပြင် ဦးလာဘ၏လေသံထဲ အရက်နံ့က ပါလာသဖြင့် ကိုကျော်သူအသံကို နှိမ့်ချ၍ ပြောရသည်

"ဒီလိုပါဦး၊ ဒီက သူ. . . သူဇာ. . . အင်း, ဇာဇာ. . ."

"ဟေ ဘာသူဇာလဲကွ၊ ငါ့အိမ်မှာ သူဇာဆိုတာ မရှိဘူး၊ ဇာ ကြောင်နဲ့"

"ဟုတ် ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က ဇာဇာလျှံရဲ့ ကျော နာမည်ကို ပြောတာပါ"

ကိုကျော်သူသည် ဦးလာဘအား အချိုသာဆုံးနှင့် အကျိ ဖြစ်အောင် ပြောသည်။

သူစိတ်ထဲမှာ "ယောက္ခမကြီးကလည်း ဒေါနချည်းပဲ၊ သူဇာနဲ့ ပြောပြီး ဟားရဦးမယ်" ဟု တွေးတုန်းပင်။

ဇာဇာလျှံကို ချစ်၍ ပျော်ပျော်နေတတ်သူ ကိုကျော်သူတ ဇာဇာလျှံအကြောင်းကို တွေးကာ နောက်ပြောင်ကျီစယ်ဖို့ပဲ စိတ် နေလေသည်။

"ငါ့သမီး ကျောင်းနာမည်ကလဲ သူဇာ မဟုတ်ဘူးကွ၊ မင်း ဘာ လာရတာလဲ"

"ကျွန်တော် ဇာဇာလျှံကို နေ့တိုင်း ဆေးလာထိုးပေးနေတာ မသိလို့ ဖြစ်. . ."

"တော်. . . တော်"

ဦးလာဘက ဆောင့်အော်လိုက်သဖြင့် ကိုကျော်သူ စကားက သွားသည်၊ ဤအဘိုးကြီး ဘာကြောင့်များ. . ဤမျှ ဒေါသထွက် လိမ့်ဟု တွေး၍လည်း ကိုကျော်သူမှာ ခဏကြောင်သွား၏။

"ဦးရေ. . . ဦး"

ဦးလာဘက သူ့ကို ဘာမှ နောက်ထပ် မပြောဘဲ အိမ် သွားတော့မည့်ဟန် ပြင်သဖြင့် ကိုကျော်သူက လှမ်းခေါ် ရပြန်၏။

"ဟော့. . . ဘာလဲကွ"

ဦးလာဘက ကိုကျော်သူကို စားမတတ် ဝါးမတတ်မျက်နှာ လှည့်ကြည့်၍မေးပြန်၏။





"ဒီလိုပါဦး ကမ်းလွန်သာ ဆရာဝန်ကြီးက ဇာဇာလျှံကိုဆေးထိုးပေးဖို့ ညွှန်ကြားထားလို့. . ကျွန်တော် ဦးတို့ကို အကူအညီပေးနေတဲ့ လူပါဦး၊ ကျွန်တော့်ကို အထင်အမြင် မှားနေလို့ ဖြစ်ပါလိမ့်မယ်"

ဤတစ်ခါတော့ ဦးလာဘကို ကိုကျော်သူကလည်း စိတ်ဆိုးချင် လာသည်။ အမှန်တကယ်ဆိုလျှင် သူ့သမီးသည် ဆရာဝန်ကြီး၏ ညွှန်ကြား ချက်နှင့် သူ့ဆေးခန်းကို လာပြီးဆေးထိုးရမည့် လူမမာ ဖြစ်သည်။ ယခု သူက အိမ်တိုင်ရာရောက်လာကူညီသည်ကိုပင် ကျေးဇူးတင်ရမှန်း မသိ သရဲ့အပြင် မတူမတန်သလို ဆီးပြီးဟောက်နေသောအခါ ကိုကျော်သူ မှာ လူငယ်ပီပီဒေါသထွက်သွားမိသည်။

ထို့ကြောင့်လည်း သူ့အနေက လာချင်၍ လာခြင်းမဟုတ်၊ ဆရာ ဝန်ကြီး၏ ညွှန်ကြားချက်နှင့် လာရကြောင်းကို ဦးလာဘ သဘောပေါက် အောင်ပြောလိုက်မိသည်။

"ဟင်း ဟင်း. . အကူအညီပေးတဲ့ လူ"

ဦးလာဘသည် သူ့ဟာသူ ရေရွတ်ပြီး သူ့ဟာသူ အံကြိတ်ရယ် နေသည်။ ဘာကြောင့်ရယ်မသိ သူ့ မျက်လုံးအိမ်ထဲတွင် မျက်ရည်အစ အနများကိုလည်း မြင်ရသလားထင်မိ၏။

"ဩော်. . . ဟုတ်လား၊ မင်းက ဦးတို့ကို အကူအညီပေးနေတဲ့ လူဆိုတာ ဦးမသိလို့ပါကွာ၊ ဟဲဟဲ. . . မောင်ရင် ဘယ်လိုမှ မအောက် မေ့ပါနဲ့နော်"

ဦးလာဘ၏စကားသံကြောင့် ကိုကျော်သူမှာ ချက်ချင်းဝမ်းသာအား တက်သွားပြန်သည်။

"ဟုတ် ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ကျွန်တော်ဒီကို တမင်ဆေးလာထိုးပေးနေတာဟာလည်း စေတနာသက် သက်နဲ့ပါခင်ဗျာ"

"ဒီလိုဆိုတော့လဲ ယောက္ခမကြီးက ဘယ်ဆိုးလို့တုံး"ဟု တွေးမိ လိုက်၏။

"မင်း. . ဦးသမီးကို ဆေးလာထိုးပေးဖို့ နောက်ဘယ်နှရက်လို သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုတော့ပါဘူး ခင်ဗျာ၊ ဆရာဝန်ရဲ့ ညွှန်ကြားချက်က နောက် သုံးလေးရက်ဆိုရင် ဆေးပတ်ပြည့်ပါတော့မယ်ခင်ဗျာ"

သူ့ကို ခြံတံခါးဖွင့်ပေးတော့မည့်အထင်နှင့် ကိုကျော်သူက ခြံတံ နားသို့ တိုးကပ်လာသည်။

"အေး. . နောက်သုံးလေးရက်လဲ မထိုးဘူး၊ ခုလဲမထိုးဘူး၊ မ ပြန်တော့"

"ခင်ဗျာ"

ဦးလာဘ၏ စကားကို ကိုကျော်သူမှာ နားဝေတိမ်တောင် ဖြစ်သွ သည်။ ဤအဘိုးကြီး အရက်မူးပြီး ရှူးများရှူးနေသလားဟုပင် ထင်လို သည်။

"ဟော့ကောင်. . မင်း တယ်နားဝေးပါလား။ မင်းလို ကျန်းမာရေး မသုံးဘူးလို့ ငါက ပြောနေတာကွ၊ ဘာမှ မင်းလာပြီး ဆေးထိုးပေး မလိုဘူး။ ငါ့သမီးက နေမကောင်းရင် ကမ်းလွန်သာမှာ ဆေးသွားထိုး ငါတို့မှာ တားရှိတယ်၊ မင်း နောက်ကိုမလာပါနဲ့၊ ဒါမင်းကို ငါ နောက် ပြောတာပဲ၊ မင်းအန္တရာယ်ကို မင်း မကြောက်ရင်တော့ လာကြည့်

ဦးလာဘ၏ စကားက ကိုကျော်သူကို စက္ကန့်ပေါင်းများစွာ ငိုင်သွ နေသည်။

"သူဇာနဲ့တော့ ဝေးကြရပြီ" ဟူသော အသိစိတ်က ချက်ချင်း ရောက်လာသောအခါ သူ့ရင်ထဲမှာ ပြင်းပြင်းပြပြ ပူလောင်လာသည်

သည်လိုနှင့် ကိုကျော်သူသည် ထိုနေ့က ဆေးခန်းသို့ ပြန်လ သည်။ ဇာဇာလျှံ၏ မျက်နှာလေးကိုပင် မမြင်ခဲ့ရရှာပေ။

သူ့ရင်ထဲမှာ ဦးလာဘကို နာကြည်းနေမိသည်။

"သူဇာ ငါ့ကိုချစ်ရင်တော့ တစ်နည်းနည်းနဲ့ အကျိုးအကြေ ပြောလာပါလိမ့်မယ်လေ" ဟု ကိုကျော်သူက သူ့စိတ်သူဖြေနေသည်

တစ်ပတ်နှစ်ပတ် ကြာလာ၍လည်း ဇာဇာလျှံဆီက ဘာအ အကြောင်းမှ မကြားလာသောအခါ သူ့စိတ်ထဲမှာ ငိုပြီး မခံချိမ ဖြစ်လာပြန်သည်။ ဇာဇာလျှံကို တွေ့ရပြီး ဇာဇာလျှံက သူ့ကို မုန်း ပါတော့၊ မေ့လိုက်ပါတော့ မပြောမချင်းတော့ သူက ဇာဇာလျှံအ





အချစ်မပြယ်နိုင်ပါချေ။ ထို့ကြောင့် တစ်နေ့တော့ အရဲစွန့်ကာ ဇာဇာလျှံတို့ အိမ်သို့ သူ သွားပြန်သည်။

သူ့ကို လွမ်းနေသော ဇာဇာလျှံသည် ခြံဝ၌စောင့်၍များ တွေ့ရလေ လေသလားဟူသော အတွေးကိုလည်း ကိုကျော်သူက မဖျောက်ဖျက်ချင်သေး။ သို့သော် ဇာဇာလျှံတို့ အိမ်ခြံဝမှာ ကိုကျော်သူကို ကြိုနေသူကား ခွေးသမင် ကြီးတစ်ကောင်ပင်တည်း။

ဤသည်တို့မှာ ဦးလာဘ၏ ဉာဏ်ဆိုသည်ကို သိသော ကိုကျော်သူ သည် စိတ်ပေါက်ပေါက်နှင့် ခဲလုံးကြီးတစ်လုံးနှင့် ခွေးကိုပစ်ပြီး စက်ဘီးနှင့် ခွန်ပြေးလာခဲ့လေသည်။ ခွေးကြီး၏ တဝေါင်းဝေါင်းနှင့် ဟောင်နေသံက ကိုကျော်သူ၏အသည်းနှလုံးမှာ ယခုထိ မြည်ဟည်းနေတုန်းပင်တည်း။

သည်လိုနှင့် တစ်လနီးပါးမျှအကြာမှာ ရွာအလှူ၌ ဇာဇာလျှံကို သူ့အမေနှင့် တစ်ခါတွေ့ရပြန်သည်။

သူ့အမေက ကိုကျော်သူကို မြင်သော်လည်း ဖော်ဖော်ရွေရွေ မရှိဘဲ သူ့အရွယ် မိန်းမကြီးတွေနှင့်သာ စကားကောင်းနေကြသောအခါ၌ ကိုကျော်သူမှာ ရင်နာရပြန်၏။ သမီးဖြစ်ရှိသူမို့ လူတောထဲ ဣန္ဒြေလုပ် နေသလားဟု ကိုကျော်သူက အကဲခတ်နေသည်။

ဇာဇာလျှံကို လှမ်းကြည့်တော့ ဇာဇာလျှံကလည်း သူ့အကြည့် ခံဘဲ မျက်လွှာချပစ်လိုက်သည်။ ငါ့ကိုတော့ ဇာဇာလျှံပါ စိမ်းကားလေ ပြီလားဟူသော အတွေးကြောင့် ရင်ထဲနာကျင်သွားရပြန်သည်။

"သူဇာ သိပ်ရက်စက်တာပဲ၊ ကျော်ကျော့်မှာ ဘာအပြစ်ရှိလို့ သူဇာ ကိုယ့်ကို ရက်စက်ရတာလဲဟင်"

ဤသို့ပင် ကိုကျော်သူက မေးချင်နေသည်။

ထို့ကြောင့်လည်း ကိုကျော်သူက အလစ်ချောင်းနေမိ၏။

အလှူတွင် ထမင်းစားကြတော့ ဇာဇာလျှံက ဦးဆုံးထမင်းဝသွားပြီး ရေသောက်ရန် မဏ္ဍပ်ရှေ့က ရေအိုးရှိရာ ခြံအဝ ဝါးရုံနားဆီသို့ ထသွား သည်။

ကိုကျော်သူသည် ချက်ချင်းရေသောက်သလို ဟန်လုပ်ပြီး ဇာဇာလျှံ နားသို့ သွားကပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းလား"

ဇာဇာလျှံက ခေါင်းညိတ်ပြသည်။

ငိုမဲ့မဲ့ဖြစ်နေသော ဇာဇာလျှံမျက်နှာကြောင့် ကိုကျော်သူရင်ထဲ ဆို့နေမိသည်။

"သူဇာ နေမကောင်းပါဘူး ကိုယ်သိပါတယ်၊ သူဇာ့ဆီ ကိုယ် လာ သေးတယ်၊ သူဇာ့အဖေက. . ."

ဤစကားကို ဇာဇာလျှံ သိပါစေဟူသော သဘောနှင့် ပြော၏။

ဇာဇာလျှံ အတင်းခေါင်းငုံ့ပစ်လိုက်သည်။

သူ့ကို ကြည့်ရသည်မှာ နေကောင်းပုံ မရပေ။

နားထင်နားရင်းတွေလည်း ချောင်ကျနေသည်။

ကိုကျော်သူသည် လွန်ခဲ့သော တစ်လလောက်က ဇာဇာလျှံနှင့် ရွာအလှူမှာ တွေ့ခဲ့ရသည်ကို သတိရပြီး ရင်ထဲမှာ တနုံ့နုံ့ဖြစ်လာမိသည်။ ထိုစဉ်က လူများသဖြင့် ဇာဇာလျှံနှင့်အတူ စကားကုန် မပြောခဲ့ရပေ။ ဇာဇာလျှံကို သူချစ်ပါသည်ဆိုသော စကားတော့ သဘောပေါက်အောင် ပြောခဲ့ရသဖြင့် စိတ်ထဲ နည်းနည်းဖြေသာသည်။

ဤလိုနှင့် တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြရသည်မှာ နှစ်လ ကျော်လာလေပြီ။

ဇာဇာလျှံတို့အဖေ ဦးလာဘသည် သူ့အား ဘာကြောင့် မလိုတမာ ဖြစ်နေသည်ကို ကိုကျော်သူသည် ယခင်က လုံးဝ သဘောမပေါက်မိ။

ဘွားဘွားနေမကောင်းသဖြင့် ဟိုတစ်နေ့က ရွာရောက်တော့မှ ဦးလာဘနှင့် သူတို့မိသားစု ပြဿနာက အစပေါ်လာသည်။

အစက ဦးလာဘသည် သမီးရှင် ပစ္စည်းရှင်ပီပီ သူ့သမီးနှင့်သူနှင့် ငြိမှာကိုစိုး၍ သူတစ်ယောက်တည်းကိုသာ မလိုတမာ ဆက်ဆံသည်ဟု ထင်ခဲ့သည်။ နောက်တော့ ဦးလာဘသည် သူတို့မိသားစုအားလုံး အပေါ် ရန်ငြိုးဖွဲ့ထားသည်ကို သိရသည်။

အမှန်က ဖေဖေသေဆုံးသည်နှင့်ပတ်သက်ပြီး သူ့ကို ရဲဘက်က ခေါ်မေးစစ်ရုံနှင့် ဤမျှထိတော့ သူတို့မိသားစုအပေါ် ရန်ငြိုးကြီးနေဖို့ မသင့်ချေ။





ကိုကျော်သူအနေကလည်း သူတို့အိမ်ကို မားပြတိုက်လာသည်မှာ ...ဘာနှင့်သူ၏လူများဟု လုံးဝ မထင်မိပေ။ ဦးလာဘလို ချမ်းသာ ...သူက မည်သည့်နည်းနှင့်မျှ သူတို့အိမ်ကိုတော့ မားပြ လာတိုက် ...ဟုတ်။ ရန်ငြိုးရန်စရှိ၍တမင်လုပ်ရအောင်ကလည်း ယခင် ဖေဖေ ...န်းကဆိုလျှင် ဦးလာဘနှင့် ဖေဖေသည် ဘာပြဿနာမှ မရှိခဲ့ကြ။

ဦးလာဘဆီ ဟိုကသည်က ပေးသော အလှူမင်္ဂလာဖိတ်စာများ ...င် ဖေဖေ့ဆီက တစ်ဆင့် ပေးတတ်သည်သာ။

အထူးသဖြင့် ကိုကျော်သူ မှတ်မိနေသည်မှာ အိန္ဒိယရှိ ဦးလာဘ၏ ...င်ကြီးဆီက စာကိုပင် ဖေဖေ့ဆီက တစ်ဆင့် ဦးလာဘ ရရှိတတ်သည် ...ပ်ပါလား။ ထိုစာနှင့်ပတ်သက်၍ သူပင် တစ်ခါက သူ့အဖေရဲ့အရိုက် ...ာက်ခံရဖူးလေသည်။

သို့သော် ဦးလာဘအိမ်ကိုသွားပြီး ဦးလာဘသမီး ဇာဇာလျှံအား ...တိုင်းဆေးထိုးပေးရသည်။ ဇာဇာလျှံနှင့် သူ ရင်းနှီးကျွမ်းဝင်ရှိကြသည် ...သောသတင်းကို ကြားထားကြသော ကိုကိုနှင့် မေမေတို့တတော့ ...ဖေ့ကိုသတ်တာ ဦးလာဘ၊ သူတို့အိမ်ကိုလာပြီး မားပြတိုက်တာလဲ ...လာဘ"ဟုသာ စွပ်စွဲနေကြသည်။

"မဟုတ်တာမေမေရာ၊ ဦးလာဘက ကျွန်တော်တို့ထက် အများကြီး ...ါ်သာတာပဲ မဖြစ်နိုင်တာ"

"မင်းဘာသိလို့လဲ၊ ဖေဖေနဲ့ ဦးလာဘနဲ့က ဟိုတုန်းကပင် မသင့် ...ကွ၊ ဖေဖေသူကြီးဖြစ်တာလဲ ဦးလာဘက နည်းနည်းမှ လိုတာ မဟုတ် ...။ သူက သူပဲ သူကြီးဖြစ်ချင်နေတာ၊ ဦးလာဘက လောဘရမ္မက်လဲ ...ပ်ကြီးတာ၊ အဲဒီတုန်းက မင်းက ငယ်ငယ်လေးပဲ ရှိသေးတော့ ဒါတွေ ...ာယ်သိမလဲ၊ ဒါပဲနော် ခုကပဲ ပြောထားပါရစေ၊ မင်း တခြားမိန်းကလေး ...တွေနဲ့ဆို ငါတို့က ဘာမှ ကန့်ကွက်စရာမရှိဘူး၊ အေး. . ဦးလာဘသမီး ...ဆိုဆရာမနဲ့သာ ဆိုရင်တော့ ငါတို့ကလဲ မကြည်ဖြူနိုင်ဘူးကွ"

ဇာဇာလျှံနှင့် ကွဲကွာနေရ၍ ရင်နာနေရသည့်အထဲ ဦးလာဘနှင့် သူ့အစ်ကိုနှင့်အမေတို့ကပါ ရန်အငြိုးထားသော စကားတွေကို အစီအစဉ် ...ပ်ဆိုနေကြသောအခါ ကိုကျော်သူ၏ရင်ထဲမှာ မီးတောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလာဘ သူတို့နှင်ထုတ်သည်မှာလည်း ဤကိစ္စပင် မဟုတ်ပါလား။

သို့သော် မည်သို့ဆိုစေ သူတို့တွေ၏ ထင်မြင်ယူဆချက်တွေမှာ ခိုင်လုံသော ယုတ္တိသာဓကများ မရှိသဖြင့် တစ်နေ့ ဇာဇာလျှံနှင့် သူနှင့် လက်ဆက်ပြီးကြလျှင် ဤကိစ္စမှာ အလိုလို ပျောက်ကွယ်သွားရမည်သာ ကိုကျော်သူနှလုံးပိုက်ထားမိသည်။ အချိန်မကျရောက်သေး၍သာ အမေ နှင့်အစ်ကိုတို့ကို ပြတ်ပြတ်သားသား မပြောရဲသေးသော်လည်း တစ်နေ့ အချိန်ရောက်လာလျှင်တော့ ဤကိစ္စကို ပြောင်ပြောင်တင်းတင်း ရင်ဆိုင် ၍မိသားစုနှစ်ခုကြားတွင် ဇာဇာလျှံနှင့် သူက မေတ္တာ ပေါင်းကူးတံတား ဆောက်ပေးရမည်ဟု ကိုကျော်သူက အတွေးနှင့် မျှော်လင့်နေခဲ့ သည်။

ကိုကျော်သူက ရွာမှပြန်လာ၍ ဆေးခန်းအရောက်မှာ ဇာဇာလျှံ နေမကောင်းသဖြင့် သူတို့ လာခေါ်သည်ဆိုသောအခါ ဇာဇာလျှံအတွက် တစ်ဖက်က စိုးရိမ်သောက ဖြစ်မိရသလို တစ်ဖက်ကလည်း ဇာဇာလျှံ နှင့် ပြန်ရင်းနှီးမှုရပြီး ဤပြဿနာကို ဇာဇာလျှံနှင့် သူ ရှင်းပေးရလိမ့် မည်ဟု ကိုကျော်သူက ဝမ်းသာအားရ ဖြစ်မိပြန်သည်။ ထို့ကြောင့် လည်း သူအတွေးတွေကို မီးခိုးကြွက်လျှောက် တွေးကာ ကိုကျော်သူ သည် ဇာဇာလျှံတို့ အိမ်ရှေ့ မြန်မြန်ရောက်လိုဇောနှင့် စက်ဘီးကိုသာ အပြင်းနင်းလာလေသည်။

ဇာဇာလျှံတို့ အိမ်ရှေ့ရောက်တော့ သူက စက်ဘီးဘဲလ်ကို အကြိမ် များစွာ နှိပ်သည်။ "ဒီမှာဗျို့. . . ဒီမှာ. . . ဒီမှာ" ဟုလည်း အော်ခေါ်၏။

"ဟော. . . ဆရာလေးပါလား"

မောင်ထွန်းရွှေတို့အမေ ဒေါ်အဝေရာက ထွက်လာကြည့်ပြီး ပြော၏။

ဤသားအမိကိုတော့ ကိုကျော်သူ ကောင်းကောင်းသိသည်။

မောင်ထွန်းရွှေမှာ ခုနစ်တန်း ကျောင်းသားလေးဖြစ်ပြီး သူ့ဆီ၌လည်း ကြက်ခြေနီသင်တန်း တက်ဖူးလေသည်။ ဇာဇာလျှံနှင့်လည်း မြန်းချင်း ဖြစ်ပြီး ရင်းနှီးကြောင်းပြောဖူးသည်။

"ဆရာမ ဘယ့်နှယ်နေသေးလဲ ဒေါ်ဒေါ်"



"ဆရာလေးကို ကျွန်မ အခေါ်လွှတ်လိုက်တာ၊ မောင်ထွန်းရွှေက ဆရာလေးရွာပြန်သွားတယ် ပြောလို့ ခုတော့ သူအဖေက ကမ်းလွန်သာ ခေါ်သွားတယ်၊ အိမ်မှာ ဘယ်သူမှ မရှိလို့ ကျွန်မ ခဏလာနေရတာ"

ဒေါ်အဝေရာ၏ စကားကို ကြားရသောအခါ ကိုကျော်သူမှာ ငိုချင်စိတ်ပင်ပေါက်သွားမိသည်။

အစကတော့ သူကို အခေါ်လွှတ်သူမှာ ဇာဇာလျှံ အမေသော် လည်းကောင်း၊ အဖေသော်လည်းကောင်း သို့မဟုတ် သူတို့အိမ်သား ထဲက တစ်ယောက်ယောက်ဟု ထင်ခဲ့သည်။

ယခုတော့ သူတို့အိမ်သားနှင့် မပတ်သက်သော ကြားလူ၏ စေတနာပို့မှုသာ၊ ဇာဇာလျှံကလည်း ကမ်းလွန်သာကို ရောက်သွားပြီ ဆိုသောအခါ ကိုကျော်သူမှာ အလိုလိုပင် မျက်ရည်ဝဲလာမိလေသည်၊ မျှော်လင့်ချက် တောင်ကြီးတစ်ခုလုံး ပြိုရပြန်ပြီ၊ ဤလိုနေ့မျိုးမှ ဒါအရပ်က ပြန်မိလေခြင်းဟု မိမိကိုယ်ကိုလည်း မိမိအပြစ်တင်မိသည်၊

"ဆရာလေး ဝင်ပါဦးလား"

ဒေါ်အဝေရာက လောကဝတ်စကားဆိုသည်။

"မဝင်တော့ပါဘူးခင်ဗျာ၊ ကျွန်တော် ဆေးခန်းလဲ ဖွင့်ရဦးမှာမို့ ပြန်ပါဦးမယ်၊ ညနေကျမှ တစ်ခေါက်လာခဲ့ပါဦးမယ်"

ဟန်လုပ်၍သာ ပြောရသော်လည်း သူ့အသံမှာ တုန်ရင်ကွဲအက်နေ လေပြီ၊

ကိုကျော်သူ ဆေးခန်းကိုရောက်တော့ ဆရာမတွေက သူ့ကို ဝိုင်းစကြသေးသည်၊ သူမှာ ငိုချင်ရဲ့ လက်တို့ ဖြစ်ပြီး အစသန်သော နော်လုလုကို ပတ်တီးလိပ်နှင့်ပင် လှမ်းပစ်လိုက်မိသည်၊

သူတို့ကတော့ အခြေအနေကို ဘာမှ မသိ၍ ပျော်နိုင်ကြသည်၊

ကိုကျော်သူရင်ထဲကတော့ ငိုနေရ၏၊

ညနေကျတော့ ဒေါ်အဝေရာတို့အိမ်ကိုသွားကာ မောင်ထွန်းရွှေ လေးဆီက သူ့ဆရာမသတင်းမေးရသည်၊

ကမ်းလွန်သာမှာ ဆေးရုံတင်ထားရကြောင်းပြောတော့ ပို၍ပင် စိတ်မချမ်းမသာ ဖြစ်ရပြန်၏၊

www.burmeseclassic.com

www.burmeseclassic.com



ဇာဇာလျှံနှင့်တွေ့ရအောင် တမ်းလွန်သာ လိုက်သွားမည်ဟု ဆုံးဖြတ်မိသော်လည်း သူမှာ ဆေးခန်းတာဝန်က တစ်ဖက်၊ ကျန်းမာရေးမှူးနေရာမှာ ဆေးခန်း၌ လူစားမရှိပေ။ ပြီးတော့ သူ့အမေကလည်း လူမမာစောင့်နေရသည်ဆိုတော့ တမ်းလွန်သာကို သွား၍လည်း ဇာဇာလျှံကို တွေ့ရဖို့မလွယ်သေး။

ကိုကျော်သူမှာ တစ်နေ့လုံး တစ်ညလုံး ဇာဇာလျှံစိတ်နှင့် ဆောက်တည်ရာမရ ဖြစ်နေမိသည်။

အထူးသဖြင့် ထိုညမှာ ဇာဇာလျှံကို ဦးဆုံးတွေ့ရသော ညကလိုပြည့်ဝန်းသော လဝန်းကို မြင်ရသောည ဖြစ်နေလေရာ ကိုကျော်သူမှာ တစ်ညလုံး အိပ်မပျော်ဖြစ်ရလေသည်။

ပြည့်ဝန်းရွှန်းမြသောလကို တစ်ညလုံးငေးကြည့်ကာ ဆေးခန်းရှေ့နှင်းလွင်ပြင်တွင် ထိုင်နေမိသည်။

ဇာဇာလျှံ ဦးဆုံးသူ့ဆေးခန်းသို့ စတင်ရောက်လာသော တန်ဆောင်မုန်းညကအကြောင်း သူတွေးနေမိသည်။ သို့သော် ယခု လဝန်းမှာ ဆောင်းနှောင်း ညဦးလယ်လဝန်း ဖြစ်သဖြင့် တန်ဆောင်မုန်း လဝန်းလိုရွှန်းမြ ကြည်လင်ခြင်း မရှိပါချေ။ နှင်းရိပ်နှင်းမည်းတို့ကြောင့် လ၏အရောင်မှာ ညှိုးမှိန်နွမ်းလျ နေလေသည်။ အမှန်မှာ ကိုကျော်သူ၏နှလုံးသားအတွက် လဝန်း၏ အလင်းရောင်ထက်ပင် ညှိုးငယ်နွမ်းလျနေပါသေးသည်ကော။

၅

ဆရာဝန်ကြီးနှင့် ရင်းနှီးသည့်အပြင် ဆရာမ အသိတွေလည်းရှိသဖြင့် ကိုကျော်သူအတွက် ဆေးရုံလာရသည်မှာတော့ အခက်အခဲမရှိပေ။ ကိုကျော်သူ စိုးရိမ်သည်မှာ ဦးလာဘနှင့် တွေ့မိမှာသာ ဖြစ်သည်။ ထို့ကြောင့်လည်း ဤလို နေ့ခင်းနေ့လယ်အချိန်ကို တမင်ရွေးလာရခြင်းဖြစ်သည်။

ဤနေ့ပါဆိုလျှင် ဇာဇာလျှံ ဆေးရုံရောက်နေသောရက်မှာ တစ်ပတ်ခန့်ပင်ရှိလေပြီ။ လွန်ခဲ့သော ရက်တွေက ကိုကျော်သူသည် ဇာဇာလျှံနှင့်တွေ့လိုလှသော်လည်း သူ့အမေက ဇာဇာလျှံအနားတွင် အမြဲရှိနေသဖြင့် မလာဖြစ်ခဲ့။ ယခုတော့ ဇာဇာလျှံရောဂါမှာ သက်သာသွားပြီဖြစ်သဖြင့် နေ့ခင်းနေ့လယ်ဆိုလျှင် သူ့အမေက မြို့ထဲရှိ ဆွေမျိုးအိမ်တွင်သွားနေရသည်။

ဤသည်ကိုသိသော ကိုကျော်သူက ယခု ဇာဇာလျှံနှင့် တွေ့ရန်ရောက်ရခြင်း ဖြစ်လေသည်။

မတွေ့ရသည်မှာ ကာလအတော်ပင်ကြာပြီဖြစ်သော ချစ်သူကိုတွေ့ရတော့မည်ဟူသော. . အသိစိတ်ကြောင့် ကိုကျော်သူ ရင်ထဲမှာ လှိုက်ဖိုတ်ခုန်လာလေသည်။ သူဇာ သိပ်များပိန်သွားသလား၊ သူမလာလို့ စိတ်များ စိတ်ဆိုးနေမှာလား၊ အမေရှိနေ၍ သူ မလာမှန်းတော့ သူဇာ သိမှာပါပဲ။ အတွေးတို့သည် ကိုကျော်သူ၏ ရင်ထဲမှာ ဘောင်ဘင်ခတ်ပြေးကြလေသည်။

ကိုကျော်သူသည် ဇာဇာလျှံရှိသော အခန်းဝသို့အရောက်မှာ ခြင်လွှမ်းကို ရပ်လိုက်သည်။ ပြီး ခေါက်ခန်းဆီး လိုက်ကာအရှင်ကြားမှ ဇာဇာလျှံကို ချောင်းကြည့်သည်။

ဇာဇာလျှံသည် ခုတင်ဘေးရှိ မှန်တံခါးကိုဖွင့်ကာ အပြင်သို့ တိတ်တိတ်ရပ်ငေးနေလေသည်။ ထို့ကြောင့် ဇာဇာလျှံ၏မျက်နှာကို မမြင်ရ။ နောက်ကျောဘက်ကိုသာ မြင်ရသည်။ ကိုကျော်သူသည် ခြေသံမကြားအောင် ဖွနင်းလာပြီး ဇာဇာလျှံအနား တိုးကပ်လာသည်။ ဇာဇာလျှံ့အခန်းမှာ သီးသန့်အခန်း ဖြစ်သဖြင့် တိတ်ဆိတ်နေ၏။

ဇာဇာလျှံသည် တစ်စုံတစ်ခုကို တွေးတောနေပုံရသည်။ ထို့ကြောင့် သူ့နောက်ဆီ၌ ကိုကျော်သူ ရောက်နေသည်ကိုပင် ဇာဇာလျှံ လုံးဝမသိပေ။ လှုပ်မယှက်သာ မတ်တတ်ရပ်လျက်ရှိ၏။

"သူဇာ"

ကိုကျော်သူသည် ဝမ်းသာအားရနှင့် ခေါ်လိုက်သည်။

ကိုကျော်သူ အနားကပ်ခေါ်လိုက်သံကြောင့် ဇာဇာလျှံကလည်း လှည့်ကြည့်၏။

"ဟင်. ."

www.burmeseclassic.com

www.burmeseclassic.com



ငိုင်းစက်ရွှန်းလက်သော မျက်လုံးရွှဲအစုံဖြင့် သူ့ကို မရယ်မပြုံး ငူးစိုက်ပြန်ကြည့်နေသော ဇာဇာလျှံ၏အကြည့်ကြောင့် ကိုကျော်သူမှာ ရင်ထဲနင့်သွားမိသည်။

ဇာဇာလျှံ၏ မျက်နှာတစ်ခုလုံးမှာ နီမြန်းနေပြီး မျက်ရည်တွေမှာလည်း အိုင်ထွန်းလျက် ရှိလေသည်။ ဤသည်တို့ကြောင့်လည်း ကိုကျော်သူမှာ ဟင်ခနဲပင် အသံထွက်သွားမိသည်။ သို့ပါသော်လည်း ဇာဇာလျှံက ကိုကျော်သူကို မည်သို့မျှ စကားမဆိုဘဲ ယခုထိ ငေးကြည့်နေတုန်းပင် ရှိသေး၏။

"သူ. . . သူဇာ. . . သူဇာ"

သူ့ကို တစ်ခါမှ မမြင်ဖူး၊ မသိကျွမ်းဖူးသူ တစ်ယောက်ပမာစိုက်၍ ငေးကြည့်နေကာ မတုန်မလှုပ်ရပ်နေသော ဇာဇာလျှံကြောင့် ကိုကျော်သူမှာ စိတ်ထဲ ချောက်ချားချင်သလိုပင် ဖြစ်သွားမိသည်။ ဇာဇာလျှံသည် ဘယ်အချိန်ကပင် ငိုထားသည်မသိ။ မျက်နှာတစ်ပြင်လုံးမှာ မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုနေလေသည်။

"သူဇာ. . . သူဇာ၊ သူဇာ ဘယ်လိုဖြစ်နေလဲဟင်၊ ကျော်ကျော်လေ. . အို. . ."

ဇာဇာလျှံသည် ဘာစကားမှ နှုတ်တုံ့မပြန် သူ့ကို ရုတ်တရက် လှမ်းဖက်ပြီး ရှိုက်ကြီးတစ်ငင် ငိုလိုက်ပြန်သောအခါ ကိုကျော်သူမှာ ထိတ်ထိတ်လန့်လန့် ဖြစ်သွားရပြန်သည်။

ဇာဇာလျှံကို ကြည့်ရသည်မှာ သူ့စိတ်ထဲ တစ်စုံတစ်ခု လိုနေသလို ဘဝင်မကျဖြစ်နေမိသည်။ သူ့ကြောင့်ငိုနေသည်ဆိုလျှင် ပြောသာစရာရှိနိုင်သော်လည်း ဇာဇာလျှံ၏အပြုအမူမှာ တစ်ခါတစ်ခါ သူ့စိတ်ကို တော်တော် ကသိကအောက်ဖြစ်စေတတ်လေသည်။

"သူဇာ. . . သူဇာ ဘာလို့ ငိုနေတာလဲ သူဇာရယ်၊ ကျော်ကျော်နဲ့ သူဇာတို့ တွေ့ကြပြီပဲ"

သူ့ကို တင်းတင်းကျပ်ကျပ် ဖက်ကာ ရှိုက်ကြီးတစ်ငင်ငိုနေသော ဇာဇာလျှံအား ကိုကျော်သူက အလိုက်သင့်ပင် ပြန်ဖက်ကာ သူ့မေးစေ့နှင့် ဇာဇာလျှံခေါင်းကို ပွတ်သပ်ချော့နေမိသည်။



"သူဇာ၊ တော်ပါတော့ သူဇာရယ်၊ ဘာလို့ ဒီလောက်ငိုနေရတာလဲလို့၊ သူများတွေ ကြားကုန်လိမ့်မယ်"

ကလေးငယ်တစ်ယောက်လို သူ့ကို တအားဖက်ကာ ငိုနေသော ဇာဇာလျှံကြောင့် ကိုကျော်သူမှာ ရင်ထဲနင့်လာမိသည်။ ပြီး မဆင်မခြင် ငိုလိုက်သော ဇာဇာလျှံ၏အသံကြောင့် တခြားအခန်းက လူမှာတွေ ကြားမှာစိုး၍ စိတ်လည်းညစ်သွားမိသည်။

"ကဲ. . . သူဇာ၊ ဟိုမှာ. . . ဟိုမှာ၊ ဆရာမတွေတောင် လာကြည့်နေပြီ၊ မရှက်ဘူးလား။ ကဲ. . စိတ်ညစ်ဖို့ကောင်းလိုက်တာကွယ်၊ ဘာလို့ ဒီလောက်ငိုနေရတာလဲလို့"

ကိုကျော်သူက တိုးတိုးသာသာဖြင့် လိမ်ညာပြောလိုက်သည်ကို ဤတစ်ခါတော့ ဇာဇာလျှံက တကယ်ထင်သွားပုံရသည်။ ကိုကျော်သူ ရင်အုပ်တွင် အပ်ထားသော သူ့ခေါင်းကို မော့ပြီး အပေါက်ဝဘက်သို့ လှမ်းကြည့်သည်။

မျက်ရည်တို့ဖြင့် ပြည့်နေသော ဇာဇာလျှံ၏ မျက်လုံးအစုံက ကိုကျော်သူ့မျက်နှာကို မော့အကြည့်မှာ ကိုကျော်သူသည် ဇာဇာလျှံအား မျက်ရည်ကြား၌ပင် တစ်ချက်ငုံနမ်းမိ၏။

"ဘာလို့ ဒီလောက်ငိုနေရတာလဲကွယ်၊ ဟင်. . ."

"ကျော်ကျော်နဲ့ မတွေ့ရတော့ဘူး ထင်နေလို့"

ဇာဇာလျှံက ရှိုက်သံနှင့် ပြောသည်။

"မဆိုကောင်း။ ဆိုကောင်း ဘာလို့ မတွေ့ရဘဲ နေမှာလဲ သူဇာရယ်"

"မတွေ့ရဘဲ ကြာကြီးနေခဲ့ရတာပဲ၊ ကျော်ကျော်နဲ့ မတွေ့ရမှာ သူဇာ သိပ်ကြောက်တယ်"

"ကျော်ကျော်လဲ သူဇာလိုပါပဲအချစ်ရယ်၊ သူဇာနဲ့ မတွေ့ရတဲ့ နေ့တွေဟာလေ ကျော်ကျော်အတွက် ငရဲခံနေရတဲ့ နေ့တွေပဲ"

"ဒါနဲ့တောင် သူ မလာဘူး"

ဤစကားကိုတော့ ဇာဇာလျှံက ရှိုက်သံတစ်ဝက်နှင့် ပြော၏။

"ဘယ်သူက မလာတာလဲ၊ လာလိုက်တာမှ ဟိုနေ့ကလဲ ကျော်ကျော်က အဘွားနေမကောင်းလို့ ရွာကိုသွားနေတာ၊ ပြန်လာတော့

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုက်လာတာ မမီလိုက်ဘူး။ ဆေးရုံလာတော့လဲ သူဇာ့အမေ
အမြဲရှိနေလေတော့ မလာရဲဘူး၊ ကျော်ကျော် ဘယ်လောက်စိတ်ဒု
ရဲရတယ်ဆိုတာ သူဇာ မသိပါဘူး"

ကိုကျော်သူက ဇာဇာလျှံ၏ မျက်နှာကို ဆွဲမော့ပြီး မျက်ရည်သု
ပေးကာ ဖြစ်ကြောင်းကုန်စင် ပြောပြရသည်။

"သူဇာလဲ ကျော်ကျော်နဲ့ မတွေ့ရတဲ့နေ့တွေမှာ အိပ်မပျော်
သိလား၊ ပြီးတော့ နေ့တိုင်း ငိုနေရတယ်"

"ခုတော့ မငိုပါနဲ့တော့ သူဇာရယ်နော်"

ဇာဇာလျှံသည် ကိုကျော်သူ၏ မျက်နှာကို ကြည့်မဝ ရှုမဝသ
အကြာကြီး မော့ကြည့်နေရာက ခေါင်းညိတ်ပြသည်။ ပြီး ကိုကျော်သူ
ခါးကိုလည်း ကလေးငယ်တစ်ယောက်က ကြောက်ကြောက်ရွံ့ရွံ့နှင့်
ထားသလို တအား တင်းတင်းကျပ်ကျပ်ဖက်ထားသည်။

"ကဲ. . . ထိုင်ဦးနော် သူဇာ"

ကိုကျော်သူသည် ဇာဇာလျှံကို ပွေ့ချီပြီး ဇာဇာလျှံ၏ ခုတင်
နှိမ့်ထိုင်လိုက်သည်။

သူ့ရင်ခွင်ထဲက ဇာဇာလျှံ၏ မျက်နှာကို ကိုကျော်သူက အကြာ
စိုက်ကြည့်နေသလို ဇာဇာလျှံကလည်း ကိုကျော်သူ့မျက်နှာကို အကြာ
မော့ကြည့်နေသည်။

တိတ်ဆိတ်နေသောအခန်းထဲတွင် တစ်ဦး၏ရင်ခုန်သံကို တစ်ဦး
ကြားနေရသည်။

"ဟင့်အင်းကွယ်. . ."

ကိုကျော်သူက ငို့နမ်းတော့ ဇာဇာလျှံက ခေါင်းယမ်းပစ်လိုက်သည်

"ကျော်ကျော်ကို သူဇာ သိပ်ချစ်တာပဲကွယ်"

ဇာဇာလျှံက သူ့လည်တိုင်ကို ယိုးလေးခိုတွဲပြီး အသံတုန်ယင်
လေးနှင့် နွဲ့၍ပြော၏။

ကိုကျော်သူ၏ရင်ထဲမှာ ချက်ချင်းနွေးလာမိသည်။

"ကျော်ကျော်ကိုလေ သူဇာ နေ့တိုင်း မျှော်မိတယ်သိလား"

"ရွာမှာတုန်းက ကျော်ကျော်လာပါတယ်၊ ချွေးကြီးကို ကြောက်





"သူဇာလဲ ကျော်ကျော်လာမယ်ဆိုတာသိလို့ ခွေးဟောင်သံ ကြား
တိုင်း ညညထကြည့်ရတာ နေ့တိုင်းလိုပဲ၊ အဲ. . . ဟိုနေ့ကလဲ ခွေးကြီးကို
လိုက်ရိုက်တာ မူးလဲလို့"

ကိုကျော်သူမှာ ရင်ထဲ တဒိတ်ဒိတ်ခုန်နေသဖြင့် ပါးချင်းအပ်ကာ
ဇာဇာလျှံ၏ စကားကို ငြိမ်ပြီး နားထောင်နေရသည်။

"ကျော်ကျော်"

"ဗျာ"

"စကားပြောပါဦးလားလို့"

"သူဇာ့ကို သိပ်ချစ်တယ်ကွယ်"

"သူဇာတော့ ကျော်ကျော်နဲ့ အတူနေချင်ပြီကွယ်"

"နေရမှာပေါ့"

"ဟင်. . ဘယ်တော့လဲ ကျော်ကျော်ဟင်"

ဇာဇာလျှံသည် ကိုကျော်သူ ရင်ခွင်ထဲမှ ချက်ချင်း လူးလဲထလာပြီး
ဝမ်းသာအားရနှင့် ကိုကျော်သူ၏မျက်နှာကို စိုက်ကြည့်၍ မေးသည်။

ဇာဇာလျှံ၏ ရုတ်တရက်လှုပ်ရှားမှုက ကိုကျော်သူကို တွေသွား
စေသည်။

"ဟင်. . ကျော်ကျော် ပြောလေကွယ်၊ သူဇာ မောင်နဲ့ ဘယ်တော့
အတူနေရမှာလဲလို့"

ဇာဇာလျှံသည် တွေငေးသွားသော ကိုကျော်သူ၏ အကျီစကို
ခပ်ကျပ်ကျပ်ဆွဲလှုပ်ပြီး အားမလို အားမရနှင့် ထပ်မေး၏။

"သူဇာနေကောင်းတော့. . . မောင်နဲ့"

"ဟင့်အင်း. . . အကြာကြီး စောင့်ရဦးမှာပဲ"

ဇာဇာလျှံ၏မျက်နှာမှာ ရုတ်ခြည်း ငိုမဲ့မဲ့ဖြစ်သွားပြန်သည်။

"မကြာပါဘူး သူဇာရယ်၊ ဒီလကုန်ရင် ရွှေလကျတော့ နွေဦး
ရောက်တော့မယ်"

"မဆိုင်တာတွေ မပြောနဲ့"

"ဟော. . . နေစမ်းပါဦး၊ အဲလို စွဆိုးနဲ့ကွယ်၊ ဆိုင်လို့ မောင်က
ပြောတာပေါ့ သူဇာရယ်၊ သူဇာ့ရောဂါက. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဆူ. . . သူဇာ့ ရောဂါ"

သူ့အပါးမှ ထသွားမည်လုပ်သဖြင့် ကိုကျော်သူက ဇာဇာလျှံ လက်ကို လှမ်းဆွဲထားရသည်။ ကိုကျော်သူ ပြောစကားထဲတွင် ရော ဆိုတာပါလာသဖြင့် ထသွားမည်လုပ်သော ဇာဇာလျှံက ချက်ချင်း ထိုင်ပြီး ကိုကျော်သူကို လာဖက်ထားပြန်၏။

ဇာဇာလျှံသည် သူ့ရောဂါအကြောင်းကို လုံးဝမပြောချင်ပေ။ သူ့ ရောဂါသည်မ ဆိုပြီး ကိုကျော်သူပစ်သွားမှာ သေမလောက် ကြောက် မိသည်။ ထို့ကြောင့်လည်း သူ သွေးထပ်အန်သေးသည့် အကြောင်း ကိုကျော်သူကို သူ လုံးဝ မပြောခဲ့ရှာပေ။ ယခု ကိုကျော်သူက ရော အကြောင်း စကားစလာသောအခါ သူ့မျက်နှာမှာ ချက်ချင်း ဖိုတာ လေသည်။

"ဟင်. . . မောင်၊ သူဇာ့ရောဂါက ဘာဖြစ်လို့လဲဟင်၊ ကုမရ ဘူးလို့ ဆရာဝန်က ပြောလို့လား. . . မောင်"

"ဟော. . . သူဇာ ဘာလို့ငိုရပြန်တာလဲ၊ မောင်ပြောတဲ့ စကာ ဆိုး အောင်နားမထောင်ဘဲနဲ့ကွယ်၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ၊ သူ ရောဂါက အအေးနဲ့မတည့်ဘူး၊ နွေဦးပေါက်ရင် အလိုလိုတောင် ပျော သွားနိုင်တယ်ဆိုတာ ဆရာဝန်ကပြောတယ်၊ ခုဒီမှာဆေးထိုး ဆေးသော မှန်မှန်နေရင် နွေလဆန်းမှာ ဆေးရုံက ဆင်းရမယ်ဆိုတာ ပြော ကဲ. . . အဲဒါ ငိုစရာလားလို့"

ကိုကျော်သူက စိတ်မရှည်သလို ပြောလိုက်တော့ ဇာဇာလျှံ နှုတ်သီးက တိမ်တိမ်လေး ဖြစ်သွားသည်။ ပြီး. . . အားကိုးတကြီး ကိုကျော်သူ၏မျက်နှာကိုလည်း မော့ကြည့်နေရှာသည်။

"မောင်နဲ့ အကြာကြီးခွဲနေရရင်လေ သူဇာလေ. . ."

"ဟော. . . ကြည့် မဟုတ်တာတွေ ပြောပြန်ပြီ၊ ဘာလို့ မောင် သူဇာက အကြာကြီး ခွဲနေရမှာလဲလို့"

ကိုကျော်သူက မာန်သလို ပြောလေတော့ "မသိဘူးလေ၊ သူ မသိလို့ပြောတာပဲ"ဟုပြောပြီး ဇာဇာလျှံက ကိုကျော်သူပခုံးပေါ် မေး တင်ပြီး ပါးချင်းအပ်ထားသည်။





"မသိရင် မပြောနဲ့. . . သူများသိတဲ့ လူတွေပြောတာ နားထောင် ဒီနားက ထောင်ထား၊ ထောင်မယ်မဟုတ်ဘူးလား ပြော"

ကိုကျော်သူက သူ့နားကို မနာမကျင် ဆွဲလိမ်ပြီး ပြုံးစစနှင့်ပြော တော့ ဇာဇာလျှံကလည်း အပြုံးနှင့် ပြန်၍ ခေါင်းညိတ်ပြနေပြန်သည်။

ဤလိုအခါမျိုးကျပြန်တော့လည်း အပြစ်ကင်းစင်သော ကလေးငယ် တစ်ယောက်လို ချစ်စဖွယ်ကောင်းနေသော ဇာဇာလျှံအား ကိုကျော်သူမှာ ချီထားမတတ်သော ချစ်စိတ်နှင့် လက်ကိုဖမ်းဆွဲကာ. .

"ကဲ. . . ဒီတစ်လမှတ်ထားနော်၊ ဒီလက်က ချိုးပြီးမှတ်ထား၊ နောက် လဆန်းရင် ဆေးရုံက ဆင်းရမယ်"

ကိုကျော်သူက ဇာဇာလျှံ၏ ဖယောင်းလက်ကလေးနှစ်ချောင်းကို ချိုးပြသည်။

"ဆေးရုံက ဆင်းတော့. ."

"ဆေးရုံကဆင်းတော့ သူဇာနဲ့ မောင် လက်ထပ်ကြမှာပေါ့"

"ဖေဖေတို့ မေမေတို့ သဘောမတူရင်ကော"

"ဟင်. . သူဇာအိမ်က မောင့်ဆီထွက်ပြေးလာလို့ မေမေ့ကို ဖေဖေ ကရိုက်နေရင်ကော. . ."

"အိုကွယ်. . . ဒါတော့ သူများ မသိဘူး၊ အလကားပေါက်ကရ တွေလည်း လျှောက်တွေးနေတော့ သူများမပြောတတ်တော့ဘူး၊ ပြောတော့ မောင့်ကို ချစ်တယ်ဆို"

ကိုကျော်သူက တည်တည်နှင့် စိုက်ကြည့်ပြီးအော်တော့. . .

"မောင့်ကို သူဇာချစ်ပါတယ် မောင်ရယ်၊ သူဇာ့ကို အထင်မလွဲ ပါနဲ့နော်"

ဇာဇာလျှံက ကိုကျော်သူ့လက်တစ်ဖက်ကို ဆွဲကိုင်ပြီး သူ့ပါးနှင့် အပ်ကာ ချွဲသံလေးနှင့် တောင်းပန်သလို ပြော၏။

"မောင့်ကိုသူဇာချစ်ရင် ဒီလောက်တော့ သတ္တိရှိရမှာပေါ့၊ ကိုယ် ကတော့ရလ ဘယ်သူဘာပဲပြောပြော ဟောဒီကမ္ဘာမှာ သူဇာတစ်ယောက် ကိုယ့်ကိုချစ်ရင် ပြီးရောပြီးရော၊ အားလုံးကို မောင်က ရင်ဆိုင်ရဲတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သူဇာက မေမေ့ကိုတော့ သနားတယ်မောင်ရယ်၊ မေမေ့ကို သနားလို့ပြောတာပါနော်. . . နော်၊ သူဇာလဲ မောင့်လိုပါပဲ"

"ဒါမှ မောင့်အချစ် သူဇာ"

"အိုး. . . ကြည့်"

"မကြည့်ပါနဲ့ သူများ ရှက်တတ်တယ်"

"ဟင်း. . ဟင်း. . မောင်ကလေ ပေါက်ကရ သိပ်ပြောတယ်ကွယ်၊ မကောင်းဘူး"

ကိုကျော်သူက သူ့ကိုနမ်းတော့ ဇာဇာလျှံက "အိုး. . . ကြည့် မောင်က မကောင်းဘူး" . . ဟု ပြောမည်အလုပ်တွင် ကိုကျော်သူက "မကြည့်ပါနဲ့ သူများ ရှက်တတ်တယ်"ဟု နှောက်သဖြင့် နှစ်ယောက်သား ရယ်မိကြသည်။

"သူဇာ မောင်ပြန်ဦးမှ ထင်တယ်ကွယ်၊ အတော်ကြာ ယောက္ခမကြီးလာလို့ မိနေရင် ဒုက္ခ၊ ကြည့်စမ်း. . . မှန်း ဘယ်နှနာရီရှိပြီလဲ"

"ဟင်း. . . ဖယ် သူများလက်က နာရီ မကြည့်နဲ့၊ သူ့မှာလဲ နာရီပါသားနဲ့"

"အေး. . . ဟုတ်သားပဲ ယောင်လို့၊ ဘွာ. . . ဘွာနော်"

ကိုကျော်သူက တမင်နှောက်သည်ကို ဇာဇာလျှံမှာ သဘောကျ၍ ကလေးငယ်တစ်ယောက်လို တခစ်ခစ် ရယ်နေလေသည်။

"မောင်ပြန်ဦးမယ် သူဇာရယ်၊ မြို့ထဲမှာလဲ ကိစ္စနည်းနည်းရှိသေးတယ်"

"မောင် မနက်ဖြန်လဲ လာဦးမလားဟင်"

သူ တကယ်ပြန်တော့မည်ဆိုသဖြင့် ဤတစ်ခါတော့ သူဇာမှာ မရယ်နိုင်တော့၊ ငေးငေးငိုင်ငိုင်လေး ဖြစ်သွားရှာသည်။

"မနက်ဖြန် တနင်္လာနေ့ပဲကွယ်၊ မောင်က ဆေးခန်းဖွင့်ရဦးမှာပဲ"

"အင်း. . ဟုတ်သားပဲနော်၊ မောင် နောက်တနင်္ဂနွေမှ လာနိုင်မှာလားဟင်"

ဇာဇာလျှံ၏အသံမှာ တုန်ယင်နေသည်။ ချစ်သူနှင့် ခွဲရတော့မှာမို့ မျက်လုံးထဲတွင် မျက်ရည်တွေကလည်း ဝဲလာလေသည်။





"ဒီကြားထဲလည်း မောင်လာပါဦးမယ်ကွယ်နော်၊ ဘာမှ အားမငယ်နဲ့သိလား၊ ကဲရော့ အနွေးထည်ဝတ်ထား၊ ဒီတံခါးလဲ အမြဲဖွင့်မထားနဲ့နော်၊ အေးလာရင် သူဇာ နေမကောင်းဖြစ်တတ်တယ် မဟုတ်လား"

ကိုကျော်သူသည် ဇာဇာလျှံလုံးထွေးပစ်တင်ထားသော ခုတင်ပေါ်က သိုးမွေးဆွယ်တာလေးကို လှမ်းယူပြီး ဇာဇာလျှံအား တယုတယ ဝတ်ပေးသည်။

အနမ်းပန်းတစ်ပွင့်နှင့်လည်း အပြန်အတွက် နှုတ်ဆက်လိုက်သည်။

ဤတစ်ခါ ကိုကျော်သူ၏ အနမ်းကိုတော့ ဇာဇာလျှံက ငြိမ်ငြိမ်ခံနေလေသည်။

"မောင်" —

"ဗျာ. . ."

"နောက်တစ်ခေါက် မောင်လာရင်လေ သူဇာ့အတွက် စားစရာတစ်ခုခုဝယ်လာခဲ့ပါလား မောင်ရယ်"

ဇာဇာလျှံက သူ့မျက်နှာကို မော့မကြည့်ဘဲ သူ့ရင်အုပ်တွင်ခေါင်းအပ်ပြီး တိုးတိုးသာသာပြောလိုက်လေသည်။ ဇာဇာလျှံစကားက ကိုကျော်သူ၏ရင်ထဲမှာ ဆို့နင့်သွား၏။

ဇာဇာလျှံအိပ်ရာဘေးနားက ခုံပေါ်တွင် စားသောက်စရာဆိုသည်မှာ ပျံ့ပယ်တည်း။ မုန့်ပဲသွားရည်စာများနှင့် စပျစ်သီး၊ ဖွန်ပလွံသီး၊ ရှောက်ချိုသီး၊ ကွဲကောသီး၊ လိမ္မော်သီးကအစ သစ်သီးဝလံဆိုသည်မှာလည်း ပြည့်နေသည်။

သို့ပါလျက် စားစရာတစ်ခုခုဝယ်လာပါဟု ဇာဇာလျှံပြောသည်ကို အစက သူ သဘောမပေါက်မိ။ နောက်မှ "ဪ. . . သူ့ခမျာ နေမကောင်းဘဲ အားငယ်နေချိန်မှာ ချစ်သူဝယ်လာပေးသော အစားအစာကို ချစ်သူကိုယ်တိုင် ခွံ့ပေးတာ စားချင်ရှာမှာပဲ"ဟု တွေးပြီး စိတ်မကောင်းဖြစ်ရသည်။

သူဇာ့အတွက် တစ်ခုခုဝယ်လာပေးဖို့မေ့သော မိမိကိုယ်ကိုလည်း အပြစ်တင်မဆုံးဖြစ်မိသည်။ သူသည် သူဇာ့ကို တွေ့လိုဇောနှင့် ဤသည်ကို လုံးဝ သတိမရခဲ့ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"သူဇာ ဘာစားချင်လဲဟင်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ စားစရာဆိုရင်ပြီးရောနော်"

ကိုကျော်သူသည် ပင့်သက်နှင့် ဇာဇာလျှံကို တင်းတင်းကျပ်ကျ ပွေ့ဖက်ကာ တစ်ချက်ငုံ့နမ်းလိုက်ပြန်သည်။ သူ့စိတ်ထဲမှာ ဇာဇာလျှံ နောက်ဆုံးစကားအတွက် ကြေကွဲနေမိပြန်သည်။

"ကဲ. . . မောင်သွားမယ်နော် သူဇာ"

ဇာဇာလျှံက အပြုံးနှင့် ခေါင်းညိတ်ပြတော့ ဇာဇာလျှံအခန်းထဲ သူ ထွက်လာသည်။

"နောက်တစ်ခေါက်လာဖြစ်ရင် သူဇာ့အတွက် စပျစ်သီးရော လိမ္မော်သီးရယ် ဝယ်လာမည်"ဟု စိတ်ကူးလာသည်။

ဆေးရုံအပြင်ဘက်ရောက်၍ ဆေးလိပ်သောက်မည်ဟု ကို အကျီအပြင်အိတ်နှိုက်တော့ စီးကရက်ဘူးနှင့် မီးခြစ်ကို မတွေ့မိ။

ဟော. . ဘယ်နေရာများ ကျကျန်ခဲ့ပါလိမ့်။

ဟိုက်. . . သူဇာ့ဆီကျန်ခဲ့ပြီနဲ့တူတယ်၊ သူဇာပဲ နှိုက်ထားလို တာလား။ သိပ်နောက်တာပဲ။

ကိုကျော်သူသည် ချက်ချင်းဆေးရုံပေါ် ပြန်တက်ပြီး ဇာဇာ အခန်းထဲသို့ ပြန်ပြေးလာမိ၏။ ဇာဇာလျှံသည် မှန်ပြတင်းပေ မတ်တတ်ရပ်ကာ စီးကရက်ကို မြိန်ရေရှက်ရေ ဖွာသောက်နေသည်။

ကိုကျော်သူ၏ ရင်ထဲမှာ ရုတ်ခြည်း မှန်တိုင်းထန်သွား၏။

"သူဇာ ဒါ. . . ဒါ ဘယ်လို လုပ်တာလဲဟင်"

ကိုကျော်သူ၏စကားသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသ ဇာဇာလျှံကလည်း အထိတ်တလန့် ဖြစ်သွားသည်။

စီးကရက်နှင့် မီးခြစ်ကို တစ်ဖက်စီကိုင်ထားရာမှ စီးကရ သူကဝှက်မည်လုပ်တော့ ကိုကျော်သူက လက်ပူးလက်ကြပ် ဆုပ်ကိုင် လေပြီ။

ကိုကျော်သူမှာ ဇာဇာလျှံကို အံ့ဩပြီးရင်း အံ့ဩရင်းဖြစ်ရပြန်သ စီးကရက်သောက်နေသည်ကို အံ့ဩရသလို၊ မျက်လုံးအိမ်မှ မျက် စီးကြောင်းတွေကို ဝေကြည့်၍လည်း ဝမ်းနည်းရပြန်သည်။



"သူဇာ၊ ဒီစီးကရက် ဘာလို့သောက်ရတာလဲဟင်၊ စီးကရက်နဲ့ သူဇာနဲ့ မတည့်ဘူးဆိုတာ မသိဘူးလား"

ကိုကျော်သူသည် ဒေါသတကြီးနှင့် ဇာဇာလျှံလက်ထဲက စီးကရက်ဘူးကို အတင်းလုယူခြေမွပြီး လွှင့်ပစ်လိုက်၏။

ဇာဇာလျှံသည် ဘာမှ ပြန်မပြောသေးဘဲ ကိုကျော်သူကို အကြာကြီး စိုက်ကြည့်နေသည်။

"သူဇာ ဒီစီးကရက် ဘာလို့ သောက်ရတာလဲ၊ မောင် မေးနေတယ်၊ ပြောလေ. . . ပြော. . . ပြော"

ကိုကျော်သူက သူ့ပခုံးနှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီး ဒေါသတကြီးမေးနေသောအခါ ဇာဇာလျှံရင်ထဲမှာ ဘာပြန်ပြောရမှန်း မသိဘဲ ဆို့နင့်နေလေသည်။

ကိုကျော်သူက သူ့ကိုဖက်ပြီး မွှေးမွှေးပေးစဉ်က ကိုကျော်သူ အိတ်ထဲမှ စီးကရက်နှင့်မီးခြစ်ကို တိတ်တဆိတ် နှိုက်ယူထားလိုက်ခြင်းမှာ သူ့အကြံနှင့်သူ ဖြစ်မည်။

သူ့ရောဂါမှာ သွေးအန်သော ရောဂါဖြစ်သဖြင့် အဆုတ်မှာ တီဘီဟု သူကထင်သည်။ ဆရာဝန်ကြီးကတော့ နှလုံးသွေးလျှံသည်ဟုပြောသည်၊ သို့သော် ဆရာဝန်ကြီး၏ စကားကို ဇာဇာလျှံ မယုံကြည်ပေ။ ကြောက်မှာစိုးရိမ်၍ လိမ်ညာပြောခြင်းသာဟု ထင်၏။ သူ၏ ကြားဖူးနားဝ အရပ်စကားနှင့် သူ့ရောဂါကိုသူ အဆုတ်ရောဂါတီဘီဟု သူ့စိတ်ထဲ စွဲနေသည်။ အဆုတ်ရောဂါဆိုလျှင် ဆေးလိပ်နှင့် မတည့်ပေ။

ဤသည်ကိုလည်း သူသိ၏။ သိလျက်နှင့် ယခုလိုတစ်ခါမျှ မသောက်ဖူးသော ဆေးလိပ်ကို ခိုးသောက်ခြင်းမှာ ရောဂါမသက်သာ၍ ဆေးရုံတက်နေရမှ ကျော်ကျော်နှင့်တွေ့ရမည်။ ရောဂါပျောက်ကင်း၍ အိမ်ပြန်ရလျှင် ကျော်ကျော်နှင့် တွေ့ရတော့မည်မဟုတ်။ သူ့အနေမှာ ကျော်ကျော်နှင့် မတွေ့ရမှာကို သေမှာထက်ပင် ကြောက်သည်။

ပြီး. . ကျော်ကျော်ဆီက ပစ္စည်းတစ်ခုခုကိုလည်း စားချင်သောက်ချင်သော ချင်ခြင်းတပ်နေလေသည်။ ဤသည်တို့ကြောင့် စိတ်ကူးပေါက်ရာ လျှောက်လုပ်မိခြင်း ဖြစ်သည်။

www.burmeseclassic.com



ပြီး. . . သူ့ကိုယ်သူ သေလိမ့်မည်ဟု ထင်နေသည်။ သူ့ကို အခန်း သီးသန့်ခွဲထားခြင်းမှာ ကုမရတော့၍ ရောဂါ ကျွမ်းနေပြီဖြစ်၍ဟုလည်း သံသယရှိနေလေသည်။ သေမည့်အတူတူ ချစ်သူနှင့်တွေ့ပြီး ချစ်သူရင်ခွင် ထဲ၌သာ ဇာဇာလျှံ သေချင်နေသည်။ ကျော်ကျော်နှင့် တစ်နေ့တစ်ရက် ဖြစ်ဖြစ် လက်ထပ်ပြီးနေလိုက်ရလျှင် သေပျော်ပြီဟု သူ့စိတ်သူ ဆုံးဖြတ် ထားသည်။

ထို့ကြောင့်လည်း ဤသို့ စိတ်ကူးပေါက်ရာလုပ်မိခြင်း ဖြစ်သည်။

သို့သော် ဤအကြောင်းကို ဇာဇာလျှံက ချစ်သူအား ဖွင့်မပြောရက် မည်သို့မည်ပုံလိမ်ရလျှင် ကောင်းလေမည်နည်းဟုလည်း အကြံထုတ် သည်။ သို့သော် ချစ်သူက ဒေါသတကြီးနှင့်အော်တော့ ပြောရမည့်စကား ကိုရှာမရဘဲ စိတ်ပို၍ရှုပ်ကာ သူမှာ ငိုမိပြန်သည်။

ဇာဇာလျှံက သူ့ကိုဖက်ပြီး စောစောကလို ရှိုက်ကြီးတစ်ငင် ငို တော့ ကိုကျော်သူမှာလည်း ဇာဇာလျှံကို သနားသွားပြန်သည်။ ယခင်က ဇာဇာလျှံ စီးကရက်သောက်တတ်သည်။ ယခု မသောက်ရတာ ကြာ ဆရာဝန်ကြီး တားမြစ်ထား၍ ခိုးသောက်သလားဟုလည်း တွေးမိသည်။

သို့သော် အိမ်မှာတော့ ယခင်က ဇာဇာလျှံ တစ်ခါမျှ စီးကရက် သောက်တာ မတွေ့ရသဖြင့် သူမှာတွေးရင်း စိတ်ရှုပ်ရပြန်သည်။

"သူဇာအရင်ကလဲ ဆေးလိပ်သောက်တတ်လားဟင်၊ မောင်က သူဇာ့ရောဂါနဲ့ မတည့်လို့ ပြောတာပါနော်၊ စိတ်ဆိုးလို့ မဟုတ်ပါဘူး"

ဇာဇာလျှံက ဘာမှ မပြောဘဲ မျက်ရည်ကြားမှ သူ့ကို မော့ကြည့် နေ၏။

"သူဇာ မောင့်ကို စိတ်ဆိုးတယ်လား"

"ဟင့်အင်း မဆိုးပါဘူး"

"ကျွဲမြီးတိုတယ် ဆိုပါတော့"

"အို. . . မဟုတ်ပါဘူး ဆိုနေမှ"

ဇာဇာလျှံမှာ ငိုသံပင် ပါလာသောအခါ ကိုကျော်သူမှာလည်း ဆက်မေးရမှာ သနားသွားသည်။

"အရင်က ဆေးလိပ်သောက်တတ်ရင်လဲ. . ."





"မသောက်တတ်ပါဘူးမောင်ရယ်၊ သူဇာက မောင့်ပစ္စည်းတစ်ခုခု အမှတ်တရလိုချင်တယ်၊ စိတ်ထဲမှာ ဘယ်လိုလဲ မသိဘူးကွယ်. . . တစ်မျိုးကြီးပဲ၊ မောင်နဲ့လဲ မခွဲချင်ဘူး"

ဇာဇာလျှံ၏စကားကြောင့် ကိုကျော်သူမှာ ကျောထဲက စိမ့်ခနဲ ဖြစ်သွားမိသည်။ ဇာဇာလျှံ၏ စကားမှာ တစ်စုံတစ်ခုအတွက် အတိတ် နိမိတ် စကားပမာပါတကား။

"မောင်နဲ့ မခွဲချင်ရင် ဆရာဝန်ကြီး ညွှန်ကြားတဲ့အတိုင်း ဆေးမှန်မှန် သောက်၊ မတည့်တဲ့ အစားအသောက်ရှောင်ရမယ်၊ အဲဒါမှ နေကောင်း လာမှာ၊ နေကောင်းလာမှ မောင်နဲ့အတူ နေရမှာပေါ့"

"တကယ်ပြောတာနော် မောင်"

"အိုကွာ. . . တကယ်ပါဆိုနေမှ သူဇာကလဲ ကလေးလေးကျနေ တာပဲ၊ မောင် စိတ်ညစ်အောင် မလုပ်ပါနဲ့ သူဇာရယ်၊ သူဇာ့ကြောင့် မောင် ဘယ်လောက် စိတ်ဆင်းရဲရတယ်မှတ်လဲ၊ မောင့်ကို သနားရင် မောင့်စကား နားထောင်ပါကွယ်နော်. . . နော်"

"မောင် စိတ်မကောင်းအောင် သူဇာ မလုပ်တော့ပါဘူးလို့ ကတိပေး ပါတယ် မောင်ရယ်"

"ဝမ်းသာလိုက်တာ သူဇာရယ်၊ ကဲ မောင် ပြန်မယ်၊ ငိုလို့လဲ မနေ နဲ့နော်၊ နောက်နေ့တွေ မောင်လာတော့ သူဇာ့အတွက် စားစရာတွေ အများကြီးဝယ်လာခဲ့ပါ့မယ်၊ ဟုတ်လား"

ဤသို့ ချော့ချော့မော့မော့ ပြောပြန်လေတော့လည်း သူ့မျက်နှာ တိမ်စင်လနှယ် ဝင်းပ၍ နေပြန်လေသည်။

"ဒါ. . . ဘယ်လဲ"

ကိုကျော်သူ ပြန်တော့မည်လုပ်တော့ ဇာဇာလျှံကပါ အခန်းထဲက ထွက်လိုက်လာသဖြင့် မေးရပြန်၏။

"မောင်နဲ့ လိုက်ချင်လို့"

"ဟော. . . သူဇာ မောင်နဲ့ ဘယ်ကို လိုက်မလို့လဲ"

"မောင်သွားတဲ့ နေရာကိုပေါ့"

"မြတ်စွာဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူ စိတ်ထဲက ထိတ်ထိတ်လန့်လန့် ရေရွတ်လိုက်မိသည်။ သက်ပြင်းလည်း အကြိမ်ကြိမ်ချမိသည်။

သူဇာ စိတ်မှ ကောင်းသေးရဲ့လား။

"သူဇာ"

ကိုကျော်သူက ထိတ်ထိတ်ပျာပျာ ခေါ်လိုက်၏။

ဇာဇာလျှံက နှုတ်တုံ့မပြန်ဘဲ ကိုကျော်သူကိုသာ မျက်လုံးပြူးပြီး စိုက်ကြည့်နေ၏။

"သူဇာ. . . သူဇာ ဆေးရုံတက်နေရတာလေ၊ မောင်နဲ့လိုက်ဖို့ ဘယ်ဖြစ်မလဲ၊ သူဇာ မမှတ်မိဘူးလားဟင်"

"ဟင်း. . . ဟင်း သူဇာက မောင့်ကို ဘာပြောလို့လဲ"

ဇာဇာလျှံက ရယ်ပြီးပြော၏။

"မောင်နဲ့ လိုက်မယ်ဆိုတာလေ"

"ဪ. . . ဒါလား၊ သူဇာက မောင့်ကို လိုက်ပို့ပေးပါရစေလို့ ပြောတာပါနော်၊ သူများကျတော့ သူ သိပ်နောက်တာ၊ သူများနောက်တော့ သူက စိတ်ဆိုးတယ်ပေါ့"

ကိုကျော်သူသည် ဟင်းခနဲ သက်ပြင်းတစ်ချက်ချမိသည်။

ယခုမှ "တော်ပါသေးရဲ့" ဟုလည်း . . .

သူ့ကိုယ်သူ ပြောလိုက်မိသည်။

အစကသော် ဇာဇာလျှံ ရူးများသွားပြီလားဟု စိတ်ထဲကပင် ချောက်ချားသွားမိခဲ့လေသည်။

"ကဲ မနောက်နဲ့တော့ သူဇာ၊ ကျေနပ်တော့နော်၊ မောင်ပြန်မယ်"

ကိုကျော်သူက ဇာဇာလျှံကို တစ်ခါဖက်နမ်းပြန်တော့ လက်ကိုင်ပဝါကို ယူထားလိုက်ပြန်သည်။

ဤတစ်ခါတော့ တိတ်တဆိတ်ယူခြင်း မဟုတ်ဘဲ တမင်မြင်အောင် ယူထားလိုက်ခြင်း ဖြစ်သည်။

မည်သို့ဆိုစေကာမူ ချစ်သူ၏ ကျိုဝယ်နောက်ပြောင်တတ်မှုကိုပင် ကိုကျော်သူကတော့ တစ်လမ်းလုံးတွေးပြီး ပျော်လာလေသည်။

■





နွေဦးသို့ ရောက်လေပြီ။

ဆေးရုံသွားလမ်း တစ်လျှောက်မှ သစ်ပင်ကြီးငယ်များတို့သည် ဟောင်းရွက်ခြွေစ ပြုနေကြပြီ။ လေရှူးအနှောက်တွင် သစ်ခြောက်ရွက်တို့က လေထဲ ပျံ့ဝဲနေကြသည်။ လေပွေလေနှောက်ထဲတွင် သစ်ခြောက်ရွက်နှင့် အမှိုက်သရိုက်များသည် ဆောက်တည်ရာမရ ပြေးနေကြသည်။

"သူဇာ. ."

ကိုကျော်သူသည် ခါတိုင်းလိုပင် ဇာဇာလျှံအခန်းထဲ ဝင်လိုက်သည်နှင့် ဇာဇာလျှံကို ခေါ်လိုက်သည်။

ခါတိုင်းနေ့တွေဆိုလျှင် ဇာဇာလျှံသည် ကိုကျော်သူ့အသံကြားသည်နှင့် ခုတင်ပေါ်က ပြေးထလာတတ်သည်။ ပြီး. . ကိုကျော်သူကို အပြုံးနှင့်ဆီးဖက်ကာ ကိုကျော်သူလွယ်အိတ်ထဲဘာပါမလဲဆိုတာချက်ချင်း ရှာဖွေကြည့်တတ်သည်။ လိမ္မော်သီး၊ စပျစ်သီး စသည့် စားစရာ တစ်ခုခု ပါလာလျှင် ချက်ချင်းပါးစပ်ဟပြပြီး ကလေးငယ်တစ်ယောက်လို ခွဲခိုင်းတတ်သည်။ ဤသည်မှာ ဟိုနေ့ ဟိုနေ့တွေတုန်းက. . .

ယနေ့ ကိုကျော်သူကို မြင်ရသော်လည်း ဇာဇာလျှံက ပြုံးရုံသာ ပြုံးပြသည်။ ထို့ကြောင့်လည်း ကိုကျော်သူက "သူဇာ ဘာလုပ်နေလဲ" ဟုမေးပြီး သူ့ ခုတင်နားကပ်သွားသည်။

"သူဇာ. . ပန်းချီဆွဲနေတာ မောင်ရဲ့ ကြည့်ပါဦး၊ သူဇာ့ လက်ရာ ဘယ့်နှယ်လဲ"

ကိုကျော်သူသည် ဇာဇာလျှံရေးဆွဲနေသော ပန်းချီကားကို ကြည့်ပြီး ပြုံးလိုက်သည်။

ပန်းချီကားမှာ ရှုခင်းပုံ ဖြစ်သည်။ မြစ်ဝှမ်း တံငါလှေများ ရွက်လွှင့်ပြီး ဝင်လယ်ပြင်ထဲ ထွက်သွားကြပုံ ဖြစ်သည်။ ဤရှုခင်းကို ဇာဇာလျှံ ရေးဆွဲနေခြင်းမှာ သူ့ ဆေးရုံပေါ်က လှမ်းကြည့်လျှင် နေ့စဉ်မြင်နိုင်သော ရှုခင်း ဖြစ်သည်။

ဇာဇာလျှံသည် ဤရှုခင်းကို ခနှင့် ဦးစွာအရာပေးပြီး ယခု ဆေးရောင်ခတ်နှင့် အရောင်သွင်းနေသည်။ သူ သွင်းထားသော အရောင်တွေမှာ ရိုးရိုးမဟုတ်သောအခါ ကိုကျော်သူက ရယ်ချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်နှင့် ပင်လယ်ပြင်တို့မှာ အပြာရောင်သွင်းရမည့်အစား အနီရောင်ဖြင့် လျှမ်းလျှမ်းတောက်နေသည်။ လေ့ရွက်မှာ အဖြူဖြစ်ရမည့်အစား အပြာတွေနှင့် ရေးတင်ထားသည်။ လေ့ရွက်တိုင်မှာ မတ်နေမည့်အစား ကွေးကောက်နေသည်။ ဆေးသားတွေမှာလည်း ညီညာခြင်းမရှိဘဲ သုံးလေးတန်းမှ ကလေးငယ်တစ်ယောက် ကောက်ခြစ်ထားသလို ဖြစ်နေသည်။

"မောင်. . . ဘာရယ်နေတာလဲ. . မလှဘူးလား၊ သူဇော့ရှုခင်းမကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းရင် ဘာလို့ရယ်တာလဲ ပြော"

ဇာဇာလျှံက ကိုကျော်သူ၏လက်ကို လှမ်းဆွဲပြီး ခုတင်ပေါ်တွင် ထိုင်ခိုင်းကာ သူ့ပန်းချီကားကို ဝေဖန်ခိုင်းနေပြန်သည်။

"ကောင်းရင် မရယ်ရဘူးလား"

"ဟင့်အင်း. . မောင်ရယ်တာကြီးက တစ်မျိုးကြီးပဲ၊ သူဇာ သိတယ် ပြောရမယ်၊ ဘာလို့လို့လဲ၊ ပြောကွယ်၊ ပြော. . . ပြော"

ဇာဇာလျှံက အားမလိုအားမရနှင့် သူ့အင်္ကျီစကို ကိုင်လှုပ်ပြီး မေးနေသောအခါ ကိုကျော်သူမှာလည်း သူ ထင့်တာ သူ ပြောပြရ၏။ မပြောလျှင် ဇာဇာလျှံက ကျေနပ်မည် မဟုတ်ပေ။

"ပင်လယ်ပြင်နဲ့ ကောင်းကင်ဟာ အရောင်မှားနေတယ်"

"မဟုတ်ဘဲနဲ့"

"မဟုတ်ဘဲ နေမလား၊ ကောင်းကင်နဲ့ ပင်လယ်ကို အပြာရောင်ခြယ်ရမယ့်ဟာ၊ ခုတော့ သူ့ဟာ အနီကြီး"

"ဟင်း. . . ဟင်း၊ ဒီက အဟုတ်မှတ်လို့၊ မသိရင် မှတ်ထားတော့ ရေ၊ ညနေဆည်းဆာချိန်ကို ဆွဲနေတာ၊ အဲဒါကြောင့် ကောင်းကင်နဲ့ ပင်လယ်ပြင်ဟာ အနီရောင်၊ ကဲ. . . သိလား"

ဇာဇာလျှံက ရယ်ပြီးပြော၏။

"ထားလိုက်ပါတော့၊ ဒီရွက်ပြာနဲ့ ဒီရွက်တိုင်ကြီး ကောက်နေတာ ကော. . သစ်သားကိုက မဖြောင့်လို့လို့ ပြောဦးမှာလား"





"ရွက်အပြာက ဆည်းဆာရောင်နဲ့ ဟပ်နေလို့၊ ဒီရွက်တိုင်က ရွက်ကို လေတိုးလို့ ကွေးနေတာ သူက မသိဘဲနဲ့"

"ကဲ. . . ထားပါတော့. . ထားပါတော့၊ နောက်ကော ဘာတွေ ရေးထားသေးလဲ၊ ပန်းချီဆရာမရယ်. . . မှန်းစမ်း ဟော"

ကိုကျော်သူ မျက်လုံးပြူးသွားမိသည်။

ဇာဇာလျှံပန်းချီရေးနေသော အောက်ခံပြားမှာ သူ၏ရောဂါအခြေပြကတ်ပြား (ကျေစ်ရှုပ်)၊ ထိုကတ်ပြားထဲတွင်လည်း ဆေးရောင်တွေ ပေကျံပြီး မြင်မကောင်း ရှုမကောင်းဖြစ်နေသည်။

ကိုကျော်သူ၏ အမူအရာပျက်သွားသည်ကို ကြည့်ပြီး ဇာဇာလျှံ တလည်း အထိတ်တလန့် ဖြစ်သွားသည်။

"မောင်. . ဘာလဲဟင်"

"ဒီကတ်ပြားပေါ် ဘာလို့ ပေါ်တာရတွေ ရေးခြစ်ထားရတာလဲ၊ ဒါ ရောဂါအခြေပြ ကျေစ်ရှုပ်ပဲ မဟုတ်လား"

ကိုကျော်သူ၏စကားကြောင့် ဇာဇာလျှံ၏ မျက်နှာမှာ ရုတ်ခြည်း ညှိုးငယ်သွားသည်။ ကိုကျော်သူပြောမှ စောစောပိုင်းက ခုတင်ခြေရင်းတွင် ချိတ်ထားသော ဤကတ်ပြားကို သူ ယူကြည့်မိတာ သတိရသည်။

ဤကတ်ပြားကို သူက ယူကြည့်ရခြင်းမှာ သူ့ရောဂါအခြေအနေ ဘယ်လိုရေးမှတ်ထားလဲ သူ သိချင်သည်။ သူ့အထင်မှာ သူသည် တီဘီ ရောဂါဖြစ်နေသည်။ တီဘီ ဆိုသည်မှာ ကူးစက်တတ်သော ရောဂါ ဖြစ်သည်၊ ထို့ကြောင့် သူ့ကို သီးသန့်အခန်းနှင့် ခွဲထားသည်။ သူ့ရောဂါ ကျွမ်းနေပြီလားထင်သည်။ တစ်ခါတစ်ခါ ရင်ထဲမှာ လှိုက်ပြီး မောတတ်သည်။ ဤသည်ပင် သူ့ရောဂါ၏ အကြောင်းရင်း။

ဆရာဝန်ရေးမှတ်ထားပေးသော မှတ်တမ်းစာရွက်တွေကိုလည်း သူက ဖတ်ကြည့်သည်။ သို့သော် ဖတ်မရ။ ရေးထားတာတွေ သဘော မပေါက်။ စိတ်ရှုပ်လာသဖြင့် တတ်ပြားကို ခံနှင့်မှောက်ပြီး လွှင့်ပစ်ရာ တတ်ပြားက ခုတင်ပေါ်သို့ ရောက်နေ၏။ သူသည် အစောပိုင်းက ခုတင်ဘေး ပြတင်းတံခါးကို ဖွင့်ကာ မြစ်ဝပင်လယ်ဘက် လှမ်းကြည့်ပြီး ငေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သူ့အရင် တစ်ရက်နှစ်ရက်က ပန်းချီရေး ကစားချင်သဖြင့် ရောင်စုံခဲတံတွေမှာတာ မနေ့က သူ့အမေ ဝယ်လာကြောင်း သတိရပြီး ပန်းချီကောက်ရေးသည်။ အောက်ခံအမာပြား ရှာရာတွင် သည်ကတ်ပြား ကိုတွေ့ပြီး အမှတ်တမဲ့ လုပ်လိုက်မိခြင်း ဖြစ်သည်။

ယခု ကိုကျော်သူကပြောတော့ သူ့ရောဂါအကြောင်း သူသတိရ မြန်သည်။ ရောဂါအကြောင်း သတိရလျှင် စိတ်မကောင်းဖြစ်ရသည်။ သူ့စိတ်ထဲမှာ ဆေးရုံက ဆင်းချင်လှပြီ။ မဆင်းရလျှင် ထွက်၍ပင် ပြေး ချင်သည်။ ဆေးရုံကဆင်းရမှ ကျော်ကျော်က သူနှင့် လက်ထပ်မည် ပြော သည်မဟုတ်ပါလား။

သူ နေကောင်းနေပြီ၊ ကျန်းမာပြီဟုလည်း တစ်ခါတစ်ခါထင်သည်။ ဆရာဝန်ကလည်း သူ နေကောင်းပါပြီ ကျန်းမာလာပြီ ရှေ့အပတ်ပင် ဆေးရုံက ဆင်းနိုင်ပြီဟုလည်း မနေ့က ပြောသွားသည်။

ထို့ကြောင့် ဝမ်းသာအားရသော်လည်း ဆရာဝန်ကြီးစကားတော့ သူက ကောင်းကောင်းမယုံချင်။ ဆရာဝန်ကြီးမှာ သူနှင့် လည်းကောင်း၊ သူ့အမေနှင့် လည်းကောင်း ရင်းနှီးသဖြင့် တမင်လိမ်ညာပြောသလား ဟုလည်း ထင်မိသည်။ ယခု ကျော်ကျော်ကို မေးကြည့်ရဦးမည်။

ကျော်ကျော်က ကျန်းမာရေးမှူးဆိုတော့ ဆရာဝန်ရေးသည့် စာတော့ သူက သိမှာ. . .

"မောင်"

ဇာဇာလျှံသည် ချက်ချင်းပင် မျက်ရည်ဝဲလာပြီး ကိုကျော်သူကို အသံလေးတိမ်တိမ်နှင့် ခေါ်လိုက်သည်။

"သူဇာ. . . ဘာလဲဟင်"

"ဒါ. . . ဒါ သူဇာ့ရောဂါအကြောင်း ရေးမှတ်ထားတဲ့ ဒေလီရက် ကော့ဒ် မဟုတ်လားဟင်"

"ဟုတ်ပါတယ်"

"မောင်. . ဖတ်တတ်တယ်နော်"

ဤစကားအမေးမှာတော့ ဇာဇာလျှံက ကိုကျော်သူကို အားကိုးတ ကြီးနှင့် တင်းတင်းကျပ်ကျပ် ဖက်ထားလေသည်။





"ဖတ်တတ်သားပဲ"

"ဘယ်လို ရေးမှတ်ထားလဲဟင်"

"အမည်က ဇာဇာလျှံတဲ့၊ အဖေနာမည် ဦးလှဘဆိုလား. . . ဟုတ်ကဲ့လား"

"မောင် မနောက်နဲ့ကွယ်၊ သူများ ရောဂါအခြေအနေသိချင်လို့ မေးတဲ့ဟာ"

"အေးပါ. . . ဖြည်းဖြည်း. . လာမယ်လေ၊ ရောဂါက အချစ်နဲ့ ပတ်သက်လို့ ဖြစ်တာတဲ့၊ ချစ်သူနာမည်တော့ ဒီအထဲမှာ ရေးမထားဘူး၊ ဒီတော့ ပြော. . . ဇာဇာလျှံ ချစ်သူနာမည်က ဘယ်သူလဲ"

"မသိဘူး"

"မသိရင် ဆက်ဖတ်လို့ မဖြစ်ဘူး တော်ပြီ"

ကိုကျော်သူက ကတ်ပြားကို ခုတင်ပေါ် ပစ်ချလိုက်သည်။

"အဲလို မဆိုးနဲ့၊ မောင်ပါ ဆိုနေမှ"

ဇာဇာလျှံက ကိုကျော်သူအား သူ့ကိုယ်လုံးလေးနှင့် တွန်းပစ်လိုက်ပြီး နှုတ်ခမ်းစူ၍ ပြောသည်။

"မောင်ပါ အင်း. . မောင်ပါဆိုတော့ မောင်သာနဲ့ ဘာတော်လဲ"

"မသိဘူး. . . မသိဘူး၊ သူများက သိချင်လို့ မေးတဲ့ဟာ၊ သူကတော့ ပျော်နေတာပဲ"

ပြောပြောဆိုဆိုနှင့် ဇာဇာလျှံသည် စိတ်ကောက်ကာ ခုတင်ဘေးက ပြတင်းပေါက်နား သွားရပ်နေသည်။

"သူဇာ. . . မောင်က ချစ်လို့ကျီစားတာ စိတ်ဆိုးတယ်ပေါ့နော်"

ဇာဇာလျှံက ဘာမှ ပြန်မပြော။

ပင်လယ်ဘက်သို့ လှမ်းကြည့်၍ ငေးနေသည်။

"သူဇာ"

ကိုကျော်သူသည် ဇာဇာလျှံ၏ ပခုံးနှစ်ဖက်ကို ကိုင်လှည့်ကာ ခေါ်လိုက်၏။

"ဟော. . . ကြည့် ဘာလို့ ငိုရတာလဲ၊ ဒါ ငိုစရာလားလို့၊ မောင်က သက်သက်ကျီစားတဲ့ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကျော်က သူဇာ့ကို လိမ်နေတာ"

ဇာဇာလျှံက ရှိုက်သံနှင့်ပြော၏။

"မောင်က သူဇာ့ကို ဘာများလိမ်ဖူးလို့လဲ၊ ကဲ. . . ပြော"

"ခုလိမ်နေတာ"

"ဘာကိုပြောတာလဲ. . အချစ်ရယ်"

"သူဇာ့ရောဂါအကြောင်း မပြောချင်လို့"

"အိုး. . . မဟုတ်လိုက်တာ၊ ကဲ သူဇာ့ရောဂါအကြောင်း ဘာသိချင်လဲ ပြော"

"အားလုံးကို သိချင်တယ်"

"ဟင်း. . . ဟင်း. . . အားလုံး ဟုတ်လား"

ကိုကျော်သူက ရယ်တော့ ဇာဇာလျှံကလည်း လိုက်ရယ်သည်။ ပြီး ကိုကျော်သူ နောက်ပြန်ဦးမည်ဆိုတာ သိနေသဖြင့် ဇာဇာလျှံက ကိုကျော်သူကျောကို လက်သီးဆုပ်နှင့် ထု၏။

"မောင် မနောက်နဲ့တော့ကွယ် နော်၊ သူဇာ့ ရောဂါအကြောင်း ဘာရေးထားလဲ၊ ပြောပြစမ်းပါ"

"သူဇာ့ရောဂါက နှလုံးသွေးလျှံတဲ့ရောဂါတဲ့"

"တီဘီ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး၊ တီဘီဆို ချောင်းဆိုးမှာပေါ့"

ဇာဇာလျှံ၏ ပင့်သက်တစ်ချက် ရှိုက်လိုက်သံကြောင့် ကိုကျော်သူကလည်း သက်ပြင်းချလိုက်မိသည်။

ဇာဇာလျှံ၏ နှလုံးသွေးလျှံသောရောဂါမှာ သက်သာနေလေပြီ။ ယခင်က သွေးတွေအန်သဖြင့် ဝိန်ရှုံ့ကျသွားသော ဇာဇာလျှံ၏ ရုပ်လက္ခဏာမှာ ယခုတော့ ပြည့်ပြည့်ဖြိုးဖြိုး ပြန်ဖြစ်လာလေပြီ။ မကြာခင် ဇာဇာလျှံ ဆေးရုံကဆင်းရတော့မည်ကို သိသဖြင့် ကိုကျော်သူမှာလည်း အတိုင်းမသိ ဝမ်းသာနေသည်။ ဇာဇာလျှံ ဆေးရုံတက်စက တီဘီရောဂါ ထင်၍ ကိုကျော်သူမှာလည်း အရူးမီးဝိုင်း ဖြစ်ခဲ့ရသေးသည်။ နောက်ဆရာဝန်ကြီးနှင့် တွေ့ပြီး အကြောင်းစုံပြောပြမှ သိရလေသည်။

"ချောင်းမဆိုးဘဲနဲ့လဲ တီဘီဖြစ်တာ ရှိတယ်ဆို မောင်"





"ကြုံကြုံဖန်ဖန်. . ဘယ်သူ ပြောလဲ၊ တီဘီဆိုရင် အနည်းနဲ့ အများ ချောင်းတော့ ဆိုးတာချည်းပဲ"

အမှန်က ဤစကားကိုတော့ ကိုကျော်သူက ဇာဇာလျှံ စိတ်ကောင်းအောင် မသိဘဲနှင့် ပြောရခြင်းသာ။

"မသိပါဘူး. . . အဲလို ပြောကြလားလို့"

ကိုကျော်သူ၏စကားကို ဇာဇာလျှံကလည်း အကြွင်းမဲ့ ယုံကြည်သွားလေသည်။

"သူဇာဖြစ်တာ တီဘီနဲ့ မဆိုင်ပါဘူး မောင် ပြောပါပကောလား၊ အချစ်ကြောင့်ဖြစ်တာပါလို့၊ ခုတော့ .. သူဇာ နေကောင်းသွားပါပြီ၊ ကြည့်လေ. . . ဒီ ပါးနှစ်ဖက်ကလဲ ဖောင်းလို့ အိလို့၊ ဒီမျက်ခွံတွေကလဲ ဖြည့်လို့ဖြိုးလို့၊ ဟောဒီ ကိုယ်လုံးကလည်း ဝလို့လှလို့၊ မောင် ပြောရဲပါတယ်၊ သူဇာ ဆေးရုံကဆင်းရတော့မယ်လို့ ကော့စ်ရှပ်ထဲမှာလဲ ဒီအတိုင်း ရေးထားတာဗျ"

"ဆရာဝန်ကလဲ ပြောတယ်မောင်ရဲ့"

အမှန်မှာ ကိုကျော်သူသည် ဆေးရုံမရောက်ခင်ကပင် ဆရာဝန်ကြီးဆီသို့ရောက်ခဲ့ပြီးဖြစ်သည်။ ဤသည်ကိုမသိသူ ဇာဇာလျှံကတော့ မနေ့က ဆရာဝန်ကြီးပြောတာနှင့် ချစ်သူ ပြောတာက တစ်ထပ်တည်း ဖြစ်နေသဖြင့် ဝမ်းသာသွားသည်။

"ဆေးရုံက ဆင်းရတော့မယ်လို့ မဟုတ်လား"

ဇာဇာလျှံကပြုံးပြီး ခေါင်းညိတ်ပြ၏။

"ဟင်း. . . ကွယ်"

ကိုကျော်သူက ငုံ့နမ်းတော့ ဇာဇာလျှံက ခေါင်းကို သူ့ရင်အုပ်ထဲ အပ်ဝှက်ထားသည်။

ကိုကျော်သူသည် သူ့လွယ်အိတ်ထဲက ကာလေးမြို့ လိမ္မော်သီးတစ်လုံးကို အခွံနွှာ အကြောသင်ပြီး တစ်မွှာကို ဇာဇာလျှံ ပါးစပ်ထဲသို့ ခါတိုင်းလို ခွံ့ထည့်ပေးသည်။

ဇာဇာလျှံက ဘာသဘောနှင့် မသိ၊ မျက်လုံးလေးမှိတ်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ထဲ အစာခွံ့တာ မစားရင်၊ ဒီဗိုက်ထဲက ဖောက်ပြီး အစာ သွင်းရမယ်နော်"

ကိုကျော်သူက သူ့ဗိုက်သားကို ကလိထိုးပြီးပြောတော့ ဇာဇာလွှ ရယ်ပြီး မျက်လုံးဖွင့်ကြည့်သည်။

"ကဲ. . . မစားဘူးလား"

"မောင်က သိပ်ဆိုးတာ၊ သူများက. . ."

"ဘာထင်လို့လဲ"

"မသိဘူး"

ဇာဇာလွှကြ ကိုကျော်သူကို ချစ်စနိုးနှင့် မျက်စောင်းထိုးလိုက်

"ကဲ. . . မောင်ပြန်တော့မယ် သူဇာရယ်"

"မောင်က သူဇာကိုပဲ အမြဲတမ်းကျွေးတာ၊ ဒီတစ်ခါတော့ သူ ကျွေးတာလဲ မောင်မငြင်းရဘူး"

"သူဇာက ဘာကျွေးမှာလဲ"

"ဟောလစ် တိုက်မလို့ပါ"

ပြောပြောဆိုဆိုနှင့် ဇာဇာလွှကြသည် သူ့ လူနာစုတင်ဘေးရှိ ဗီ ဒိုမ်လေးသွားဖွင့်ကာ ဓာတ်ဘူးထဲက ဟောလစ်တစ်ခွက်ကို ပန်းကန် ငှဲ့ထည့်၍ ကိုကျော်သူကို တိုက်၏။

"ဟင့်အင်း မောင် သောက်ချင်တာက ဟောလစ် မဟုတ်ပါ

ဇာဇာလွှကြသည် ကိုကျော်သူကို မျက်လုံးရွဲကြီးနှင့် စက္ကန့်ပေ များစွာ ရွှန်းရွှန်းစားစားကြည့်ပြီး ငိုင်နေလေသည်။

ကိုကျော်သူ ပြောသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ကိုကျော် အနေမှာ ဇာဇာလွှကြတိုက်သော ယခုလို တခါ၊ တစ်ခါတာ အရ ရှိသော ဟောလစ်ကို မသောက်ချင်ပေ။ ဇာဇာလွှကြ နေ့စဉ် ကျိုတိုက် ရေနွေးကြမ်းခါးခါးကိုသာ ဆားလေးခတ်ပြီး ထာဝရ သောက်ချင် သည်။ သို့သော်လည်း အခြေအနေကမူ မည်သို့မျှ မခန့်မှန်းတတ် ဤသည်ကို တွေးကာ သူမှာ သက်မချမိပြန်၏။

ဇာဇာလွှကြနှင့် သူ့ကို နှစ်ဖက်သော လူကြီးတွေက သဘော ကြချေ။ ဤသည်ကို တွေးလျှင် ရင်လေးစရာပင်။





ယခု ဇာဇာလွှကြ ကျန်းမာသွားပြီဖြစ်သဖြင့် ဆေးရုံက ဆင်းရပေတော့ မည်။ ဇာဇာလွှကြ ဆေးရုံကဆင်းသွားပြီး ရွာကို ပြန်ရောက်လေလျှင် ဇာဇာလွှကြကို တွေ့ရဖို့မလွယ်ကူတော့ပေ။ သို့သော် ဤသည်တို့ကို ဖွင့် ပြောလျှင် နဂိုကပင် အားငယ်တတ်သော ဇာဇာလွှကြငိုမှာ သူ သိသည်။

ထို့ကြောင့် သူသည် ဇာဇာလွှကြ စိတ်ကောင်းအောင် ဇာဇာလွှကြတိုက် သောဟောလစ်တစ်ခွက်ကိုသောက်ပြီး တမ်းလွမ်းသာ ဆေးရုံက ဆင်းလာ သည်။ သူ့ရင်ထဲမှာတော့ အပူတွေ ပြည့်လာသည်။

အပြင်တွင် နွေဦး၏ လေရူးက သူ့ရင်ကို ပူပူနွေးနွေး ဆီးကြိုဆို နေသည်။ ဥဩဖို၏ တေးဆိုသံသည် ချစ်သူနှင့် ခွဲခွာရမည့်အတိတ် နိမိတ်ပေလေလား။ လေရူးကြောင့် လမ်းမပေါ်သို့ တသဲသဲ ကြွေကျလာ ကြသော သစ်ခြောက်ရွက်တွေ၏ တရှဲရှဲမြည်သံသည် ချစ်သူ၏ ငိုရှိုက်သံ လေလား။

ကားလမ်းတစ်လျှောက်ရှိ တောတောင်တို့သည်လည်း ပြာရော် ခြောက်သွေ့စ ပြုလာကြလေပြီ။ နွေကို ရောက်တော့မည်။

ပူပြင်းသောနွေ။

နွေ. . .။

▌

ခြံထဲရောက်တော့ ဦးလာဘ မောနေသည်။

နွေလ၏ နံနက်ခင်းမှာ သူသည် ငါးမိုင်ကျော်ခရီးကို မြင်းနှင့် ခိုင်းပြေးလာခဲ့ရခြင်း ဖြစ်သည်။ နံနက်မတိမ်ရွာအလှူတွင် ကိုကျော်ဆုနှင့် ညလုံး ဖဲရိုက်ကြပြီး မိုးမလင်းခင် ဦးလာဘက ရေနံမြေသို့ ပြန်လာ၏။

မိုးလင်းလျှင် ကိုကျော်ဆုသည် မိမိရွာ ရွှေတောင်ကြားသို့ ပြန်မည်ကို ဦးလာဘသိ၏။ ထို့ကြောင့်လည်း ကိုကျော်ဆု မပြန်မီ သူက လက်ဦး အောင် အကြံအစည်နှင့် ပြန်လာခြင်း ဖြစ်၏။

ဦးလာဘ၏ အကြံအစည်မှာ မိုးလင်းလျှင် ရွှေတောင်ကြားရွာသို့ ပြန်လာသော ကိုကျော်ဆုအား လမ်းကဖြတ်ပြီး ကိုကျော်ဆု၏လည်ပင်း မှ ငွေကြိုးကို လုယူရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုငွေကြုတ်ထဲတွင် သူခြိမ်း ငွေတွင်းမြေပုံ ရှိနေသည် မဟုတ်ပါလော။ ဦးလာဘာသည် သူမြင်းလက်ကြိုးကို မြဲအဝကျ သစ်ပင်တစ်ပင်တွင်ချည်ကာ ဖိုးရာဇာနှင့် တောက်ထိန်တို့ရှိသော မြင်းဖောင်းနားသို့ ရောက်လာသည်။

"ဟော့ . . . ဖိုးရာဇာ၊ ဟော့ . . . တောက်ထိန် ထ . . . ထကွ"

"ဟင် . . . ဦးလေး"

ညကြီးမင်းကြီး ဦးလာဘာက သူတို့နှစ်ယောက်ကို လာနှိုးသဖြင့် တစ်စုံတစ်ခု အကြောင်းထူးပြီဆိုသည်ကို အလိုလိုသိသော ဖိုးရာဇာနှင့် တောက်ထိန်တို့သည် ချက်ချင်း အိပ်ရာက မြေးထလာကြသည်။

"ဦးလေး ဘာအကြောင်းထူးလဲ မြဲဖဲ လူတွေ့လိုလား"

"မြဲဖဲ လူတွေ့တာ မဟုတ်ဘူးကွ၊ ကိစ္စက ဒီလို ဖြစ်နေပြီ မိုး နန်းမတိမ်ရွာက ပြန်လာတာ"

"ဟုတ်ကဲ့"

"ကျော်ဆုဟာ နန်းမတိမ်ရွာက အလှူမှာ ဖဲရိုက်နေတယ်။ အဲဒါ မိုးလင်းရင် ဒီကောင်ရွာပြန်မှာပဲ၊ ဒီတော့ ငါတို့ ဒီကောင့်ကိုလမ်း ဖြတ်ပြီး . . ."

"သူ့လည်ပင်းမှာ ဟို . . . ငွေတွင်းမြေပုံကြုတ် ပါတာကသေ သေချာရဲ့လား ဦးလေး"

ဖိုးရာဇာက ကိုကျော်ဆု၏လည်ပင်းတွင် အမြဲဆွဲထားတတ်သည် ဆိုသော မြေပုံငွေကြုတ် ပါ၊မပါ သေချာအောင် ဦးလာဘာအား ပြန်မေးလေ၏။ ဦးလာဘာ အလုပ်သမားထဲတွင် ဖိုးရာဇာနှင့် တောက်ထိန်တို့မှာ စိတ်အချရဆုံးနှင့် အားအကိုးရဆုံး အလုပ်သမားနှစ်ယောက် ဖြစ်သည်။ ဦးလာဘာက သူတို့နှစ်ယောက်အား အကြောင်းစုံ ဖွင့်ပြောထား ပြီးထားသဖြင့် ဦးလာဘာခြံဝင်းထဲက ငွေတွင်းကိစ္စကို သူတို့နှစ်ယောက် လည်း စိတ်ဝင်စားလျက် ရှိကြလေသည်။

"သေချာပါတယ်ကွ၊ ဒီကောင်နဲ့ငါ ဖဲအတူကစားကြသေးတယ် ငါမျက်စိနဲ့တို့ တပ်အပ်မြင်လိုက်ရတာ။ ကဲ . . . အချိန်မရှိဘူး အစဉ်လုပ်ကြမယ်"





"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

သူတို့သုံးဦးစလုံး မြင်းကိုယ်စီနှင့် တောထဲရေနံမြေက ထွက်လာကြ ချိန်မှာ မိုးမလင်းသေးပေ။ လဆုတ်ငါးရက်လသည် ကောင်းကင်တွင် ထွန်းလင်းတောက်မလျက် ရှိသည်။ မြင်ညိုဘက်မှ ဥဩငှက်၏ တေးဖွဲ့ဆိုပြည်နေသံကိုလည်း လွမ်းဆွတ်ကြေမောဖွယ်ရာ ကြားနေရသည်။

သူတို့သုံးဦးသည် တောလမ်းအတိုင်း ရန်ပြေ ကမ်းလွန်သာသွား ကားလမ်းဘက်သို့ ထွက်လာကြသည်။ ရွှေတောင်ကြားနှင့် နန်းမတိမ် ရွာကြားအလယ်သို့ ရောက်သောအခါ မြင်းတွေကို ဖက်သတ်လိုက် ကြသည်။

မိုးလင်း၍ ကိုကျော်ဆု မိမိရွာသို့ပြန်လာလျှင် ကိုကျော်ဆုလည် ဝင်းက ငွေကြုတ်ကိုလုယူရန်မှာ ဤနေရာသည် အသင့်တော်ဆုံးဆို သည်ကို သူတို့သုံးယောက်စလုံး သိကြသည်။

ဤနေရာသည် ရွှေတောင်ကြားရွာနှင့် နန်းမတိမ်ရွာကြား ဖြစ်သည်။ လူသူလေးပါးပြတ်လပ်၍ တစ်စုံတစ်ခုအရေးကြုံပါက ဟိုရွာသည်ရွာ လှမ်းအော်ခေါ်၍လည်း ကြားနိုင်သော နေရာမဟုတ်ပေ။ ဤနေရာ၏ ကားလမ်းဘေးနှစ်ဖက်မှာ တောင်လမုချုံကြီးတွေနှင့် ခုခံရိုက်နှက် ကျူးလွန် လိုသူတို့အတွက် လုံခြုံမှုအရှိဆုံး နေရာပင် ဖြစ်လေသည်။ ပြီး ကားလမ်း လည်း အကွေ့ဖြစ်သဖြင့် ဤနေရာတွင် အရေးအခင်း တစ်စုံတစ်ရာ ဖြစ်နေသည်ကို ဝေးဝေးက လှမ်းမမြင်နိုင်ပေ။

"ကဲ . . . မင်းတို့နှစ်ယောက် ဒီတောင်လမုချုံတွေကို အကာအကွယ် ယူပြီး ဒီနေရာကညပ်ပြီးစောင့်နေကြ၊ ငါက ဟိုတောင်ဖောင်းက စောင့် နေမယ်၊ မိုးလင်းလို့ ဒီကောင်ကားလမ်းအတိုင်း လာတာကို မြင်တာနဲ့ တစ်ပြိုင်နက် ငါက ယောက်ဖချွေးခေါ် ငှက်မြည်သံနဲ့ အချက်ပေးမယ်၊ ဒီကောင့်လည်ပင်းက အဲဒီ ငွေကြုတ်ကို ရရင်ပြီးရော၊ လူကိုတော့ သိပ် အနာကျင်ကျင် လုပ်စရာ မလိုဘူး၊ လိုအပ်မှ ဓားကိုသုံးနော်"

"ဟုတ်ကဲ့ . . . စိတ်ချပါ ဦးလေး"

"အေး . . . ဘာပဲဖြစ်ဖြစ် ဒီငွေကြုတ်ရဖို့တော့ အရေးကြီးတယ် ကွနော် ဖိုးရာဇာ၊ ဒီကောင် စက်ဘီးနဲ့ လာရင်လား၊ မလာရင် . . . မှာ



www.burmeseclassic.com

www.burmeseclassic.com



မြင်းပါမယ်၊ မင်းတို့ အသံကိုပါ ဖျက်ပြောကြနော်၊ ပြီးတော့ တို့မြင်းရှိတဲ့ နေရာကိုလဲ အရေးထဲမမေ့နဲ့၊ သတိနဲ့လုပ်ကြကွနော် တောက်ထိန်၊ ဒီလို အချိန်အခါမျိုး ကြုံဖို့ နောက်မလွယ်ဘူး"

ဦးလာဘပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။ ဤလိုအခွင့်အရေးမျိုးကို သူသည် နှစ်နှင့်လနှင့်ချီ၍ စောင့်စားခဲ့ရသည် မဟုတ်ပါလား။

ကားလမ်းဘေးက တောင်စောင်းဆီသို့ ဦးလာဘ တက်သွားသောအခါ ဖိုးရာဇာနှင့်တောက်ထိန်တို့မှာလည်း အဝတ်နက်ခေါင်းစွပ်ကို စွပ်လိုက်ကြပြီး တောင်လမုချုံထဲတွင် သတိ အနေအထားနှင့် မတ်တတ်ရပ်နေလိုက်ကြသည်။

ဤနေရာမှာ တောင်ကတုံးတစ်လုံး၏ ခါးလယ်ကို ဖြတ်ဖောက်ထားသောကားလမ်းတစ်နေရာဖြစ်သဖြင့် ရှေ့နှင့်နောက်ကို လုံးဝ မမြင်ရပေ။

ကားလမ်းဘေးနှစ်ဖက် ကိုက်သုံးဆယ် အကွာတွင်လည်း တောပြီဂနိုင်ဖြစ်သဖြင့် ဒုစရိုက်မှုတစ်ခုကို ကျူးလွန်ရန် စောင့်စားနေ ကြသူများအဖို့ ချောက်ချားစရာပင်ကောင်းနေလေသည်။

နံနက်ထ ငှက်ကလေးတွေ၏ တေးဆိုသံကို ကြားလာရပြီ၊ သို့သော် နေရောင်ခြည်ကိုကား လုံးဝ မမြင်ရသေးပေ၊ ကားလမ်းမကို နွေလ၏ နှင်းပဝါပါးက လွှမ်းခြုံပွေ့ဖက်ထားသည်။

စောင့်စားကြရသူတွေအတွက် အချိန်တို့ကား နှောင့်နှေးကြန့်ကြာလွန်းလှသည်။ ဦးလာဘသည် နှင်းပဝါပါးထဲက ကားလမ်းပေါ်ကို စူးစူးစိုက်စိုက်ကြည့်ကာ ရင်ထဲ တဒိတ်ဒိတ်ခုန်လေသည်။

"ဒီနေ့ ဖမ်းနိုင်နေတယ်နဲ့တူတယ်၊ ခုထိ ပေါ်မလာသေးဘူး၊ မဖမ်းနိုင်တိုင်း ဒီအဆောင်ကြောင့်လို့ လိမ်ညာကြွားနေတာ၊ ဒီကနေ့တော့ မင်းအဆောင် ပြုတ်ပြီသာ အောက်မေ့"

ဦးလာဘသည် ကိုကျော်ဆူကို စိတ်ထဲက ကျိန်ဆဲနေလေသည်။

နေရောင်ခြည်သည် နှင်းပဝါပါးကို ထိုးဖောက်ကာ ကားလမ်းပေါ်သို့ကျရောက်စပြုလာပြီ၊ ဦးလာဘ၏ ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားသည်။ သူတို့ စောင့်စားနေခဲ့ကြသော ကိုကျော်ဆူသည် နန်းမတော်ရွာအလျှုက ပြန်လာလေပြီ။





လေလေးတချွန်ချွန်နှင့် စက်ဘီးကို မှန်မှန်လေးနင်းလာတာ ကြည့်ခြင်းအားဖြင့် . . . "စကေ့ ခွေးကောင် ဖမ်းနိုင်လာပြီ"

"ဟစ်အေး. . . ဟစ်အေး"

ဦးလာဘသည် အစကို မြင်၍ ဟစ်သံပေးသော ငှက်ရဲတစ်ကောင်၏အော်ဟစ်သံနှင့် ဖိုးရာဇာနှင့် တောက်ထိန်တို့ကို သတိပေးလိုက်သည်။ ပြီး. . ရင်တထိတ်ထိတ်နှင့်ပင် အခြေအနေကို စူးစူးစိုက်စိုက် ငေးကြည့်နေသည်။

စက်ဘီးပေါ် ရှိကိုကျော်ဆူ၏ ကိုယ်ပေါ် ဆီသို့ ဖိုးရာဇာက ခုန်အုပ်လိုက်သောအခါ စက်ဘီးရောလူနှစ်ယောက်ပါ မြေပေါ် ပစ်လဲကျသွားသည်၊ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်သတ်ပုတ်နေကြသည်။

တောက်ထိန်သည် ကိုကျော်ဆူအား နောက်ကနေ ဝင်အဖမ်းမှာ ဖိုးရာဇာသည် ကိုကျော်ဆူ၏ လက်သီးချက်မှန်ပြီး လဲကျသွားပြန်သည်။

ဦးလာဘ၏ တစ်ကိုယ်လုံးရှိ သွေးတွေမှာ အတိုင်းမသိ ဆူပွက်နေလေသည်။ မျက်လုံးမှာလည်း ကျွတ်ထွက်မတတ် ပြူးကျယ်လာသည်။

တောက်ထိန်၏ လက်သီးချက်ကြောင့် ကိုကျော်ဆူ ယိုင်နဲ့အသွားမှာ ဖိုးရာဇာသည် ကိုကျော်ဆူ လည်ပင်းက ဆွဲကြိုးကို လှမ်းလုသည်။

"လုပ်ကြပါဦးဗျို့၊ လူဆိုးတွေ. . . လူဆိုးတွေ"

ကိုကျော်ဆူသည် အသံကုန် ဟစ်အော်နေရင်း သူလည်ပင်းက ကြိုးလှမ်းဆွဲလာသော ဖိုးရာဇာ၏ မျက်နှာကို လက်သီးနှင့် လှမ်းထိုးသည်၊ ကိုကျော်ဆူမှာ သိုင်းလည်း သင်ထားသဖြင့် လူဆိုးနှစ်ယောက်ကို အော်ရင်းဟစ်ရင်း အကူအညီတောင်းရင်း ခံသတ်နေသည်။

တောက်ထိန်သည် ကိုကျော်ဆူ၏ လည်ပင်းက ငွေကြုတ်ပါကြိုးကို ဖြတ်ဆွဲယူလိုက်နိုင်သော်လည်း ဖမ်းနိုင်လာသော ကိုကျော်ဆူ၏ ငွေစက္ကူထုပ်ပါလွတ်ကျပြီး ငွေတွေကပါ လမ်းမ၌ ပြန့်ကျဲနေသည်ကို မြင်သောအခါ လောဘဇောနှင့် ငွေထုပ်ကိုပါ လှမ်းကောက်ပြန်သည်။

မျက်နှာကို တစ်ချက်အထိုးခံလိုက်ရသော ဖိုးရာဇာကတော့ ယိုင်တိယိုင်တိုင်ဖြစ်ပြီး ကိုကျော်ဆူကို ထိထိရောက်ရောက် မတိုက်နိုက်နိုင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဆုသည် သူ့လည်ပင်းက ငွေကြိုးတိုကို ဆွဲဖြုတ်ယူသည့် အခြင်း သူ့ ငွေစက္ကူထုပ်တိုပါ ကုန်းကောက်နေသော တောက်ထိန်ကို ကျွန်းစီးဖွားစီးနှုန်း အုပ်လိုက်ပြန်သည်။

"တီ. . တီ. . တီ"

"တီ. . တီ. . တီ. . တီ"

"ဟိုက်" ဦးလာဘပါးစပ်ထဲက အာမေဍိတ်သံတစ်ခုသည် လွတ်ခနဲ ထွက်သွားမိသည်။ ကမ်းလွန်သာဘက်မှ တက်လာသော ဝီလီဂျစ်ကား တစ်စီးသည် ဟွန်းအရှည်ကြီးကို အဆက်မပြတ်တီးကာ တောင်ကျေ ကား လမ်းအတိုင်း တိုးဝင်လာ၏။ ထိုကားမှာ သစ်ထုတ်လုပ်ရေးမှ အရာရှိကား ဖြစ်မှန်း ဦးလာဘက ချက်ချင်းသိလိုက်သည်။ သစ်ထုတ်လုပ်ရေးမှ မန်နေဂျာသာပါလျှင် သေနတ်လည်း ရှေ့ပါပေမည်။

ဦးလာဘသည် တောက်ထိန်နှင့် ဖိုးရာဇာတို့၏ အခြေအနေကိုပင် မစောင့်နိုင်တော့ဘဲ ဝီလီမြင်းရှိရာသို့သာ ပြေးဆင်းလာသည်။ အော်တစ်ခါ မှ ရေလွှားသံများကိုကြားရသောအခါ မြင်းပေါ်သို့ ခုန်တက်ပြီး မိမိ နေအိမ်ဘက်သို့သာ ဒုန်းစိုင်း ပြေးခဲ့လာမိလေသည်။ ရန်သူလား၊ မိတ် ဆွေလား ခွဲခြားမရသေးသောခြေသံများသည် သူ့နောက်ကို ထက်ကြပ်မကွာ လိုက်ပါလျက် ရှိလေသည်။

သူ့ခြံထဲရောက်တော့ ဦးလာဘမှာ မောနေ၏။

မကြာခင်ပင် တောက်ထိန်နှင့် ဖိုးရာဇာတို့လည်း ရောက်လာကြ သည်။

"ဘယ်နှယ်လဲဗျာ၊ ဟို. . . ဟိုငွေ"

"မရခဲ့ဘူး ဦးလေး၊ လူတောင် သီသီလေးပဲ လွတ်တာ"

တောက်ထိန်၏စကားကို ကြားလိုက်ရသောအခါ ဦးလာဘမှာ အမောဆို့သွားလေသည်။

"တကယ်ပဲ မရခဲ့ဘူးလား၊ ရလာရဲ့နဲ့များ တစ်ဖုံတစ်ခု. ."

ဦးလာဘ၏ခေါင်းထဲမှာ သံသယတစ်ခုသည် ထပ်ဆင့်၍ တွယ်ငြိ ချိတ်မြန်လေပြီ။

■





အမြစ်တွင် မိုးသက်မုန်တိုင်း ထန်နေသည်။

ဝင်လယ်နှင့်နီးသော ကမ်းလွန်ဒေသလည်း ဖြစ်သဖြင့် မိုးအခါ တောတောကျရောက်ခဲ့ရသည်။ မိုးသည်းထန်နေသည်မှာ တစ်ပတ်ခန့် ဝင်ရှိလေပြီ။ လယ်၊ ချောင်း၊ အင်းအိုင်တို့ ပြည့်လျှံပြီး မောက်ကာ ရေကန်တို့သည် နောက်ကျိလျက် ရှိလေသည်။

ဇာဇာလျှ၏ရင်ထဲမှာလည်း မုန်တိုင်းထန်နေလေ၏။ အပြင်လောက တွင် မိုးသက်လေပြင်း ကျရောက်နေသည်မှာ တစ်ပတ်ခန့်သာ ရှိသေး သော်လည်း ဇာဇာလျှ၏ ရင်ထဲမှာကား မိုးသက်မုန်တိုင်း ကျခဲ့သည်မှာ ကာလကြာခဲ့ပြီ။

သူ့ဘဝ၌ မိုးသက်မုန်တိုင်းကျခဲ့သည်မှာ ကမ်းလွန်သာသို့ရောက် ဆင်းလာကတည်းကပင် ဖြစ်သည်။ သူ ကြီးတင်မျှော်မှန်းခဲ့သလိုပင် ဆေးရုံက ဆင်းလာရသောအခါ ကိုကျော်ဆုနှင့် တွေ့ရမည့်အချိန်အရေး ဆုံးရှုံးခဲ့ရသည်။ ဆေးရုံကဆင်းလာပြီး ကမ်းလွန်သာရှိ အဒေါ် အိမ်တွင်လည်း ငါးရက်ခန့် နေခဲ့ရသည်။ ပြီးမှ မိမိအိမ်သို့ ရောက်လာခဲ့

ကမ်းလွန်သာတွင် ရှိနေစဉ်တုန်းက ကိုကျော်ဆုနှင့် တွေ့ရမည်ဟု မျှော်လင့်နိုင်သေးသော်လည်း မိမိအိမ်ကို ရောက်လာရသောအခါမှာမူ မျှော်လင့်ချက်ကင်းမဲ့ ပြန်ဝင်ရသလို ခံစားခဲ့ရသည်။ ကိုကျော်ဆုနှင့် အမြင်သာ နီးသော်လည်း ခရီးကမူ ဝေးလှမ်းခဲ့ရ၏။

သည်လိုနှင့် မိုးဦးကာလသို့ ရောက်ခဲ့ရလေသည်။ ထို့ကြောင့် ဇာဇာလျှအဖို့သည် တစ်နှစ်လုံး မိုးသက်မုန်တိုင်း ကျခဲ့ရသည်ဟု ဆိုက များမည် မဟုတ်ပေ။

နွေရင်ရက်တွင် ပွင့်ပြီးလောင်မြိုက်ခြင်း ခံခဲ့ရသော ဇာဇာလျှ၏ အသည်းနှလုံးမှ အနိုးအငွေ့တို့သည်လည်း ယခုတော့ မိုးမင်းနှင့် ငြိမ်ကာ ရက်ရှည်ငြိမ်ငြိမ်ကျရသော အခြေအနေသို့ ရောက်လေပြီ။ ခေတ၏ ရှုပ်ရှုယ်တင်းကျပ်သော အမိန့်စကားသံများသည် မိုးကြိုးထစ်ချုန်းသံ များနှယ် ဇာဇာလျှ၏အသည်းနှလုံးတွေကို အစိတ်စိတ်အမွှာမွှာ ကြေမြင်း တွဲအက်စေခဲ့သည်။

မနက်ဖြန်သည် ကျောင်းဖွင့်တော့မည့်ရက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေ မိုးစက်တွေကြားမှ ကလေးများသည် အပြုံးကိုယ်စီနှင့် ကျောင်းသို့ ရောက်လာကြပေတော့မည်၊ သူတို့၏ မျက်နှာလေးများသည် မိုးဆန်းပန်းနှယ် လန်းဆန်းကြည်ရွှင်လျက် ရှိနေကြပေလိမ့်မည်။

ဤသည်ကို တွေးကြည့်လျှင် ဇာဇာလျှံ၏ ရင်ထဲမှာ လှိုက်မောလာလေသည်၊ ဇာဇာလျှံသည် ကျောင်းနှင့် ဝေးရပြီ ဖြစ်လေသည်၊ ကျောင်းအလုပ်ထွက်ရန် မေမေသည် အတင်းအကျပ်လျှောက်လွှာရေးပြီး ဇာဇာလျှံကို လက်မှတ်ထိုးစေကာ သူကိုယ်တိုင် ကျောင်းအုပ်ဆရာကြီးအား သွားပေးခဲ့သည်။

မေမေ၏ ချုပ်ချယ်စည်းကြပ်မှုနှင့် နိုင်လိုမင်းထက် မတရားဖိနှိပ်မှုတို့ကို တွေးကြည့်လျှင် နာကြည်းစိတ်တွေက ဇာဇာလျှံ၏ ရင်ထဲမှာ ပြည့်သိပ်လာလေသည်၊ ထို့ကြောင့်လည်း ဇာဇာလျှံသည် ယခု အိမ်မှ ထွက်ပြေးရန် အချိန်ကာလကို စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

ဇာဇာလျှံသည် လက်ကနာရီကို ခဏခဏ ကြောက်ကြည့်၍ အခန်းထဲတွင် ခေါက်တည့်ရာမရ ဖြစ်နေလေ၏၊ အချိန်မှာ ညဉ့်ဆယ့်နှစ်နာရီ ထိုးလေပြီ၊ မေမေ အိပ်ပျော့မပျော်ကို သူက စောင့်၍ နားစွင့်နေမိသည်။

မေမေအိပ်ပြီဟု ထင်သည်နှင့် တစ်ပြိုင်နက်ပင် ဇာဇာလျှံသည် မိုးကာအင်္ကျီကို ကောက်ဝတ်လိုက်သည်၊ ပြီး ထဘီကိုလည်း တင်းတင်းရင်းရင်းပြန်ဝတ်၏။

အဝတ်ထည့်ထားသော သားရေလွယ်အိတ်ကြီးကို ပခုံးပေါ် သိုင်းလွယ်ပြီးမှ မိုးကာအင်္ကျီကို တစ်ခါပြန်ချွတ် ပြန်ဝတ်ရပြန်သည်၊ လွယ်အိတ်ထဲတွင် အဝတ်တွေပါသဖြင့် ရေရိုမှာ နောက်မှ သတိရပြီး ပြန်ပြင်ဝတ်ရသည်၊ ခြေကို မြှုနင်းကာ အခန်းထဲက ထွက်လာသော ဇာဇာလျှံ၏ရင်ထဲမှာ စိုးရိမ်သောကစိတ်နှင့် တဒိတ်ဒိတ် ခုန်နေလေသည်၊ အိမ်ရှေ့တံခါးကို ဖွင့်၍ အပြင်သို့ ထွက်လိုက်သည်၊ ရင်ထဲ၌ အေးခနဲ ဖြစ်သွား၏။

အပြင်တွင် မိုးသည်းနေသဖြင့် မှုန်ကားထိပ် ကာက်အိပ်နေသော ခွေးဆိုးကြီးက သူ့ကို လာနမ်း၏၊ အွေးကြီးများ ထဲဟောင်နေလော ဟူသောအတွေးနှင့် ကျောထဲကလည်း စိမ့်ခနဲ ဖြစ်သွားမိပြန်သည်။





သခင်မှန်းသိသော ခွေးက ပြန်အိပ်သွားမှ ဇာဇာလျှံမှာ သက်ပြင်းချနိုင်သည်။

အိမ်အောက်ရောက်၍ မြေပြင်ကို ခြေချမိမှ သူ့ခြေထောက်နှစ်ဖက်တွင် ဖိနပ်မပါမှန်း သတိရသည်၊ မှောင်ကြီးမည်းကြီးထဲ အိမ်ပေါ် ပြန်တက်ပြီး လှေကားထိပ်မှ ဖိနပ်ကို စမ်းယူရသည်။

အိမ်ရှေ့တံခါးကို စောစောကပင် သူပြန်မစေ့ခဲ့တာလား၊ လေတိုး၍ ပြန်ပွင့်သွားတာလား မသိပေ၊ အိမ်ရှေ့တံခါးပွင့်၍ တွေ့သဖြင့် ပြန်စေ့ရပြန်သည်၊ ဇာဇာလျှံ၏ စိတ်ထဲမှာ မွန်ထူနေပြီး ခေါက်တည့်ရာမရ ဖြစ်နေလေသည်။

မိုးသည်းထန်စွာ ရွာနေသော အမှောင်ထဲတွင် ဇာဇာလျှံသည် တံခါးကို အပြင်းနင်းလာလေသည်၊ သူ့စိတ်ထဲမှာ ဘာကိုမှ ကြောက်ရန်ရမှန်းမသိ ဖြစ်နေ၏၊ သူစိုးကြောက်သည်မှာ ဆေးခန်းရောက်၍ ကိုကျော်သူကို မတွေ့ရမှာသာ ဖြစ်သည်၊ ကြိုတင်ချိန်းဆိုထားခြင်း မရှိသဖြင့် ဤသည်ကိုတော့ ဇာဇာလျှံ၏ရင်ထဲမှာ ပူပန်နေလေသည်။

ဘာပဲဖြစ်ဖြစ် ကျော်တော့်နှင့်တွေ့လျှင် ပြီးရောဟူသောသဘောဖြင့် ဇာဇာလျှံက စွန့်စွန့်စားစား ထွက်ပြေးလာခဲ့ခြင်း ဖြစ်လေသည်။

"ကျော်ကျော်ရေ. . . ကျော်ကျော်"

"ဝုန်း. . . ဝုန်း"

ဇာဇာလျှံသည် ဆေးခန်းပေါ်သို့ ပြေးတက်လာပြီး ကိုကျော်သူကို အော်ဟစ်ခေါ်သည်၊ သူ့ရင်ထဲတွင် ပူပန်စိုးရိမ်မှု သောကတွေနှင့် ဗုံကြီးပေါက်ကွဲနေသလို ဖြစ်သည်၊ တိုးတိုးသာခေါ် ရမှန်း တံခါးကို ညင်သာသာ ခေါက်ရမှန်းပင် သတိမရှိတော့၊ အသံကို တအားကုန် အော်ဟစ်ကာ တံခါးကိုလည်း တဝုန်းဝုန်း တအားကုန် ထုရိုက်သည်။

"ကျော်ကျော်ရေ. . . ကျော်ကျော်"

"ဝုန်း. . . ဝုန်း၊ ကျော်ကျော်"

အိပ်မောကျချိန်လည်း ဖြစ်နေသည့်အပြင် မိုးသက်လေကလည်း ဆန်နေသဖြင့် ကိုကျော်သူ၏ အသံကို လုံးဝ မကြားရသော ဇာဇာလျှံ၏ရင်ထဲမှာ ပူပန်လာမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေညသည် စနေနေ့ည ဖြစ်သဖြင့် ကျော်ကျော် သူ့ရွာမှာ ပြန်နေမလား၊ အရင်တစ်ခါ သူ နေမကောင်း၍ မောင်ထွန်းရွှေ လာခေါ် စဉ်က ရွာပြန်နေသဖြင့် မတွေ့ ဖြစ်ခဲ့ရပေ၊

ဤသည်တို့ကို သတိရမိသောအခါ စိတ်တင်း၍သာ ခေါ်နေရသော်လည်း ဇာဇာလျှံ၏အသံမှာ ဝမ်းနည်းအားငယ်သံနှင့် ငိုသံပင် ပါလာလေ သည်၊

"ကျော်ကျော်ရေ. . . ကျော်ကျော်"

"ဟေ့ ဘယ်သူလဲ ဆရာလေးကိုခေါ်တာ"

ကိုကျော်သူ့အသံ မဟုတ်သဖြင့် ခဏတော့ ဇာဇာလျှံက နှုတ်ဆိတ် သွားသည်။ ရင်ထဲက သောကဗူပန်မှုသည် ပို၍ ကြီးမားလာသည်၊

"ဟေ့. . ဘယ်သူလဲလို့ မေးနေတယ်"

အခန်းထဲ မီးလင်းလာပြီး ပြန်မေးသံက ကျယ်လောင်လာသည်။

"ကျွန်. . . ကျွန်မပါ"

"ဗော"

အံ့ဩသံနှင့်အတူ တံခါးလည်း ပွင့်လာ၏၊

တံခါးဖွင့်ပေးသူ ဦးသာမောင်ကြီးမှာ အရွှေအချောက်ခံရသူလို စကားမပြောနိုင်သေးဘဲ ဇာဇာလျှံကိုသာ ပြူးထွက်လာသော မျက်လုံး အစုံနှင့် စိုက်ကြည့်ကာကြောင်နေလေသည်၊

"ကျော်. . . ကျော်"

"ဟာ. . . သူ. . . သူဇာ"

"မောင်ရယ်. . ."

ဇာဇာလျှံသည် ကိုကျော်သူကို မြော်တော်ပြီး ချုံးပွဲချ ငိုဝစ်လိုက်သည်။

တစ်ချိန်လုံး ရင်ထဲဆို့ကျပ်လာခဲ့ရသော ဝေဒနာများကို ဇာဇာလျှံ သည် ချစ်သူ၏ရင်ခွင်ထဲ၌ ဖွင့်အန်လိုက်သည်၊

"ဘယ်လိုဖြစ်တာလဲ သူဇာရယ်"

"မောင့်ဆီကို သူဇာ ပြေးလာတာ"

မျက်ရည်မိုးစက်တို့ဖြင့် ရွှဲရွှဲစိုလာသော ဇာဇာလျှံ၏ ကိုယ်လုံးလေး ကို တင်းတင်းကျပ်ကျပ်ဖက်ကာ ကိုကျော်သူမှာ အံ့ဩသွားလေ၏။





ကြိုတင်အိမ်နီးဆိုတာခြင်းလည်း မရှိဘဲနှင့် မိုးသည်းလေထန်နေသော ဤလိုမှောင်မိုက်ညမှာ သူ့ဆီကို စွန့်စွန့်စားစား တစ်ယောက်တည်းပြေးလာ ခဲ့ရသော ဇာဇာလျှံ၏အဖြစ်ကိုလည်း သနားမဆုံး ဖြစ်သွားမိသည်။

သူ့အပေါ်၌ ဇာဇာလျှံ၏မေတ္တာတရားသည် ကြီးမားလွန်းလှသည် တကား။

"ဗုဒ္ဓေါ ပါမိ သူဇာရယ် ကြိုတင်ပြောတော့လဲ မောင် လာခေါ်ရ"

"အို. . . မောင်က သိသားနဲ့"

ဇာဇာလျှံက ရှိုက်သံနှင့် ပြောလိုက်သည်၊

"ကဲ. . ဦးလေး ကျွန်တော့်ကို လာမေးရင် အမေတို့ရွာကို ပြန်သွား တယ်ပြောပါနော်၊ ဘယ်သူ လာမေးမေး၊ ဒီက သူဇာ. . အင်း. . ဆရာမ ကျွန်တော်နဲ့ လိုက်သွားတယ်ဆိုတာ မပြောပါနဲ့ဗျာနော် စိတ်ချပါရစေ"

"စိတ်ချပါကွယ် စိတ်ချပါ၊ အေး. . ဒါနဲ့ မောင်ကျော်သူ ဘယ်နေ့ လောက် . . . "

"ကျွန်တော် တနင်္လာနေ့ ဆေးခန်းဖွင့်အမီ ပြန်လာမှာပါ ဦးလေး ဒီမှာ ဝိရှိသော့"

ကိုကျော်သူသည် ပြောပြောဆိုဆိုနှင့်ပင် သူမိုးကာအင်္ကျီကို ကောက်စွပ်ကာ ဇာဇာလျှံကို လက်ဆွဲ၍ ဆေးခန်းပေါ် က ဆင်းလာ၏၊

"ဩော်. . ဦးလေး. . ကျွန်တော့် စက်ဘီး"

"သူ့ဇာ့မှာလဲ ပါပါတယ်မောင်"

"နေပါစေတော့ ဦးလေး၊ ကျွန်တော်တို့ သွားမယ်နော်"

ချစ်သူနှစ်ယောက်သည် မှောင်မိုက်သိပ်သည်းနေသော ညလွင်ပြင် တို့ စက်ဘီးတစ်စီးတည်းစီးကာ ဖြတ်ကျော်လာကြသည်၊

သူတို့နှစ်ယောက်၏ ရင်ထဲမှာ ရွှေခမိုးအတွက် ပူပန်လာကြသဖြင့် စကားပင် တော်တော်နှင့် မပြောမထွက်ဖြစ်နေကြ၏၊

"မောင်. . . ဘယ်လဲဟင်"

ကိုကျော်သူသည် မိမိရွာ ရွှေတောင်ကြားဘက်ဆီသို့ မတူတတဲ့ လမ်းအတိုင်းပင် စက်ဘီးကို တောင်ဘက်သို့ ဆက်နှင်းလာသဖြင့် ဇာဇာလျှံက မေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့ ခု . . . ချိန်ချောင်းရွာကို ပြေးကြမှဖြစ်မယ် သူဇာရယ်၊ ရွှေတောင်ကြားထို သွားလို့ မဖြစ်သေးဘူး၊ ဦးသာမောင်ကြီးကို မောင် သက်သက် လိမ်ပြောခဲ့တာ"

ဤမျှဆိုလျှင် ကိုကျော်သူ၏သဘောကို ဇာဇာလျှံတလည်း အတော် သိလေသည်။ ရွှေတောင်ကြားရွာကို သွားနေကြလျှင် ဖေဖေသိပါက လိုက် လာနိုင်သည် မဟုတ်ပါလား။

"မောင့်ကို တွေ့မှ တွေ့ပါ့မလားလို့ သူဇာ ပူလိုက်ရတာ မောင်ရယ်"

"မောင်လဲ ဘယ်လိုမှ မထင်တာ၊ သူဇာ့ကို ရုတ်တရက်တွေ့ရတော့ အံ့ဩသွားတာပေါ့၊ သူဇာက သိပ်စွန့်စားရဲတာပဲ"

"မောင့်ကို ချစ်တာကိုး"

ဇာဇာလျှံက ကိုကျော်သူ၏လည်ပင်းကို လက်တစ်ဖက်နှင့် နောက် ပြန်သိုင်းဖက်လိုက်ရင်း ပြော၏။

"မောင့်အချစ် သူဇာရယ်"

ဇအိုးလမ်းမှာ အဆင်းကြီးဖြစ်သဖြင့် အမှောင်ထဲတွင် ကိုကျော်သူ အာ စက်ဘီးကို သတိနဲ့ ထိန်းနင်းလာရသည်။

တောင်ကြားလမ်း လွန်သွားသောအခါ ပင်လယ်ပြင်ကို လှမ်းမြင်ရ သည်။ ကားလမ်းမှာ ပင်လယ်ကမ်းခြေအတိုင်း ဖြစ်သဖြင့် လေကလည်း ပိုထန်လာသည်။

မင်းရွာနှင့် ချိန်ချောင်းရွာမှာ လေးမိုင်ကျော် ဝေးလေသည်။

"မောင်ရယ်"

"ဗျာ. . ."

"သူဇာနဲ့မောင် ဘယ်တော့မှ မခွဲရတော့ဘူးနော်. . . မောင်"

"ဒါပေါ့သူဇာရယ်၊ ခုလောလောဆယ်တော့ ချိန်ချောင်းရွာမှာ ခဏ နေကြတာပေါ့၊ နောက်လေးငါးရက် တစ်ပတ်ကြာမှ ရွာပြန်ပြီး နေကြတာ ပေါ့နော်"

"သူဇာကတော့ မေမေ့ကိုပဲ သနားတယ်၊ ဖေဖေက မေမေ့ကို ဆူချင်ဆူနေမှာ"

"ဒါတွေ မတွေးပါနဲ့ သူဇာရယ်၊ နော်"





ကိုကျော်သူက စက်ဘီးကို ထိန်းနင်းနေရင်း ဇာဇာလျှံ၏ပါးပြင်ကို တစ်ချက်နမ်းလိုက်သည်။

သည်လိုနှင့် ချိန်ချောင်းရွာအစ ပင်လယ်ကမ်းခြေနားက အုန်းခြံ ကြီးတစ်ခြံဝသို့ ရောက်လာကြသောအခါ ကိုကျော်သူက စက်ဘီးကို ခြံဝ တွင် ရပ်လိုက်သည်။

"ကျော်စံလှရေ ဟေး . . . ကျော်စံလှ"

မိုးစဲသွားပြီ ဖြစ်သော်လည်း ခြံဝနှင့်အိမ်မှာ အတော်ဝေးသဖြင့် ကိုကျော်သူက တအားလှမ်းအော်ရသည်။

"ကျော်စံလှ. . . ကျော်စံလှရေ"

"ဟေ့ကောင် ကျော်သူ၊ မင်း ဘယ်လိုဖြစ်လာတာလဲ"

"ဟေ့ကောင်. . . တိုးတိုးကွ၊ ငါ မိန်းမ ခိုးလာတယ်"

"အည်း . . . ဝမ်းသာလိုက်တာကွာ"

ကိုကျော်သူက သူငယ်ချင်း ကိုကျော်စံလှ၏ ဝမ်းခေါင်းသံကြီးနှင့် အပြောကြောင့် ဇာဇာလျှံမှာ ရှက်ရွံ့၍ပင် သွားမိသည်။

"အမေ. . ကျော်သူရယ် မိန်းမခိုးလာတယ်ဗျို့"

"ဩော်. . . ဟုတ်လား၊ ကဲ. . . လာ လာ"

ကိုကျော်စံလှအမေ၏ ဖော်ရွေပျူငှာသော ဖိတ်ခေါ်မှုက ကိုကျော် သူနှင့် ဇာဇာလျှံတို့၏ရင်ထဲကို ချက်ချင်း အေးမြသွားစေလေသည်။

မိုးသက်မုန်တိုင်းကြားမှ စွန့်စွန့်စားစား ပြေးလာခဲ့ရသော ဇာဇာလျှံ ၏တစ်ကိုယ်လုံးသည် မိုးရေစက်တို့နှင့် တုန်ယင်လာသော်လည်း ယခု တော့ ချစ်ရသူ၏ရင်ခွင်မှာ တစ်ညလုံး နွေးထွေးစွာ ခိုနားမှေးစက်ရလေ ပြီတည်း။

။

သည်ကနေ့ နေရောင်ခြည်ကို မြင်ရသည်။

တစ်ပတ်ကျော်တော့ မိုးသည်းထန်စွာ ရွာသွားသဖြင့် ကောင်းကင် သည် ကြည်လင်ပြာလဲ့လျက် ရှိသည်။

ဇာဇာလျှံသည် ခြံထဲဆင်း၍ လမ်းလျှောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အညာတို့ နေ့ခင်းနေ့လယ်တွင် မောင်လည်း မရှိသဖြင့် ဇာဇာလျှံမှာ ပျင်းနေသည်။ ဒီကနေ့ သောကြာနေ့၊ မနက်ဖြန် စနေ၊ သန်ဘက်ခါ တနင်္ဂနွေ။

ဇာဇာလျှံသည် တနင်္ဂနွေနေ့ကို လက်ချိုး ရေတွက်နေမိသည်။ တနင်္ဂနွေနေ့ရောက်မှ မောင်က နေ့ခင်းနေ့လယ် အိမ်မှာ ရှိမည်။ တခြားနေ့တွေဆိုလျှင် မောင်က မနက်အစောကြီး ဆေးခန်းသွားပြီး ညဥ့်မိုးချုပ် လူခြေတိတ်မှ ဥယျာဥ်ထဲသို့ ပြန်ရောက်လာတတ်သည်။ ဇာဇာလျှံ ဥယျာဥ်ထဲ ရောက်နေသည်မှာ မနက်ဖြန်ဆိုလျှင် တစ်ပတ်ပြည့်တော့မည်။

သည်ရက်ပိုင်းတွင် ဇာဇာလျှံကို အိမ်က လိုက်ရှာနေကြကြောင်း သိရသည်။ လူပျောက်လည်းတိုင်ထားသည်။ ကမ်းလွန်သာနှင့် ရန်ပြေမှာ အစေခံ လူလွှတ်၍ ရှာခိုင်းသည်။ မောင်တို့ရွာ ရွှေတောင်ကြားကိုလည်း အခေါက်ခေါက်အခါခါ ရှာပြီဟုဆို၏။

မောင်က ဟန်မပျက် နေ့တိုင်း ဆေးခန်းဖွင့်နေသော်လည်း မောင့်ကို ဘယ်သူကမှ မယုံကြ။ ဖေဖေ၏ လူယုံများက ခဏခဏ ဆေးခန်းလာ ကြည့်သည်။ ဟိုလူ သည်လူတွေ မေးသည်။ ထို့ကြောင့်လည်း မောင်သည် ညမိုးကြီးချုပ်မှ ဇာဇာလျှံရှိရာ ဥယျာဥ်ထဲလာရပြီး မနက်ဆိုလျှင်လည်း မိုး မနိုးခင်ကပင် သူ့ဆေးခန်း ပြန်ပြေးရသည်။

"ဒီလိုချည်း နေသွားရတော့မလား မောင်ရယ်"

"ဒီလိုချည်းတော့ ဘယ်သူက နေချင်ပါ့မလဲဇာဇာရယ်၊ မောင်က အချစ်ကလေးနဲ့ နေ့မခွဲ ညမခွာ နေချင်တာပေါ့"

"အပြောကတော့"

ဇာဇာလျှံက စိတ်ကောက်သလိုပြောတော့ မောင်က ချော့သည်။

"ဒီတစ်ပတ်တင်ပါ. . . ရွှေ့အပတ် ရောက်ရင် လူကြီးတွေကို သွားဖောက်နိုင်းရမယ်၊ ခက်တာက လောလောဆယ်တော့ နှစ်ဖက်စလုံး အဆင်မပြေသေးဘူး၊ ဖေဖေသေတာနဲ့ပတ်သက်ပြီး ရဲက သူဇာတို့ အဖေကိုခေါ် စစ်တာနဲ့ ပတ်သက်ပြီး မောင်တို့အပေါ်မှာ ယောက္ခမကြီးက. . ."

"အကောင်းပြောနေရင်နော်. . . မောင်"

"နို့ မဟုတ်ဘူးလားငို. . . ဟဲ. . ဟဲ"





"ဟဲ. . . ထားပါတော့၊ မောင်တို့ဘက်ကတော့ ဘာ မကျေနပ်စရာ ရှိလဲလို့"

"လောလောဆယ်တော့ တစ်ဖက်နဲ့တစ်ဖက် နည်းနည်းအမ်းနေကြမှာပေါ့ သူဇာရယ်၊ နောက်တော့ အဆင်ပြေသွားကြမှာပါ။ ဒါတွေ မတွေးစမ်းပါနဲ့၊ တစ်ပတ်တောင် မပြည့်သေးဘူး၊ ဘာလဲ ဒီမှာနေရတာ သူဇာ မပျော်လို့လား"

"မောင်နဲ့အတူ နေရရင် ဘယ်နေရာ နေရနေရ သူဇာ ပျော်ပါတယ်"

"အင်းပေါ့ တစ်မကြီးရယ်၊ မီသားဖသားဝိဝိ. . ."

"တင်"

ကိုကျော်စံလှတို့အမေ အသံကြား၍ လှမ်းကြည့်လိုက်ရာ အမေ့ကို မြင်ရတော့ ဇာဇာလျှံရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ ကိုကျော်စံလှတို့ အမေနှင့် မေမေသည် ဇာဇာလျှံရှိရာ အိမ်နောက်ဘက်ဆီသို့ လျှောက်လာနေကြသည်။

ဇာဇာလျှံသည် အုန်းပင်တစ်ပင်နှင့် သူ့ကိုယ်ကို ကွယ်နေလိုက်ပြီး အုန်းပင်အခြေခံခွဲတွေကို အမိပွာယ်မဲ့စွာ လက်သည်းနှင့် ကုတ်ခြစ်နေမိသည်။

"သမီး"

ဇာဇာလျှံသည် မေမေ့ကို ဘာပြန်ပြောရမှန်း မသိဘဲ ရင်ထဲ လှိုက်ဖိုလာမိ၏။

"မေမေနဲ့ ပြန်လိုက်ခဲ့နော် သမီး"

"မေမေ့ကို သမီးကြောက်တယ် မေမေ"

ဇာဇာလျှံက အမှန်အတိုင်း ပြောလိုက်သည်။ မေမေ၏ တည်ငြိမ်သောရုပ်သွင်ကို မြင်ရသဖြင့် ဝမ်းသာမိသော်လည်း ဖေဖေနှင့် ရင်ဆိုင်ရမှာတော့ ဇာဇာလျှံစိတ်ထဲက အကြောက်ကြီး ကြောက်နေလေသည်။

"သမီးတို့ စိတ်တိုင်းကျ ဖြစ်ရမှာပါ သမီးရယ်. . . ဘာမှ ကြောက်စရာ မလိုပါဘူး၊ သမီးမေမေ တစ်ယောက်လုံး ရှိပါတယ်၊ ကဲ လာလိုက်ခဲ့ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ ချစ်ခြင်းကိုတော့ မခွဲကြပါနဲ့ မေမေရယ်နော်"

"မောင်ကျော်သူကို သမီးသဘောကျတယ်ဆိုရင် မေမေတို့ဘ ဘာမှ ကန့်ကွက်စရာမရှိပါဘူး၊ သမီးသဘောပါ"

အမေက ကြင်နာစွာ လာတွဲဖက်ခေါ်တော့ ဇာဇာလျှံက ရှိုက်သံနှင့် ပြောမိသည်၊

"အင်းပါ. . . သမီးရယ်၊ မေမေတို့မှာ ဒီသမီး တစ်ယောက်တည်းပါ သမီးစိတ်တိုင်းကျ ဖြစ်ရမှာပေါ့"

မေမေ၏စကားကိုတော့ ဇာဇာလျှံ ယုံကြည်ပါသည်၊

သို့သော် မောင်နဲ့ခဏတာခွဲပြီး လိုက်ရမှာတော့ ဝမ်းနည်းမိ၏၊

"မောင်လာအောင် စောင့်ပါဦးလား မေမေရယ်၊ မောင့်ကိုပါ မေမေ တို့ တစ်ခါတည်းခေါ်ပါလားဟင်"

"ဟင်း . . . ဟင်း"

"အဲဒါပဲ ကြည့်တော့ ညီမရယ်. . . ကျွန်မသမီးက ဆရာမကြီးအော လုပ်နေတာ ခုထိ ကလေးလိုပဲ၊ မောင်ကျော်သူကိုပါ ချက်ချင်းခေါ်သွား ရင်တော့ ဘယ်သင့်တော်ပါ့မလဲ သမီးရယ်၊ သမီး မေမေတို့နဲ့ အိမ်ပြန်သွား ပြီဆိုတာ သိရင် မောင်ကျော်သူလဲ သမီးဆီ လာရမှာပေါ့၊ မဟုတ်ဘူး လားညီမရယ်"

"ဟုတ်ပါတယ် ဆရာမလေးရယ်၊ ဆရာလေးကိုပါ တစ်ခါတည်း ခေါ်သွားလို့တော့ ဘယ်သင့်တော်ပါ့မလဲ၊ သူ့ဘက်ကလဲ မိသားဖော ပီပီ ဆောင်ရွက်ရဦးမှာပေါ့၊ ဒီက အစ်မကြီးတို့ဘက်ကလဲ တာဝန်မပျက် ဆောင်ရွက်ကြရမှာပေါ့၊ ဒီအသက်အရွယ်ဟာ ဘယ်သူ့ဘက်ကမှ ကန့် ကွက်စရာ မရှိပါဘူး၊ ကလေးလေး အရွယ်တွေမှ မဟုတ်တာ"

ကိုကျော်စံလှတို့ အမေကပါ ဝင်ပြောတော့ ဇာဇာလျှံမှာ ရှက်ပြ ရှက်သွားမိသည်၊

မောင့်ကိုပါ တစ်ပါတည်း စောင့်ခေါ်ဖို့ ပြောမိတာ လွန်သွား ပြီလား၊ ပြီးတော့ ဇာဇာလျှံမှာ ဆရာမအသက်ကလည်း မငယ်တော့ ဤအသက်အရွယ်နှင့် ခိုးရာလိုက်ပြေးတာ လူရယ်စရာများ ဖြစ် ရော့လား၊





ကိုကျော်စံလှတို့အမေစကားက ဘာရည်ရွယ်ချက်နှင့် ပြောပါလိမ့်၊

ဇာဇာလျှံသည် တွေးရင်း ခေါင်းနောက်ပြီး ရှက်လာမိသည်၊

"ကဲ. . . လာပါ သမီးရယ်၊ ညနေကျတော့ မောင်ကျော်သူတာလဲ သူ့ဘက်က လူကြီးစုံရာနဲ့ လာပြောပါလိမ့်မယ်၊ သမီး ဘာမှ မစိုးရိမ်ပါနဲ့ နော်"

အိမ်ပေါ်က အဝတ်လွယ်အိတ်ကို အပြေးသွားယူပြီး ပြန်ဆင်းလာ တော့ ခြံဝမှာ အိမ်ကကားကို တွေ့ရသည်၊

ကားထက်တွင် ဖေဖေပါသေးလား ကြည့်တော့ မောင်သီကိုသာ မြင်ရသဖြင့် ရှက်ရွံ့စိတ်တွေ ဖြစ်သွားမိသည်၊ မောင်နဲ့ ခဏခွဲသွားရမှာ ပူပန်မိသလို ချစ်သူနောက် လိုက်ပြေးလာမိသည်ကိုလည်း ယခုတော့ ဇာဇာလျှံစိတ်ထဲက ရှက်နေသလိုပင်၊ ကျောင်းက ကလေးတွေတွေ့လျှင် သူ့ကို နောက်ပြောင်ကြလေမလား၊

ဇာဇာလျှံ စိတ်ထဲမှာ စိုးရွံ့နေမိသည်၊

"အဒေါ်ရယ် ညနေကျရင် မောင့်ကို ဆက်ဆက် အိမ်လာဖို့ သူ့ဆ မှာသွားတယ် ပြောပါနော်"

"ဟဲဟဲ. . . အေးပါ ဆရာမလေးရယ်၊ အဒေါ် ပြောလိုက်ပါ့မယ် စိတ်ချပါ"

ကိုကျော်စံလှအမေနှင့် မေမေကပါ ဇာဇာလျှံကို ကြည့်ပြီး ပြုံးကြ တော့ ဇာဇာလျှံမှာ ဒုတိယအကြိမ် ရှက်ရပြန်သည်၊

"ဩော်. . . အမေ၊ သမီးစက်ဘီး ကျန်နေသေးတယ်"

"နေ. . . နေ သမီးနေပါ၊ မောင်သီ သွားယူလိမ့်မယ်"

ကားပေါ်ရောက်မှ သူ့ စက်ဘီးကို သတိရသဖြင့် မောင်သီက သွားယူရသည်၊

"အဒေါ်ရယ် ကိုကျော်စံလှလာရင် ကျွန်မ နှုတ်ဆက်သွားတယ် ပြောလိုက်ပါနော်၊ ညကျရင် မောင်နဲ့အတူ လိုက်လာခဲ့ပါလို့"

"အေးပါကွယ်. . . အေးပါ အေးပါ"

ဇာဇာလျှံတို့ သားအမိကို ခြံဝထိ လိုက်ပို့သော ကိုကျော်စံလှ၏ အမေက လက်ပြ၍ ပြန်ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com



ကားထွက်လာသောအခါ ဇာဇာလျှံ စိတ်ထဲမှာ ပျော်သလိုရှုပ်သလို ခံစားနေရသည်။ မောင်သီကတော့ သူ့အစ်မကို စကားတစ်ခွန်းမျှ မပြော။ အစ်မ လင်ယူသဖြင့် မောင်ဖြစ်သူက ရှက်နေသည်။

ဇာဇာလျှံကလည်း မောင်သီကို စကားမပြောရဲသေး။

"မေမေ"

"ဘာလဲဟင် သမီး"

"မောင့်ဆေးခန်းကို တစ်ခါတည်း ဝင်ပြီးတော့ ပြောထားခဲ့ကြရင် မကောင်းဘူးလား မေမေ၊ နို့မို့ရင် မောင်က"

ဇာဇာလျှံက မိမိရွာနားသို့ ရောက်လာပြီ ဖြစ်သဖြင့် ကိုကျော်သူ ဆေးခန်းထဲ ဝင်ပြောရန် ပန်ကြားလိုက်သည်။

ဒေါ်ဇာလီမေသည် အောက်နှုတ်ခမ်းကို မသိမသာ ကိုက်လိုက်ပြီး ဇာဇာလျှံကိုလည်း စူးစူးရဲရဲ ကြည့်ပစ်လိုက်သည်။ အမေ၏ စူးစူးရဲရဲ အကြည့်ကြောင့် ဇာဇာလျှံ၏ စကားက ရပ်သွားသည်။ အမေ၏ အမူအရာကြောင့် သူ့စိတ်ထဲ သံသယတွေလည်း ချက်ချင်း ဝင်ရောက်လာပြီး နေသည်။

'အမေ သူ့ကို လိမ်ညာ၍များခေါ်လာလေမလား။ အမေက အရေးကိုကြောက်တော့. . .'

"ဟဲ့. . . မိဇာဇာလျှံ နင့်ကြောင့် ငါသေချင်တယ်သိလား၊ ကျေးဇူး မရ အရှက်မရ တော်၊ နင်ဘယ်လိုဖြစ်နေတာလဲ မလွန်ဘူးလား၊ နင်ဟာ ဂုဏ်နဲ့ဖြိုးနဲ့နေတဲ့ မိကောင်းဖကောင်းသားသမီးနဲ့များတူသေးရဲ့လား တော် ကိုယ်လုပ်တဲ့အလုပ်၊ ကိုယ်နေတဲ့ နေရာ၊ နင်ဟာလေ ကာလဒေသ ဘာမှ မသိတတ်ဘူး၊ လင်လိုချင်. . ."

"မေမေ"

"တော်. . . နင် ငါ့ကို ဘာမှ အတွန့်တက်မနေနဲ့၊ နင့်ကိုငါ ရိုက်သတ်မိလိမ့်မယ်သိလား။ နင့်ကို ငါရိုက်သတ်မိလိမ့်မယ်"

"သတ်ပါမေမေ မေမေသတ်ရင် သမီး သေရဲပါတယ်၊ မေမေ သမီးကို ဒီလိုရင့်ရင့်သီးသီး တစ်ခါမှ မပြောခဲ့ဖူးပါဘူး။ ခုတော့ မေမေက သမီးကို. . ."





တစ်ခါမျှ ဤလို ရင့်ရင့်သီးသီး အပြောမခံရခဲ့ဖူးသော ဇာဇာလျှံသည် မေမေ၏စကားကြောင့် ဝမ်းနည်းစိတ်ကို မျိုသိပ်မရ ဖြစ်ပြီး ရှိုက်ကြီး တစ်ငင်ငိုချလိုက်မိသည်။

ယခင်က နာမည်ပင် မခေါ်ရက်သော မေမေသည် ယခုတော့ သူ့အပေါ် ရက်စက်လေပြီ။ မေမေ ဤမျှ ရက်စက်ရအောင် သူ ဘာများ လုပ်မိပါလိမ့်။

မောင်နှင့် လိုက်လာမိသည်ကို ဤမျှထိ ရန်သတ္တရုမြူရန် မသင့်ဟု သူကထင်သည်။ ယခင်က ဖေဖေ့ အပေါ်၌သာ နာကြည်းမိသောစိတ်တို့ သည် ယခုတော့ မေမေကိုပါ နာကြည်းရလေပြီ။ အစဉ်ထာဝရ သိမ်မွေ့ နူးညံ့ခဲ့သော မေမေသည် ဤတစ်ခါ ဘယ်လို ဖြစ်သွားပါလိမ့်။

မေမေသည် သူ့အား တမင်လိမ်ညာ၍ ခေါ်လာလေပြီ။

မောင်နဲ့ခွဲ ဖို့ ခေါ်လာလေပြီ။

"မောင်ရယ် သူ့ဇာ့ကိုကယ်ပါဦး၊ မေမေတို့က သူ့ဇာ့ကို သတ်သတ် သိမ်ခေါ်သွားကြတာပါ၊ သူ့ဇာ မောင့်ကို မချစ်လို့ ပစ်သွားတာ မဟုတ်ပါ ဘူး၊ သူ့ဇာ့ကို လာကယ်ပါဦး မောင်ရယ်"

ဇာဇာလျှံသည် ရင်ကွဲလုမတတ် စိတ်ထဲက အော်ဟစ်လာလေ သည်။

ကားပေါ်ကခုန်ချပြီး မောင့်ဆေးခန်းအရောက် ပြေးလိုက်ချင်သည် သို့သော် သူ့ အမေကလည်း သူ့ကို ဒေါသနှင့် တင်းတင်းကျပ်ကျပ်ဖက် ထိန်း၍ အော်ဟစ်လိုက်ပြန်သောအခါ ဇာဇာလျှံမှာ မည်သို့မျှ မတတ်နိုင် ဖြစ်ရပြန်သည်။

"ခုတော့ နင်က ငါ့ကို ရက်စက်တယ်လို့ ပြောမယ်မဟုတ်လား၊ နင်ကကော မိဘတွေအပေါ် ဘယ်လောက် ထောက်ထားကြင်နာမှုရှိလို့ လဲအေ၊ မိဇာဇာလျှံ နင်ကကော မိဘတွေအပေါ် ဘယ်လောက် ထောက် ထား ညှာတာမှု ရှိလဲ၊ ငါတို့ကတော့ သမီးတစ်ယောက်တည်းဆိုပြီး ဘာမဆို အလိုလိုက်ထားခဲ့တယ်၊ အဲဒီ ကျေးဇူးတွေကြောင့် ခု နင်က မိဘတွေကို ရှုံးဖြစ်အောင် လုပ်လိုက်တာပေါ့။ မိဘတွေကို ကျေးစွပ်လို့ နင် ဒွေးပို ဘယ်လို လုပ်သွားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲရောက်လာသည်အထိ မေမေ၏ ကျိန်ဆဲ အော်ဟစ်ခြင်းတို့ မရပ်သေး။

ဇာဇာလျှံ၏ ရင်ထဲမှာ နာကြည်းစိတ်နှင့် မီးဟုန်းဟုန်းတော… နေပါလေပြီ။ မျက်စိတွေပြာ၍ နှုတ်လျှာတွေလည်း ဆွံ့အ,ကုန်ပါ…

ဇာဇာလျှံ အိမ်ပေါ်သို့ ငိုပြီးတက်လာသည်ကို ဖေဖေသည် မျက်… ပေါက်ထွက်မတတ် စိုက်ကြည့်နေသည်။ ဖေဖေ့ကို ရင်မဆိုင်ရဲ… ဇာဇာလျှံကတော့ အခန်းထဲသို့သာ ပြေးဝင်လိုက်၏။

"ဟင်း . . ဟင်း"

ခုတင်ပေါ်တွင် မှောက်ပြီး ငိုနေသော သမီးဇာဇာလျှံကို ကြည့်… ဦးလာဘသည် နာနာကြည်းကြည်း တစ်ချက်ရယ်လိုက်သည်။

"ငါ့ဆီမှာ တစ်ကောင်တည်း သမီးလာဖြစ်တာ နင် တော်… ကဲကောင်းသွားတယ် အောက်မေ့ပါ ဇာဇာလျှံ။ နှစ်ကောင်သာ ရှိခဲ့ရင်… ဟင်းဟင်း နင့်ကို ငါ ကောင်းကောင်း သတ်ပစ်တယ်မှတ်၊ ကောင်းကော… သတ်ပစ်တယ် သိလား"

ဇာဇာလျှံသည် သူ့အဖေကို မည်သို့မျှ ပြန်မပြောသေးဘဲ နာကြ… စိတ်တွေနှင့် မျက်ရည်ပူများကိုသာ ငိုရှိုက်ရင်း သွန်ချနေမိသည်။

"တခြားလူတွေနဲ့ဆိုရင် ငါဘာမှ မပြောဘူး၊ နင်ကြိုက်တဲ့ လူ… ခွေးသီးကြီး ဖြစ်နေပါစေ ငါ အမြီးဖြတ်ပြီး ပေးစား . . ."

"ဖေဖေ . . ."

ဤတစ်ခါတော့ ဇာဇာလျှံသည် နာကြည်းစိတ်နှင့် ခုတင်ပေါ်… ခုန်၍ထလိုက်သည်။ သူ့ မျက်စိထဲမှာ အမေ၊ အဖေတို့ကို မြင်နေရ… လည်း ရင်ကွဲလုမတတ် ခံစားနေရသော ဝေဒနာသောကနှင့် မည်သူ့… မမှုတော့။

"ဟင် . . . နင်က ငါတို့ကို ဘာပြောဦးမလို့လဲ"

ဦးလာဘက ရှေ့သို့တိုးလာသည်။ ဒေါ်ဇာလီမေသည် ဦးလာဘ… သူ့သမီးအား စိတ်လိုက်မာန်ပါ ရိုက်နှက်မိမည်စိုးသဖြင့် သမီးကို ပြေး… ထား၏။ ဒေါ်ဇာလီမေ၏မျက်နှာမှာလည်း မျက်ရည်တွေ ပြည့်လျှံ… သည်။



အမှန်က ဒေါ်ဇာလီမေသာ မဟုတ်၊ ဦးလာဘနှင့် ဇာဇာလျှံတို့၏ …နှာတွေမှာလည်း ကိုယ့်နာကြည်းချက်နှင့်ကိုယ် မျက်ရည်စီးကြောင်း …တွေ ပြိုင်နေကြသည်။

"ဇာဇာလျှံ"

ဦးလာဘသည် အံကိုတင်းတင်းကြိတ်၍ သူ့သမီးကို စိုက်ကြည့်ကာ …ခေါ်လိုက်သည်။

ဇာဇာလျှံကလည်း မျက်ရည်ကြားမှ သူ့အဖေကို မီးထွက်မတတ် …တ်လုံးနှင့် စိုက်ကြည့်နေ၏။

သူ့ရင်ထဲမှာ ဆို့နင့်နေ၏။

သူ့ခေါင်းထဲမှာလည်း ကမ္ဘာမီးလောင်နေပါပြီ။

"ဒီခွေးကောင်အကြောင်း နင်က ဘာတွေလျှောက်လဲချက်ပေးပြီး …တွန့်တက်ချင်သေးလို့လဲတင်"

တစ်သက်လုံး သူက သေဆိုသေ၊ ရှင်ဆိုရှင်နေလာခဲ့သော သမီးက …ခု သူ့ကို ရဲရဲဝံ့ဝံ့ ပြန်ကြည့်နေသည်မှာ ပမာမခန့်ရန်တော့၊ ကဏ္ဍာတော… …ရန်ကောဟု ဦးလာဘကလည်း ပို၍ ဒေါသထွက်လာသည်။

"သ . . . သမီးချစ်သူက ခွေးလောက်မှ တန်ဖိုးမရှိဘူးလို့ ပြောရ …လောက်အောင် နှုနေဝဲနေလို့လား ဖေဖေ၊ သမီး ချစ်သူက တရိစ္ဆာန်ချွတ် …ခွင်းနေလို့လား၊ သားကြီးမယားကြီး ရှိလျက်နဲ့ သူများ သားမျိုးသမီးမျိုး …တွေကို လိုက်ပြီး ဖျက်ဆီးနေလို့လား၊ ဘာ . . အ . . ."

"ဟင် . . . နင် ငါ့ကို သက်သက်စော်ကားပြန်ပလား"

"ဖို . . ကိုလာဘ၊ ရှင်ပြောတာကိုက မဟုတ်တာ၊ စကားကို တစ်ခါ …တည်းပြောလဲရသားနဲ့ ဝေ့လည်ကြောင်ပတ် ပြောနေတာကိုး"

"သတ် . . သတ်ပါဖေဖေ၊ သမီးကို သတ်ချင်လို့၊ ဖေဖေ မေမေ့ကို အမင်ခေါ် ခိုင်းတာ၊ ခွေးသီးနဲ့တောင် ပေးစားမယ်တဲ့၊ ဒီလိုဆို သမီးကို ဘာလို့ ပြန်ခေါ်ကြရတာလဲ၊ သမီးထိုက်နဲ့ သမီးကံနေတာ ဘာလို့ပြန်ခေါ် ကြရတာလဲ၊ သတ် . . သတ်ပါ သမီးကို သေအောင်သတ်လိုက်ကြပါ"

"ဟဲ့သမီး . . . ဟဲ့အို . . . ငါ့နှယ်တော်၊ ကိုလာဘ သမီးတစ်ခုခု ဖြစ်သွားရင် ရှင်ပဲ . . . ရှင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇာဇာလျှံသည် သူ့အဖေအပေါ်၌ အနှစ်နှစ် အလလက မကျေနပ်ချက်တွေကို နာကြည်းစိတ်နှင့် ဖွင့်အန်လိုက်၏။

ဇာဇာလျှံ၏စကားထဲတွင် သူများ သားပျိုသမီးပျိုတွေကို ဖျက်ဆီးနေလို့လားဟူသော စကားမှာ ဦးလာဘ နောက်မယားငယ်ယူသည့်ကိစ္စကို တိုက်ရိုက် ပြောသလို ဖြစ်သွားသဖြင့် ယမ်းပုံမီးကျဖြစ်ကာ လက်ထဲရှိ ဆေးဘူးနှင့် ဇာဇာလျှံခေါင်းကို ထုရိုက်သည်။ သို့သော် ချစ်သူအတွက်ရင် ရင်ထဲမီးတောက်နေသဖြင့် ထုရိုက်ချက်တွေကို နာကျင်ရမှန်းမသိ။

"ဖေဖေသာ မတရားတာ၊ သူများ အချိန်အရွယ်ရောက်လို့ ချစ်သူတစ်ယောက်ကို အတည်တကျယူတာအပြစ်လား၊ နေ့ရောညပါ အရက်သောက် ဖဲတွေရိုက်ပြီး အသက်ငါးဆယ်ကျော်မှ မယားငယ်ယူတာ ဒါကျတော့ ဖေဖေကတရားတယ်၊ သတ်. . . သတ် သေအောင်သတ်"

ဟူသော မာနစိတ်နှင့် ဇာဇာလျှံက သူ့အဖေကို အတင်းဖက်ပြီး ခေါင်းတိုးပေးနေသောအခါ ဒေါ်ဇာလီမေမှာ ဆွဲရတားရမြန်သည်။

စိတ်ကြီးသောသမီးနှင့် ဒေါသကြီးသော ခင်ပွန်းသည်တို့ကြားမှာ ဒေါ်ဇာလီမေတား ညက်ညတ်ကြေရသည်။ ဦးလာဘ၏ ရိုက်နှက်ချက်တွေမှာ ဇာဇာလျှံကိုထက် ဒေါ်ဇာလီမေကိုသာ အထိများလေသည်။

"ခွေးထက်မိုက်တဲ့ ကောင်မလေး၊ ဘာမှ နကန်းမသိဘဲနဲ့ ငါ့ကို အာခံတယ်၊ ငါသတ်ရင် သေတော့မယ်နော် ဟင်း . . ."

သူ့ဇနီးက သမီးကို အတင်း ရင်အုပ်ထဲဆွဲသွင်းထားသဖြင့် သူရိုက်သမျှတွေမှာ ဇနီးသည်သာခံရသည်ကို သိသော ဦးလာဘသည် ကြိတ်မနိုင်ခဲမရ ဒေါသနှင့် သူ့ သမီးကို ကြိမ်းနေပြန်၏။

"သ. . . သမီးကို မတရား နှိပ်စက်နေကြတာ၊ သေအောင်သတ်လိုက်ကြပါ၊ သေအောင် သတ်လိုက်ကြပါလား"

"ဟဲ့ သမီး တော်စမ်းဆို၊ နင် ဘာသိလို့လဲ"

"ဒီခွေးမ တယ်ငါလုပ်လိုက်ရ သေတော့မှာပဲနော်၊ နင်ဘာသိလို့လဲ ဟင် ဒီမှာကြည့်စမ်း၊ နင်ဘာသိလို့လဲ၊ ဒီကောင်က နင့်ကို တကယ်ချစ်တယ်များ ထင်နေတုန်းပဲလားဟင်၊ ဒီမှာ. . . ဒီမှာ ခွေးမရယ် ဒီစာကို နင်ဖတ်ကြည့်စမ်းပါဦး၊ ဒီစာကို ဖတ်ကြည့်စမ်းပါဦး"





ဒေါသနှင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသော ဦးလာဘသည် အိတ်ထဲက စာခေါက်တစ်ခုကို ဆွဲယမ်းဖြန့်ခါလိုက်ကာ ဇာဇာလျှံ ရှေ့ခုံပေါ်တင်ပြီး လက်သီးဆုပ်နှင့် အကြိမ်ကြိမ် ထုရိုက်အော်ပစ်လိုက်သည်။

ပြီးတော့ ယောကျ်ားတန်မဲ့နှင့် ရှိုက်ကြီးတစ်ငင်ငိုသည်။

"ရှင့်မှာလဲ နေရာတကာ ဒေါသချည်းပဲ၊ အစကပဲ ဒီစာကို ပြပြီး ပြောလိုက်ရင် ပြီးပြီမဟုတ်လား၊ ခုတော့ သက်သက် မဖြစ်သင့်တာတွေ ဖြစ်ရတာ၊ လွန်မှ ဒီစာပြတော့ မခက်. . ."

"ငါ့ကို အပြစ်မပြောနဲ့၊ မင်းကကော ဘာအရိပ်အခြည်သိလို့လဲ၊ အစထဲက ငါတားဖူးတယ်မဟုတ်လား၊ သမီးနဲ့ပဲ အလိုတူအလိုပါဖြစ်ပြီး"

"ရှင် ကျွန်မကို ဒီလိုမတရားတော့မပြောပါနဲ့၊ ဒီစာ ရှင် အရင်က ကျွန်မကို ပြဖူးလို့လား ဆိုစမ်း၊ ရှင်တစ်ယောက်တည်း ကြိတ်ကြံခဲ့တာ မဟုတ်လား၊ ရှင်က ကျွန်မတို့ သားအမိကိုတောင် မယုံလို့ ဒီစာ မပြတာ မဟုတ်လား၊ ဒါတွေက ဘာသဘောဆိုတာ ကျွန်မ မသိဘူးများ. . ."

"တော် တော်၊ စကားမရှည်နဲ့၊ ငါ အကုန်သတ်မိလိမ့်မယ် သိလား၊ နင်တို့တွေဟာ နှာခေါင်းမပါရင် ခွေးစားမယ် ဆိုတဲ့ထဲကပဲ၊ ယောကျ်ားတွေက ချစ်ပါတယ် ကြိုက်ပါတယ် ပြောတိုင်း တတယ်. . ."

"ဟုတ်ပ. . . ဟုတ်ပ တော်ရယ်၊ ကျွန်မတောင် ရှင့်စကားကို ယုံစားမိလို့ ဘယ်အသက်အရွယ်ရှိပြီးလဲ၊ ဟိုတုန်းကတော့ မိန်းမမာယာ သဲကိုးဖြာသာ ကြားဖူးပါတယ်၊ ခုတော့ မောင်တို့ ယောကျ်ားတွေ. . ."

ဦးလာဘမှာ ဒေါ်ဇာလီမေလို စကားကို အစီအစဉ်တကျ မပြောတတ်၊ သူ့မိန်းမနှင့် ဆက်ပြောနေလျှင် သူ နောက်မိန်းမ ယူထားသည့်ကိစ္စပါလာတော့မည်ကို အတပ်သိသဖြင့် သူ့ မိန်းမကို ငေါက်လိုက်သည်။

"မေ"

ဦးလာဘက ဒေါသနှင့် တစ်ခွန်းတည်း အော်ပြောလိုက်သောအခါ ဒေါ်ဇာလီမေ၏ စကားမှာ ရုတ်ခြည်းရပ်သွားလေသည်။

"ဟိုဟာမလေး. . ဘယ်ထွက်သွားဦးမလို့လဲ၊ အဲဒီစာဖတ်ကြည့်ပါ ပြောတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ပတ်သက်ပြီး သူ့အမေနှင့် အဖေကပါ ရန်ဆက်ဖြစ်နေကြသည်ကို မကြည့်လိုသဖြင့် ဇာဇာလျှံသည် အခန်းထဲက ထွက်မည်အပြုတွင် သူ့အဖေက လှမ်းအော်သဖြင့် ခုတင်ပေါ်တွင် ပြန်ထိုင်ရသည်။

စောစောကပင် "ဒီစာဖတ်ကြည့်"ဟု ဖေဖေကပြောသော်လည်း နာကြည်းစိတ်၊ နားမလည်စိတ်နှင့် အရေးမလုပ်ခဲ့သော စာကို ယခုတော့ ဇာဇာလျှံ လှမ်းဆွဲလိုက်ရသည်။

"အေး . . . အဲဒီစာကို ဖတ်ကြည့်လျှက်နဲ့ နင်တို့ ဆက်မိုက်နေကြရင်တော့ ငါ့သေနတ်ကျည်က လူမရွေးဘူး ဆိုတာသာ မှတ်ထားကြပေတော့"

ဦးလာဘသည် ဒေါသနှင့်အော်ပြောပြီး အခန်းထဲက ထွက်သွားလေသည်။ ဇာဇာလျှံသည် မျက်ရည်ကြားမှ သူ့အဖေ ပေးထားခဲ့သော စာကို ဖတ်ကြည့်လိုက်သည်။

*လာဘ . . .*

*လွန်ခဲ့တဲ့ သုံးလကျော်လောက်က မင်းဆီကို စာတစ်စောင် ပေးလိုက်သေးတယ်၊ ကမ်းလွန်သာမြို့မှာ နေတဲ့ ငါ့ မိတ်ဆွေကြီး ဦးကျော်[illegible]ခါင်ဆီက တစ်ဆင့်ပဲ၊ အဲဒီစာကို မင်း ရမရ သခင်ကြီး မသိရဘူး၊ စာထဲမှာ ငါ မြို့တောင်ကြားက မြေးရတော့ ယူမသွားနိုင်လို့ မြှုပ်ထားခဲ့တဲ့ ငါ့ခြံထဲက ငွေတွင်း တစ်တွင်းကို မင်း တူးဖော်ယူပါလို့ မြေပုံအညွှန်းပါ ထည့်ပေးလိုက်တယ်၊ ငါ့စာနဲ့ မြေပုံရရင် သခင်ကြီးဆီ စာပြန်ပါလို့လည်း မင်းဆီ စာရေးလိုက်တာပဲ၊ ခုထိ ပြန်စာမရသေးလို့ သခင်ကြီး စိတ်မကောင်းဘူး၊ ငါလည်း စစ်ဘေးဒုက္ခ သောကကြောင့် စိတ်ဗယောက်ဗယက်ဖြစ်ပြီး လိပ်စာ ထည့်မရေးမိလို့ လားလို့ တွေးမိတယ်၊ ခု. . သခင်ကြီး အိန္ဒိယကနေ အမိနိုင်ငံ အင်္ဂလန်ကို အပြီးပြန်ခါနီး သတိရလို့ သဘော်ဆိပ်က ဒီစာ ကို ရေးလိုက်တယ်၊ အမိနိုင်ငံကို ရောက်လို့ အတည်တကျ ဖြစ်မှ မင်းဆီ ငါ စာရေးလိုက်ဦးမယ်၊ ငါ့ရေနံမြေမှာ သူပုန် တွေက ရေနံ တူးချင်သလိုတူး၊ ရေနံတစ်မောင်းရရင် သူပုန်*





*တွေကို အကောက်က ငါးကျပ်ပေးရတယ်၊ မင်းတို့တော့ စောင့်ရှောက်ခအဖြစ် လယ်မြေလုပ်ကိုင်ခွင့်နဲ့ ငါ့တိုက်ကြီးကို သူပုန်တွေက ပေးထားတယ်ကြားလို့ သခင်ကြီး ဝမ်းသာတယ်၊ သခင်ကြီးအပေါ် မင်း၊ စိတ်စနိုးစနောင့် ဘာမှ မဖြစ်ပါနဲ့၊ ငါ့ပစ္စည်းဟာ မင်းပစ္စည်းပိုင် အားလုံးဖြစ်သွားပြီလို့ မှတ်လိုက်ပါ လာဘ၊ မင်းဟာ သခင်ကြီးအပေါ်မှာ သစ္စာရှိတဲ့ တပည့်မို့လို့ သခင်ကြီးပစ္စည်းတွေ မင်းပဲ ရသင့်တယ်၊ ခု မင်း ရတိုက် သလောက် ရတယ်ကြားလို့ . . သခင်ကြီး ကျေကျေနပ်နပ် ဝမ်းသာရတယ်၊ အဲဒါကြောင့် သခင်ကြီးစေတနာကို မင်းသိ စေချင်လို့ မြှုပ်ထားခဲ့တဲ့ သခင်ကြီးခြံထဲက ငွေတွင်းကို မင်း ဖော်ယူစားဖို့ စာရေးခဲ့တာပဲ၊ စာရေးတယ်သာ ပြောတယ် ဒီစာလည်း မင်းဆီ ရောက်မှ ရောက်ပါ့မလားလို့ သခင်ကြီး တွေးပူမိတယ်၊ စစ်ရိပ်စစ်ငွေ့ မပြေသေးတော့ လူတွေလည်း ဗယောက်ဗယက်နဲ့ သခင်ကြီးလည်း စိတ်ညစ်နေတယ်မင်းတို့ မိသားစုကို သခင်ကြီး အမြဲသတိရနေတယ်၊ သမီး ဇာဇာနဲ့ မင်းဇနီးကိုလည်း ပြောပြပါ။*

*မိသားစု ရွှင်လန်းချမ်းမြေ့စွာ ထာဝရ နေထိုင်နိုင်ကြပါစေ၊*

*သခင်ကြီး*

*မစ္စတာ ဝှိုလီဗွေ*

စာဆုံးသွားသောအခါ ဇာဇာလျှံသည် ချုံးပွဲချ၍ ငိုလိုက်သည်။

"မေမေ၊ ဒီစာအရဆိုရင် မောင်. . . အေး . . . သူတို့ဆီမှာ အန်ကယ်ကြီးဆီက သမီးတို့ဆီပေးတဲ့ ငွေတွင်းမြေပုံစာ တစ်ရွက် ရှိသေးတာပေါ့နော်"

"ဒါပေါ့သမီးရယ်၊ မေမေလဲ အစကတော့မသိပါဘူး၊ သမီး ဟိုကောင်နဲ့ လိုက်ပြေးသွားမှ သမီးဖေဖေက မေမေ့ကို အကြောင်းစုံပြောပြတာ၊ သူတို့ညီအစ်ကိုတွေဟာ ဘယ်လောက် ကောက်ကျစ်စဉ်းလဲတယ် ဆိုတာ ခုတော့ သမီးသိပါပြီနော်၊ ခြံထဲကငွေတွင်းကို ရယူလို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နည်းအမျိုးမျိုးနဲ့ပေါင်းပြီး ကြံကြတာတဲ့၊ သမီး မသိတာတွေ ရှိသေးတယ်၊ မေမေ ပြောပြဦးမယ်"

ဒေါ်ဇာလီမေသည် ခင်ပွန်းသည် ဦးလာဘ ပြောပြထားသည့်အတိုင်း ခြံထဲက ငွေတွင်းကိစ္စနှင့်ဆက်နွယ်ပြီး ဇာဇာလျှံကို ကိုကျော်သူက တကယ် ချစ်မြတ်နိုး၍ မဟုတ်ကြောင်း၊ ခြံထဲက ငွေတွင်းရယူလိုမှုဖြင့် ညီအစ်ကို သုံးယောက် ပိုင်းဝန်းကြံစည်ခဲ့ကြကြောင်းတို့ကို တစ်လုံးမကျန် ပြန်ပြောပြလေသည်။

"သူ. . . သူ၊ သိပ်ရက်စက်တာပဲ၊ ဒီကတော့ သူ့ကို ချစ်လိုက်ရတာ"

ဇာဇာလျှံမှာ တစ်နေ့လုံး အငိုမစဲဖြစ်ရသည်။

"အေးပေါ့ သမီးရယ်၊ အမေတလဲ အစကတော့ ဒီသူငယ် သမီးကို နှိုးနှိုးသားသား စုံမက်နေတယ် ထင်မိတာ၊ သမီး အသိပဲလေ၊ မေမေ ဘာတန့်တွက်ခဲ့လို့လဲ၊ ခုတော့ သမီးသိပါပြီနော်၊ နောက်တော့ ဆက်မရိုက်ဝါနဲ့ သမီးရယ်၊ သူ့ကြောင့် သမီးဘဝပါ"

"သမီး သူ့ကို အသက်ရှိနေသမျှ ပြတ်ပါတယ် မေမေ၊ သမီး ကတိပေးပါတယ်၊ သမီးမိုက်ပြစ်ကို ခွင့်လွှတ်ကြပါ"

ဇာဇာလျှံမှာ ငိုရလွန်း၍ မျက်ရည်များပင် ခန်းနေလေပြီ။ ယခင်က ဖေဖေနှင့်မေမေတို့ အပေါ်တွင် နာကြည်းခဲ့ရသော စိတ်တို့သည် ယခုတော့ သူတစ်ယောက်တည်း အပေါ်သို့ ကျရောက်ရလေပြီတည်း။

ဇာဇာလျှံသည် အတိုင်းအဆ မသိသော နာကြည်းကြေကွဲစိတ်၊ နောင်တစိတ်၊ ဝမ်းနည်းစိတ်တို့ကြောင့် ကိုကျော်သူနှင့် ပတ်သက်သမျှသောအရာအားလုံးကို မေ့ပစ်ဖို့ ကြိုးစားနေသည်။

ယခင်က ခေါင်းမှာပန်၍ ကိုကျော်သူလာတိုင်း နမ်းသွားသော ပန်းခြောက်တွေကို ယွန်းသေတ္တာလေး ပြာဖြစ်အောင် မီးရှို့ပစ်လိုက်သည်။ ပြီး ဇာဇာလျှံ ကမ်းလွန်သာ ဆေးရုံတက်နေစဉ်က ကိုကျော်သူနှင့် ဆေးရုံပေါ်တွင် အတူရေးဆွဲခဲ့ကြသည့် ရှခင်းပန်းချီကားတွေကိုလည်း အခန်းထဲ ချိတ်ထားရာမှ အားလုံးပြန်ခွာပြီး အစိတ်စိတ် အမြွာမြွာ ဆွဲဆုတ်ပစ်လိုက်လေသည်။





ပန်းချီရှုခင်းများ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားသလို ဇာဇာလျှံ၏ အသည်းနှလုံးတွေမှာလည်း ယခုတော့ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားကြလေပြီ။ ကိုကျော်သူနှင့်ပတ်သက်၍ ဇာဇာလျှံ နာနာကြည်းကြည်း သိမ်းဆည်းထားမိသည်မှာ သခင်ကြီးဆီက သူ့ အဖေဆီကို ပေးခဲ့သော စာတစ်စောင်သာ ဖြစ်လေသည်။

မိုးထဲလေထဲကို ဖြတ်လာနေရသော ကိုကျော်သူ၏ တစ်ကိုယ်လုံးမှာ ရွှဲရွှဲစိုလာလေသည်။ သူ၏တစ်ကိုယ်လုံးမှာ မိုးရေမိုးစက်တို့ဖြင့် ရွှဲရွှဲစိုလာသော်လည်း ရင်ထဲကမူ နေဆာယ်စင်း တမျှ ပူပြင်းလောင်မြိုက်ခြင်းကို ခံနေရလေသည်၊ တစ်ပတ်ပင် ပြည့်အောင် မပေါင်းလိုက်ရသော ချစ်သူဇာဇာလျှံကို သူ ရှာပုံတော် ဖွင့်ခဲ့ရသည်မှာ လနှင့်ချီ၍ ကြာခဲ့ပြီ။

ဇာဇာလျှံကို သူ့ အမေ လာခေါ် သွားပြီး . . . နောက်တစ်နေ့မှာပင် ကိုကျော်သူသည် မိမိရွာ ရွှေတောင်ကြားကို သွားပြီး အမေနှင့်အစ်ကိုတို့အား ဇာဇာလျှံကို မိသားဖသားပီပီ တောင်းပေးကြပါရန် ပူဆာခဲ့သည်။ ကိုကျော်သူ အမေနှင့် အစ်ကိုတို့ အနေမှာ အောက်ကျ နောက်ကျခံပြီး ဇာဇာလျှံကို သွားတောင်းကြရန် မပြောနှင့်၊ ဇာဇာလျှံအား ကိုကျော်သူ ခိုးပြေးသွားသည်ဟူသော သတင်းကို ကြားကတည်းကပင် ဒေါသဖြစ်နေကြလေရာ ကိုကျော်သူစကားမှာ သူတို့အတွက် မီးလောင်ရာလေပင့် ဖြစ်ခဲ့ရသည်။

ဇာဇာလျှံကို လက်ထပ်ယူလျှင် ဆွေပြတ်မျိုးပြတ်၊ အမွေပြတ် သေခန်းရှင်ခန်း အကုန်ပြတ်ပစ်မည်ဟု ကိုကျော်သူကို ဆဲဆိုမောင်းလွှတ်ကြသည်။ သို့သော် ဤသည်ကို ကိုကျော်သူက မမှုခဲ့၊ ဇာဇာလျှံနှင့်သာ ဘဝတစ်လျှောက် အတူ လက်တွဲသွားရမည်ဆိုလျှင် ကိုကျော်သူ့အနေက ဘာကိုမဆို ရင်ဆိုင်ရဲပါသည်။ ထို့ကြောင့်လည်း မိမိရွာက ဆွေမျိုးသားချင်းလူကြီးတွေနှင့် အမေ၊ အစ်ကိုတို့ကို ပြောမရသောအခါ မင်းရွာက လူကြီးတွေနှင့် ကျောင်းဆရာကြီးကို ချဉ်းကပ်ကာ ဇာဇာလျှံအား မိသားဖသားပီပီ တောင်းရမ်းပေးကြပါရန် ပန်ကြားရမြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရပ်ရွာကလူကြီးများနှင့် ကျောင်းဆရာကြီးတို့ ပြောစကားကို ဦးလာဘက လုံးဝ လက်မခံပေ။ ဦးလာဘသာ မဟုတ်၊ ဇာဇာလျှံကပါ ငြင်းကွယ်လိုက်သည် ဆိုသောအခါ ကိုကျော်သူမှာသာ အရှက်ရလေသည်။

သူ အလွန်ချစ်၍ ယခင်က သူ့ကို အသက်မက ချစ်ခဲ့ရပါသည် ဆိုပြီး အိမ်ကပင် သူ့ရင်ခွင်ထဲသို့ စွန့်စွန့်စားစား ထွက်ပြေးလာခဲ့သော ဇာဇာလျှံကပါ ယခုတော့ သူ့မေတ္တာကို ဥပေက္ခာ ပြုလေပြီ ဆိုပြန်တော့ ကိုကျော်သူမှာ ခံပြင်းနာကြည်းစိတ်နှင့် ဇာဇာလျှံတို့ အိမ်သို့ အတင်းသွားသည်။

တစ်ခါမဟုတ် နှစ်ခါမဟုတ် အိမ်ထဲကို အတင်းဝင်ရန် ကြိုးစားသည်။ သူ့အထင်မှာ သူဇာ သူ့ကို မချစ်လို့ မဟုတ်ပါဘူး၊ အမေအဖေတွေကိုကြောက်လို့ မလွန်ဆန်ရဲလို့ဟု ထင်နေသည်။ ထို့ကြောင့်လည်း ဇာဇာလျှံနှင့် တွေ့ရရင် တော်ပါပြီဟူသောသဘောနှင့် ခြံထဲအတင်းဝင်သည်။ ဦးလာဘ၏ လူယုံများဆီတွင် အရိုက်အနှက် အထိုးအကြိတ်ပင် ခံခဲ့ရသည်။ သို့သော် ကိုကျော်သူက လက်မလျှော့သေး။

ဇာဇာလျှံတို့အိမ်နှင့် နီးသော ဒေါ်အဝေရာသား မောင်ထွန်းရွှေဆီက တစ်ဆင့်သိရသည်မှာ ဇာဇာလျှံသည် သူပေးသောစာတွေကို အစိတ်စိတ်အမြွှာမြွှာပင် ဆွဲဆုတ်ပစ်လိုက်သည်ဆို၏။ တမန်တော်လုပ်မှုနှင့်မောင်ထွန်းရွှေကိုလည်း အိမ်ပေါ်မြို့ထဲ မနင်းရဟု မောင်းထုတ်ခံရသည်၊ နောက်တော့ ဇာဇာလျှံသည် မင်းရွာကအိမ်တွင် မရှိတော့ဟု သိရလေသည်။

ကိုကျော်သူ့အထင်မှာ ဦးလာဘသည် သူ့သမီးဇာဇာလျှံနှင့် သူက ဆွတ်တရွတ်နိုင်တတ်သည်ကို သိသဖြင့် တစ်နေ့မဟုတ်တစ်နေ့ ဇာဇာလျှံ သူ့ဆီ ပါသွားမှာစိုး၍ တောထဲကအိမ်မှာ ခေါ်ထားသည်ဟုထင်ခဲ့သည်။ ဆက်လက် စုံစမ်းတော့ တောထဲကအိမ်မှာလည်း ဇာဇာလျှံ မရှိတော့ဟု သိရပြန်သည်။

သည်လိုနှင့် ဇာဇာလျှံတစ်ယောက် ခြေရာပျောက်သွားခဲ့သည်မှာ တစ်လနှစ်လရှိလေပြီ။





ဆောက်တည်ရာမရ ဖြစ်နေသော ကိုကျော်သူအား မယားတကျူးတူ အမေ၊ အဘွား၊ အစ်ကိုတို့က အကြိမ်များစွာ ကျိန်ဆဲခဲ့ ကြသည်။ မိန်းမ တစ်ယောက်အတွက် ဤမျှဖြစ်ရသလားဟု ဒေါပွကြ သည်။ နောက်ထပ် မိန်းမပေးစားရန်လည်း စိုင်းပြင်းခဲ့ကြသည်။ သို့သော် ကိုကျော်သူ့အနေမှာကား ဇာဇာလျှံကလွဲလျှင် အားလုံး ဖွဲ့ ဆန်ကွဲထင်ခဲ့သည်။

ဝါတွင်းကာလလည်း ဖြစ်နေသဖြင့် ကိုကျော်သူအား မိန်းမပေးစားရေးကို အမေ၊အစ်ကိုတို့က နောက်ထပ် မကြိုးစားကြတော့မှ ကိုကျော်သူမှာ နေသာထိုင်သာဖြစ်ခဲ့ရသည်။

သည်လိုနှင့် တစ်လနှစ်လ ကြာသွားလေရာ ဤနေ့ အလုပ်ကိစ္စနှင့် ကမ်းလွန်သာမြို့အလာမှာ ဇာဇာလျှံ၏ ခြေရာအစအနကို ရလာလေသည်။ ဇာဇာလျှံကို သူ့အဒေါ်နှင့် ယခင် သုံးလေးရက်က ဈေးထဲ၌ တွေ့မြင်လိုက်ရသည်ဟု ဆေးရုံကြီးက ဆရာမတစ်ယောက်က သူ့ကို ပြောသည်။ သူ့အဒေါ်နှင့် တွေ့သည်ဆိုလျှင် ဇာဇာလျှံသည် သူ့အဒေါ် အိမ်၌ မုချရှိရမည်ဟု တွက်ပြီး ကိုကျော်သူက မြင်သာရပ်သို့ ထွက်လာခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ ကိုကျော်သူ့အနေမှာ ဇာဇာလျှံနှင့်တွေ့ရပြီး ဇာဇာလျှံဆီက အဖြေစကားကို ကြားချင်သည်။ "မောင့်ကို သူဇာ မုန်းမေ့လိုက်ပါပြီ" ဟူသောစကား ဇာဇာဆီက မကြားရမချင်း ကိုကျော်သူ့အနေမှာ ဇာဇာလျှံ အပေါ်၌ မစိမ်းကားနိုင်ပါချေ။ အချစ်မပြယ်နိုင်ပါချေ။

အကယ်၍ ဇာဇာလျှံက အမေ၊ အဖေတို့စကား နားဝင်ပြီး သူ့မေတ္တာကို မျက်ကွယ်ပြုစေဦးတော့ သူကတော့ ဇာဇာလျှံကို ချော့မော့ဖျောင်းဖျစကား ဆိုရဦးမည်ပင်။ သူ့အနေမှာ ဇာဇာလျှံ၏မေတ္တာကို မခံယူရလျှင် သေတာကမှ မြတ်သည်အထိ မိုက်မိုက်ရူးရူး စွဲလမ်းနေတုန်းပင်တည်း။

ကိုကျော်သူသည် ဒေါ်အေးရီ အိမ်ခြံဝ၌ စက်ဘီးကို ရပ်လိုက်၏။ ကိုကျော်သူကိုမြင်တော့ ကလေးငယ်တစ်ယောက် ခြံဝသို့ ပြေးထွက်လာသည်။ သူ့ကိုယ်ပေါ်တွင်လည်း ကျောင်းလွယ်အိတ် တစ်လုံးလည်း လွယ်ထား၏ ။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး အိမ်မှာ ဘယ်သူရှိလဲကွ"

"အမေ အဖေတို့ မရှိဘူး၊ ဈေးရောင်းသွားကြတယ်၊ မမပဲရှိတယ်၊ ဖေဖေ မေမေတို့နဲ့ တွေ့ချင်လို့လား"

"မင်းအစ်မကို တွေ့ရင်လဲ ဖြစ်တယ်"

"အစ်ကိုက ဘယ်ကလဲဟင်"

"ကိုယ် . . ကိုယ်က မင်းရွာ ဦးလာဘ ခြံထဲကပါကွ၊ မမဆီကို ဦးလေး မှာလိုက်တာရှိလို့ လာပြောတာ"

ကောင်လေးသည် ချက်ချင်း ခြံတံခါးဖွင့်ပေးပြီး မိုးရေမိုးစက် တွေကြားမှ အိမ်ထဲသို့ ပြေးဝင်သွား၏။

သူဇာနှင့် တွေ့ရတော့မည်ဟူသော အသိကြောင့် ကိုကျော်သူ၏ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာလေသည်။

"မမရေ . . ဦးကြီးဆီက အစ်ကိုတစ်ယောက်လာတယ်၊ ကျွန်တော် ကျောင်းသွားတော့မယ်နော်"

"အေး . . အေး"

ဇာဇာလှိုင်၏အသံကို ကြားသောအခါ ကိုကျော်သူ၏ရင်ထဲမှာ နွေးသွားသည်။

သူဇာ ပိန်သွားသလား၊ ဝနေသလား၊ မောင့်ကိုတွေ့တော့ သူဇာ ဘာပြောမလဲ။ အသံကတော့ ဟိုတုန်းကလို သာယာနေတာပဲ။

ကိုကျော်သူသည် ဇာဇာလှိုင် အသံကြားရာဘက်သို့ စူးစိုက် ငေးကာ ရင်ခုန်နေလေသည်။ လနှင့်ချီပြီး ကွဲကွာနေရသော ချစ်သူကို တွေ့ရတော့ မည်မဟုတ်ပါလား။

"ဟင်"

"သူ . . . သူဇာ"

ကိုကျော်သူသည် ချက်ချင်းမတ်တတ်ထရပ်လိုက်၏။

ဇာဇာလှိုင်ကတော့ ခြေလှမ်းတုံ့သွားသည်။

"မောင့်မှာဖြင့် ရှာလိုက်ရတာ သူဇာရယ် "

ကိုကျော်သူသည် ချက်ချင်း ဇာဇာလှိုင် အနားပြေးကပ်သွားပြီး ရင်ထဲကဝေဒနာကို ဖွင့်ဟန်လိုက်သည်။





ကိုကျော်သူကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဇာဇာလှိုင်မှာ ရုတ်တရက် မှင်တက်သွားသည်။

ကိုကျော်သူ အပေါ်တွင် နာကြည်းခဲ့ရသော စိတ်များကြောင့် ဘာစကားဆိုရမှန်းကိုပင် မသိဘဲ အံကို တင်းတင်းကြိတ်ကာ မျက်ရည်ပူ များသာ ချက်ချင်းသွန်ချလာသည်။

"မငိုပါနဲ့တော့ သူဇာရယ်၊ ဒီတစ်ခါ သူဇာနဲ့မောင် မခွဲရတော့ပါ ဘူးနော်၊ အရင်တစ်ခါတုန်းက ကိုယ်တို့ တရားရုံးမှာ လက်မထပ်မိတာ သိပ်မှားတာပဲ၊ တရားရုံးမှာ လက်ထပ်ထားရင်လေ သူဇာနဲ့မောင့်ကို သူတို့ ခွဲလို့ မရပါဘူးတဲ့၊ ဟင် . . . သူဇာ ထိုင်ပါဦးအချစ်"

"ဖြန်း ဖြန်း"

"ဟင် . . သူ . . . သူဇာ၊ သူဇာ မောင့်ကို"

သူက တတွတ်တွတ် ပြောပြနေသည်ကို ဇာဇာလှိုင်သည် ပထမ တော့ မျက်ရည်သွယ်သွယ်ကျပြီး နားထောင်နေသေးသည်။ နောက် ဇာဇာလှိုင်၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်ယင်လာပြီး သူ့အပါးမှ ခွာပြေးရန် ခြေလှမ်းပြင်သည်။ ကိုကျော်သူက ဇာဇာလှိုင်၏ လက်ကို ဖမ်းဆွဲတော့ ဇာဇာလှိုင်၏ လက်ဝါးနုနုက သူ့ပါးပေါ်သို့ တဖြန်းဖြန်း ကျလာတော့သည်။ ကိုကျော်သူမှာ ခဏတော့ ကြောင်သွားသည်။ ပြီးမှ ဇာဇာလှိုင်လက်ကို အတင်းဖမ်းဆွဲကာ ဇာဇာလှိုင်၏ ကိုယ်လုံးလေးကိုလည်း တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိလေသည်။ ဇာဇာလှိုင် ရိုက်နှက် တုတ်ခြင်ဆွဲလိမ်နေသည့် ကြားထဲက စကားတတွတ်တွတ်ကိုလည်း အမှုင်မပြတ်ပြောနေမိသည်။

"သူဇာ သူဇာ၊ ဒို မောင့်ကို ဘာလို့ ဒီလောက် ရိုက်နှက်နေရ တာလဲ သူဇာရယ်၊ သူဇာ ရိုက်တာ မောင်မနာပါဘူး အချစ်ရယ်၊ သူဇာ မောင့်ကို မချစ်တော့ဘူးလားဟင်၊ မောင်ကဖြင့် သူဇာ့ အတွက်နဲ့ ဒို သူဇာ . . . သူဇာ စိတ်မကောင်းသေးရဲ့လား အချစ်ရယ်၊ သူဇာ ဘယ်လို ဖြစ်သွားတာလဲဟင်၊ မောင့်ကို ပြောပါဦး သူဇာရယ်၊ မောင့်အပေါ်မှာ သူဇာ ဘာများ မကျေနပ်တာရှိလို့လဲဟင်၊ သူဇာ အချစ်ရေ ဒို . . . သူဇာ . . . သူ . . .



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တအားပွေ့ဖက်ကာ တတွတ်တွတ်ပြောဆိုနေသော ကိုကျော် သူ၏စကားသံတွေကို ဇာဇာလျှံသည် လုံးဝ မကြားမိပေ။ အရက်ရှ အလလက နာကြည်းကြေကွဲခဲ့ရသော ဒေါသစိတ်နှင့် ကိုကျော်သူကိုသ စိတ်ရှိလက်ရှိ ရိုက်နှက်နေမိသည်။

သို့သော် ဤမျှ . . ရိုက်နှက်နေသည့်ကြားက ကိုကျော်သူသည် နာရကျင်ရမှန်း မသိဘဲ စကားတတွတ်တွတ်နှင့် ချော့မော့ပြောဆို သူ့ကိုယ်လုံးလေးကိုပါ ပွေ့ဖက်မြှောက်ချီထားတော့ ဇာဇာလျှံမှာ ရိုက်နှ ရတာ အားမရဖြစ်လာသည်။

ခြေထောက်လည်း ကြမ်းပြင်နှင့်လွတ်နေတော့ ရိုက်နှက်ရ အားမရဖြစ်ပြီး ဆွဲဆိတ်ကုတ်ခြစ် လုပ်မိပြန်သည်။ ကိုကျော်သူ၏ ဆံ နားရွက်တို့ကို အကြိမ်ကြိမ် ဆောင့်ဆွဲလိမ်ဆုပ်သည်။ သို့သော် ရင်ထဲ မီးတောက်နေသဖြင့် စကားကတော့ တစ်ခွန်းတစ်ပါဒမျှ ပြောမထွက် ကိုကျော်သူအား စကားလုံးတွေနှင့် ပြန်ပြောကျိန်တွယ်ရမှာကိုလည် ဇာဇာလျှံသည် သတိမရ ဖြစ်နေလေသည်။

ဇာဇာလျှံ၏ စိတ်ထဲမှာ ကိုကျော်သူကိုသာ နေရာတွင် အပြီးအ သတ်ပစ်ချင်နေသည်။

"အို . . သူ . . . သူဇာ၊ ဟင် ဘယ်အငြိုးနဲ့များ မောင့် ဒီလောက်ရက်စက်နေရတာလဲ အချစ်ရယ်၊ သူဇာ မောင့်ကို သေအော သတ်ပါ၊ သတ်ပါ . . . သူဇာရယ် သတ်ပါ"

ကိုကျော်သူအား ဘယ်လိုထုရိုက် ဆွဲဆိတ်လို့မှ မရတော့ ဇာဇာ သည် ဒေါသနှင့် ကိုကျော်သူ၏ နီးရာပခုံးကို ဖက်ကိုက်တော့သည် ကိုက်နေသည်မှာ နာရုံကျင်ရုံ မဟုတ်။ ကိုကျော်သူ၏ ပခုံးမှ သွေးတွေ လာသည်အထိ တအားအံခဲ၍ ကိုက်ဖဲ့လိုက်၏။ ညှီစို့သော အနံ့ ရမှ သူ့ပါးစပ်နှင့် ကိုကျော်သူ့ပခုံးကို ခွာလိုက်သည်။

ဇာဇာလျှံ၏မျက်စိထဲမှာ သွေးရည်စီးကြောင်းတွေကို မြင်လေ ရုတ်တရက် မျက်လုံးပြူးသွားသည်။ သို့သော် ကိုကျော်သူအပေါ် နာကြည်းစိတ်ကတော့ မပျောက်သေး။ ဖြစ်နိုင်လျှင် ဇာဇာလျှံသ ကိုကျော်သူကို အသေသတ်ချင်နေသည်။





ခက်နေသည်မှာ ဤမျှထိ အနာတရ ဖြစ်နေပေသော်လည်း ကိုကျော်သူ၏ ပွေ့ဖက်ထားသော လက်ကို ဖြုတ်မရသော ဇာဇာလျှံမှာ ရင်ထဲက လှိုက်မောပြီး ငိုချင်လာမိသည်။ "ဘယ်လိုလုပ်ရပ" ဟူသော အတွေးကလည်း ဝင်လာသည်။

ပခုံးနှင့်ပါးစပ်ကို ခွာလိုက်ပြီး ကိုကျော်သူ၏ မျက်နှာကိုကြည့် တော့ နီးလွန်းသည့်အပြင် သူ့မျက်နှာ တစ်ပြင်လုံးမှာလည်း မျက်ရည် တွေနှင့်ပြည့်လျှမ်းနေသဖြင့် ပိုးဝါးနေသည်။

အမှန်က ကိုကျော်သူ၏ မျက်နှာတွင်လည်း မျက်ရည်ပူစီးကြောင်း တွေက သွန်ဖိတ်နေလေပြီ။

"သူဇာ မောင့် မောင့်ကို မုန်းလိုက်ပြီပေါ့နော်၊ သူဇာ"

"ဟုတ်တယ် . . ဟုတ်တယ်၊ ရှင့်ကို မုန်းတယ်၊ ရှင်ဟာ လူယုတ်မာ၊ လူလိမ် လူညာ၊ ရှင့် မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး မမြင်ချင်ဘူး၊ လွှတ် . . . လွှတ်ပေး"

ဇာဇာလျှံသည်ဆို့နင့် လှိုက်တက်လာသောအသံနှင့် တအား အော်လိုက်သည်။ ပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီးတစ်ငင် ငိုချလိုက်၏။

ကာလကြာမြင့်စွာ ကွဲအက်ခဲ့ရသော သူ့နှလုံး အသည်းများသည် ယခုအခါတော့ အစိတ်စိတ်အမြွာမြွာ ဖြစ်ကာ သူ့ရင်ထဲမှ လွင့်စဉ်ကြေ ညက်သွားကြသလို ခံစားလိုက်သည်။

ကိုကျော်သူ၏ သက်မ,ချသံ တစ်ချက်နှင့်အတူ သူ့ခြေထောက် အစုံက ကြမ်းပြင်နှင့် ထိတွေ့လိုက်မိသည်။ ဤသည်ကိုတော့ ဇာဇာလျှံ သတိပြုမိလိုက်သည်။ ဇာဇာလျှံက ပါးစပ်မှ ထွက်ပေါ် လာသော စိမ်းကား ရက်စက်သည့် စကားကြောင့် ဇာဇာလျှံအား ပွေ့ဖက်ထားသော ကိုကျော် သူ၏လက်မှာ အနည်းငယ်ခန့် လျော့ပြေကျသွားခြင်း ဖြစ်လေသည်။

သို့သော် လုံးလုံးလျားလျားတော့ လွှတ်မဖြေလိုက်သေး။

တစ်စုံတစ်ခုသော မျှော်လင့်ချက်နှင့်အတူ ဇာဇာလျှံ၏ ကိုယ်လုံး သေးကိုတော့ ပွေ့ဖက်ထားတုန်းပင် ရှိသေး၏။

"သူဇာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူ၏ ဆို့ဆို့နင့်နင့် ခေါ်လိုက်သံကြောင့် ဇာဇာလျှံသည် ကိုကျော်သူ၏မျက်နှာကို မော့ကြည့်မိပြီးသား ဖြစ်သွားလေသည်။

"မောင်ဟာ လူလိမ် လူညာ လူယုတ်မာလို့ သူဇာ ပြောရက်တယ်နော်၊ မောင်ဟာ သူဇာနဲ့ တွေ့ဖို့အတွက် . . ."

"လွှတ်ပါ ဖယ်ပါ။ ရှင့်စကား ကျွန်မ နားမထောင်ချင်ဘူး၊ ရှင့်လို လူယုတ်မာကို ကျွန်မ မတွေ့ချင်ဘူး"

ဘယ်လိုမှ ရုန်းကန်၍ မရတော့ ဇာဇာလျှံသည် ငိုသံတစ်ဝက် တောင်းပန်တိုးလျှိုးသံ တစ်ဝက်နှင့် အော်လိုက်ပြန်သည်။

"မ . . . မလွှတ်နိုင်ဘူး သူ . . . သူဇာ"

"အို. . သူများကိုလွှတ်ပါဆိုနေမှ"

မလွှတ်နိုင်ဘူးဟု ပြောမိသော်လည်း သူ့လက်မောင်းက သွေးကြောင်းတွေကို ရုတ်တရက် မြင်လိုက်ရတော့ ကိုကျော်သူမှာ သတိလွှတ်ထွက်သွားမိသည်။ ဤအခွင့်အရေးကြားကပင် ဇာဇာလျှံသည် လွတ်ထွက်သွားလေပြီ။

သို့သော် ကိုကျော်သူက လက်မလျှော့သေး။ ဇာဇာလျှံ ငိုပြီးပြေးသွားသော အခန်းထဲသို့ ပြေးလိုက်သွားမိ၏။

ကိုကျော်သူသည် ဇာဇာလျှံက သူ့အား လူယုတ်မာ၊ လူလိမ်၊ လူညာဟုစွပ်စွဲသည်ကို ခံပြင်းသွားမိသည်။ သူ့အနေမှာ အသက်ကိုပင် ငဲ့ မပြုဘဲ ချစ်သူနှင့် နီးစပ်ရန် ကြိုးစားခဲ့ရသော်လည်း၊ ယခု ချစ်သူကသူ့အား ဤသို့ စွပ်စွဲသောအခါ အသည်း ကျွဲဝင်ခတ်သလို နာကျင်ခံခက် ဖြစ်သွားမိသည်။

ထို့ကြောင့်လည်း ဤအိမ်သည် သူတစ်ပါးအိမ်၊ မည်သူ တစ်ဦး တစ်ယောက်မျှ မရှိသော အိမ်တွင် မိန်းကလေးကသာ အန္တရာယ်ပြုပါက သူ့မှာ မည်မျှဒုက္ခရောက်သွားနိုင်သည် စသည်တို့ကို လုံးဝ မစဉ်းစားမိ တော့ဘဲ ဇာဇာလျှံ၏အခန်းဝသို့သာ ရောက်လာမိ၏။

"သူဇာ ပြောပါဦး၊ မောင် သူဇာ့အပေါ် ဘာ. . ယုတ်မာခဲ့လို့လဲ ဘာတွေ လိမ်ညာခဲ့လို့လဲ၊ ပြောစမ်းပါဦးလေ၊ သူဇာ ပြောစမ်းပါဦး၊ ပြော စမ်းပါဦး"





ကိုကျော်သူသည် သူ့လက်မောင်းမှ ဒဏ်ရာကိုပင် လုံးဝ သတိ မရတော့ဘဲ ဒေါသနှင့် တအားအော်ဟစ်ကာ ပိတ်ထားသော အခန်း တံခါးကိုလည်း တဝုန်းဝုန်း ထုရိုက်နေလေသည်။

ဘုမသိဘမသိနှင့် ဇာဇာလျှံ၏ငိုရှိုက်သံကို ကြားရတော့ သူ့မှာပို၍ ဒေါသဖြစ်ရ၏။

"ရှင်နော် လွန်ပြီ၊ ရှင့်ကို ကျွန်မ ဘာမှ ဖြေရှင်းစရာ မလိုဘူး၊ ရှင့်လို လူယုတ်မာနဲ့ ကျွန်မ ဘာမှ မပတ်သက်တော့ဘူး။ ရှင် ပြန်မလား မပြန်ဘူးလား၊ ဒါပဲ ပြော"

"မပြန်ဘူးဟေ့ မပြန်ဘူး မပြန်ဘူး၊ ငါ့ကို လူယုတ်မာ လူလိမ် လူညာလို့ ပြောတာ ဖြေရှင်းမှ ပြန်မယ်ကွ သိလား။ မင်းသာ မတရားစွပ်စွဲ နေတာ၊ ပြောစမ်း မင်းအပေါ် ငါ ဘာယုတ်မာခဲ့လို့လဲဟင်၊ မင်းအပေါ် ငါ ဘာယုတ်မာလို့လဲ"

သူ့ကို လူယုတ်မာဟု ပြောရမလားဆိုသည်ကို ဒေါသဖြစ်ပြီး ကိုကျော်သူကလည်း မင်းနှင့်ငါနှင့် ရင့်ရင့်သီးသီး အော်လိုက်သောအခါ အခန်းထဲက ဇာဇာလျှံ၏ ငိုရှိုက်သံမှာ ပို၍ ကျယ်လောင်လာသည်။

"ဝုန်း . . . ဝုန်း"

"ဟေ့ ပြောလေကွာ ဒီက လူယုတ်မာကြီး မေးနေတယ်ဟေ့ မင်း. . မင်း"

"ရှင်ဘာလို့ သူများကို မတရားလာပြီး စော်ကားနေရတာလဲ"

"မင်းကကော ငါ့ကို ဘာလို့မတရားစွပ်စွဲရတာလဲ ပြောစမ်း"

"ရှင် သူများအိမ်ပေါ်လာပြီး သူများပိုင်နက် မတရားကျူးလွန်မှု၊ ကျွန်မကို ဗလက္ကာရပြုမှုနဲ့ ရှင် ဒုက္ခရောက်သွားချင်လား"

"ဟင်း ဟင်း. . ဒီမှာ မိသူဇာ ပိုင်နက်ကျူးလွန်မှု ဗလက္ကာရပြုမှု ဆိုတာလောက်ကို ကြောက်ရင်လေ ဒီကို မောင် လိုက်မလာဘူး မှတ်ပါ၊ မောင့်ရင်ထဲ အသည်းထဲမှာလေ မင်းကြောင့် မီးဟုန်းဟုန်း တောက်နေပြီ သိလား၊ မင်းဟာ ငါ့ကို ဒုက္ခပေးခဲ့တာ များခဲ့ပြီ၊ ခုလဲ ဒုက္ခပေးမယ်ဆိုရင် မောင်ကလေ သေ . . ."

"ရှင်နော် ကျွန်မ အော်လိုက်မယ်၊ ပြန်ပါ. . ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ပြောမရမှန်း သိသဖြင့် ဤတစ်ခါတော့ ဇာဇာလျှံ၏ အသံမှာ တိမ်ဝင်ပြီး ငိုသံပါလာလေသည်။

"ပြောမနေပါနဲ့တော့ မိသူဇာ အော်လိုက်ပါလား၊ အော်လိုက် လေ ဟားဟား . . အဲ မင်းမအော်ရင် ငါအော်လိုက်ရမလား၊ ကဲ သူများသို့ သက်သက် လူယုတ်မာ လူလိမ်လူညာဆိုပြီး မဟုတ်မတရား စွပ်စွဲထား ခုတော့ မင်း ငါ့ကို ဘာလို့ ရင်မဆိုင် . . ."

"ကဲ. . . ရှင့်ကို ကျွန်မ ဘာမှမပြောတော့ပါဘူး၊ သွားပါတော့ ကြွပါတော့"

ကိုကျော်သူ၏ ဖွတ်တရွတ်နိုင်တတ်မှုကို ပြန်လည်တွေးမိသော အခါ ဇာဇာလျှံမှာ ကြောက်လာရပြန်သည်။ ထို့ကြောင့်လည်း သူ အိမ်က ထွက်သွားလျှင်ပြီးရောဟူသော ငိုသံကြီးနှင့်တောင်းပန်သလို ပြောနေ သည်။

"မသွားဘူး၊ မင်းဆီက ခိုင်လုံတဲ့ဖြေရှင်းချက်မရဘဲ ဘယ်တော့မှ မသွားဘူးမှတ်၊ ကဲ. . . ပြောလေကွာ၊ ငါက ဘာယုတ်မာတာလဲလို့ ဒီ တံခါးဖွင့်စမ်းပါ၊ မင်း ငါ့မျက်နှာကို လာကြည့်ပြီး ပြောလှည့်စမ်းပါ"

"ဒီမှာကြည့်စမ်း ဒီစာကို ဖတ်ကြည့်စမ်း၊ ရှင်တို့လောက် ကောက် ကျစ်စဉ်းလဲတာ ရှိသေးရဲ့လား ရှိကြသေးရဲ့လား၊ သူများ ပစ္စည်းတွေကို မတော်မတရားလိုချင်လို့ မရတော့၊ သူများသားသမီးကို ဖျက်ဆီးတယ် ရှင် ကျွန်မကိုမေတ္တာရှိတယ် ပြောတာ ဒီငွေတွင်းကြောင့် မဟုတ်လားဟင် ရှင့်မေတ္တာဟာ ဒီငွေတွင်းကြောင့် မဟုတ်လား"

ဇာဇာလျှံက စိတ်ဆိုးမာန်ဆိုးနှင့် တံခါးကို ဝုန်းခနဲ ဆွဲဖွင့် လိုက်သောအခါ ကိုကျော်သူမှာလည်း အခန်းထဲ ဝင်မိပြီးသားဖြစ်သွား၏ ပြီး. . ဇာဇာလျှံက ခါယမ်းလွှင့်ပစ်ပေးသော စာရွက်ကို ကောက်ဖတ်ကြည့် လိုက်သည်။ စာကို ကောက်ဖတ်လိုက်သောအခါ ကိုကျော်သူမှာ ဇာဇာ တတွတ်တွတ် ပြောဆိုနေသည်တို့ကိုပင် လုံးဝ မကြားမိသလောက်ပင် ဖြစ်သွားလေ၏။

စာဆုံးသောအခါ ကိုကျော်သူမှာ လည်လိမ်ခံထားရသော ကြက် ကြီးတစ်ကောင်လို ခေါင်းငိုက်စိုက်ကျသွားသေသည်။





"သူများကို မေတ္တာမရှိတဲ့နဲ့ သက်သက်လိမ်ညာပြီး ဖျက်ဆီး ချင်ကြတာ၊ ယုတ်မာချင်ကြတာ၊ သူများကတော့ သူ့ကို ချစ်လိုက်ရတာ၊ သိပ်ရက်စက်ကြတယ်၊ သူများကို သတ်သွားကြပါ သတ်ပစ်ခဲ့ကြပါ"

ဇာဇာလျှံသည် ခုတင်ပေါ်မှာ လှိမ့်၍ငိုနေ၏။ ရုတ်တရက်တော့ ကိုကျော်သူမှာလည်း ဘာပြောပြရမှန်း မသိပင် ဖြစ်သွားမိသည်။

"ဒီအကြောင်းတွေကို မောင် ဘာမှမသိရပါလား. . သူဇာရယ်၊ ဒီအကြောင်းတွေကို မောင် မသိရိုးအမှန်ပါ၊ မောင့်ကို အထင်မလွဲပါနဲ့နော်၊ ဒီကိစ္စအတွက် မောင့်ရင်ထဲ"

"သူများကို နောက်ထပ်လိမ်ဖို့ မကြိုးစားပါနဲ့၊ သူများ ကြောက်ပါ တယ်၊ သူများက သူတို့တွေကို . . ."

"အို. . သူဇာရယ် မောင့်ကို ခုထိ သူဇာမယုံသေးဘူးလားဟင်၊ ဒီကိစ္စကို မောင် တကယ်မသိပါဘူးဆိုတာ ပေးချင်တဲ့သစ္စာပေးပါ အချစ် ရယ် မောင်ခံရဲပါတယ်နော်၊ ပြီးတော့ ကိုကိုတို့ဆီမှာ ရှိနေတဲ့ အဲဒီငွေတွင်း မြေပုံကိုရအောင် မောင်ယူပြီး၊ သူဇာ့ အဖေဆီ ပေးပါ့မယ်၊ မောင့်မှာဒီလို သူများပစ္စည်းကို မတော်လောဘစိတ် မရှိပါဘူးအချစ်ရယ်၊ ယုံပါနော် မောင့်ကို အထင်မလွဲပါနဲ့၊ သူဇာ့ကို တကယ်မချစ်ရင် မောင် ဒီလို စွန့်စွန့် စားစား လုပ်ရဲပါ့မလားသူဇာရယ်၊ စဉ်းစားကြည့်ပါဦးနော်၊ မောင့်မှာတော့ လေ. . သူဇာကိုချစ်လို့ သူဇာ့အဖေဆီက လူတွေ ဆီမှာ သူဇာနဲ့ တွေ့ချင် လွန်းလို့ သွားတိုင်း အထိုးအကြိတ် ခံခဲ့ရတာလဲ မနည်းတော့ဘူး၊ ခုတော့ သူဇာကပါ မောင့်မေတ္တာကို မယုံလို့"

"တော်ပါတော့ တော်ပါတော့"

ဇာဇာလျှံက ငိုကြီးချက်မနှင့် အော်ငိုလိုက်သောအခါ ကိုကျော် သူမှာလည်း စကားရပ်သွားရပြန်သည်။ ဤ ငွေတွင်းကိစ္စကို ကိုကျော်သူ့ အနေနှင့် ယခုတော့ ကောင်းကောင်းသိရလေပြီ။ သူ ကမ်းလွန်သာတွင် ကျောင်းနေခဲ့စဉ်က ဦးလာဘဆီကို စာပေးခိုင်းမိ၍ အဖေ့ဆီ၌ အရိုက် အနှက်ခံရသည်မှာ ဤစာပင် မဟုတ်ပါလား။ ယခင်က အဖေ့လက်ထဲ၌ ရှိခဲ့သော ဦးလာဘ ခြံထဲက ငွေတွင်းပါနောက်ထပ်စာတစ်စောင်သည် ယခုတော့ အစ်ကိုများဆီ၌ မှချရှိရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စကြောင့် ဦးလာဘနှင့်ဇာဇာလျှံတို့သည် သူ့အပေါ်၌ အထ
အမြင် လွဲမှားခဲ့လေပြီ။

ဇာဇာလျှံအား တကယ်ဖြူစင်သော မေတ္တာနှင့် ချစ်ခဲ့သော သူ
အနေနှင့် ယခုတော့ ငွေတွင်းပါပြေပုံစာကို ရသည်နှင့်ယူပြီး ဦးလာဘအ
ပေးရမည်ဟု ချက်ချင်းဆုံးဖြတ်ချက်ချလိုက်လေသည်။

ကိုကျော်သူအနေနှင့် ဇာဇာလျှံအပေါ်မှာ ဖြူစင်သော မေတ္တာနှ
ချစ်ခဲ့သလို၊ ဇာဇာလျှံ အနေမှာလည်း ကိုကျော်သူအပေါ်၌ ဖြူစင်သေ
မေတ္တာနှင့် ချစ်ခဲ့သည်မှာတော့ အမှန်ပင်။ ထိုကြောင့် ယခု ချစ်သူ
စကားကို "တော်ပါတော့ တော်ပါတော့"ဟု တားဆီးနေသည်မှာ လုံး
မယုံကြည်၍ မကြားလို၍တော့မဟုတ်။

"ဒီကိစ္စ၊ မောင် တကယ်များ မသိလေသလား" ဟူသော သံသ
နှင့်အတူ မိမိ၏ ခင်ပွန်းအဖြစ် တစ်ပတ်နီးပါး ပေါင်းသင်းခဲ့ရသူ တ
အား တကယ်ဆိုတော့ သံယောဇဉ် မကုန်နိုင်ရှာပေ။ နာကြည်းခေ
ပြုမူမိခဲ့သည်မှာ မှားလေပြီလားဟုလည်း တွေးမိသွား၏။

"သူဇာ"

"အို . . သူများကို လာမကိုင်ပါနဲ့ ဆိုနေတဲ့ဥစ္စာ သွားပါ"

"အေးပါ . . သူဇာရယ်၊ သူဇာ မကျေနပ်ရင်လေ သူဇာကို မေ
လက်ဖျားနဲ့တောင် မထိရက်ပါဘူး အချစ်ရယ်၊ သူဇာက နှင်နေတော့
မောင် သွားပါတော့မယ်နော်၊ တစ်ခုတော့ ကတိပြုခဲ့ပါရစေ သူဇာရ
ကိုကိုတို့ဆီမှာရှိနေမယ့် ငွေတွင်းမြေပုံကို မောင် မရရတဲ့နည်းနဲ့ယူပြီးဖေ
သူဇာတို့အဖေကို ပေးဆက်ပါ့မယ်၊ ဒါလဲ မောင့်မေတ္တာကို သူဇာက
သေးဘူးဆိုရင်လေ. . ."

"သူများ စိတ်ဆင်းရဲအောင် လာပြောမနေပါနဲ့ ဆိုနေတဲ့ဥ
သူ့ဖာသာသူ ဘာပဲလုပ်လုပ် သူများမသိဘူး သွားစမ်းပါ၊ သူများ အ
တွေ ဦးတွေ လာလို့တွေ့ရင် သူများကို ဖေဖေသတ်ပစ်မှာ၊ သူများ စိ
ဆင်းရဲအောင် သက်သက်လာလုပ်နေကြတယ်"

ဇာဇာလျှံက ရှိုက်ကြီးတစ်ငင်ငိုပြန်သောအခါ မကြည့်ရက်သေ
ကိုကျော်သူမှာ ချက်ချင်းပင် ဇာဇာလျှံအနားမှ ပြေးထွက်လာမိသည်။





အပြင်တွင် ရွာသွန်းနေသော မိုးရေစက်များသည် ဇာဇာလျှံနှင့်
သူတို့၏မျက်ရည်များဟုပင် ကိုကျော်သူက ထင်နေမိလေသည်။

■

"မေမေ . . . မမရယ်လေ အခန်းထဲမှာ အန်နေတယ်ဗျ"

"ဟင်"

သူ့သားခင်မောင်သော်၏ စကားအဆုံးမှာ မီးဖိုထဲ ချက်ပြုတ်
နေသော ဒေါ်အေးရီက ချက်ချင်း အလန့်တကြားဖြစ်သွားသည်။

ဇာဇာလျှံမှာ ယခင်ကလည်း သွေးအန်ပြီး ဆေးရုံတက်ရောက် ရှူး
လေရာ ဒေါ်အေးရီမှာ သူ့တူမအတွက် ချက်ချင်း ထိတ်ထိတ်ပျာပျာ ဖြစ်
သွားသည်။

"ဇာဇာ သမီး ဘယ်လို ဖြစ်တာလဲဟင်၊ ဘယ်လိုတွေလဲ ဒေါ်ဒေါ့်ကို
ပြောစမ်းကွယ်"

တဝေ့ဝေ့ အန်နေသော ဇာဇာလျှံ၏ ကျောနှင့်ရင်ကို လက်နှင့်
ဖေးမကာ ဒေါ်အေးရီက မေးလိုက်သည်။

"ရင်ခေါင်းထဲမှာ ပျို့သလိုပဲ အဒေါ်ရယ်၊ မောလဲမော၊ ဝေ့ ဝေ့"

"အင်း မနက်ကလဲ ဘာမှရင်ပြည့်စရာ ဟင်းတွေ မပါပါဘူး။ ဩော်,
အင်း အင်း . . လေတွေ အန်တာပါ။ ဘာမှမဟုတ်ပါဘူး"

ဘာမှမဟုတ်ဘူးဟု ဆိုသော်လဲ ဇာဇာလျှံက တဝေ့ဝေ့ လေတွေ
ဆက်အန်နေသောအခါ ဒေါ်အေးရီ၏မျက်နှာမှာ ချက်ချင်းအေးအေး
စက်စက်ဖြစ်သွားလေသည်။

ဒေါ်အေးရီသည် သူ့တူမ၏ တစ်ကိုယ်လုံးကို မျက်လုံးပေါက်
ထွက်မတတ် စိုက်ကြည့်နေမိသည်။

"ဘုရား . . ဘုရား"

သူ့စိတ်ထဲက တိုးတိုးလေး ရေရွတ်လိုက်သည်။

ဆံစတွေ ခြောက်နေသလား၊ နားထင်နားရင်းတွေများ ချောင်ကျ
နေသလား၊ သူ့ရင်ထဲမှာ စိုးရိမ်သောကစိတ်တွေက ရုတ်ခြည်း တစ်ကိုယ်
လုံးပျံ့နှံ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်လောက သမီးအဖေဆီက လူတစ်ယောက် လာသေး တယ်ဆို၊ ဘယ်သူလဲဟင် သမီး"

ဒေါ်အေးရီက သူ့ကို စက္ကန့်ပေါင်းများစွာ ငေးကြည့်ပြီး မမေးသင့် သောစကားကို မေးမြန်းလာသောအခါ ဇာဇာလျှံမှာ တရားခံ တစ်ယောက် အား တရားသူကြီးက အမိန့်ချရန် မေးခွန်းအထုတ်ခံရသလို နှုတ်ဆွံ့ သွားမိသည်။

"ဟင်း. ."

ဒေါ်အေးရီ၏ သက်မ တစ်ချက်ချလိုက်သံသည် ဇာဇာလျှံ၏ ရင်ထဲမှာ ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို တုန်လှုပ်သွားမိလေသည်။ သို့သော် မိန်းမတို့၏ သဘာဝအတွေ့အကြုံ လုံးဝမရှိသေးသော ဇာဇာလျှံ မှာ သူ့အဒေါ်၏အမေးစကားကို ဇဝေဇဝါ ဖြစ်သွားမိသည်။

"ဟင်. . အဒေါ် ဘာဖြစ်လို့လဲဟင်"

"ဘာမှမဟုတ်ပါဘူး သမီးရယ်၊ အရင်လဲ သမီးက သွေးတွေအန် ဖူးတော့ အဒေါ်က စိုးရိမ်မိလို့ပါ။ ညနေကျတော့ ဆရာဝန်ကြီးဆီ သွားရ အောင်နော်"

"ဟုတ်. . ဟုတ်ကဲ့"

ဇာဇာလျှံမှာ ကိုယ့်ဝေဒနာကိုကိုယ် ဘာမှ မရိပ်မိသေးချေ။

သူ့အဒေါ်က ရိုးရိုးသားသားဖြင့် စိုးရိမ်၍ ပြောသည်အထင်နှင့်သာ ခေါင်းညိတ်မိသည်။

ညနေကျတော့ အဒေါ်နှင့်ဆရာဝန်ကြီးဆီ သွားကြ၏။

ဆရာဝန်ကြီးက ဇာဇာလျှံကို ထုံးစံအတိုင်း နားကျပ်နှင့် ဦးဆုံး စမ်းသပ်သည်။ ဆေးတွေ စားရမည်၊ အားနည်းနေသည်ဟု ပြောသည်။

သို့သော် စဉ်းစားစရာမှာ ခါတိုင်း ဆေးတွေနှင့် မတူတာတွေလည်း ပါလာတော့ ဇာဇာလျှံက သံသယဝင်စပြုလာသည်။

ပြီး. . ဆရာဝန် ကြီးနှင့် ဒေါ်ဒေါ်တို့ ကျိတ်၍ပြောကြသည်ထဲတွင် "ဟုတ်ပါတယ်ဗျာ၊ သေချာပါ တယ်"ဆိုတာလည်း ပါလာလေသည်။

"သမီး. . အဒေါ့်ကို မှန်မှန်ပြောနော်၊ ဟိုသူငယ်လေး လာသေး လား"





ဆရာဝန်ကြီးဆီက ပြန်လာကြပြီး အိမ်ကိုရောက်သောအခါ အဒေါ်က ဇာဇာလျှံ အိပ်ခန်းထဲထိ ဝင်လိုက်လာပြီး တိုးတိုးသာသာ မေး၏။

ဤတစ်ခါတော့ ဇာဇာလျှံ၏ခေါင်းထဲမှာ ချက်ချင်း မီးတောက် သွားရလေပြီ။ ထိတ်လန့်စိတ်နှင့် မျက်လုံးတွေ ပြာဝေသွားကာ ခေါင်းထဲ မှာလည်း မူးနောက်လာသည်။

*မောင်၏ကိုယ်ပွားလေးသည် သူ့အရိပ်ထဲတွင် ဝင်ရောက်ခိုနား နေလေပြီလော။*

"သ. . သမီးကို ကယ်ပါဦး ဒေါ်ဒေါ်ရယ်"

ဇာဇာလျှံသည် ရှုတ်ခြည်းချုံးပွဲချ၍ ငိုလိုက်မိသည်။

ခက်ကပြီ။

"ဘာမှအားမငယ်ပါနဲ့ သမီးရယ်၊ အဒေါ်တို့ ရှိပါသေးတယ်နော်၊ ဘာမှမပူနဲ့ စိတ်ချမ်းချမ်းသာသာထား၊ ဒီလိုအချိန်မှာ စိတ်ဆင်းရဲ မခံ ကောင်းဘူး သမီး"

အဒေါ်ကသာ စိတ်ချမ်းချမ်းသာသာထားဟု ဆိုသော်လည်း ဇာဇာလျှံမှာကား ခေါင်းမီးတောက်နေရလေပြီ။ "သူ့ကို ချစ်မိတာ သိပ် မှားတာပဲ၊ ခုတော့. . ငါ ဘယ်လိုလုပ်ရပ့ါမလဲ၊ ဖေဖေသိရင်တော့ ငါ့ကို သတ်တော့မှာပဲ၊ ငါကလဲ ငါပဲ၊ ဘယ်လိုလုပ်ပြီး ခုတော့ ဒီအထုပ်အထည် ကို ဖုံးကွယ်ရပါဦးမလဲ"

ဇာဇာလျှံသည် တစ်ညလုံး တစ်ရေးမျှအိပ်မရဘဲ သူ့အကြောင်း သူတွေးလိုက် ငိုလိုက်နှင့် မိုးစင်စင်လင်းခဲ့ရသည်။

သေချင်လောက်အောင် စိတ်ဆင်းရဲရသည်ဟူသော စကားကို ယခင်ကတော့ သူများပြောသံသာ ကြားဖူးသည်။ ယခုတော့ ကိုယ်တိုင် ကြုံနေ၍ခံစားနေရပါပြီ။

မောင်လေးခင်မောင်သော် သွားခေါ်သောကြောင့် ညနေကျတော့ မေမေက ကားနှင့်ပေါက်ချလာသည်။ ခြံဝ၌ ကားသံကြားကတည်းက ရင်ထိတ်နေရသော ဇာဇာလျှံမှာ အမေ၏အသံကို ကြားရသောအခါ နေစရာ မရှိလောက်အောင်ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာလဲ ဒီသမီး တစ်ယောက်တည်းရှိလို့ မအေးရီ၊ ဒင်းလို သမီးမျိုးနှစ်ယောက်သာ မွေးမိရင်လေ. . ငါ သေတာကြာပြီ"

"အိုယောက်မကြီးကလဲလေ. . ဇာဇာ ကြားရင် ပိုပြီးတော့ စိတ်မကောင်း ဖြစ်နေပါဦးမယ်၊ ကျွန်မတို့လဲ ရှိပါသေးတယ်၊ ဝိုင်းဝန်းကြံဆောင်ကြရမှာပေါ့၊ ဖြစ်မိပြီးမှတော့ ဘယ့်နှယ်လုပ်မလဲ"

"ဒင်းက စိတ်မကောင်းရုံတင်ပါ၊ ငါ့မှာတော့ သေချင်တယ် သိရဲ့လား၊ သူ့အဖေသာသိရင် ဒင်းကို သတ်ပစ်မှာ"

ဒေါ်ဇာလီမေ ပြောသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

သမီးရှင် မိခင်တစ်ယောက်အနေနှင့် ဤလို သမီးမျိုးကိစ္စတွင် မည်မျှ စိတ်သောကရောက်ရမည်မှာ တွေးမကြည့်ရဲစရာပင်။

ဤကိစ္စမှာ မိဘမောင်ဖွားတွေအနေလည်း အရှက်တကွဲအကျိုးနည်းဖြစ်ရပြီး ရပ်ရေးရွာရေး၌ပင် မျက်နှာမပြရဲစရာမဟုတ်ပါလား။

"ခုတော့ နင်က တော်တော် ငိုကောင်းနေတယ်ပေါ့လေ၊ ဟင် ဟုတ်လား၊ နင့်ကြောင့် ငါသေချင်တယ် မိဇာဇာလျှံ သိလား၊ နင့်ကြောင့် ငါ သေချင်တယ်၊ နင့်လို. . သမီးမျိုး ငါ မွေးမိတာ ဗိုက်ရေနာတယ်တဲ့ သိလား"

ဒေါ်ဇာလီမေသည် အိပ်ရာထဲ၌ ရှိုက်ကြီးတစ်ငင် ငိုရှိုက်နေသော သမီးကို ကြည့်ကာ ဒေါသလည်း ဖြစ်၊ ယူကျုံးမရစိတ်နှင့် သူကပင် လိုက်ငိုမိ၏။ သူ့အဖေသိလျှင် သမီးသာ မဟုတ်၊ အမေပါ သတ်တဲ့အထဲ အဆစ်ပါဦးမည်။

"အေး . . ငိုငို၊ ခုတော့ ဘယ့်နှယ် လုပ်ကြမလဲဟင်၊ လူကြားမကောင်း သူကြားမကောင်း မိန်းကလေးတစ်ယောက် အနေနဲ့ အစက ဒါတွေ မတွေးမိဘူးလားဟင်၊ ပြောလိုက်ရင် သမီးက ကလေးမဟုတ်ပါဘူးတဲ့ ခုတော့ နင့်မိုက်ပြစ်တွေကို ငါ အမေတစ်ယောက်လုံးတောင် မကြံတတ်တော့ပါလား အမိုက်မရယ် . . . ဟင်"

"သမီးကို သတ်လိုက်ကြပါ မေမေရယ်၊ သမီးကို သတ်သာလိုက်ကြပါ၊ သမီးမိုက်ပြစ်နဲ့ သမီး သေရဲပါတယ်"

"အေး. . နင့်ကို ငါသတ်ချင်တယ်"





"အိုကွယ် ယောက်မကြီးကလဲ ဒီလောက်ထိလဲ အပူအပင် မကြီးကြပါနဲ့ဦး၊ ကျွန်မတို့လဲ ဆောင်ရွက်ပေးပါ့မယ်"

ဒေါသနှင့် စိတ်ချုပ်တည်းမရသော ဒေါ်ဇာလီမေက ဇာဇာလျှံကို လှမ်းဆွဲထုသောအခါ ဒေါ်အေးရီမှာလည်း မနေသာတော့ပေ။

"ဟဲ့ဟဲ့ သမီး ဒီလိုမလုပ်နဲ့လေ၊ တစ်ပူပေါ် နှစ်ပူဆင့် မမိုက်ပါနဲ့ သမီးရယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာလို့ ညှဉ်းဆဲရမှာလဲ၊ အဒေါ်တစ်ယောက်လုံးရှိပါသေးတယ်၊ အဒေါ် ကြံစည်ဆောင်ရွက်ပေးပါ့မယ်၊ ဒီကိစ္စ ဘာမှ ပူပန်စရာမဟုတ်ပါဘူး"

ဇာဇာလျှံက သူ့ခေါင်းကို ခုတင်တိုင်နှင့် ဆောင့်တိုက်တော့ ဒေါ်အေးရီက သူ့တူမကို အတင်း ပြေးဖက်ရပြန်သည်။

ဒေါသနှင့်သာ ပြောမိ ဆိုမိသော်လည်း သူ့သမီးစိတ်ကို သူသိသော ဒေါ်ဇာလီမေမှာ ဤတစ်ခါတော့ ထိတ်လန့်သွားမိသည်။

သူ့သမီး စိတ်ညစ်ပြီး တစ်စုံတစ်ခု ကြံစည်သွားမှာတော့ ဒေါ်ဇာလီမေ အနေနှင့် မလိုလားပါချေ။ တစ်ဦးတည်းသော ဤသမီးက မည်မျှမိုက်မဲပါသည်ဟု ဆိုသော်လည်း သူ့အနေမှာ ဤသမီးကိုတော့ ဥပေက္ခာ မပြုရက်ပါချေ။

သည်တော့ သမီးကို ချော့မော့ဖျောင်းဖျ စကားဆိုရပြန်သည်။

"အမေက သမီးကို ချစ်လို့ ပြောမိ ဆိုမိတာ ဖွေမယူပါနဲ့လား သမီးရယ်၊ အမေ့သမီးလေး ဘာမှ ထွေရာလေးပါး စိတ်မကူးပါနဲ့နော်၊ သမီး ဘာမှ မပူပါနဲ့ အမေ စီစဉ်ပါ့မယ်နော်၊ ဒီကိစ္စ သမီးအဖေလဲ လုံးဝ မသိရပါဘူး စိတ်ချပါ၊ အမေ့သမီးလေး စိတ်ချမ်းသာသာသာ နေပါနော်"

အမေနှင့်အဒေါ်တို့က စိတ်ချမ်းချမ်းသာသာ နေပါဟု ဆိုသော်လည်း ဇာဇာလျှံအနေမှာ မည်သို့မျှ စိတ်မချမ်းသာနိုင်ပါချေ။

အထူးသဖြင့် အမေနှင့်အဒေါ်တို့၏ စိတ်ချမ်းသာရမည်ဆိုသော အစီအစဉ်ကိုတော့ ဇာဇာလျှံအနေမှာ ပို၍ပင် လက်မခံနိုင်ပါချေ။ ထိုကိစ္စအတွက် ပို၍ပင် စိတ်ဆင်းရဲရ၏။ အဒေါ်နှင့် အမေတို့၏ စိတ်ချမ်းသာရမည့် အစီအစဉ်ဆိုသည်မှာ ဇာဇာလျှံ၏ ကိုယ်ဝန်ကို ဖျက်ချကြရန်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာဇာလျှံ၏ အရိပ်ထဲ လာဝင်ခိုနားနေသော မောင်၏ကိုယ်ပွား လေးကို ဇာဇာလျှံအနေက ဖျက်ဆီးမပစ်ရက်ပါချေ။ မိမိ၏သွေးသားထဲမှ ဖြစ်ပေါ်လာသော အပြစ်မဲ့သည့် ကလေးကို သတ်ပစ်ရမည် ဆိုသည်မှာ တရားမလား။ ပြီးတော့ သည်းကလေး ဖျက်ချ၍ ခံစားရမည့် ဝေဒနာမှာ လည်း တွေးကြည့်တိုင်း ဇာဇာလျှံအနေမှာမူ အသက်ရှူ မှားစရာပင်။ တစ်စုံတစ်ခုအကြောင်းကြောင့် သက်ဆိုင်ရာတို့က သိသွားလျှင်လည်း အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရမည့်အပြင် တရားဥပဒေအရလည်း အပြစ်ခံကြရမည်။

မည်သို့ပင်ဆိုစေ မိမိ၏အရိပ်ထဲ ခိုနားဝင်ရောက်လာသော မိမိ၏ ကိုယ်ပွားလေးကို ဖျက်ဆီးပစ်ရမှာ ဇာဇာလျှံ စိတ်ထဲက နှမြောနေမိသည်။ ဖြူသလား၊ မည်းသလား၊ အရုပ်ဆိုးမလား၊ အလှလေးများဖြစ်နေမလား၊ မိန်းကလေးလား၊ ယောကျ်ားလေးလား၊ သူဇာနှင့် တူမလား၊ သူ့အဖေနှင့် တူမလား။ သည်လိုသာ တွေးမိလျှင် ဇာဇာလျှံမှာ မမြင်ရသေးသော ကလေး ကို မိခင်စိတ်နှင့် ယခုကပင် တုန်နေအောင်ချစ်မိနေလေပြီ။

ဘာပဲဖြစ်ဖြစ်ဟူသော သဘောနှင့် ဤကိစ္စကိုတော့ ဇာဇာလျှံတ ခေါင်းအမာကြီး မာနေလေသည်။ ဖေဖေ သိသွား၍ ဤကိစ္စအတွက် ဖေဖေက ဇာဇာလျှံကို သတ်မည်ဆိုလျှင်လည်း လည်စင်းခံလိုက်ရုံသာ။

ဤကိစ္စအတွက် ဇာဇာလျှံကို ဘယ်လိုမှ နားချ၍မရကြသောအခါ မေမေက အစီအစဉ်တစ်ခု ထပ်လုပ်ပြန်သည်။ အမေ၏အစီအစဉ်နှင့် တစ်နေ့သော မိုးနှောင်းကာလအခါမှာ ဇာဇာလျှံသည် ကမ်းလွန်သာမြို့က တိတ်တဆိတ် ထွက်ခွာပြီး အဒေါ်တစ်ယောက် ရှိရာ ရန်ကုန်မြို့သို့ ရောက်လာရလေသည်။

■

ကိုကျော်သူသည် စနေနေ့ ဆေးခန်းပိတ်ပြီး ကားဂိတ်နားကဆိုင် တွင် အရက်ဝင်သောက်ကာ ရွှေတောင်ကြားက အမေတို့ အိမ်သို့ ပြန် လာသည်။

ခြံထဲတွင် ရွက်ဝါရွက်ခြောက်တို့ လေထဲဝဲပျံနေကြသည်။





သူ့ရင်ထဲမှာ နွေနှင့်ပြိုင်၍ ပူပြင်းလောင်မြိုက်လာသည်။

မနှစ်က သည်လိုအချိန်မှာ ကမ်းလွန်သာဆေးရုံ၌ ဇာဇာလျှံနှင့်သူ တွေ့ခဲ့ရသည်။ ပင်လယ်ဝမှ ရွက်ရုပ်ပြီး အိမ်ပြန်လာကြသော တံငါလှေ တွေကို သူနှင့်ဇာဇာလျှံသည် ဆေးရုံပေါ်ကလှမ်းကြည့်ကာ ပန်းချီရေးခဲ့ ကြသည်။ ယခုတော့ ချစ်သူဇာဇာလျှံတစ်ယောက် ဘယ်ဆီရောက်နေမှန်း ပင် သူ မသိရပါလား။

ကိုကျော်သူသည် စက်ဘီးကို လှေကားရင်းတွင် ပစ်ထားခဲ့ကာ ဘုရားစင်အောက်က ကြမ်းပြင်တွင် လှဲချလိုက်သည်။

သူသည် စနေ တနင်္ဂနွေနေ့များဆိုလျှင် ဤသို့ပင် အပတ်တိုင်းအိမ် ပြန်နေတတ်သည်။ ပြီး ဦးလာဘခြံထဲက ငွေတွင်းပါ မြေပုံစာရွက်ကိုလည်း အိမ်မှာ ရှာဖွေမွှေနှောက်ခဲ့သည်။

အစ်ကိုနှစ်ယောက်တို့၏ သေတ္တာ ဗီရိုများနှင့် အိမ်ရှိသမျှသော သေတ္တာ ဗီရိုများကိုလည်း သော့တူနှင့်ဖွင့်၍ အကြိမ်များစွာ တိတ်တဆိတ် ရှာခဲ့သည်။ သို့သော် ဦးလာဘအား အင်္ဂလိပ်ကြီးဆီက ပေးလိုက်သည် ဆိုသော ငွေတွင်းမြေပုံကိုကား ယနေ့ထိ မတွေ့ရသေးပေ။ ဤမြေပုံကိစ္စ ကြောင့် သူ့ခေါင်းထဲမှာ မီးတောက်လျက် ရှိလေသည်။ သူသည် ရင်ပူပူနှင့် ဇာဇာလျှံအကြောင်းတွေးရင်း ဘုရားစင်အောက်တွင် မှေးခနဲ အိပ်ပျော် သွားသည်။

“ခြော်. . အဘွား”

သူ့နားထဲတွင် တစ်စုံတစ်ခု ကွဲရှသံ ကြားလိုက်ပြီး မျက်နှာပေါ် ရေတွေစဉ်ကျလာသောအခါ ကိုကျော်သူမှာ လန့်နိုးလာလေသည်။

ဘုရားစင်ဘေးတွင် အဘွားကို တုန်တုန်ယင်ယင် တွေ့ရသည်။

ဘုရားစင်အောက်မှာ ရေတွေလည်း ဖိတ်ကျနေသည်။

ဘုရားညောင်ရေအိုးတွေလည်း လဲကျနေ၏။ ဘုရားစင်ပေါ်မှ ကွဲရှ သံကြားသဖြင့် အမေလည်း ဘုရားစင်နား ရောက်လာသည်။

“အမေကလဲ အမေရယ်၊ ဘုရားသောက်တော်ရေ သမီးနေ့ဦး တပ်ပါတယ်ဆိုတာ မရဘူး၊ ပေးပါ၊ ထားခဲ့ပါ၊ တုန်တုန်ချည့်ချည့်နဲ့ မလုပ် ပါနဲ့ ဆိုတာလဲ ပြောမရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ရွှေအိမ်သူ၊ ငါက ဘုရားတရားနဲ့နေလာတာ၊ နင်တို့သောက်တော်ရေက ဘယ်အချိန်မှာ ကပ်မှာလဲ၊ မိုးချုပ်မှ သောက်တော်ရေကပ်တော့ ဘုရားရေဆာနေရောပေါ့ဟဲ့၊ နင်တို့ ကိုယ်ချင်းမစာဘူး၊ ဒီလိုပူတဲ့ နွေရာသီမှာ နင်တို့ တစ်နေ့တစ်ခါပဲ ရေသောက်သလား"

အဘွားမှာ သူ့ငယ်ပြန်နေပြီ ဖြစ်သည်။

အဘွားသည် နေ့တိုင်း တုန်တုန်ချည့်ချည့်နှင့် ဘုရားသောက်တော်ရေကို ညနေမိုးမချုပ်ခင် ကပ်တတ်သည်။ ဤသို့ အဘွားသောက်တော်ရေကပ်သဖြင့် ဘုရားညောင်ရေအိုး၊ ပန်းအိုး သောက်ရေခွက်တွေ ကွဲပေါင်းလည်း မနည်းတော့။ အမေက သူကပ်ပါမည် နေပါဟု ပြောသော်လည်း ပြောမရခဲ့။ ယနေ့လည်း အဘွားသည် ဘုရားသောက်တော်ရေ လာကပ်ရင်း ပန်းအိုးတွေလဲပြီး ကွဲရှကုန်ပြန်လေပြီ။

ကိုကျော်သူမှာ မနေသာတော့သဖြင့် အဘွားနှင့် အမေတို့ကြားဝင်ပြီး ဘုရားစင်ပေါ်က ညောင်ရေအိုး သောက်တော်ရေခွက်တွေကို တည့်မတ်ပြင်ဆင်ပေးရလေသည်။

"ဟဲ့. . . ဒါက ဘာလဲ လူလေးရယ်"

အမေသည် ဘုရားစင်ပေါ်က ရေတွေကို အဝတ်စနှင့် အနှံ့သုတ်ရင်း ဘုရားပလ္လင်အောက်က ငွေကြိုးတစ်ပင်ကို ဆွဲထုတ်ပြီးပြောသည်။

"ငွေကြိုးပါလား အမေရယ်၊ ကြုတ်ကြီးကလဲ အရှည်ကြီးပဲ"

သူ့အမေလက်ထဲက ငွေကြုတ်ကို လှမ်းဆွဲကြည့်ပြီး ကိုကျော်သူက ပြော၏။

"လူလေးဟာ မဟုတ်ဘူးလား"

"ဟင့်အင်း . . . ကျွန်တော့်ဟာ မဟုတ်ပါဘူး"

ကိုကျော်သူသည် ပြောပြောဆိုဆိုနှင့် ထူးဆန်းသလို ဖြစ်နေသော ငွေကြုတ်ကို ဖွင့်ကြည့်၏။

ငွေကြုတ်ထဲက စာရွက်လိပ်ကို ဖြေကြည့်လိုက်သောအခါ ကိုကျော်သူမှာ မျက်လုံးပြူးသွားလေသည်။

သူ အရက်ရက်အလလက ရှာဖွေလာခဲ့သော ဦးလာဘ ခြံထဲက ငွေတွင်းပါ မြေပုံစာရွက်ကို တွေ့လေပြီ။





"မင်းအစ်ကိုတွေ့ဟာနဲ့ တူပါတယ်၊ ဘာလဲ အဆောင်လက်ဖွဲ့လား။ စာရွက်က ဘာစာရွက်လဲ"

"ဟုတ်မှာပေါ့အမေရယ်. . . စာရွက်ထဲ အင်းတွေနဲ့ဗျ"

ကိုကျော်သူက သူ့အမေကို ဟန်မပျက် ပြောလိုက်သည်။

"ကဲ နေရာမပျက် ပြန်ထားလိုက်ပါကွယ်၊ အင်းတွေ ဘာတွေပါရင် နေ့နံမသင့်ရင် မကိုင်ကောင်းဘူး"

"ဟုတ်ကဲ့ အမေ"

သူ့ အမေစကားအတိုင်းပင် ကိုကျော်သူသည် ငွေကြိုးနှင့် တွဲထားသော လော့ကက်သီးကြုတ်ကို ဘုရားပလ္လင်အောက် ပြန်ထားလိုက်သည်။ သို့သော် သူ့ရင်ထဲမူ ဝမ်းသာကြည်နူးစိတ်တွေနှင့် တဒိတ်ဒိတ်ခုန်လျက် ရှိလေသည်။

ကိုကျော်သူသည် သူ့အမေ လစ်သည်နှင့် တစ်ပြိုင်နက် ဘုရားပလ္လင်အောက်က ငွေကြုတ်လော့ကက်သီးကိုယူကာ ဦးလာဘရှိရာ ရေနံမြေသို့ စက်ဘီးနှင့် တစ်ချိုးတည်းပြေးလာမိသည်။ ကိုကျော်သူ ဦးလာဘခြံအစပ်သို့ ရောက်လာသောအခါ အချိန်မှာ မှောင်ရီဖျိုးဖျပင် ရှိနေလေပြီ။

■

ကိုကျော်သူ ဦးလာဘခြံအစသို့ ရောက်လာချိန်မှာ ခြံထဲက အလုပ်သိမ်း၍ပြန်လာကြသော ကိုကျော်သူ၏ အစ်ကိုနှစ်ယောက်ကလည်း မိမိအိမ်သို့ ရောက်လာကြလေသည်။

ကိုကျော်ဆူသည် အိမ်ကို ရောက်သည်နှင့် တစ်ပြိုင်နက် ဘုရားပလ္လင်အောက်က ငွေကြိုးကို ဦးဆုံးကြည့်သည်။

ဤသည်မှာလည်း သူ၏ နေ့စဉ်ကြည့်နေကျအလုပ် ဖြစ်သည်။ ယခင်ကဆိုလျှင်တော့ ဤငွေကြုတ်ကို သူ့လည်ပင်း၌ အမြဲဆွဲထားခဲ့၏။ နောက်တော့ သူ့ လည်ပင်းက ငွေကြုတ်၏ အတွင်းရေးကို သိသွားသော ဦးလာဘသည် သူ့ဖဲဝိုင်းကအပြန် တစ်နေ့မှာ ဤငွေကြုတ်ကို လုယူ၍ ပြေးစားခဲ့သည်။

ကံသီ၍သာ သူ့လက်ထဲ ပြန်ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကပင် မိမိကိုယ်၌ထား၍ စိတ်မချရသော ငွေကြုတ်တို့ ကိုကျော်ဆူသည် ဘုရားပလ္လင်အောက်၌ ထားခဲ့သည်။ ယခုတော့ ထိုငွေကြုတ် မရှိတော့ပြီ။ ကိုကျော်ဆူ၏ ခေါင်းထဲမှာ ချက်ချင်း မီးဟုန်းဟုန်း တောက်သွားလေသည်။

"အမေ. . . အမေ. . . ဒီ ဘုရားပလ္လင်အောက်က ကျွန်တော့် ငွေကြိုး ဘယ်သူယူသွားလဲဗျ ဟင်"

"ဟဲ့ မောင်ဆူ. . . နင့်မှာလဲ အိမ်ကိုရောက်တာနဲ့ အသံကြားရပြီ နင့်ငွေကြိုး ဘယ်သူယူလို့လဲ၊ ဘုရားပလ္လင်အောက်မှာ ရှိတယ် မဟုတ်လား"

"ဘယ်မှာ ရှိတော့မလဲဗျ၊ ကျွန်တော့်ငွေကြိုး ဘယ်သူ ယူသွားလဲ ဟင်၊ အိမ်မှာရှိတဲ့ အမေတို့ သိရမယ်"

ကိုကျော်ဆူ၏အသံမှာ ချက်ချင်း မိုးကြိုးထစ်ချုန်းလိုက်သလို ငိုသံ ပါလာလေသည်။

"မရှိဘူးလား၊ စောစောကပဲ မင်းအဘွား ဘုရားသောက်တော်ရေ လဲတာ ညောင်ရေအိုးမှောက်ကျလို့ အမေနဲ့ သူသူ အဲဒီငွေကြိုး ကြည့်ကြ သေး. . ."

"ဟင်. . . သူသူ အဲဒီငွေကြိုး ယူကြည့်သေးတယ်"

"ဟုတ်တယ်၊ ဘာဖြစ်လို့ ဒီလောက် ပြူးပြူးပြဲပြဲ ဖြစ်နေရတာလဲ သူသူကို မေးကြည့်ပါလား"

"ဘယ်မှာလဲ ဒီကောင်"

"သားလေး မရှိဘူးလား"

"အမေတို့ပဲ အိမ်မှာနေပြီး မသိဘူးလားဗျ၊ တောက်. . . ထေး ကျော်သူ. . . ကျော်သူ၊ ဒီ. . . ဒီကောင်"

ကိုကျော်ဆူသည် စကားကိုပင် ဆုံးအောင် မပြောနိုင်ခဲ့ဘဲ ချက်ချင်း အိမ်ပေါ်က ခုန်ချပြေးသည်။

ကိုကျော်လူကလည်း သူတို့ငွေကြုတ်ကို ကိုကျော်သူ ယူသွားပြီ ဆိုသည်ကို အတပ်သိသဖြင့် ချက်ချင်းပင် သူ့ အစ်ကိုကြီးနောက်သို့ ဆင်းလိုက်ရသည်။





"ဟဲ့ လူလေး နင်တို့ဟာက ဘာတွေ ဖြစ်နေကြတာလဲ၊ ဒီငွေကြိုးက ဘယ်လောက်တန်လို့လဲ၊ ညီအစ်ကိုတွေနော် ရန်ဖြစ်တယ် ကြားရင်တော့ နင်တို့တစ်ကောင်မှ အိမ်မပြန်ခဲ့ကြနဲ့"

အဆောင်လက်ဖွဲ့ကို ညီငယ်က နောက်ပြီး ယူပြေးသွားသည် အထင်နှင့် ဒေါ်ရွှေအိမ်သူက သားကြီးတွေကို အော်ဟစ် ဟန့်တားသည်။

ညီငယ်မှာ ခေတ်ပညာတတ်။ စုန်း၊ တစ္ဆေ စသည်တို့ကိုလည်း ယုံကြည်သူ မဟုတ်ရာ အစ်ကိုများ အမြတ်တနိုးထားသော ဤ သူ့အင်လက်ဖွဲ့ကို ကျီစားယူပြေးသွားသည်ဟု ဒေါ်ရွှေအိမ်သူက ထင်နေ၏။

တစ်ခါတစ်ခါတွင် ညီအစ်ကို သုံးယောက်မှာ ကလေးတွေလိုပင်ဟု သူ့ အမေက ထင်သည်။

"ကဲ. . . ကျော်လူ၊ မင်း အေးစက်စက် လုပ်မနေနဲ့၊ သေနတ်သွား ယူစမ်း၊ ကျည်အပိုလဲ ယူခဲ့၊ ဒီကောင် ငါတို့ကို သစ္စာဖောက်သွားပြီ၊ ဒီငွေတွင်းမြေပုံကို ပြန်ရရင်ရ၊ မရရင် ငွေတွင်းက ငွေကိုရမှ ဖြစ်မယ်၊ တို့ အချိန်မီလိုက်ကြမှ"

ခြံအစက တဲပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် ကိုကျော်ဆူက ဝှက်ထားသော လက်နက်ပုန်းများနှင့် ကျည်ကပ်များကို သွား၍ယူရန် ကိုကျော်လူကို အမိန့်ပေးလေသည်။

လက်နက် ကျည်ကပ်တွေ အဆင်သင့် ဖြစ်သောအခါ ကိုကျော်ဆူ၊ ကိုကျော်လူနှင့် ခြံထဲက သူတို့လူယုံ အိမ်သားအလုပ်သမားနှစ်ယောက် တို့သည် ဦးဆုံး မင်းရွာသို့ ထွက်လာကြသည်။

မင်းရွာသို့ ရောက်သောအခါ တခြားလူတွေကို ရွာပြင်မှာထားခဲ့ပြီး ကိုကျော်ဆူက ကိုကျော်သူကို ဆေးခန်းမှာ သွားမေး၏။

ကိုကျော်သူ ဆေးခန်း၌ မရှိဟု သိရသောအခါ၊ သူ့ ရင်ထဲမှာ ပို၍ မီးတောက်သွားလေသည်။ ဇာဇာလှုံစိတ်နှင့် အရူးတစ်ပိုင်း ဖြစ်နေသော သူ့ညီသည် ငွေတွင်းပါ မြေပုံကို ဦးလာဘအား ပေးရန် သွားချေပြီ။

ဇာဇာလှုံနှင့်သာ ပြန်ပေါင်းရမည်ဆိုလျှင် သူ့ညီသည် ဘယ်လိုနည်းနှင့်မှ သူတို့မျက်နှာကိုထောက်မည် မဟုတ်ပေ။ ယခု နေ့လယ်ပိုင်းတွင် သူ့ညီသည် အိမ်မှာ လာလာနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာလည်း ဤမြေပုံကိစ္စကြောင့်ပင် ဖြစ်ရပေမည်။

ဤမြေပုံကိုရမှ သူ့ကို ဇာဇာလျှံနှင့် ပေးစားမည်ဟု ဦးလာဘက အယုံသွင်းထားလေပြီလား။ ကိုကျော်ဆူ၊ ကိုကျော်လူနှင့် နောက်လိုက် နှစ်ယောက်တို့သည် မင်းရွာကတစ်ဆင့် ဦးလာဘ၏ရေနံမြေကို ညတွင်း ချင်းမြင်းကိုယ်စီနှင့် လိုက်ခဲ့ကြပြန်လေသည်။

ထိုအချိန်တွင် သူ့အား ငွေတွင်းပါ မြေပုံ လာပေးသော ကျန်းမာရေး မှူးကိုကျော်သူကို ဦးလာဘသည် သံသယစိတ်နှင့် ဖမ်းဆီးပြီး ကြိုးတုပ် ထားသည်။

"ဟင်း . . . ဟင်း တော်တော်လာတဲ့ ကောင်တွေ၊ မင်းက ဒီမြေပုံ အလိမ်ကို ငါ့ကိုလာပေး၊ ငါက တကယ်ထင်ပြီး ဒီမြေပုံ အညွှန်းအတိုင်း ခြံအစက ဂိုဒေါင်နားမှာ ငွေတွင်း သွားတူး၊ အဲဒီအချိန်မှာ မင်းအစ်ကိုမှ ယောက်က တစ်ဖက်လှည့်နဲ့ ငါ့ခြံထဲလာပြီး ငွေတွင်းကို တိတ်တဆိတ် တူးယူသွား၊ ဟားဟား ပိုင်ပါ့ကွာ. . . ပိုင်ပါ့. . . ပိုင်ပါ့"

"မ မဟုတ်ရပါဘူးဦးရယ်၊ ဒီမြေပုံဟာ မြေပုံအမှန် ဖြစ်ပါလိမ့်မယ် ဒီမြေပုံကိစ္စ ကျွန်တော် သိရတာလဲ သူဇာ ပြောလို့ပါ"

"တော်. . . မင်းနောက်ထပ် စကားမရှည်နဲ့၊ မင်းပြောတဲ့ အတိုင်း ဟုတ်မဟုတ် ခုသိရမှာပေါ့ကွာ၊ ကဲ ဖိုးရာဇာ လက်ဆွဲဓာတ်မီး သွားယူစမ်း တောက်ထိန် မင်းက ဒီကောင်ကို ဆွဲခေါ်လာခဲ့၊ ခြံဟိုဘက်မှာ အစောင့် တွေဘယ်သူရှိလဲ"

ဦးလာဘသည် ငွေတွင်းဖော်ရန်အတွက် သူ့အစီအစဉ်အတိုင်း ချက်ချင်းပြုလုပ်လေသည်။

"ခြံအစမှာ အောင်ပန်းသာ ဝေမောင်တို့ ရှိတယ်၊ စိတ်ချပါ"

"ဟေ့ကောင် လာစမ်း"

တောက်ထိန်သည် ဦးလာဘကို ပြန်ပြောရင်း လက်ပြန်ကြိုးတုပ် ထားသော ကိုကျော်သူကို ငွေတွင်းရှိသည်ဆိုသော ခြံအစက ဂိုဒေါင်ပျက် နားဆွဲခေါ်လာလေသည်။





အစကမူ ဤမြေပုံကို ဦးလာဘလက်ထဲ အပ်ပြီး သူ ပြန်လာမည်။ ဤမြေပုံရလျှင် ဦးလာဘလည်း ကျေကျေနပ်နပ်ဖြစ်ကာ သူဇာနှင့်လည်း သူပြန်တွေ့ရလိမ့်မည်ဟု ကိုကျော်သူက လွယ်လွယ်ထင်ခဲ့သည်။ ယခု တော့ ဦးလာဘသည် သူ့ကိုပါ အထင်လွဲပြီး သူ့လူများ အားကိုးနှင့် ဖမ်းဆီး ထားသည်။

သို့သော် အကြောင်း မဟုတ်ပါ။ သူ ပြောသည့်အတိုင်း အင်္ဂလိပ် ကြီးမြှုပ်နှံထားခဲ့သော ငွေတွင်းကို ရသောအခါ ဦးလာဘသည် သူ့ကို မုချ ကျေးဇူးတင်စကားဆိုရမည် မဟုတ်ပါလား။

ဦးလာဘသည် ကိုကျော်သူ လာပေးသော မြေပုံအညွှန်းအတိုင်းပင် ငွေတွင်းကို စတင်၍ တူးကြသည်။ ကိုကျော်သူကိုလည်း လက်ပြန်ကြိုး တုပ်၍ ငွေတွင်း နှုတ်ခမ်းဝတွင် ချည်နှောင်ထားသည်။

"နင်ပြောသလို မဟုတ်ရင်တော့. . မင်း ငါ့သမီးနဲ့ မပေါင်းရဘဲ ဒီတွင်းထဲ ဝင်ရပြီသာမှတ်"

ဦးလာဘသည် သူ့ခါးက ခြောက်လုံးပြူးဆီ လက်ရောက်သွားပြီး ကိုကျော်သူကို မကြည့်ဘဲ ပြောသည်။

ကိုကျော်သူမှာ ဦးလာဘနှင့် ဦးလာဘ၏ လူများကို ဘာမှ ပြန် မပြောဘဲ ငွေတွင်းထဲမှ ငွေသေတ္တာကြီး ပေါ်လာမှာကိုသာ စိတ်စောပြီး စောင့်ကြည့်နေ၏။

ဤတွင်းထဲမှ ငွေသေတ္တာကြီး ပေါ်လာပါမှ သူသည် အသက်ချမ်း သာ၍ ချစ်သူနှင့် တွေ့ရမည် မဟုတ်ပါလား။

"ဟာ. . . ဟုတ်တယ်ဗျ၊ သံသေတ္တာကြီး တစ်လုံးတော့ တွေ့ပြီ ဦးလေး၊ ဆရာလေး ပြောတာ ဟုတ်မယ်ဗျ"

တွင်းတူးနေသော အလုပ်သမား တစ်ယောက်က အားရဝမ်းသာ ပြောလိုက်သောအခါ တွင်းနှုတ်ခမ်းဝတွင် သေနတ်ကိုယ်စီနှင့် စောင့်နေ ကြသော ဦးလာဘ၊ တောက်ထိန်၊ ဖိုးရာဇာတို့၏ မျက်နှာများလည်း ချက်ချင်းပင် ဝင်းပြောင် ကြည်လင်သွားကြသည်။ လက်ဆွဲဓာတ်မီးရောင် အောက်တွင် ပြူးကျယ်လျှံမောက်လာသော သူတို့တွေ၏ မျက်လုံးတွေမှာ ရွှတ်ခြည်း ဝင်းဝင်းတောက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ သူတို့သာ မဟုတ်၊ အဖမ်းအဆီး အချုပ်အနှော ခံထားရသော ကိုကျော်သူ၏ မျက်လုံးမှာလည်း ကြည်လင်ဝင်းပသွား သည်။

"ဒိုင်း"

"ဒိုင်း . . ."

ခြံအစမှ သေနတ်သံတွေကို ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက် ရသောအခါ ကိုကျော်သူ၏ ရင်ထဲမှာ ထိတ်လန့်သွားမိသည်။

သူ့အစ်ကိုများ လိုက်လာကြပြီး ရန်သတ္တရုပြုခြင်းပေလား။

"ရန်သူ. . . ရန်သူ၊ ဦးလေး ဦးလေး၊ အဲဒီကို လာနေကြတယ် အဲဒီ. . ."

"ဒိုင်း"

"ဒက်. . . ဒက်. . . ဒက်"

သေနတ်သံနှင့် ခြံအစက အထိတ်တလန့် အော်ဟစ်လိုက်သံ ကြောင့် လူအားလုံးမှာ ချက်ချင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

သွပ်မိုးကိုဒေါင်ဖျက်ပေါ် ထိမှန်လိုက်သော ကျည်တွေမှာ မိုးသီး ပေါက်ပမာ ပြန့်ကျဲသွားသလား ထင်လိုက်ရသည်။

"ဒက်. . . ဒက်. . . ဒက်"

"ဒိုင်း . . . ဒိုင်း"

"အား . . . အား၊ ဦးလေး. . . ကျွန်. . . ကျွန်တော်"

ကိုကျော်သူအား ချည်နှောင်ထားသောကြိုးစကို ဆွဲကိုင်ကာ တွင်း မှ ပြန်ပစ်နေသော တောက်ထိန်က အသံနက်ကြီးနှင့် အော်လိုက်သော အခါ ကိုကျော်သူ၏မျက်နှာမှာလည်း ရုတ်ခြည်းသွေးဆုတ်သွားလေသည်။ သေနတ်သံတွေကလည်း ပို၍ ညံလာသည်။ သေနတ်မှန်သဖြင့် ထိ ထိတ်လန့်လန့် အော်နေကြသံတို့မှာ ငရဲပျက်သလား ထင်လိုက်ရသည်။

ကိုကျော်သူသည် တွင်းနှုတ်ခမ်းတွင် ဝပ်နေရာမှ သူ့ရှေ့က ထ ဆွဲမာတ်မီးကို သေနတ်ကျည်မှန်၍ မှန်စတွေ လွင့်စဉ်လာသောအခါ ဖျပ်ပြီး သူ့ဘေးက သစ်ပင်ရင်း ကပ်ရန် ကုန်းထလိုက်သည်။

"ဒိုင်း. . ."





"အား"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

ကိုကျော်သူ၏ ရင်ထဲမှာ ပူခနဲ ခံစားလိုက်ရသည်၊ မျက်လုံးအစုံ တလည်း လျှပ်ပြက်သလို ကျဉ်စပ်ပြီး ပြာဝေသွားသည်။

နားထဲမှာမူ ထောင်သောင်းမကသော သေနတ်သံများ။

ကိုကျော်သူသည် ချက်ချင်း မျက်လုံးတွေ ပြာဝေကာ ဒူးညွှတ်ကွေး ကျသွားသည်။ မဟာပထဝီမြေပြင်နှင့် သူ့ကိုယ်တို့ ထိမိလိုက်သံနှင့်အတူ သူသည် ဘာဆိုဘာမှ သတိမရတော့ပါချေ။

လောကသည် သူ့အတွက် အားလုံးမှောင်ကျသွားလေပြီတည်း။

။

"မမ. . . ကျွန်မတို့ သွားပါဦးမယ်နော်၊ မမလေးလဲ ဒီနေ့ မလာ သေးပါလား"

"အေးကွယ်. . . ဒီနေ့ ဒေါ်လေး နောက်ကျနေတယ် လာပါလိမ့် မယ်"

ဆေးရုံပေါ်တွင် သူနှင့်တစ်ခန်းတည်း အတူ မီးလာဖွားနေသော အမျိုးသမီးမှာ ဆေးရုံက ဆင်းရပြီ ဖြစ်သဖြင့် လာနှုတ်ဆက်၏။

ဇာဇာလှုံ၏ရင်ထဲမှာ နင့်သွားသည်။

သူ ဤနေ့ပင် ဆေးရုံက ဆင်းရမည်ကို မနေ့ကပင် ပြော၏။

ဤအမျိုးသမီးမှာ ဇာဇာလှုံထက် တစ်ရက်နောက်ကျပြီး မီးလာဖွား သူ ဖြစ်သည်။ ယခုတော့ ဤအမျိုးသမီးက ဆင်းရပြီး သူကတော့ နေမ ကောင်းသဖြင့် မဆင်းရသေး။

အမျိုးသမီးမှာ ဇာဇာလှုံထက် ငယ်သည်။ နှစ်ဆယ်ပင်ပြည့်မည် မဟုတ်သေး။ သူ့ အမျိုးသားကလည်း သူနှင့်ရွယ်တူပင်။ ဆေးရုံ လူနာ ကြည့်ချိန်ဆိုလျှင် သူ့ အမျိုးသားသည် နေ့စဉ် သူများထက်စော၍ ရောက် လာတတ်ပြီး သူ့မိန်းမအနားဆီတွင် ပျာနေတတ်သည်။ ပါလာသော စားသောက်စရာများကို ယုယုယယနှင့် နေ့စဉ် ခွံ့ကျွေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခါနီးဆိုလျှင် ဇာဇာလျှံကိုလည်း "အစ်မ ကျွန်တော်ပြန်ပါဦးမယ်" ဟုနှုတ်ဆက်တတ်သည်။

သူမိန်းမနှင့် ဇာဇာလျှံမှာ အခန်းထဲ အတူ မီးဖွားနေကြရသူတွေ ဖြစ်သဖြင့် သူနှင့်လည်း ရင်းနှီးနေကြသည်။

သူက လာနှုတ်ဆက်တိုင်း ဇာဇာလျှံရင်ထဲမှာ ဟာသွားတတ်သည်။

သူ၏ သွက်လက်ချက်ချာမှုကို မြင်ရသော ဇာဇာလျှံမှာ မောင့်ကို သတိရနေတတ်သည်။ သူသည်လည်း မောင့်လိုပင် အသားဖြူဖြူနှင့် မျက်လုံးနှာတံတို့လှသည်။ သူမိန်းမကိုလည်း တော်တော်ချစ်ရှာပုံရသည်။ ကလေးစမွေးပြီး နောက်တစ်နေ့မှာ သူသည် ဆေးရုံရောက်လာပြီး ကလေးလေးကို ကြည့်လိုက် သူမိန်းမ မျက်နှာကြည့်လိုက်နှင့် ပြုံးနေလေသည်။

"မြူးရေ ကြည့်ပါဦး၊ သားလေးက ဘယ်သူနဲ့တူလဲ၊ ကိုကိုနဲ့တူလား မြူးနဲ့တူလားဟင်၊ ဆံပင်ကလဲ အရှည်ကြီး ဗျ၊ ရုပ်ခွဲစိုးလေးကျနေ"

"အိုး . . ကိုကို တော်စမ်း၊ မပြောကောင်း မသိ၊ ပြောကောင်း ဆော်"

အမျိုးသမီးက အော်လိုက်တော့ သူက ရယ်နေသည်။

သားဦးရသော ဖခင်တစ်ယောက်၏ရင်ထဲမှာ မည်မျှ ဝမ်းသာကြည်နူးနေမည် မသိ။

"သားကြီးက အိပ်လိုက်တာ၊ ဖေဖေကြီး လာတာတောင် မျက်လုံး ဖွင့်မကြည့်ဘူးဗျ"

သူက အိပ်ပျော်နေသော ကလေးလေး၏ မျက်လုံးကို လက်နှင့် ကြည့်တော့ သူမိန်းမက သူ့ကျောလှမ်းရိုက်သည်။ အဒေါ်လည်း ရောက် မလာသေးသဖြင့် ဇာဇာလျှံသည် ဝရန်တာဘက်သို့ ထွက်လာမိ၏။

"ကိုကိုလုပ်တာနဲ့ မမတောင် မျက်စိနောက်လို့ ထွက်သွားပြီ"

"မ. . . မဟုတ်ပါဘူးကွယ်၊ နည်းနည်းအိုက်သလိုဖြစ်လို့ပါ"

ပြောသာပြောရသော်လည်း ဇာဇာလျှံ၏ ရင်ထဲကမူ မချိတော့ ဝရန်တာပေါ်ရောက်တော့ မျက်ရည်တွေ သွန်ချမိသည်။ မောင်သာ ရှိလျှင်လည်း ထိုအမျိုးသမီးငယ်ကဲ့သို့ပင် မောင်၏ယုယကြင်နာမှု ခံယူရမည် မဟုတ်ပါလား။





မိန်းကလေးတစ်ယောက်အနေနှင့် ဤလို ယောကျ်ား မောင်မှီး မိန်းမမီးနေ၊သေရေးကြွယ်သော အချိန်မျိုးတွင် မိမိခင်ပွန်း၏ ယုယကြင်နာ အားပေးမှုမျိုးကို မိန်းမတိုင်း လိုချင်ကြသည်သာ။ သို့သော် ခုတော့ ဇာဇာလျှံ၏ဘဝမှာ ဆေးရုံ၌ မီးလာဖွားရသည်ကိုပင် ကလေးအဖေက ဘယ်သူ့ဟု မပြောပြနိုင်သော ဘဝပါလား။

မောင်က ပြောသွားတော့ သူ့အစ်ကိုများဆီတွင် ရှိနေသော ငွေတွင်း ပါမြေပုံကို ဖေဖေအား ရအောင်ယူပေးမည်။ သူ၏ စိတ်မှန်သော မေတ္တာကို ဖေဖေသာသိလျှင် သူဇာနဲ့ မောင့်ကို ကြည်ဖြူမှာပါဟု ဆိုဖူးသည်။

ယခုတော့ ဇာဇာလျှံသာ သမီးလေး မွေးလာလေသည်၊ မောင့် အကြောင်း ဘာမှမကြားရ။ ဇာဇာလျှံ ရန်ပြေမြို့က ဆေးရုံတွင် မောင်၏ ရင်သွေးသမီးလေး မွေးနေရပြီ ဆိုသည်ကိုလည်း သူက သိမည် မဟုတ်ပေ၊ သူက ငွေတွင်းပါမြေပုံရရေး ကြိုးစားနေတာလား။

နဂိုကပင် မရိုးသားသောစိတ်နှင့် ဇာဇာလျှံ၏အချစ်ကို ရယူခဲ့သူ ပီပီ ခုတော့ ဇာဇာလျှံကို မေ့လိုက်လေပလား။ ဇာဇာလျှံမှာတော့ မောင့် ကိုယ်ပွားလေး သူ့အရိပ်ထဲခိုနားနေလေပြီ ဆိုတာ. . သိကတည်းကပင် နေ့တိုင်း ငိုခဲ့ရလေသည်။

ကြာသော် မျက်ရည်များပင် ခန်းတော့မလား ထင်ရသည်။

"ဟဲ့. . . ဟဲ့၊ ဇာဇာ သမီး ဘာလို့ လေတိုက်ခံနေရတာလဲကွယ်၊ သွေးနုသားနု လေတိုက်မခံရဘူး"

အမေနှင့် အဒေါ်တို့ ရောက်လာသံကိုကြားတော့ မျက်ရည်ကို တမန်းကတန်း သုတ်ချလိုက်ပြီး အခန်းထဲ ဝင်လာရသည်။ စောစောက အမျိုးသမီးနှင့် အမျိုးသားတို့ကတော့ ကြည်နူးနေကြဆဲပင်တည်း။

အမျိုးသားက ကြက်သားကြော်၊ ငါးကြော်တို့ကို အရိုးထွင် ခွံ့ပေး သောအခါ အမျိုးသမီးမှာ ကျေနပ်ပြုံးပြုံး၍ ဝါးမြုံ့နေသည်။ ချစ်သူက ယုယုယယခွံ့ပေးနေသော အစားတစ်လုတ်သည် ကလေးမွေးဖွား၍ အားငယ်နေချိန်မှာ မည်မျှအားဆေးတစ်လက် ဖြစ်လိုက်ပါမည်နည်း။

ဇာဇာလျှံသည် သူတို့ ဇနီးမောင်နှံ၏ ယုယကြင်နာနေကြမှုကို မသိမသာ ခိုးကြည့်ကာ ရင်ထဲ မီးတမြည့်မြည့် လောင်ကျွမ်းခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေ့ကား ဇာဇာလျှံ သမီးလေးကို မျက်နှာမြင်ပြီးသည်မှာ နှစ်ည ပင်ရှိခဲ့လေပြီ။

ခင်ပွန်းသည်၏ ယုယကြင်နာမှု ဆိုသည်ကို ဘယ်လိုတမ်းတရ ကောင်းမှန်းပင် မသိရသော သူ့ဘဝ။ သူ့ထက် တစ်ရက်နောက်ကျပြီးမှ မီးလာဖွားသော အမျိုးသမီးငယ်၏ သာယာချမ်းမြေ့ဖွယ် ဘဝကို မြင်ရ သောအခါ ဇာဇာလျှံ၏ရင်ထဲမှာ ပြောမရနိုင်လောက်အောင် ဆွေးမြည့် နာကျင်လာမိ၏။

ဇာဇာလျှံမီးဖွားပြီး သမီးလေး ငါးရက်အရ တစ်ညနေမှာ မေမေ ပါမလာတော့။ အဒေါ် တစ်ယောက်တည်းသာ ဆေးရုံရောက်လာသည်။ မပြောမဆိုနှင့် မြန်းစားကြီးထပြန်သွားသော မေမေ့ကို ဇာဇာက စိတ်မျက် နေမိသည်။ မေမေ့ကို ဖေဖေက ခေါ်ခိုင်းလိုက်သဖြင့် ပြန်သွားသည်ဟု ဒေါ်လေးက ပြောသည်။

"ဇာဇာလဲ နေကောင်းသွားပြီမို့၊ မမက စိတ်ချလက်ချရှိလို့ ခဏ ပြန်သွားတာပါကွယ်၊ ဒီမှာ ဒေါ်လေးတစ်ယောက်လုံး ရှိတာ ဘာအားငယ် စရာရှိလဲ၊ မနက်ဖြန် သန်ဘက်ခါဆို မမ ပြန်လာမှာပေါ့"

အဒေါ်က ဇာဇာလျှံ အားငယ်သွားသည်ကို သိ၍ ပြောသည်။ မည်သို့ဆိုစေ ဤလိုအခါမျိုးတွင်. . သူ့အနား၌ သူများမှာလို ခင်ပွန်း ယောက်ျား ဟူ၍လည်း ထီးထီးမားမား မရှိလေရာ ဇာဇာလျှံ၏ စိတ်ထဲမှာ မေမေ ပြန်သွားသည့်အတွက် အားငယ်နေမိသည်။

နောက်တစ်နေ့ အမေ မလာတော့ သူနှင့် တစ်ခန်းတည်း မီးဖွားနေ ရသော အမျိုးသမီးငယ်က မေးသည်။

"မမ အမျိုးသားက မလာဘူးလားဟင်. . . မမ၊ အမေလဲ ဒီနေ့ မလာဘူး"

ငိုချင်လျက် လက်တို့ ဖြစ်သွားလေရာ ဇာဇာလျှံမှာ ရုတ်တရက်မှ ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားလေသည်။

ဇာဇာလျှံ၏ ခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ မျက်လုံးတွေပင် ပြာဝေ သွားမိ၏။ ဇာဇာလျှံသည် အံကြိတ်ကာ စိတ်တင်း၍ ထိုအမျိုးသမီးငယ် ကို လိမ်ပြောလိုက်ရသည်။





"မမအမျိုးသားက စစ်ဗိုလ်ကွယ့်၊ ရှေ့တန်း ထွက်နေရလို့ပါ၊ သမီး လေးမွေးတယ်ဆိုတာ သံကြိုးပို့ထားပါတယ်"

မေမေ မလာသည်ကို အမျိုးသမီးလေးက အလိုက်တသိ ဆက် မမေး၍သာ တော်သေး၏၊ ထိုအမျိုးသမီးငယ်ကသာ ဆက်မေးနေလျှင် ဇာဇာလျှံသည် ချုံးပွဲချငိုမိလိမ့်မည် ထင်သည်။

ဖေဖေက အရေးတကြီး မေမေ့အားခေါ်ခြင်းမှာ ဇာဇာလျှံ ကိုယ်ဝန် ရှိနေသည်။ ရန်ပြေမှာ သွားပြီး တိတ်တဆိတ် ကလေးမွေးနေသည်ကို သိ၍ ခေါ်လေပြီလား။ ဒေါ်လေးပြောသော မေမေပြန်လာမည့် သန်ဘက် ခါမှာ ဤနေ့ပင်တည်း။ မေမေပြန်လာလျှင် ဖေဖေ့ဆီက စိတ်မချမ်းသာ စရာ သတင်းစကားများပါလာဦးမလား။

ဤနေ့မှာ ဒေါ်လေးကပါ နောက်ကျနေတော့ မေမေ့အား ဖေဖေက စိတ်ဆိုးမာန်ဆိုးနှင့် ရိုက်နှက်၍ပင် လွှတ်လိုက်လေပြီလား။ ဇာဇာလျှံ အတွက်နှင့် မေမေ ဒုက္ခများလှသည်မှာ ကြာပေပြီ။

"မမရေ မမ သတင်းစာ ဖတ်တတ်မှန်းသိလို့ ကျွန်တော်သတင်းစာ ဝယ်လာတယ်၊ စာစာက ပေးဖို့ မေ့နေတာ၊ သတင်းစာက ရက်ပတ် အသစ်ပါ"

ဆေးရုံက ဆရာမလေးတွေဆီမှာ သတင်းစာ ငှားဖတ်တတ်သည် ကို သိနေသဖြင့် အမျိုးသမီးငယ်၏ ယောက်ျားက သတင်းစာ တစ်စောင် ကို ပြန်ခါနီးမှ ဇာဇာလျှံအား လာပေးသည်။

ရက်ပတ်အသစ် ဆိုသည်မှာ သူတို့အရပ်စကားနှင့် သဘော လေယာဉ်ပတ်နှင့် ကမ်းလွန်သာသို့ ပါလာသော သတင်းစာကို ရန်ပြေ မြို့သို့ တစ်ဆင့် ယူလာရောင်းသည်ကို ပြောလေသည်။

"ဟုတ်. . . ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

ဇာဇာလျှံက သတင်းစာကို လှမ်းယူရင်း ပြောသည်။ သူတို့ ပြန်ကြ တော့မည်ဆိုသဖြင့် ဇာဇာလျှံ၏ ရင်ထဲမှာ လှိုက်မောနေလေသည်။

"မမ . . ကျွန်မတို့. . ရှေ့တုန်းရပ် တံတားဦးမှာနေတာ၊ ဆေးရုံက ဆင်းရင် လာလည်ဦးနော်၊ ခင်ခင်မျိုးနဲ့ ကိုအောင်ကျော်သိန်းလို့ မေးရင် ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးငယ်ကလည်း လာနှုတ်ဆက်၏။

ဇာဇာလျှံ စကားပြန်ပြောရမှာ ရင်ထဲဆို့နင့်နေသဖြင့် အားတင်းပြုံးပြပြီး ခေါင်းသာညိတ်ပြလိုက်မိလေသည်။

ဇနီးသည်က ကလေးလေးကို အနီးပိတ် ဖြူဖြူဖွေးဖွေးနှင့် ထုပ်ပြီး ချီထွက်သွားသောအခါ ဓာတ်ဘူး၊ ဆေးပုလင်း၊ မျက်နှာသုတ်ပဝါနှင့် အဝတ်များထည့်ထားသော ဆွဲခြင်းကို ဆွဲကိုင်ပြီး ခင်ပွန်းသည်ကလည်း ဇနီးသည်အနားမှ ကပ်၍ လိုက်ပါသွားလေသည်။

သူတို့ ထွက်သွားကြသောအခါ ဇာဇာလျှံရင်ထဲမှာ ဟာခနဲ ဖြစ်သွားလေသည်။

ဇာဇာလျှံသည် စောစောက သူတို့ပေးထားခဲ့သော သတင်းစာကိုလည်း ဂရုနေ့ လုံးဝ စိတ်ဝင်စားမှု မရှိသဖြင့် ခုတင်ပေါ် ပစ်တင်လိုက်ကာ သူတို့ဇနီးမောင်နှံ ထွက်ခွာသွားကြရာကိုသာ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိလေသည်။ သူ့ရင်ထဲမှာ သူတို့ ဇနီးမောင်နှံ၏ သာယာကြည်နူးဖွယ်ဘဝကို ငေးကြည့်ကာ ရင်ထဲမှာ ဆောက်တည်ရာမရ ဖြစ်နေလေသည်။

လေးနာရီကျော်သွားပြီ ဖြစ်သဖြင့် ဆေးရုံအပြင်ဘက်တွင် နေရောင်ခြည်တို့ ညှိုးရော်နေပြီ ဖြစ်သည်။ သို့သော် အမျိုးသားက သူ့ဇနီးနှင့် မွေးကင်းစ ကလေးငယ်ကို နေပြောက်ထိုးမှာစိုး၍ သစ်ပင်အောက်၌ပင် ထီးလေးမိုး၍ပေးသွားလေသည်။

သူတို့ ဇနီးမောင်နှံအား ဝရန်တာဆီက ထွက်ငေးကြည့်နေသော ဇာဇာလျှံကို သူတို့သည် ပြန်လှည့်၍ ကြည့်ဖော်ပင် မရဘဲ သူတို့ဘဝခရီးအတိုင်း ဆက်လက်ထွက်ခွာသွားကြလေပြီ။

ဇာဇာလျှံသည် မျက်ရည်ပူများကို လက်ဖမိုးဖြင့် ပင့်သုတ်ပစ်လိုက်ကာ ပြင်းပြင်းထန်ထန် တစ်ချက် ရှိုက်ပစ်လိုက်သည်။ ဆေးရုံဝင်းထဲရှိ သစ်ပင်ကြီးငယ်များပေါ်မှ ရွက်ဝါနွမ်းခြောက်များသည် လမ်းမပေါ်သို့ တသဲသဲကြွေကျလာကြသည်။

ဇာဇာလျှံသည် ဆောက်တည်ရာမရသော စိတ်နှင့် အခန်းထဲပြန်ဝင်ပြေးလာမိ၏။ သမီးလေး၏မျက်နှာသည် သူ့ကို ဆီးကြိုနေသကဲ့သို့ ရှိလေသည်။





ဇာဇာလျှံသည် သမီးငယ်၏ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မျက်နှာလေးကို အကြာကြီးစိုက်ကြည့်နေလေသည်။ စောစောက အမျိုးသားလေး ပြောသွားသလို ဆံပင်ကလည်း အရှည်ကြီး။ သမီးငယ်လေး၏ မျက်နှာလေးမှာ နီတွတ်နေသည်၊ နီတာထွေးလေး။ နှာတံနှင့် မေးစိုကျော့တို့မှာ မောင်နှင့် တစ်ထပ်တည်းပင်၊ အဖေတူမည့် သမီးလေး။ မောင်သာ မြင်ရလျှင် သူ့သမီးလေးကို သိပ်ချစ်မှာပဲ။

ဇာဇာလျှံသည် စောစောက အမျိုးသားလေး လုပ်သွားသည်ကို သတိရမိပြီး အိပ်ပျော်နေသော သမီးလေး၏မျက်ခွံမို့မို့ကို လက်နှင့် အသာလေးဖွင့်ကြည့်သည်။ ကန်ရေပြင်ပေါ်မှ ပဒုမ္မာကြာရွက်များကို ဖယ်ရှားလိုက်သလို မျက်လုံးလေးမှာ ကြည်ကြည်စိမ်းလဲ့နေသည်။ နီးသွားသော သမီးလေး၏ နှုတ်ခမ်းပါးပါးရဲရဲလေး နှစ်လွှာသည် မပွင့်ချင် ပွင့်ချင် ပွင့်လာသည်။ သမီးလေးက သမ်းဝေလိုက်တော့ နှုတ်ခမ်းပါးပါး ရဲရဲလေး နှစ်လွှာက ဝလုံးလေးလို ဝိုင်းစက်သွားသည်။ သမီးလေးသည် အမေမှန်း သိ၍ နို့တောင်းသလို ပါးစပ်တပြင်ပြင် လုပ်နေ၏။ ဇာဇာလျှံ၏ ရင်ထဲမှာ မိခင်စိတ်နှင့် နို့ရည်များ ချက်ချင်း လျှံဖိတ်လာသလား ထင်လိုက်ရသည်။ သို့သော် သမီးလေးကတော့ အမေကို မျက်လုံး ဖွင့်မကြည့်တော့ဘဲ ပြန်၍ မှေးခနဲအိပ်သွား၏။

သမီးလေး ပြန်အိပ်ပျော်သွားမှ ဇာဇာလျှံသည် စောစောက ခုတင်ပေါ် ပစ်တင်ထားသောသတင်းစာကို လှမ်းဆွဲပြီး ထိုင်ချလိုက်၏။

<u>ငွေတွင်း လုကြရာမှ လူငါးယောက်သေ</u>

သတင်းစာ၏မျက်နှာဖုံးတွင် စာလုံးမည်းကြီးနှင့် ရိုက်နှိပ်ဖော်ပြထားသော သတင်းစာဆီသို့ ဇာဇာလျှံ၏ မျက်လုံးအစုံက ချက်ချင်းရောက်သွားသည်။

ကမ်းလွန်သာမြို့နှင့် ဆယ့်ငါးမိုင်ကွာရှိ ရွှေတောင်ကြားရွာနှင့် မင်းရွာအကြား ဦးလှဘ ဆိုသူ၏ ခြံမြေတွင် ပွင့်ခဲ့သော မတ်လ (၁၅) ရက်နေ့ညက. . .



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာပါသတင်းဖော်ပြချက်ကို ဖတ်ရင်းဖတ်ရင်းနှင့်ပင် ဇာဇာလျှံ၏မျက်လုံးအစုံမှာ အပြင်သို့ ပြူးထွက်လာသလား ထင်ရသည်။

မျက်နှာပေါ်တွင်လည်း တဖြည်းဖြည်းသွေးဆုတ်လာ၏။ မျက်ရည်ပူများသည် သတင်းစာရွက်ပေါ်သို့ ပေါက်ရဝသသမိုး ရွာချလိုက်သည့်နှယ် သဲသဲမဲမဲသွန်ကျလာလေသည်။

. . ငွေတွင်းလုကြရင်း တစ်ဖက်နှင့် တစ်ဖက် အပြန်ပြန် အလှန်လှန် ပစ်ခတ်တိုက်ခိုက်ကြရာ ငွေတွင်းလုရန် လာသူများထဲမှ ကိုတော့်ဆူနှင့် ကိုတော့်လူတို့မှာ ထိုနေရာ၌ပင် သေဆုံးသွားကြသည်။ ငွေတွင်း တူးဖော်နေကြသော မြပိုင်ရှင်ဦးလာဘထို့ဘက်မှ မောင်တောက်ထိန်နှင့် ဖိုးရာဇာ ဆိုသူတို့မှာလည်း ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားကြသည်။

သတင်းစာကို ဖြန့်ကိုင်ထားသော ဇာဇာလျှံ၏ လက်နှစ်ဖက်မှာ တဆတ်ဆတ် တုန်ယင်လာလေသည်။ ရင်ထဲမှာမူ ဆို့နင့်လှိုက်မောလာပြီး မျက်လုံးတွေက ပြာဝေလာလေသည်။ သို့သော် ဇာဇာလျှံသည် အံကို တင်းတင်းကြိတ်ကာ မျက်ရည်ပေါက်ကြီးငယ် ကျနေသည့် ကြားထဲက သတင်းစာပါသတင်းကို စိတ်တင်းပြီး ဆက်ဖတ်လိုက်သည်။

မြပိုင်ရှင် ဦးလာဘနှင့် ငွေတွင်းအညွှန်းပါ မြေပုံစာရွက်ကို သူ့အစ်ကိုများဆီမှ ခိုးပြေးယူလာပေးသူ မင်းရွာကျန်းမာရေးမှူးကိုကျော်သူတို့မှာ. . . ဒဏ်ရာအပြင်းအထန်ရကြသဖြင့် ကမ်းလွန်သာမြို့သို့ ကားနှင့် တင်ဆောင်လာကြရာ ဂုံညင်းတောင်နားသို့ အရောက်တွင် ဦးလာဘသည် ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးသွားပြန်သည်။

ကျန်းမာရေးမှူး ကိုကျော်သူတို့မူ ကမ်းလွန်သာဆေးရုံ၌ အတွင်းလူနာအဖြစ် တသဆားရသည်။ ယခု သတင်းရေးနေသည့် အချိန်အထိ ကိုကျော်သူမှာ လုံးဝ သတိမရသေးသဖြင့် သေတမ်းစစ်ချက်ယူထားရသည်။ အမှုကို. . .





ရုတ်တရက် သတိလစ်သွားသော ဇာဇာလျှံသည် . . . လက်ထဲက သတင်းစာကို လုံးခြေလိမ်ဆုတ်ပြီး လွှင့်ပစ်လိုက်သည်။ ပြီး မကျေမနပ်နှင့် ပြန်လှမ်းကောက်ကာ အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်ပစ်လိုက်သည်။ ဆုတ်ရုံနှင့်ပင် အားမရသေးဘဲ လက်သန်းလက်မ ဖြစ်သွားသော သတင်းစာ အပုံ့ အစုတ် အစအနများကို အခန်းထဲတွင် မြှောက်လွှင့်ပစ်လိုက်သည်။

ဇာဇာလျှံ စိတ်လိုက်မာန်ပါ လွှင့်ပစ်လိုက်သော သတင်းစာ အစုတ်အပြတ် အစလေးများသည် အခန်းထဲ၌ ဝဲပျံနေကြသည်။

"ဟင်. . . သမီး. . . သမီးလေး။ ဇာဇာ"

ခါတိုင်းနေ့လိုပင် ညနေစာထမင်းပို့ရန်လာသော ဒေါ်ဇလီရွှေမှာ သူ့တူမ၏ ထူးခြားသော အဖြစ်ကို မြင်ရသောအခါ ထိတ်ထိတ်လန့်လန့်နှင့်လှမ်းခေါ်လိုက်သည်။ သို့သော် သူ၏ခေါ်သံကို ဇာဇာလျှံကား လုံးဝ ကြားပုံမရ။ ဇာဇာလျှံသည် မကျေမနပ်နှင့် အံကို တင်းတင်းကြိတ်ကာ လေထဲတွင် လွှင့်ပျံနေကြသော သတင်းစာ အပိုင်းအစများကို ဒေါသတကြီး ရုပ်ပမာ တည်တည်ကြီး ရပ်ကြည့်နေသည်။

"အ. . အမယ်လေး. . . ဘုရား. . . ဘုရား. . . လုပ်ကြပါဦး၊ လုပ်ကြပါဦး။ ကျွန်မ တူမလေး စိတ်မှ ကောင်းသေးရဲ့လား။ မြတ်စွာဘုရား ကယ်တော်မူပါ"

■

သွေးနုသားနုဖြစ်သော ဇာဇာလျှံသည် အဖေဆုံးသည့် သတင်းနှင့် ချစ်သူတို့၏ သတင်းကို မမျှော်လင့်ဘဲ တွေ့လိုက်၊ ဖတ်လိုက်ရသော အခါတွင် ရုတ်တရက် သတိလစ်ပြီး စိတ်နောက်သွားသည်။ မည်သူ့ကိုမျှ စကားမပြောဘဲ နေသည်။ မွေးကင်းစ သူ့သမီးလေးကို တစ်နေ့လုံး ထိုင်ကြည့်ကာ ကြောင်နေသည်။

မျက်လုံးအစုံမှ မျက်ရည်များက တားမရ ဆီးမနိုင်လောက် အောင် တသွင်သွင် စီးကျနေသော်လည်း ငိုသံ ရယ်သံဆို၍ လုံးဝ ထွက်ပေါ် မလာ။



www.burmeseclassic.com

www.burmeseclassic.com



သူတူမ အဖြစ်ကို ကြည့်ကာ ဒေါ်ဇာလီရွှေမှာလည်း ဆောက်တည်ရာမရ ဖြစ်သွားရှာသည်။ အမှန်ကတော့ ဒေါ်ဇာလီရွှေ တစ်ယောက်သာ မဟုတ်၊ ဇာဇာလျှံကို မြင်ရသူ ဇာဇာလျှံ၏ သတင်းကို ကြားရသူတိုင်းက ဖြေမဆည်နိုင်ဖြစ်ကြရသည်။

ဤသည်ကို ဒေါ်ဇာလီရွှေက သူ့အမေ ဒေါ်ဇာလီမေဆီ လူလွှတ်၍ အကြောင်းကြားရသည်။ သူ့သမီးသတင်းကို ကြားရသော ဒေါ်ဇာလီမေသည် ဆေးရုံတက်နေရသော ကိုကျော်သူအား အကြောင်းစုံကို ပြောပြရသည်။ ပြီး. . ကိုကျော်သူနှင့်အတူ သူ့သမီးရှိရာ ရန်ပြေဆေးရုံသို့ အပြေးလိုက်လာကြရသည်။ ဦးလာဘအား သပိတ်သွတ် ရက်လည်ဆွမ်းကျွေးရန် ကိစ္စကိုပင် ဆွေမျိုးများနှင့် လွှဲထားခဲ့ရ၏။

"သ. . သမီး. . ဇာဇာ အမေလေသမီး ဒါ. . . ဒါ. . မောင်ကျော်သူလေ၊ သမီး မောင်ကျော်သူကို မှတ်မိတယ် မဟုတ်လား"

သူ့ဆီသို့ ရောက်လာကြပြီး သူ့အား တတွတ်တွတ် ပြောကြားနေကြသော သူ့အမေနှင့် သူ့ချစ်သူကို ဇာဇာလျှံသည် အကြာကြီး မျက်တောင်မခတ်စိုက်ကြည့်နေသည်။

"သူ. . . သူဇာရေ. . . မောင်လေ. . ကျော်ကျော်လေ မှတ်မိတယ်မဟုတ်လား၊ မောင့်သမီးလေးနဲ့ သူဇာ့ဆီ မောင်ရောက်လာပါပြီ သူဇာရေ မောင့်ကို စကားပြောပါဦး၊ မောင့်ကို ခေါ်ပါဦး သူဇာ၊ မောင့်ကိုတောင် စကားမပြောတော့ဘူးလားဟင်"

မည်သူ့ကိုမျှ စကားမပြောဘဲ နေသည်မှာ တစ်ပတ်နီးပါးခန့်ရှိပြီဆိုသော ဇာဇာလျှံအား ကိုကျော်သူက တွေတွေချင်း ပြေးဖက်ငိုတော့သည်။

"သူဇာ. . . သူဇာ့ကို မောင် မေးနေတယ်လေ သူဇာရဲ့၊ မောင့်ကို စကားပြောပါဦး၊ ကျော်ကျော်. . . ကျော်ကျော်လို့ ခေါ်ပါဦး"

"မောင်. . . မောင်. . . မောင် မသေဘူးနော်"

ခုနစ်ရက် အကြာတွင် ဦးဆုံး ပြောကြားလာသော ဇာဇာလျှံ၏ စကားသံကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသောအခါ အားလုံးသော သူတို့မှာ ရုတ်ခြည်း အတိုင်းမသိ ဝမ်းသာသွားကြလေသည်။





"အိပ်. . အိပ်မက်များလား၊ မောင်ရေ. . ."

"အိပ်. . အိပ်မက်မဟုတ်ပါဘူး သူဇာရေ၊ တကယ်ပါ တကယ်ပါ မောင်မသေပါဘူး ဒီမှာ တွေ့လား၊ မောင်က ဒဏ်ရာရရုံ တင်ပါ၊ ဒဏ်ရာတွေတောင် ကောင်းကောင်း မကျက်တတ်သေးပါဘူး၊ သူဇာက ဘယ်သူ့မှ စကားမပြောဘဲ နေတယ်ကြားလို့ ဆရာဝန်ကြီးကို ခွင့်ပန်ပြီး မောင် လိုက်လာရတာပါ သူဇာရဲ့၊ မောင်ပြောတာကို ယုံပါ၊ အိပ်မက်မဟုတ်ပါဘူး မောင်ပါ. . ကျော်ကျော်လေ. . သူဇာ"

"ကျော်ကျော်"

"ဗျာ. . . သူဇာ"

"မောင်ရေ. . ."

"အမယ်လေးလေ. . ဝမ်းသာလိုက်တာသမီးရေ၊ အမေကဖြင့် ငါ့သမီးလေး စကားမှ ပြောတတ်ပါဦးမလား၊ ငိုတတ် ရယ်တတ်မှ ရှိပါဦးမလား၊ ဆယ်ပြည်ထောင် ချော့လို့မှ ပြုံးပါတော့ဦးမလားနဲ့ စိုးရိမ်လိုက်ရတာ၊ ခုမှ. . ခုမှ"

မည်သူ တစ်ဦးတစ်ယောက်ကိုမျှ စကားမပြောဘဲ နေသည်မှာ တစ်ပတ်ကြာပြီဆိုသော သူ့သမီးက ယခု သူ့ချစ်သူကို တင်းတင်းကျပ်ကျပ် ပြန်ဖက်ပြီး ကျုံကျုံပါအောင် ငိုလိုက် ပြောလိုက်တော့မှ သူ့အမေ၊ သူ့အဒေါ်နှင့် အားလုံးတို့မှာ ပင့်သက်ခါခါချ၍ ရယ်နိုင် ပြုံးနိုင် ဖြစ်သွားကြလေသည်။ ။

ထာဝရ စာပေသစ္စာ မေတ္တာဖြင့်

မိုးကျော့

✿ ✿ ✿



www.burmeseclassic.com